# ပထမအကြိမ်

# ရှမ်းပြည်နယ်လွှတ်တော်

# ဆဋ္ဌမပုံမှန်

# အစည်းအဝေး

# ကျင်းပခြင်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး** | |
| **(က)** | **အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့မှတ်တမ်း** | |
| (၁) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| (၂) | ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂ |
| (၃) | ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ | ၃ |
| (၄) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။ | ၃ |
| (၅) | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ | ၈ |







| | | |
|---|---|---|
| (၄) | "သီပေါမြို့နယ် နမ့်လန်ကျေးရွာ အုပ်စုအတွင်းရှိ မြို့နယ်အဆင့် ၂၅ ခုတင် နမ့်လန် ပြည်သူ့ဆေးရုံ"နှင့်စပ်လျဉ်းသည့်မေးခွန်း။ | ၂၈ |
| (ဂ) | ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ | |
| (၁) | "စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု အစီအစဉ်အရ ဆောင်ရွက်သည့် လုပ်ငန်း များနှင့် စပ်လျဉ်း၍ သိရှိလိုပါသည်" နှင့် စပ်လျဉ်းသည့် မေးခွန်း။ | ၃၁ |
| (၂) | "ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ခရိုင်ရုံး) တွင် Sky Net MPS (Multiplay services) စက်များတပ်ဆင်မည့်အစီအစဉ်နှင့် WiFi ဖြင့်အင်တာနက် အခမဲ့လွှင့်ထုတ်ရေး အစီအစဉ်နှင့် စပ်လျဉ်း၍သိရှိလိုပါသည်" နှင့် စပ်လျဉ်းသည့် မေးခွန်း။ | ၃၃ |

(ဃ) ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ “နမ့်ခမ်းမြို့နယ်ရှိ နမ့်မခ ကြိုးဝိုင်း အတွင်းမှီတင်းနေထိုင်ကြသော (၁)ဖာလင်ရွာ၊ (၂)မန်ကန်ရွာ၊ (၃)ဆိုင်တောင်ရွာ တို့မှ ကျေးရွာ ပြည်သူလူထု”နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၄၁

(င) ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) “နောင်လိုင်ကျေးရွာအုပ်စု အတွင်းရှိ လွိုင်အိုင်ကျေးရွာအခြေခံပညာ မူလတန်းကျောင်း ” နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၄၆

(၂) “၂၀၁၃-၂၀၁၄ စာသင်နှစ်အတွင်း တစ်ခြားတိုင်းဒေသ/ပြည်နယ်များ၊ မြို့နယ်များသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်သော ပညာရေး ဝန်ထမ်း (၅၂)ဦး အစား ဒေသခံ ပညာရေးကောလိပ်ဆင်း ဘွဲ့ရ လူငယ်များအား အစားထိုး ခန့်အပ်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်”နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၄၉





(၆) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုင်းအိုက်အေး၊ လင်းခေးမြို့နယ် အမှတ် (၁) ၏ “ရှမ်းပြည်နယ်အတွင်းကုမ္ပဏီများထံမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးရန်ပုံငွေ နှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေများအတွက် ရန်ပုံငွေများကောက်ခံခဲ့ရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မည်မျှဆောင်ရွက်ခဲ့ကြောင်း သိရှိလိုပါသည်။ ”နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၉

(ခ) ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ၏

(၁) “ဆောင်ကြဲ-မိုင်းခေး-မန်မွန်း လမ်းများ ”နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၃

(၂) “ညောင်ရွှေ-ရပ်စောက်-အင်တော-ကျောက်ဂူ-နမ့်လန်လမ်း ”နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၄

(၃) “စိန်ကြော့-မန်ပန်းလမ်း ”နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၅

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ပြင်ဆင်ရေးဆွဲပြီးသော မူလ ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း)တို့အား လွှတ်တော်သို့ တင်သွင်းခြင်း။ ၅၁

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ပြင်ဆင်ရေးဆွဲပြီးသော မူလ ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ်ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း)တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာ ခြင်း။ ၆၉

(၉) ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ ဒေသခံလုပ်ငန်းရှင်များအား လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရေးကိစ္စ အဆိုပြုတင်ပြခြင်း” အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း။ ၇၂



(၁၃) ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ ၈၁
“ ကျေးဇူးရှင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အသိအမှတ်ပြု မှတ်တမ်းတင်ထားရုံမဟုတ်ပဲ ပြည်နယ်အစိုးရအနေဖြင့် သင့်တင့်မျှတသော ချီးမြှင့်ထောက်ပံ့မှုများ ၊ အခွင့်အလမ်းများ စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးဇူးရှင်များအား အမေ့ခံဘဝမှ ဆွဲထုတ် ကယ်တင်စီမံဆောင်ရွက်ပေးရေး လွှတ်တော် ဥက္ကဋ္ဌကြီးမှတဆင့် ပြည်နယ်အစိုးရအား တိုက်တွန်းပေးပါရန် ”အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း။

(၁၄) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံ ဆွေးနွေးရန် မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ ဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်)အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေး လိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်း နိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၈၄

(၁၅) ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ ၈၆
' "ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေနှင့်
အညီရှမ်းပြည်နယ် အတွင်းရှိမြို့ပြနှင့် ကျေးလက်
များ တပြေးညီဖွံ့ဖြိုး တိုးတက်ရေးအတွက် စည်ပင်
သာယာရေးလုပ်ငန်းဆိုင်ရာလုပ်ငန်းခွင့်ပြု ရန်ပုံငွေများ
ခွဲဝေချမှတ်ရာတွင် ရှမ်းပြည်နယ်အစိုးရ၏ မူဝါဒ/
သတ်မှတ်ချက်များ ပြန်လည်ချမှတ်ပေးပါရန် " အဆို
တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်
အဆုံးအဖြတ် ရယူခြင်း။

(၁၆) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် ၉၂
မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ
ဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။
(သို့မဟုတ်)အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်
ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်
များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း
ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၇) ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား ၉၃
လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

(၁၈) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ၁၁၃
ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးဒုတိယနေ့
ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို
ကြေညာခြင်း။





(၁၀) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် ၇၄
မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ
ဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။
(သို့မဟုတ်)အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်
ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်
များရှိလျှင် အမည်စာရင်း တင်သွင်း နိုင်ကြောင်း
ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၁) ဦးစိုင်းလှဖေ၊ ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ ၇၆
" ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး
များကို ပြည်သူများ၏ဆန္ဒနှင့်အညီရွေးချယ်
တင်မြှောက်သည့်ဥပဒေဖြစ်ပေါ်လာနိုင်ရေး၊
ရှမ်းပြည်နယ်လွှတ်တော်က ပြည်ထောင်စု
လွှတ်တော်သို့ အဆိုတင်သွင်းသွားသင့်ကြောင်း "
အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်
သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း။

(၁၂) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် ၈၀
မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ
ဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။
(သို့မဟုတ်)အဆိုကို လက်ခံဆွေးနွေးရန်
ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်
ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်း
နိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

## (ခ) အဌမပုံမှန်အစည်းအဝေး ဒုတိယနေ့မှတ်တမ်း


| | | |
|---|---|---|
| (၁) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၁၄ |
| (၂) | ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁၁၅ |
| (၃) | ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ | ၁၁၆ |
| (၄) | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကခွင့်ပန်ကြားခြင်း။ | ၁၁၆ |
| (၅) | ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။ | ၁၁၈ |
| (၆) | ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။ | ၁၃၂ |







ပေးနိုင်ခြင်းအစီအစဉ် ရှိ/မရှိ ” နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

| | | |
|---|---|---|
| (၁) | “နမ့်ခမ်းမြို့နယ် အတွင်း တောင်သူ လယ်သမားများ အများပိုင်အဆောက်အဦများကို နမ့်ခမ်းစိုက်ပျိုးရေးဌာနမှ အလွဲသုံးစားပြုနိုင်ရန် မည်ကဲ့သို့ ဆောင်ရွက်ပေးနေသည်ကို သိရှိလိုပါသည်”နှင့် စပ်လျဉ်းသည့် မေးခွန်း။ | ၁၅၀ |
| (၂) | “ နမ့်ခမ်းမြို့နယ်အတွင်း မြို့မြေတိုးချဲ့မှုများ ဆောင်ရွက်ခြင်း မပြုရန်နှင့် လယ်ယာမြေများကို မြို့မြေ အဖြစ်အသုံးချရန် ခွင့်ပြုထားရှိမှုအား ပြန်လည်ပယ်ဖျက်ပေးနိုင်ပါရန်ရှမ်းပြည်နယ် အစိုးရမှ မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်” နှင့်စပ်လျဉ်းသည့်မေးခွန်း။ | ၁၅၂ |

(၃) “ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ၁၅၇
အထောက်အကူပြုကော်မတီနှင့်
မြို့နယ်စည်ပင်သာယာရေးကော်မတီ
တို့၏လုပ်ပိုင်ခွင့်၊လုပ်ထုံးလုပ်နည်းများ
ရပိုင်ခွင့်များကို မည်သည့်အချိန်၌
အစိုးရမှ ညွှန်ကြားဆောင်ရွက်
ပေးနိုင်မည်ကို သိရှိလိုပါသည်။” နှင့်
စပ်လျဉ်း သည့် မေးခွန်း။

( င ) ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်
အမှတ်(၂)၏

(၁) “မိုးနဲမြို့နယ် အဝင်လမ်း ၁၆၆
တစ်လျှောက် လူနေအိမ်ခြေနှင့်
မြေရာဇဝင်များတရားဝင်မှုကို
ပြန်လည်စိစစ်ပြီး သဘာဝ
ပတ်ဝန်းကျင် ရေအရင်းအမြစ်
ထိန်းသိမ်းရေးဧရိယာအဖြစ်
သတ်မှတ်ပေးနိုင်ပါရန်အစီအစဉ်
ရှိ/မရှိ ”နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၂) “ နားခံစံပြကျေးရွာတွင် ကြက်ဆူ ၁၆၇
စီမံကိန်းကာလ၌ ကြက်ဆူစိုက်ခင်း
အဖြစ် စစ်မှုထမ်းဟောင်းနှင့်
အမျိုးသမီးရေးရာအဖွဲ့မှ သိမ်းဆည်း







(၇) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို
သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်
များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်
အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်မဲဆန္ဒနယ် ၁၃၃
အမှတ်(၂)၏ “မြေပုံစံ လန-၃၉၊ မြေပုံစံ
(၁၀၅) အိမ်မြေဂရန်စသော ပြည်သူ
လူထုများ ထိုက်တန်လွယ်ကူစွာ ရယူ
ပိုင်ဆိုင်ရန်အတွက် မြေပုံစံလုပ်ထုံးလုပ်နည်း၊
စည်းမျဉ်း စည်းကမ်းဥပဒေများ မည်သို့
ဆောင်ရွက်ထားရှိကြောင်း သိရှိလို
ပါသည်”နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ခ ) ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် ၁၄၂
အမှတ်(၂)၏ “လယ်ယာမြေလုပ်ပိုင်ခွင့်
လက်မှတ်များ ထုတ်ပေးခြင်းလုပ်ငန်း
စပ်လျဉ်း၍ သိရှိလိုပါသည် ”နှင့်
စပ်လျဉ်းသည့်မေးခွန်း။

( ဂ ) ဦးယာကုပ်၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ် ၁၄၈
အမှတ် (၂)၏ “ဟုတ်ပုံကျေးရွာအုပ်စုနှင့်
ဝမ်မင်ကျေးရွာအုပ်စုမှ ဆက်သွယ်
ထားသော လမ်းတွင် အလျား (၃၀)ပေ၊
အုတ်ခံဖြင့် သစ်သားတစ်စင်း ဆောက် လုပ်

ထားသည့်မြေနေရာအား ရွာ၏ ဖွံ့ဖြိုးရေးနယ်မြေအဖြစ်ရှမ်းပြည်နယ် အစိုးရမှ စိစစ်သတ်မှတ်ပေး နိုင်ခြင်း ရှိ/မရှိ ” နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၃) “ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရန် စီမံချက်များ လျာထားလျက်ရှိပါ သဖြင့် မိုးနဲမြို့နယ်သို့ “နှစ်ရှည်ပင် စိုက်ပျိုးရေး”ဌာနခွဲဝေပေးရန် အစီအစဉ်ရှိ/မရှိ”နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၆၈

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ်ပြင်ဆင်ရေးဆွဲပြီးသော မူလခန့်မှန်းခြေငွေ စာရင်းနှင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေး ဥပဒေ (မူကြမ်း)တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြထား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ မှ ဆွေးနွေးခြင်း။ ၁၇၆





(၁၃) ဦးစိုင်းလှဖေ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)၏ “ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် အုပ်ချုပ်ရေးမှူး များကို ပြည်သူများ၏ ဆန္ဒနှင့် အညီ ရွေးချယ်တင်မြှောက်သည့် ဥပဒေဖြစ်ပေါ် လာနိုင်ရေး၊ ရှမ်းပြည်နယ်လွှတ်တော်က ပြည်ထောင်စုလွှတ်တော်သို့ အဆို တင်သွင်း သွားသင့်ကြောင်း” အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၉၁

(၁၄) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၁၉၄

(၁၅) ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ ကျေးဇူးရှင် အမျိုးသားညီလာခံ ကိုယ်စားလှယ် များအား အသိအမှတ်ပြု မှတ်တမ်းတင်ထားရုံ မဟုတ်ပဲ ပြည်နယ်အစိုးရအနေဖြင့် သင့်တင့်မျှတ သော ချီးမြှင့်ထောက်ပံ့မှုများ၊ အခွင့်အလမ်းများ စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးဇူးရှင်များအား အမေ့ခံဘဝမှ ဆွဲထုတ် ကယ်တင်စီမံဆောင်ရွက် ပေးရေး လွှတ်တော် ဥက္ကဋ္ဌကြီးမှတဆင့် ပြည်နယ်အစိုးရအား တိုက်တွန်းပေးပါရန် ”အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၀၂

တ

(၁၆) အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၂၀၃

(၁၇) ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ "ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေနှင့် အညီ ရှမ်းပြည်နယ် အတွင်းရှိမြို့ပြနှင့် ကျေးလက်များ တပြေးညီဖွံ့ဖြိုး တိုးတက်ရေးအတွက် စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင့်ပြု ရန်ပုံငွေများ ခွဲဝေချမှတ်ရာတွင် ရှမ်းပြည်နယ် အစိုးရ၏ မူဝါဒ/ သတ်မှတ်ချက်များ ပြန်လည် ချမှတ်ပေးပါရန် " အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၀၇

(၁၈) အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၂၁၂

(၁၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အင်းလေးဒေသ ဟိုတယ်ဇုန်လုပ်ငန်းတိုးတက်မှု ရှင်းလင်းချက် အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၂၂၃







ပ

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ် ပြင်ဆင်ရေးဆွဲပြီးသော မူလခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ ခုဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏နောက်ထပ် ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေး ဥပဒေ (မူကြမ်း) တို့နှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အတည်ပြုချက် ရယူခြင်း။ ၁၇၆

(၁၀) ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာအား လွှတ်တော်သို့ တင်သွင်းခြင်း။ ၁၇၉

(၁၁) ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)၏ "ဒေသခံလုပ်ငန်းရှင်များအား လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရေးကိစ္စ အဆိုပြုတင်သွင်းခြင်း " အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၈၆

(၁၂) အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၁၈၆

ကန့်သတ်


(၂၀) ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ တောင်ကြီးမြို့၊ ကုန်ခြောက်သား/ငါးဈေး အဆင့်မြှင့်တင်တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်မှုအခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၂၂၉

(၂၁) တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌအမည်စာရင်းအား လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၂၃၂

(၂၂) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ကျင်းပ ပြီးစီးခြင်း။ ၂၃၃

- ဆုံးဖြတ်ခြင်း ၂၃၇
- မှတ်တမ်းတင်ခြင်း ၂၄၀
- လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း ၂၄၄
- ဥပဒေထုတ်ပြန်ခြင်း ၂၄၅

-


ကန့်သတ်

# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# အဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့)မှတ်တမ်း
# ၁၃၇၅ ခုနှစ်၊ နတ်တော်လဆုတ် (၁၃)ရက်
# ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်
# [ တနင်္လာနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး၊ အခမ်း အနားမှူးအဖြစ် ဦးစိန်အုပ်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနက ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူ ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။





## ပြည်နယ်လွှတ်တော်အစည်းအဝေး
## ပထမနေ့အစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော် ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့အစီအစဉ်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပ သွားမှာဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။

ယခုလွှတ်တော်ကို ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်စကား ပြောကြားမှာ ဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကို တက်ရောက်လာတဲ့ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ အားလုံး လိုရာကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံပြီး ပြည်သူများရဲ့ အကျိုးကို ဆထက် တပိုး ထမ်းရွက်နိုင်ကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး ၁/၂၀၁၃ကို ပြီးခဲ့တဲ့ နိုဝင်ဘာလ ၄ ရက်နေ့နှင့် (၅)ရက်နေ့မှာ ခေါ်ယူကျင်းပပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးရ သုံးခန့်မှန်းခြေငွေစာရင်းကို လွှတ်တော်ကို တင်ပြပြီးတော့ အတည်ပြုခဲ့တာ ရှိပါတယ်။ ယခုအခါ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ (မူကြမ်း)နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြင်ဆင်ပြီး ရေးဆွဲသော

မူလခန့်မှန်းခြေငွေစာရင်းကို လွှတ်တော်က ထပ်မံအတည်ပြု ပေးရမှာဖြစ်တဲ့အတွက် ဒီအစည်း အဝေးကို ခေါ်ယူတာဖြစ်ပါတယ်။

လွှတ်တော်အစည်းအဝေးကို အမည်တပ်ရာမှာ အချို့တိုင်းဒေသကြီးများတွင် ပုံမှန်အစည်းအဝေးဟု လည်းကောင်း၊ အချို့တိုင်းဒေသကြီးတွင် အထူးအစည်းအဝေးဟု လည်းကောင်း ကွဲပြားလျက်ရှိရာမှာ ပုံမှန် လုပ်ရမည့် ကိစ္စဖြစ်လျှင် အထူးထဲမှာ မထည့်သင့်ကြောင်း မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေးမှာ ဆွေးနွေးထားတာရှိတဲ့အတွက် ယခုလို ပုံမှန်အစည်းအဝေး ခေါ်ယူရတာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတကာမှာ လွှတ်တော်များဟာ နိုင်ငံတော်ရဲ့ အသက်သွေးကြော ဖြစ်ကြောင်း ဖော်ညွှန်းထား ပါတယ်။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို တတ်နိုင်သမျှပိုင်းခြား ဆောင်ရွက်ရန်ဖြစ်သော်လည်းပဲ လုံးဝသီးခြား ခွဲ၍မရပဲ တစ်ခုနှင့်တစ်ခု ချိတ်ဆက်မှုလေးဆိုတာ ရှိပါတယ်။ ထို့အတူ အပြန်အလှန် ထိန်းကျောင်းသော်လည်းပဲ တစ်ဆက်တည်း ရှိနေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဥပဒေပြုရေးကဏ္ဍနှင့် စပ်လျဉ်းပြီး ပြည်နယ်လွှတ်တော်မှာ မေးခွန်းများ၊ အဆိုများ ဥပဒေကြမ်းများတင်သွင်းခြင်း၊ ဝန်ကြီးအဖွဲ့မှ မေးခွန်းများဖြေဆိုခြင်း၊ အဆိုများအားဆွေးနွေးခြင်း၊ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ဥပဒေကြမ်းများအား စိစစ်ခြင်းတို့ကို ဆောင်ရွက်ရပါတယ်။

အုပ်ချုပ်ရေးတာဝန်ရှိတဲ့ ပြည်နယ်အစိုးရ အနေနဲ့ ဥပဒေကြမ်းတင်သွင်းရန် တာဝန်ရှိသလို လွှတ်တော်ရဲ့ အတည်ပြုချက်ဖြင့် ဥပဒေပြုပြီး ပြည်နယ်ဝန်ကြီးဌာနများနှင့် ဝန်ကြီးဌာန လက်အောက်ရှိ အစိုးရဌာနများ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်



D/real(wide) (2



ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။ ]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို(၁၂၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏ (၈၆ ဒဿမ ၄၃)ရာခိုင်နှုန်း ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စား လှယ်ဦးရေဟာ ထက်ဝက်ထက် ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ (၃၆)နှင့် နည်းဥပဒေ ပုဒ်မ (၃၄)၊ (ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် တိုင်းဒေသကြီး နှင့် ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၃၅)၊ နည်းဥပဒေခွဲ(ဂ)အရ အစည်းအဝေး စတင်ကြောင်း ကြေညာပါတယ်။

အညီ ဖြစ်စေရေးအတွက် လည်းကောင်း၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဖြစ်စေရေးအတွက်လည်းကောင်း စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းများ ပြုလုပ်ရပါတယ်။

ထို့အတူ ပြည်နယ်တရားလွှတ်တော်အနေနဲ့ ပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများ မြို့နယ်တရားရုံးများနှင့်ဥပဒေအရ တည်ထောင်ထားသော အခြားတရားရုံးများကို ကြီးကြပ်ရန် တာဝန်ရှိသလို မူလမှု၊ အယူခံမှု၊ ပြင်ဆင်မှုနှင့် ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော ကိစ္စများကို စီရင်ရတဲ့ တာဝန်ရှိကြောင်း တွေ့ရှိရတာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြည်ထောင်စုလွှတ်တော်မှ ဇူလိုင်လ (၂၆)ရက်နေ့မှာ အတည်ပြု ပြဋ္ဌာန်းခဲ့တဲ့အတွက် ဒီဥပဒေဟာ အတည်ပြုပြီး ဖြစ်ပါတယ်။

ဆက်လက်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို သက်ဆိုင်ရာ လွှတ်တော်များက အသီးသီးရေးဆွဲရမှာ ဖြစ်ကြောင်း **MPU** အစည်းအဝေးမှာ ညှိနှိုင်းဆွေးနွေးချက်အရ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေကို အသစ်ပြန်လည်ရေးဆွဲပြီး (၃-၁၀-၂၀၁၃)ရက်စွဲနှင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီနည်းဥပဒေကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်သလို ၂၀၁၃ ခုနှစ် အောက်တိုဘာလ (၃)ရက်နေ့မှ စပြီးတော့ ရက်ပေါင်း(၉၀) အကြာမှာ ဒီနည်းဥပဒေဟာ အတည်ပြုမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ၂၀၀၈ အား လေ့လာသုံးသပ်၍ ကြောင်းကျိုးဖော်ပြချက်များနှင့်တကွ ပြည်နယ်လွှတ်တော်ရုံးသို့ ပေးပို့ကြရန် ပြည်နယ်



D/real(wide) (3



(၁၃)ရက်နေ့မှာ ဖွံ့ဖြိုးရေး ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ထားတာ လွှတ်တော် ကိုယ်စားလှယ်များအားလုံး အသိပဲဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်း ထဲမှာ မြို့နယ်အလိုက် လွှတ်တော် ကိုယ်စားလှယ် အဆင့်ဆင့်က ဆောင်ရွက်ရမည့် ဖွဲ့စည်းမှုများ၊ နည်းလမ်းများနှင့် ငွေကြေးဆိုင်ရာ ကိစ္စများကို ပြည့်ပြည့်စုံစုံ ဖော်ပြထားတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဒီလုပ်ထုံးလုပ်နည်းဟာ မဲဆန္ဒနယ်အလိုက် ဖွံ့ဖြိုးရေး ရန်ပုံငွေ **Constituency Development Fund (CDF)** စနစ်ဖြစ်ပါတယ်။ **(CDF)** ရန်ပုံငွေရဲ့ ရည်ရွယ်ချက်မှာ မဲဆန္ဒနယ်အလိုက် ဆင်းရဲနွမ်းပါးတဲ့ အောက်ခြေလူတန်းစားများ၏ ဘဝအခြေအနေ တိုးမြှင့်ရေးအတွက် ဖွံ့ဖြိုးရေးတိုးတက်ရေး စီမံချက်ကို လုပ်ဆောင် ပေးရန်ဖြစ်ပြီး ထိုသို့လုပ်ဆောင်ရာမှာ ဌာနဆိုင်ရာအဆင့်ဆင့်ရဲ့ ကြိုးနီစနစ်ဖြင့် နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ပြည်သူလူထု၏ လိုအင်ဆန္ဒများနှင့် အညီ အဂတိ လိုက်စားမှု နည်းပါးစွာဖြင့် တိုက်ရိုက်ဆောင်ကြဉ်းပေးရန် ရည်ရွယ်ထားတာဖြစ်ပါတယ်။

ပြည်သူများအတွက် အခြေခံကျသော ရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ဝန်ဆောင်မှု လုပ်ငန်းများ အခြေခံ အဆောက်အဦများ၊ အရေးပေါ် လိုအပ်ချက်များကို ဖြည့်ဆည်း ပေးရန် ရည်ရွယ်ထားခြင်း ဖြစ်တဲ့အတွက် အလွန်ကောင်းမွန် ပါတယ်။ နိဂုံးချုပ်အားဖြင့် ပြောကြားလိုတာကတော့ ချမှတ်ပေး ထားတဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် လုပ်ငန်း ဆောင်ရွက်ရမှာ အတ္တစွဲ၊ ဆန္ဒစွဲ မထားရှိဘဲ ချင့်ချင့်ချိန်ချိန်၊ ညှိညှိနှိုင်းနှိုင်းဖြင့် မျှမျှတတဖြစ်အောင် မှန်ကန်စွာ

ဆောင်ရွက်ဖို့ ဖြစ်သလို တစ်ဖက်ကလည်း မိမိတို့တာဝန်ဖြစ်တဲ့ ဥပဒေပြုရေးနှင့် အခြားမဏ္ဍိုင်(၂)ရပ်အား စောင့်ကြည့်ကြပ်မတ် ထိန်းကျောင်းရေးတာဝန်များကိုလည်း မျက်ခြေအပြတ်မခံဘဲ ပီပီပြင်ပြင်ဖြစ်အောင် ဆောင်ရွက်နိုင်ကြပါစေလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ် (၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော် လည်းကောင်း၊ ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တောင်ကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးချုပ်သည် နေပြည်တော်တွင် အစည်းအဝေး တက်ရောက်နေပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင်


D/real(wide) (4



လွှတ်တော်ကိုယ်စားလှယ်များထံ အကြောင်းကြားထားပြီး ဖြစ်သလို ရှမ်းပြည်နယ် လွှတ်တော်ရဲ့ ဥပဒေနှင့်ပတ်သက်တဲ့ လေ့လာသုံးသပ်ရေး ကော်မရှင်ကိုလည်း သီးခြားအကူအညီ တောင်းခံခဲ့ ပါတယ်။

ဥပဒေနှင့် ပတ်သက်တဲ့ လေ့လာသုံးသပ်ရေး ကော်မရှင်ရဲ့ ပုဒ်မပေါင်း (၁၆)ခုနှင့် ပတ်သက်တဲ့ လေ့လာ သုံးသပ်ချက်ကို (၁၂-၁၁-၂၀၁၃) ရက် နေ့မှာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ သက်ဆိုင်ရာသို့ ပေးပို့ထားပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၆)ဦးတို့ရဲ့ ပုဒ်မပေါင်း(၅၁)ခုနဲ့ ပတ်သက်တဲ့ လေ့လာသုံးသပ်ချက်ကို (၁၉-၁၂-၂၀၁၃) ရက်နေ့မှာ ဒုတိယအကြိမ်အဖြစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မရှင်ကို ထပ်မံပေးပို့ခဲ့ ပါကြောင်း တင်ပြအပ်ပါတယ်။

ယခုအဌမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးတဲ့အခါမှာ **NDI (Parlimentary Resource Center) PRC** ရဲ့ **Election and Political Processive Program EPPA in Myanmar** မှပညာရှင်များရဲ့ အကူအညီနဲ့ လွှတ်တော်နဲ့ ပတ်သက်တဲ့ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပဖို့ရှိပါတယ်။ ဒီဆွေးနွေးပွဲကို ပထမအဆင့် အနေနဲ့ လွှတ်တော်ကော်မတီဝင်များအားလုံး မပျက်မကွက်တက်ရောက်ဖို့ စီစဉ်ထားပါတယ်။ ဆွေးနွေးပွဲတက်ရောက်လိုတဲ့ အခြားလွှတ်တော် ကိုယ်စားလှယ်များ ရှိမယ်ဆိုလျှင် ယနေ့လွှတ်တော်အစည်းအဝေး ရပ်နားတဲ့အခါမှာ လွှတ်တော်ရုံးအဖွဲ့ထံမှာ အမည်စာရင်း ပေးသွင်းခြင်း အားဖြင့် ဆွေးနွေးပွဲအတွက် လိုအပ်တဲ့ နေရာထိုင်ခင်းတွေ ကြိုတင်စီစဉ် ပေးထားမှာ ဖြစ်ပါတယ်။

ဆွေးနွေးပွဲကာလဟာ (၂)ရက်ခန့် ကြာမယ်လို့ ခန့်မှန်းထား ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ပြည်ထောင်စု လွှတ်တော်က အမိန့်ကြော်ညာစာအမှတ် ၈၂/၂၀၁၃ ဖြင့် နိုဝင်ဘာလ

အစည်းအဝေး တက်ရောက်ခြင်းအား (၃၀-၁၂-၂၀၁၃) (၁)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးစဝ်အောင်မြတ် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဦးမောင်ကျော်၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။**
လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမောင်ကျော် ဖြစ်ပါတယ်။ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွဏ်းသည် ဒေသဖွံ့ဖြိုးရေး လုပ်ငန်း တာဝန် ဆောင်ရွက်ရန်ရှိပါသဖြင့် ယခုကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၃၀-၁၂-၂၀၁၃) ရက်နေ့မှ (၃၁-၁၂-၂၀၁၃) ရက်နေ့အထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးအောင်ထွဏ်း ကိုယ်စား ခွင့်ပန်ကြားအပ် ပါတယ်ခင်ဗျား။

**ဦးပီတာသောင်းစိန်၊ အာခါတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကျိုင်းတုံမြို့နယ် ရှမ်းပြည်နယ်မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးပီတာသောင်းစိန် ဖြစ်ပါတယ်။ တာချီလိတ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်တင်မေထွန်းသည် မိသားစုကျန်းမာရေး ကိစ္စကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေး တက်ရောက် ခြင်းအား (၃၀-၁၂-၂၀၁၃) ရက်နေ့မှ (၃၁-၁၂-၂၀၁၃)ရက် နေ့အထိ (၂)ရက် ကင်းလွတ် ခွင့်ပြုပါရန် ဒေါ်တင်မေထွန်းကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်။



D/real(wide) (5



**ဦးညွန့်ဝင်း၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။**
လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်းဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလုံ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်သည် လားဟူရိုးရာ နှစ်သစ်ကူးပွဲတော် လုပ်ငန်းဆောင်ရွက်နေရပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပုံမှန် အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၃၀-၁၂-၂၀၁၃) ရက်နေ့မှ (၃၁-၁၂-၂၀၁၃) ရက်နေ့အထိ (၂) ရက်ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းလုံ ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဦးစိုင်းမုန့်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။**
လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမုန့်ဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးယောဘ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်သည် လားဟူရိုးရာ နှစ်သစ်ကူး ပွဲတော် ကျင်းပနိုင်ရေး ဆောင်ရွက်နေရပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပုံမှန် အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၃၀-၁၂-၂၀၁၃) ရက်နေ့မှ (၃၁-၁၂-၂၀၁၃) ရက်နေ့အထိ (၂) ရက်ကင်းလွတ်ခွင့်ပြုပါရန် ဦးယောဘ ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဦးကျောက်တယ်ချန်၊ ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျောက်တယ်ချန် ဖြစ်ပါတယ်။ ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေရှောက်ရင်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သည် နေမကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပုံမှန် အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၃၀-၁၂-၂၀၁၃) ရက်နေ့မှ (၃၁-၁၂-၂၀၁၃) ရက်နေ့အထိ (၂) ရက်ကင်းလွတ်ခွင့်ပြုပါရန် ဦးဝေရှောက်ရင် ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဦးမောရှည်၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမောရှည်ဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအီးရှာမွေ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်သည် မိသားစုကျန်းမာရေးကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပုံမှန် အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၃၀-၁၂-၂၀၁၃) ရက်နေ့မှ (၃၁-၁၂-၂၀၁၃) ရက်နေ့အထိ (၂) ရက်ကင်းလွတ်ခွင့်ပြုပါရန် ဦးအီးရှာမွေ ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။



D/real(wide) (6



**ဦးထွန်းရင်၊ ကွမ်းလုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကွမ်းလုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်(ခ) လောက်ဝူး ဖြစ်ပါတယ်။ လောက်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးပယ်စောက်ချိန်(ခ) ဘေဆော်ချိန်သည် ကျန်းမာရေး မကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပုံမှန် အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၃၀-၁၂-၂၀၁၃) ရက်နေ့မှ (၃၁-၁၂-၂၀၁၃) ရက်နေ့အထိ (၂) ရက်ကင်းလွတ်ခွင့်ပြုပါရန် ဦးပယ်စောက်ချိန်(ခ) ဘေဆော်ချိန် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဦးအားဖာ၊ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအားဖာဖြစ်ပါတယ်။ မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမူးလာ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သည် လားဟူရိုးရာနှစ်သစ်ကူး ပွဲတော် ကျင်းပနိုင်ရေး ဆောင်ရွက်နေရပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပုံမှန် အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၃၀-၁၂-၂၀၁၃) ရက်နေ့မှ (၃၁-၁၂-၂၀၁၃) ရက်နေ့အထိ (၂) ရက်ကင်းလွတ်ခွင့်ပြုပါရန် ဦးစောမူးလာ ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ဖြစ်ပါတယ်။ မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းပိုင်း ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သည် ကျန်းမာရေးမကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၃၀-၁၂-၂၀၁၃) ရက်နေ့မှ (၃၁-၁၂-၂၀၁၃) ရက်နေ့အထိ (၂) ရက်ကင်းလွတ်ခွင့်ပြုပါရန် ဒေါ်နန်းခမ်းပိုင်း ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဦးစိုင်းစံဖေ၊ မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံဖေဖြစ်ပါတယ်။ မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလောင်ခမ်း ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သည် ကိုယ်ရေးကိုယ်တာ ကိစ္စကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၃၀-၁၂-၂၀၁၃) ရက်နေ့မှ (၃၁-၁၂-၂၀၁၃) ရက်နေ့အထိ (၂) ရက်ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းလောင်ခမ်း ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။



D/real(wide) (7



**ဗိုလ်မှူးဇော်လွင်ထွန်း၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးဇော်လွင်ထွန်း ဖြစ်ပါတယ်။ တပ်မတော်သား ကိုယ်စားလှယ်ဖြစ်သူ ဗိုလ်မှူးသန်းလွင်သည် စစ်ဘက်ဆိုင်ရာ သင်တန်းတက်ရောက် နေသောကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပုံမှန် အစည်းအဝေးတွင် အစည်းအဝေး တက်ရောက် ခြင်းအား (၃၀-၁၂-၂၀၁၃) ရက်နေ့မှ (၃၁-၁၂-၂၀၁၃) ရက်နေ့အထိ (၂) ရက်ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်မှူးသန်းလွင် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဗိုလ်မှူးရည်မွန်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးရည်မွန် ဖြစ်ပါတယ်။ တပ်မတော်သား ကိုယ်စားလှယ်ဖြစ်သူ ဗိုလ်မှူးမင်းထက်သည် စစ်ဘက်ဆိုင်ရာ သင်တန်းတက်ရောက်နေသောကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပုံမှန် အစည်းအဝေး တွင် အစည်းအဝေး တက်ရောက်ခြင်းအား (၃၀-၁၂-၂၀၁၃) ရက်နေ့မှ (၃၁-၁၂-၂၀၁၃) ရက်နေ့အထိ (၂) ရက်ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်မှူးမင်းထက် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဗိုလ်ကြီးညီညီမင်း၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်ကြီးညီညီမင်း ဖြစ်ပါတယ်။ တပ်မတော်သား ကိုယ်စားလှယ်ဖြစ်သူ ဗိုလ်မှူးဇော်လွင်ဦးသည် အရေးပေါ်ကိစ္စကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပုံမှန် အစည်းအဝေး တွင် အစည်းအဝေး တက်ရောက်ခြင်းအား (၃၀-၁၂-၂၀၁၃) ရက်နေ့မှ (၃၁-၁၂-၂၀၁၃) ရက်နေ့အထိ (၂) ရက်ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်မှူးဇော်လွင်ဦး ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဗိုလ်ကြီးမြင့်ထွန်းနိုင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်ကြီးမြင့်ထွန်းနိုင် ဖြစ်ပါတယ်။ တပ်မတော်သား ကိုယ်စားလှယ်ဖြစ်သူ ဗိုလ်ကြီးမိုးခိုင်သည် နှုတ်ထွက်ခွင့်ကိစ္စကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပုံမှန် အစည်းအဝေး တွင် အစည်းအဝေး တက်ရောက်ခြင်းအား (၃၀-၁၂-၂၀၁၃) ရက်နေ့မှ (၃၁-၁၂-၂၀၁၃) ရက်နေ့အထိ (၂) ရက်ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်ကြီးမိုးခိုင် ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဗိုလ်ကြီးဖြိုးမိုးအောင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်ကြီးဖြိုးမိုးအောင်





**ဦးစိုင်းလှဖေ၊ ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဟိုပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဖေဖြစ်ပါတယ်။ ဟိုပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ထွန်းလူ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သည် ကိုယ်ရေးကိုယ်တာကိစ္စကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပုံမှန် အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၃၀-၁၂-၂၀၁၃) ရက်နေ့မှ (၃၁-၁၂-၂၀၁၃) ရက်နေ့အထိ (၂) ရက်ကင်းလွတ်ခွင့်ပြုပါရန် ဦးခွန်ထွန်းလူ ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

**ဗိုလ်မှူးစောစိန်ကျော်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးစောစိန်ကျော် ဖြစ်ပါတယ်။ တပ်မတော်သား ကိုယ်စားလှယ်ဖြစ်သူ ဗိုလ်မှူးဇော်မြင့်ဝင်းသည် တပ်ပြောင်းရွှေ့သွားသောကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပုံမှန် အစည်းအဝေး တွင် အစည်းအဝေး တက်ရောက်ခြင်းအား (၃၀-၁၂-၂၀၁၃) ရက်နေ့မှ (၃၁-၁၂-၂၀၁၃) ရက်နေ့အထိ (၂) ရက်ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်မှူးဇော်မြင့်ဝင်း ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

ဖြစ်ပါတယ်။ တပ်မတော်သား ကိုယ်စားလှယ်ဖြစ်သူ ဗိုလ်ကြီးကျော်ညီညီသော်သည် တပ်ပြောင်းရွှေ့သွားသောကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပုံမှန် အစည်းအဝေး တွင် အစည်းအဝေး တက်ရောက်ခြင်းအား (၃၀-၁၂-၂၀၁၃) ရက်နေ့မှ (၃၁-၁၂-၂၀၁၃) ရက်နေ့အထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်ကြီးကျော်ညီညီသော် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ယခု ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။ ]**

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၄၀)ဦးဖြစ်ပါတယ်။ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး





**ဦးစိုင်းအိုက်အေး၊ လင်းခေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအိုက်အေး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့တွင် ရှမ်းပြည်နယ်အတွင်း ရွှေနှင့် သတ္တုမျိုးစုံ လာရောက်တူးဖော်သော ကုမ္ပဏီများထံမှ ရှမ်းပြည်နယ် အစိုးရ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေနှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကို သင့်တင့်သော နှုန်းထားဖြင့် ပေးဆောင်သင့်ကြောင်း လွှတ်တော်မှ အတည်ပြုပေးခဲ့ပါတယ်။

ထိုသို့အတည်ပြုချက်အရ ကုမ္ပဏီများထံမှ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ရန်ပုံငွေနှင့် ဒေသဖွံ့ဖြိုးရေး အတွက် ရန်ပုံငွေများကို ကောက်ခံရရှိခဲ့ပါတယ်။ ထိုကောက်ခံ ရရှိသော ရန်ပုံငွေများကို မည်ကဲ့သို့သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းမျိုးကို ဆောင်ရွက်ခဲ့ကြောင်းနှင့် မည်ကဲ့သို့သော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက် ခဲ့ကြောင်း သိလိုပါသည်။ သို့မှသာ မိမိတို့မြို့နယ်အတွက် အလားတူ သောလုပ်ငန်းမျိုးများကို တင်ပြနိုင်မည်ဖြစ်၍ မိမိမြို့နယ် ပြည်သူများအတွက် အကျိုးမျှော်ကိုးပြီး မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး။**

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အစည်းအဝေးသို့ တက်ရောက်လာကြသော ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအိုက်အေး မေးမြန်းထားတဲ့ ရှမ်းပြည်နယ်အတွင်း ကုမ္ပဏီများထံမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးရန်ပုံငွေနှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေများအတွက် ရန်ပုံငွေများ ကောက်ခံထားရာ ရန်ပုံငွေမည်မျှ ကောက်ခံရရှိပြီး အဆိုပါ ရန်ပုံငွေများဖြင့် မည်သည့်ဒေသများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများ မည်မျှဆောင်ရွက်ခဲ့ကြောင်းနှင့် မည်သည့်ဒေသများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မည်မျှဆောင်ရွက် ပြီးစီးခဲ့ကြောင်း သိရှိလိုပါသည် မေးခွန်းနှင့် စပ်လျဉ်းပြီး ကျွန်တော်ဦးခွန်သိန်းမောင်မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်အတွင်း ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ် အတွင်း သတ္တုတူးဖော်ရေး လုပ်ငန်းများကို ဆောင်ရွက်မည့် ကုမ္ပဏီများထံမှ **Royalty Fee** ကောက်ခံနိုင်ရန် အစိုးရအဖွဲ့ **Cabinet**





ပထမနေ့ တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးပါသည်**
**လွှတ်တော်ကအတည်ပြုပါသည်။ ]**

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ် (၅)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များမှ တာဝန်ရှိပုဂ္ဂိုလ်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအိုက်အေးက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

အစည်းအဝေးတွင် တင်ပြဆွေးနွေး ဆုံးဖြတ်ခဲ့ပါသည်။ ဆုံးဖြတ်ချက်အရ ရွှေသတ္တု အတွက် တစ်ဧကလျှင် ကျပ်(၁)သိန်း၊ ကျောက်မီးသွေး တစ်ဧက ကျပ်(၃)သောင်း၊ ဂေါ်ဒန်ကျောက် တစ်ဧက ကျပ်(၂)သောင်းနှင့် ကျန်သတ္တုများအတွက် တစ်ဧက ကျပ်(၅)သောင်းဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေများကောက်ခံလျက် ရှိပါတယ်။

သတ္တုလုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများ ရှမ်းပြည်နယ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးရန်ပုံငွေ **CF (001923)**နှင့် ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းရန်ပုံငွေ **CF (001437)**သို့ (၅၀)ရာခိုင်နှုန်းစီ ပေးသွင်းစေခဲ့ပါတယ်။ ရှမ်းပြည်နယ်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးရန်ပုံငွေ စာရင်းအမှတ် **CF (001329)**ကို (၆-၇-၂၀၁၁)ခုနှစ်မှာ ဘဏ္ဍာရေးနှင့် သစ်တောသတ္တုဝန်ကြီး (၂)ဦး အမည်ဖြင့် **Joint Account** စာရင်းဖွင့်လှစ်ခဲ့ပြီး (၂)ဦး လက်မှတ်ရေးထိုး၍ ငွေထုတ်ယူဆောင်ရွက်ခြင်းကို ပြုလုပ်လျက် ရှိပါတယ်။

(၆-၇-၂၀၁၁)ခုနှစ်မှ (၆-၄-၂၀၁၂)ရက်နေ့အထိ ဘဏ်စာရင်းမှာ ကျပ်သိန်းပေါင်း (၃၁၂၉ ဒသမ ၆၁) သိန်းရှိပြီး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ၂၀၁၂ ခုနှစ်မှာ သစ်တောသတ္တုဝန်ကြီးမှ မယ်ဇလီပျိုးပင် ပျိုးရန်အတွက် ကျပ်(၁၉၈)သိန်း ထုတ်ယူအသုံးပြုခဲ့တဲ့အတွက် ကျန်ငွေမှာ (၂၉၃၁ ဒသမ ၆၁)သိန်း ကျန်ရှိပါ တယ်။ (၄-၆-၂၀၁၂)ခုနှစ်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ရန်ပုံငွေစာရင်းအမှတ် **CF (001329)**မှ ချက်အမှတ် **(028429)**ဖြင့် (၁၉၃၁ ဒသမ ၅)သိန်းကို ထုတ်ယူပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေ စာရင်းအမှတ် **CF (001437)**သို့ လွှဲပြောင်းပေးသွင်းခဲ့ပါတယ်။





(၈-၂၆၅၁၆၇)ဖြင့် ကျပ်သိန်း(၃၀၀)ထုတ်ယူပြီး ထောပတ်၊ သရက်၊ တညင်း အစရှိတဲ့ စားပင်သီးပင်များ ပျိုးထောင်ပြီး ၂၀၁၃ ခုနှစ် ဇူလိုင်လ သစ်ပင်စိုက်ရာသီမှာ ပြည်သူများကို အခမဲ့ ပေးဝေပါတယ်။ အဆိုပါ ငွေစာရင်းအမှတ် **CF (001329)**နှင့် **CF (001437)** ငွေစာရင်းများကိုလည်း ရှမ်းပြည်နယ် စာရင်းစစ်ချုပ်ရုံးရဲ့ စာရင်းစစ်ဆေးမှုကို ခံယူထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သီပေါမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းစိန်ဝင်းက မေးခွန်း (၁)၊ (၂)၊ (၃)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သီပေါမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်ဝင်း ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်သည့် မေးခွန်းများကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မေးခွန်း(၁)အနေနှင့် ဆောင်ကြဲ-မိုင်းခေး-မန်မွန်းလမ်းဟာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပထမဦးစားပေး သာမန်ပြင်ဆင် ထိန်းသိမ်းခြင်းငွေ ကျပ်သန်းပေါင်း (၃၁ ဒသမ ၁၅၀)သန်းနှင့် ငွေလုံးငွေရင်း ကျပ်သန်းပေါင်း (၂၈၅ ဒသမ ၂၀၀)သန်း စုစုပေါင်း ကျပ်သန်းပေါင်း (၃၁၆ ဒသမ ၃၅၀)သန်းသာ လျာထားတာ တွေ့ရပြီး ၄င်းလမ်းဟာ (၁၅)မိုင်သာ ရှိသည့်အပြင် မိုင်းခေးမှ

မန်မွန်း(၃)မိုင်ဟာ မြေသားလမ်းသာဖြစ်၍ ပြည်သူများဆက်သွယ် သွားလာရန် ခက်ခဲပြီး ပြည်သူများ အချိန်မရွေးဆက်သွယ် သွားလာနိုင်ရန်အတွက် ဆောင်ရွက်ပေးနိုင်ရန်နှင့် ဆောင်ရွက်ပေး မည့်အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက် ပေးမည်ကို သိရှိလိုပါကြောင်း ပြည်သူများ ကိုယ်စား မေးမြန်း တင်ပြအပ်ပါတယ်။

မေးခွန်း(၂)အနေနှင့် ညောင်ရွှေ-ရပ်စောက်-အင်တော-ကျောက်ဂူလမ်းဟာ ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ် တွင်ပထမဦးစားပေး သာမန်ပြင်ဆင်ထိန်းသိမ်းငွေ ကျပ်သန်းပေါင်း(၆၄ ဒသမ ၄၉၀)သန်းနှင့် ငွေလုံးငွေရင်း ကျပ်သန်းပေါင်း(၈၅ ဒသမ ၈၀၀)စုစုပေါင်း ကျပ်သန်းပေါင်း (၁၅၀ ဒသမ၂၉၀)သန်းနှင့် ဒုတိယဦးစားပေး ပြင်ဆင် ထိန်းသိမ်း ခြင်း ငွေကျပ်သန်းပေါင်း (၁၉၈ဒသမ ၀၀)သန်းသာ တွေ့ရပါတယ်။ ၄င်းလမ်းဟာ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် (မြောက်ပိုင်း)ဆက်သွယ်ရန် နီးစပ်သည့် နယ်စပ်ခရီးလမ်း တစ်ခုဖြစ်ပါတယ်။ ပြည်သူများအတွက် ဆက်သွယ် အသုံးပြုရန်အတွက် အဓိကစီးပွားရေး အချက်အချာ ကျတဲ့ လမ်းတစ်ခုလည်း ဖြစ်ပါတယ်။

ရှမ်းပြည်(တောင်ပိုင်း) အင်တော-ကျောက်ဂူထိဟာ ကတ္တရာလမ်းဖြစ်ပါတယ်။ ကျောက်ဂူ-နောင်ဝိုးလမ်း (၂)မိုင်ဟာ ကျောက်ကြမ်းလမ်းဖြစ်ပြီး နောင်ဝိုးနယ်စပ် သဘာဝတံတားအထိ (၁၆)မိုင်နှင့် နယ်စပ်သဘာဝတံတားမှ နမ့်လန် (၁၇)မိုင် စုစုပေါင်း ကျန် (၃၃)မိုင်ဟာ မြေသားလမ်းသာ ဖြစ်နေပါတယ်။ မိုးရာသီတွင် (၁)နာရီသွားရမည့် ခရီးဟာ လေးငါးရက်ကြာသွားနေရတာကို တွေ့ရပါတယ်။ ၄င်းလမ်းကို ရာသီမရွေးဆက်သွယ် သွားလာနိုင်ရန် အတွက် ကျောက်ချောလမ်း သို့မဟုတ် ကျောက်ကြမ်းလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရန် လေးလေးနက်နက် တင်ပြအပ်ပါတယ်။





(၆-၄-၂၀၁၂)ခုနှစ်မှ စ၍ သတ္တုလုပ်ငန်းမှ ရရှိတဲ့ **Royalty Fee** အားသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ရန်ပုံငွေသို့ ပေးသွင်းခြင်းမပြုတော့ဘဲ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေသို့သာ ပေးသွင်း ဆောင်ရွက်ခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။ (၃၀-၁၁-၂၀၁၁)ခုနှစ်အထိ ဘဏ်လက်ကျန်မှာ ကျပ်သိန်းပေါင်း (၁၂၃ ဒသမ ၇၁၂)သိန်း တိတိကျန်ရှိပါတယ်။ ဆက်လက်ပြီး သတ္တုလုပ်ငန်းမှ **Royalty Fee** ပေးသွင်းရရှိတဲ့ ရှမ်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေ ငွေစာရင်းအမှတ် **CF (001437)**တို့နှင့် စပ်လျဉ်းပြီး ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေး ရန်ပုံငွေ ငွေစာရင်းအမှတ် **CF (001437)**ကို (၃၁-၁-၂၀၁၂)ခုနှစ်မှာ ဘဏ္ဍာရေးဝန်ကြီး၊ သစ်တောသတ္တုဝန်ကြီးနှင့် စည်ပင်သာယာရေးဝန်ကြီး (၃)ဦး အမည်ဖြင့် **Joint Account** ဖွင့်လှစ်ပြီး (၂)ဦး လက်မှတ်ထိုး၍ ငွေထုတ်ယူခြင်းကို ဆောင်ရွက် လျက် ရှိပါတယ်။ (၃၀-၁၁-၂၀၁၁)ခုနှစ်ထိ **Royalty Fee** ပေးသွင်းမှုမှာ ကျပ်သိန်းပေါင်း (၁၈၈၈၈ ဒသမ ၄၀၆) သိန်း ဖြစ်ပြီး ဘဏ်လက်ကျန်ငွေမှာ (၁၆၅၉ ဒသမ ၀၀၆)သိန်း ရှိပါတယ်။ ရှမ်းပြည်နယ် ဝန်ကြီးများ၊ တိုင်းရင်းသား ရေးရာ ဝန်ကြီးများနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် ပြည်နယ်အတွင်း ခရိုင်မြို့နယ်များသို့ ကျေးလက်ဒေသ ဖွံ့ဖြိုး ရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များအတွက် မတည်ရင်းနှီးချေးငွေ ကျပ်သိန်းပေါင်း (၁၇၃၅၆ ဒသမ၂၀)သိန်းကို ထုတ်ချေးထားရှိကြောင်း တင်ပြအပ် ပါတယ်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် (၄-၃-၂၀၁၃) ရက်နေ့မှာ သစ်တောသတ္တုဝန်ကြီးမှ ချက်လက်မှတ် အမှတ်

ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့် အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ပြည်သူများ ကိုယ်စား မေးမြန်းအပ်ပါတယ်။

မေးခွန်း(၃) စိန်ကျော့-မန်ပန်းလမ်းဟာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပထမဦးစားပေး သာမန်ပြင်ဆင် ခြင်းငွေ ကျပ်သန်းပေါင်း (၄ဒသမ ၇၀၀)သန်းနှင့် ဒုတိယဦးစားပေး သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ငွေကျပ်သန်းပေါင်း (၆၂ ဒသမ ၇၅၀)သန်းသာ တွေ့ရပြီး ငွေလုံးငွေရင်းမှာ လျာထားတာ မတွေ့ရှိရတဲ့အတွက် ၎င်းလမ်းကို (၁၄)မိုင်ခန့် ရှည်လျားပြီး တော်တော်ပျက်စီးနေ၍ မိုးရာသီတွင် သွားလာရန်အလွန် ခက်ခဲ နေပါသဖြင့် ပြည်သူများက အဓိက အသုံးပြုသော လမ်းလည်း ဖြစ်သောကြောင့် ရာသီမရွေးသွားလာနိုင်ရန် ဆောင်ရွက် ပေးမည့် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့် အချိန်တွင် ဆောင်ရွက် ပေးမည်ကို သိရှိလိုပါကြောင်း ပြည်သူများ ကိုယ်စား လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးစိုင်းစိန်ဝင်းမေးမြန်းတဲ့ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် စိုင်းနော်ခမ်းမှ ဖြေကြားပေးသွားပါမယ်။





၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေ(၂၈၇ ဒသမ ၈)သန်းဖြင့် ၅ ပေ × ၃ ပေ **Box Culvert** (၁၂)စင်း၊ အမာခံလမ်း(၄)မိုင် ဆောင်ရွက်မှုဖြစ်ပြီး ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ (၆၅ ဒသမ ၄၉)သန်းဖြင့် (၁၄)ပေအကျယ် မြေသားလမ်းချဲ့ခြင်း (၁၅)မိုင်နှင့် သာမန် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေတင်ပြ တောင်းခံထားပါတယ်။ တောင်ကြီးဒေသကနေ တာဝန်ယူ ဆောင်ရွက်ရတဲ့ ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-နောင်ချို လမ်းပိုင်း မိုင်တိုင်အမှတ်(၀၀)ကနေ (၁၁၀)ထိဟာ (၃၁-၃-၂၀၁၃)ရက်နေ့ထိ လမ်းအခြေအနေဟာ ကတ္တရာလမ်း (၅၁)မိုင် (၂)ဖာလုံ ကျောက်လမ်း (၂၁)မိုင် (၆)ဖာလုံ အမာခံလမ်း (၃၁)မိုင် (၄)ဖာလုံ ဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ကျပ်(၃၀၀)သန်းဖြင့် အမာခံလမ်းမ လမ်းတာပေါင် (၃၄)ပေချဲ့၍ ကတ္တရာလမ်းခင်းခြင်း (၂)မိုင် (၄)ဖာလုံ ဆောင်ရွက်ရန်လျာထားပြီး တာပေါင်ချဲ့ခြင်း လုပ်ငန်းများပြီးစီး၍ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းများဆောင်ရွက်ဆဲ ဖြစ်ပါတယ်။ သာမန်ပြင်ဆင်ထိန်းသိမ်း ခြင်းရန်ပုံငွေ (၁၀၂ ဒသမ ၆၅)သန်းဖြင့် ကတ္တရာလမ်းပြုပြင်ခြင်း (၃)ဖာလုံ၊ လမ်းပုံစံမှန်ရစေရန် **Grader** ဖြင့်ပြုပြင်ခြင်း(၁၂)မိုင်၊ သစ်သားတံတားပြင်ဆင်ခြင်း (၇)စင်း ဆောင်ရွက်ဆဲဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေ(၂၉၀၀)သန်းဖြင့် အမာခံလမ်းမှ ကတ္တရာလမ်း အဆင့်တိုးမြှင့်တည်ဆောက်ခြင်း (၁၅)မိုင် (၆)ဖာလုံ၊ တံတား-ရေပြွန်တည်ဆောက်ခြင်း (၂၄)စင်း လုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပြီး ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ(၄၃၃ ဒသမ ၀၃)သန်းဖြင့် ကတ္တရာထပ်ပိုးလွှာ ခင်းခြင်း (၁)မိုင် (၂)ဖာလုံ၊ လမ်းပေါက်များအား

ခွဲကျောက်ဖြင့်ဖာထေး၍ သဲပြုန်းဖြန့်ခင်းခြင်း (၁၄)မိုင် (၁)ဖာလုံ တံတားရေပြွန် တည်ဆောက်ခြင်း(၁၇)စင်းနှင့် သာမန်ပြင်ဆင် ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေ တင်ပြတောင်းခံထားပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ စိန်ကြော့-မန်ပန်းလမ်းဟာ လမ်းမိုင်အမှတ် (၀၀)မှ (၁၂)မိုင်(၀)ထိ (၁၂)မိုင် ရှည်လျားတဲ့ မြေသားလမ်းဖြစ်ပါတယ်။ မြေသားလမ်းဆိုသော်ငြားလည်း နှစ်ပေါင်းများစွာ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေရရှိခဲ့ခြင်း မရှိတဲ့အတွက် လမ်းအရည်အသွေးဟာ အင်မတန်နိမ့်ကျနေပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ်မှာလည်း ပြင်ဆင် ထိန်းသိမ်းခြင်း ရန်ပုံငွေစတင်ရရှိပြီး ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ လမ်းအူကြောင်းတွေ ပျက်စီးနေတဲ့လမ်းအား မူလ(၁၂)ပေအကျယ်မှ (၃၄)ပေအကျယ် မြေသားလမ်း ရရှိအောင် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ မှာ ကျောက်လမ်းခင်းခြင်းအတွက် လျာထားပြီးတော့ ခွင့်ပြုဘဏ္ဍာ ရန်ပုံငွေ ရရှိလာပါက ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးစိုင်းစိန်ဝင်းက စတုတ္ထမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာ ပါစေကြောင်း ဆုတောင်းမေတ္တာ



D/real(wide) (1



ပထမမေးခွန်းဖြစ်တဲ့ ဆောင်ကြဲ-မိုင်းခေး-မန်မွန်းလမ်းဟာ မိုင်တိုင်အမှတ် (၀၀)ကနေ မန်မွန်းရောက်တဲ့ အထိ(၁၆)မိုင် ရှည်လျားတဲ့ အမာခံလမ်းဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ပြင်ဆင် ထိန်းသိမ်းခြင်း ရန်ပုံငွေ (၉၆ ဒသမ ၄)သန်းဖြင့် ကျောက်လမ်းခင်းခြင်း (၂)မိုင် (၂)ဖာလုံ၊ မြေသားလမ်းချဲ့ခြင်း (၂)မိုင် (၂)ဖာလုံနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်မှာဖြစ်ပြီး ကျောက်လမ်းခင်းခြင်း (၂)မိုင် (၂)ဖာလုံနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ (၈၀)ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခြင်း ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေ (၂၉၇ဒသမ၅)သန်း ကျောက်လမ်းခင်းခြင်း(၄)မိုင် (၆)ဖာလုံနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ (၃၁ ဒသမ ၁၅)သန်းဖြင့် ၅ ပေ × ၃ ပေ **Box Culvert** (၅)စင်း၊ လုပ်ငန်းများ ဆောင်ရွက်ရန် လျာထားပါတယ်။ ၂၀၁၅-၂၀၁၆မှာ ကျန်အမာခံ လမ်း (၉)မိုင်အား ကျောက်လမ်း ခင်းခြင်း ဆောင်ရွက်ရန် လျာထားပြီး ဘတ်ဂျတ် ခွင့်ပြုရရှိပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်မှာ တစ်လမ်းလုံး ကျောက်ချောလမ်း ရောက်ရှိလာမည့် လမ်းဖြစ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ညောင်ရွှေ-အင်တော-ကျောက်ဂူ လမ်းအား လားရှိုးဒေသကနေ တာဝန်ယူဆောင်ရွက်တဲ့ ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-နမ့်လန်လမ်း မိုင်တိုင်အမှတ် (၁၁၀) ကနေ (၁၄၀)ထိ မိုင်(၃၀)ကို တာဝန်ယူဆောင်ရွက်ရတာ ဖြစ်ပါတယ်။ (၃၁-၃-၂၀၁၃)ရက်နေ့ထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း (၄)ဖာလုံ၊ အမာခံလမ်း (၄)ဖာလုံ၊ မြေလမ်း (၂၉)မိုင် ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တွင်ပြည်နယ် ဘဏ္ဍာပြင်ဆင် ထိန်းသိမ်းခြင်း ရန်ပုံငွေ (၁၁ ဒသမ ၇)သန်းအပြင် သာမန် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

ပို့သအပ်ပါတယ်။ မေးခွန်း(၄)အနေနဲ့ နမ့်လန်ကျေးရွာအုပ်စု အတွင်းရှိ နမ့်လန် ပြည်သူ့ဆေးရုံဟာ ၂၀၁၁ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် (၁၆)ခုတင် ဆေးရုံမှ မြို့နယ်အဆင့် (၂၅)ခုတင်ဆေးရုံ အဖြစ်သို့ တိုးမြှင့်ပေးခဲ့ပါတယ်။

မြို့နယ်အဆင့် (၂၅)ခုတင်ဆံ့ဆေးရုံ နမ့်လန်ပြည်သူ့ဆေးရုံဟာ ဆရာဝန်၊ လက်ထောက်ဆရာဝန်များနှင့် သူနာပြုဆရာများ ဖွဲ့စည်းပုံနှင့်အညီ ခန့်ထားပေးရန် လိုအပ်နေပါသည်။ မြို့နယ်အဆင့် (၂၅)ခုတင် ဖွဲ့စည်းပုံ အရ မြို့နယ်ဆရာဝန် (၁)ဦး၊ လက်ထောက်ဆရာဝန် (၄)ဦး၊ အထက်တန်း သူနာပြု(၅)ဦးနှင့် သူနာပြု(၁၀)ဦး ဖွဲ့စည်းထားတာ တွေ့ရှိရပါတယ်။ ယခုလက်ရှိ (၂၅)ခုတင်ဆံ့ နမ့်လန်ပြည်သူ့ဆေးရုံအတွက် ဆရာဝန်ဟာ သီးသန့်ချပေးထားသည့် ဆရာဝန်မဟုတ်ဘဲ သီပေါမြို့ ပြည်သူ့ဆေးရုံ၏ တွဲဘက်ဆရာဝန်သာဖြစ်ပြီး လက်ထောက် ဆရာဝန်(၄)ဦးလည်း မရှိပါ။

အထက်တန်း သူနာပြု(၅)ဦးမှ တစ်ဦးသည် ပျက်ကွက်နေတာကို တွေ့ရပါတယ်။ သူနာပြု(၁၀)ဦးမှာလည်း (၈)ဦးသာ အော်ဒါထွက်တာတွေ့ရှိရပြီး (၅)ဦးရောက်ရှိလာ၍ ကျန်(၃)ဦး ရောက်ရှိမလာပါ။ ရောက်ရှိလာသည့် သူနာပြု(၅)ဦးထဲတွင် (၁)ဦးကပြောင်းသွားပြီး အစားထိုးခန့်ထားပေးခြင်းမရှိခဲ့ပါ။ နမ့်လန်ပြည်သူ့ဆေးရုံဟာ ၂၀၁၃ ခုနှစ် ဩဂုတ်၊ စက်တင်ဘာလထိ ပုံမှန်လူနာ(၁၀၀)ကျော် ရှိနေပြီး ယခုထိပုံမှန်လူနာ (၇၀)ကျော် ရှိနေသည်ကို တွေ့ရပါတယ်။ လူနာများကောင်းမွန်စွာ စောင့်ရှောက် ကြည့်ရှု ပေးနိုင်ရန်အတွက် (၂၅)ခုတင် ပြည်သူ့ဆေးရုံဖွဲ့စည်းပုံအရ ဆရာဝန်၊ ဆရာမများ ချထားပေးရန် လိုအပ်နေသဖြင့် ချထားပေးမည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။





နမ့်လန်ပြည်သူ့ဆေးရုံသို့ ဆရာဝန်မခန့်ထားမီကာလ အတွင်း လောက်ကိုင်ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာမျိုးဇော်အား ခေတ္တတွဲဘက် တာဝန်ထမ်းဆောင်ရန် စေလွှတ်ထားပြီးဖြစ်ပါသည်။ နမ့်လန်ပြည်သူ့ဆေးရုံတွင် အထက်တန်းသူနာပြုမှာ ဖွဲ့စည်းပုံအရ ခွင့်ပြု(၅)ဦးရှိရာ (၅)ဦးအပြည့်အဝ ခန့်ထားပြီး ဖြစ်ပါတယ်။ သူနာပြုခွင့်ပြု (၁၀)ဦးတွင် (၇)ဦး ခန့်ထားပေးပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လင်းခေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလွင်က ပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်အဋ္ဌမပုံမှန်အစည်းအဝေးကို တက်ရောက်လာတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ လင်းခေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင် ဖြစ်ပြီး ကျွန်တော်မေးချင်တဲ့ ပထမမေးခွန်းကတော့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း ရင်းနှီးမြုပ်နှံမှုအစီအစဉ်များ ဆောင်ရွက်တဲ့ လုပ်ငန်းများနှင့် ပတ်သက်တဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော် ဒီဇင်ဘာလ(၃)ရက်နေ့က ပေးပို့ထားတဲ့ မေးခွန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ်အတွက် ရင်းနှီးမြုပ်နှံမှု အစီအစဉ်

ငွေလုံးငွေရင်းကို လွန်ခဲ့တဲ့ (၁-၄-၂၀၁၃)ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးမှာ တင်ပြထားတာကို တွေ့ရှိရပါတယ်။

မြို့နယ်အလိုက် ခွဲဝေသတ်မှတ်ချက်ကို ဖော်ပြထားတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း မိမိတို့မြို့နယ်အတွက် သတ်မှတ်ချက်များကို သိရှိခွင့်ရရှိခဲ့ပါတယ်။ အလားတူ မြို့နယ်အလိုက် အခွန်အခ ကောက်ခံရန် လျာထားချက်၊ ကောက်ခံရန်ရရှိမှု အခြေအနေများကိုလည်း ဖော်ပြပေးပါက လွှတ်တော် ကိုယ်စားလှယ် များအနေနဲ့ မိမိတို့ရဲ့ စည်ပင်အခွန်အခ လျာထားချက် ကောက်ခံရရှိမှု၊ ပြန်လည် ခွဲဝေရရှိမှု အခြေအနေများကို ပိုမိုရှင်းလင်းစွာ သိမြင်အထောက်အကူ ပြုနိုင်မှာဖြစ်ပါတယ်။

အခုလို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုငွေများကို ခွင့်ပြုရန် ဆောင်ရွက်ခဲ့ရာမှာ အချို့သောမြို့နယ်တော်တော်များများမှာ ယခုလို ဘဏ္ဍာနှစ်ကုန်ဆုံးရန် (၃)လသာ ကျန်ရှိတော့တဲ့ အချိန်ကာလတိုင် ဆောင်ရွက်ရန် လျာထားတဲ့လုပ်ငန်းများအနေနဲ့ ဥပမာအနေနဲ့ ထင်ရှားသိသာတဲ့ မြို့ပြလမ်းတံတား တည်ဆောက်ရေးလုပ်ငန်းများ မွမ်းမံခြင်းလုပ်ငန်းများအတွက် ကျောက်များတူးဖော်ယူခြင်း စုဆောင်းခြင်း၊ ကတ္တရာများဝယ်ယူစုဆောင်းခြင်း၊ လမ်းများအတွက် လုပ်ငန်းများအတွက် လျာထားချက်များကို ယခင်နှစ်များကဲ့သို့ စီစဉ်ဆောင်ရွက်ထားခြင်း မရှိကြောင်းကို တွေ့ရှိရပါတယ်။

အများပြည်သူထံမှ အခွန်အခများဟာ အများပြည်သူအတွက်သာဖြစ်တယ်ဆိုတဲ့ ဦးတည်ချက်နှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရာမှာ ပြည်သူများထင်သာမြင်သာရှိအောင် ဆောင်ရွက်ရန် လိုအပ်ပါတယ်။ ဒါကြောင့်လက်ရှိ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် လျာထားခွင့်ပြုပေးထားသော ရန်ပုံငွေ



D/real(wide) (1



**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။**လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်ဝင်း၏ သီပေါမြို့နယ် နမ့်လန်ကျေးရွာအုပ်စုအတွင်းရှိ မြို့နယ်အတွင်း (၂၅)ခုတင် နမ့်လန်ပြည်သူ့ဆေးရုံတွင် ဆရာဝန်၊ လက်ထောက်ဆရာဝန်များနှင့် သူနာပြုများအား ဖွဲ့စည်းပုံနှင့် အညီ ချထားပေးရန် လိုအပ်နေပါသဖြင့် ချထားပေးမည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးခွန်းနှင့် ပတ်သက်၍ အစိုးရအဖွဲ့ဝင် ကျွန်တော်ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

သီပေါမြို့နယ် နမ့်လန်ကျေးရွာအုပ်စုရှိ (၂၅)ခုတင်ဆံ့ နမ့်လန်ပြည်သူ့ဆေးရုံတွင် လက်ရှိတာဝန် ထမ်းဆောင်နေသည့် တာဝန်ခံဆရာဝန် ဒေါက်တာရွှေဉာဏ် (ဆမ-၆၇၇၄)သည် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ မှစ၍ သက်ပြည့်အငြိမ်းစားယူမည် ဖြစ်ပါသဖြင့် တာဝန်ခံဆရာဝန် (၁)ဦး အစားထိုးခန့်ထားပေးနိုင်ရေး အတွက် လားရှိုးမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၏ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့ ရက်စွဲပါ စာအမှတ်၊ ရမ/လရ ခွဲ-၁/၂၀၁၃/၂၃၁၅ နှင့် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၆ ရက် ရက်စွဲပါ စာအမှတ်၊ ရမ / လရ-ခွဲ ၄(၁)/၂၀၁၃/၁၉၇၈ ဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနများသို့ တင်ပြထားပြီး ဖြစ်ပါတယ်။

များနှင့်ပတ်သက်ပြီးတော့ အောက်ပါအတိုင်း မေးမြန်းလိုပါတယ်-

(က) မြို့နယ်အလိုက် စည်ပင်သာယာရေးလုပ်ငန်းများကို မည်ကဲ့သို့ စီမံဆောင်ရွက်လျက် ရှိသည်ကို လည်းကောင်း၊

(ခ) ခွင့်ပြုရန်ပုံငွေအရ လုပ်ငန်းများအား ယခင်အတိုင်း မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိများမှ တာဝန်ယူဆောင်ရွက်ပြီး သို့မဟုတ် ယခုနှစ်တွင် ဖွဲ့စည်းထားသည့် မြို့နယ်စည်ပင်သာယာရေး ကော်မတီများက တာဝန်ယူဆောင်ရွက်ကြသည်ကို လည်းကောင်း၊

(ဂ) ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး ဆောင်ရွက်လိုသော လုပ်ငန်းများအား ပြည်သူများအတွက် အကျိုးရှိရှိ၊ လေလွင့်မှု၊ ဆုံးရှုံးမှုမရှိစေရေး၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မှီဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ကြပ်မတ်စစ်ဆေး ဆောင်ရွက်ပေးလျက်ရှိသည်ကို လည်းကောင်း

သိရှိလိုတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးထံမှ မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်က ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ





မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၊ မြို့နယ်ပြည်သူ့ တိုးတက်ရေးအထောက်အကူပြု ကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေး ပြုလုပ်၍ အဓိကလိုအပ်သော လုပ်ငန်းများ လျာထားရေးဆွဲသွားမည်ဖြစ်ပြီး ညွှန်ကြားရေးမှူးမှတစ်ဆင့် ပြည်နယ်ကော်မတီသို့ တင်ပြသွားမှာ ဖြစ်ပြီး ပြည်နယ်ကော်မတီများ၊ မြို့နယ်ကော်မတီများက တင်ပြသည့်လုပ်ငန်းများ စနစ်တကျ စိစစ်လျက် ပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ထို့အပြင် နိုင်ငံတော်အကြီးအကဲများရဲ့ လမ်းညွှန်ချက်၊ ဒေသဆိုင်ရာ အာဏာပိုင်များရဲ့ လမ်းညွှန်ချက်၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တင်ပြချက်အပေါ် ဆောင်ရွက်ပေးရမည့် လုပ်ငန်းများ မြို့မိမြို့ဖများရဲ့ တင်ပြချက် လုပ်ငန်းများ မြို့နယ်အတွင်း အမှန်တစ်ကယ်လိုအပ်သည့် မြို့ပြလမ်းတံတားရေပေးရေး ကျေးလက်လမ်းတံတား ရေပေးရေးလုပ်ငန်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းမကြီးများ၊ ရေနုတ်မြောင်းများ တည်ဆောက်ခြင်းလုပ်ငန်းများ တင်ပြချက်ပေါ်မူတည်၍ ရသုံးမှန်းခြေငွေစာရင်းတွင် လျာထားရေးဆွဲဆောင်ရွက် စေလျက်ရှိပါတယ်။

မူလရသုံးမှန်းခြေငွေစာရင်းတွင် ပါဝင်ခြင်းမရှိတဲ့အပြင် ပိုငွေရငွေရရှိခြင်းမရှိတဲ့ ဖြည့်စွက်တောင်းခံခြင်း မပြုနိုင်သည့် မဖြစ်မနေဆောင်ရွက်သည့်လုပ်ငန်းများအား ပြည်နယ်အစိုးရခွင့်ပြုချက်ဖြင့် မူလခွင့်ပြုရန်ပုံငွေအတွင်း လုပ်ငန်းပြောင်းလဲဆောင်ရွက်ခွင့်ပြုလုပ်ငန်းများ ဆောင်ရွက်စေလျက်ရှိပါတယ်။ မြို့နယ်အလိုက် ရေးဆွဲတင်ပြသည့် ရသုံးမှန်းခြေနှင့် အသုံးစရိတများအား ရှမ်းပြည်နယ်စည်ပင်သာယာရေး ကော်မတီမှ စိစစ်၍ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန ရှမ်းပြည်နယ်အစိုးရရုံးနှင့် လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏အတည်ပြုချက် ရရှိမှသာ

မြို့နယ်အလိုက် ရငွေနှင့် အသုံးစရိတ်များ သုံးစွဲဆောင်ရွက်လျက် ရှိပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စတင်ချိန်တွင်လည်း လုပ်ငန်းများအား ပထမ(၆)လပတ် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ဒုတိယ(၆)လပတ် ဆောင်ရွက်ရမည့်လုပ်ငန်းဟူ၍ နှစ်ပိုင်းခွဲပြီး ခွင့်ပြုဆောင်ရွက်လျက် ရှိပါတယ်။ ပထမ(၆)လပတ်သည် မိုးတွင်းကာလဖြစ်၍ လုပ်ငန်းများတင်ပြရာ၌ ကတ္တရာလုပ်ငန်းများကို ဦးစားမပေးဘဲ မြို့ပြကျေးလက်ကျောက်ချောလမ်း တံတားရေပေးရေးငွေလုံးအခြား လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက် ရှိပါတယ်။ မြို့နယ်အလိုက် တင်ပြလာသည့် ပထမ(၆)လပတ် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန ပြည်နယ်အစိုးရအဖွဲ့ အတည်ပြုချက် ရရှိမှသာ ရှမ်းပြည်နယ် စည်ပင်သာယာရေး ရန်ပုံငွေ စီမံခန့်ခွဲမှု အစည်းအဝေး ပြုလုပ်၍ လုပ်ငန်းဆိုင်ရာ ခွင့်ပြုချက်နှင့် ဘဏ္ဍာရေးဆိုင်ရာ ခွင့်ပြုချက် ထုတ်ပေးပြီးမှ မြို့နယ်အလိုက် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရပါတယ်။

မြို့နယ်စည်ပင်သာယာရေးဌာနများမှ ပြည်နယ်စည်ပင်သာယာရေးဌာနသို့ တင်ပြသော ဆောင်ရွက်ခွင့်နှင့် ငွေထုတ်ယူခွင့်ကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ပထမအရစ် (၃၀)ရာခိုင်နှုန်း၊ ဒုတိယအရစ် (၃၀)ရာခိုင်နှုန်း၊ တတိယအရစ် (၃၀)ရာခိုင်နှုန်း၊ စတုတ္ထအရစ် (၁၀)ရာခိုင်နှုန်း အရစ်အလိုက် လုပ်ငန်းပြီးစီးမှုကို စိစစ်၍ လုပ်ငန်း အရည်အသွေး ပြည့်မီမှုရှိ/မရှိ စိစစ်ပြုလုပ်၍ အစီအရင်ခံစာများ၊ ဓါတ်ပုံမှတ်တမ်းများ ပြည့်စုံစွာ တင်ပြမှသာ ရှမ်းပြည်နယ်အစိုးရ၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေစီမံခန့်ခွဲမှု အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် စိစစ်ပြီး လုပ်ငန်းပြီးစီးမှု





မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ပဏာမ ဆုမွန်ကောင်းတောင်းအပ် ပါတယ်။လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလွင်ရဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု အစီအစဉ်အရ ဆောင်ရွက်သည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ မေးခွန်းကို ကျွန်တော်ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းက ဖြေကြားသွားမှာဖြစ်ပါတယ်။

မြို့နယ်အလိုက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းများကို မြို့တစ်မြို့၏ ဝင်ငွေ (၅၀) ရာခိုင်နှုန်းအား အောက်ပါအတိုင်းလျာထား စီမံဆောင်ရွက်ထားရှိပါတယ်။

(၁) မြို့ပြလမ်းတံတား တည်ဆောက်ခြင်း၊
(၂) မြို့ပြလမ်းတံတား မွမ်းမံခြင်း၊
(၃) မြို့ပြတိုးချဲ့ ရေပေးခြင်း၊
(၄) မြို့ပြရေပေးရေး မွမ်းမံခြင်း၊
(၅) ကျေးလက်လမ်းတံတား တည်ဆောက်ခြင်း၊
(၆) ကျေးလက်ရေပေးရေး တိုးချဲ့မွမ်းမံခြင်း

လုပ်ငန်းများဖြစ်ပါတယ်။ အထက်ပါအတိုင်း ဘတ်ဂျတ်ရေးဆွဲသည့်အခါတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ်အတွက် လုပ်ငန်းများအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဩဂုတ်လမှစ၍ ကြိုတင်သတ်မှတ်၍ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများ မြို့မိမြို့ဖများ အစည်းအဝေးပြုလုပ်ပြီး အဓိကလိုအပ်ချက်လုပ်ငန်းများကို လျာထားရေးဆွဲ ခဲ့ပါတယ်။

မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့များ နောင်လာမည့်ဘဏ္ဍာရေး နှစ်များတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားပြီး

ပမာဏပေါ်တွင်သာ အရစ်ကျစနစ်ဖြင့် ငွေထုတ်ယူလုပ်ငန်း ဆောင်ရွက် လျက်ရှိပါတယ်။

လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းတွေမှာ လုပ်ငန်းတစ်ခု ဆောင်ရွက် တော့မည် ဆိုပါက **(Admin Sanction)** အုပ်ချုပ်မှုဆိုင်ရာ ခွင့်ပြုမိန့်၊ **(Budget Sanction)** ဘဏ္ဍာရေးဆိုင်ရာခွင့်ပြုမိန့်၊ **(Technical Sanction)** ကျွမ်းကျင်မှုဆိုင်ရာ ခွင့်ပြုမိန့် (၃)မျိုးတို့ကို ရရှိမှလုပ်ငန်း စတင်ဆောင်ရွက်ရပြီး ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်ခွင့်ရှိသူမှ လုပ်ငန်းပြီးစီးမှုအပေါ် အာမခံချက်ရရှိမှ ငွေထုတ်ပေးခွင့်ပြုရခြင်း၊ မြို့နယ်စည်ပင်သာယာရေး ဌာနများတွင်လည်း အမှုဆောင်အရာရှိက **(Controlling Officer)**၊ အင်ဂျင်နီယာက **(Drawing Officer)** ပူးတွဲလက်မှတ်ဖြင့် မြန်မာ့စီးပွားရေးဘဏ်တွင် ငွေထုတ် စာရင်း **(Drawing Limit)** ဖွင့်လှစ်ဆောင်ရွက်ရခြင်း အစရှိသည့် ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများကို တိကျစွာလိုက်နာ ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးစိုင်းလွင်က ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်ရဲ့ ဒုတိယမေးခွန်းအနေနဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ရုံးများမှာ **SKY NET MPS (Multiplay Services)** စက်များတပ်ဆင်မည့် အစီအစဉ်နှင့် **Wi Fi** ဖြင့် အင်တာနက် အခမဲ့ ထုတ်လွှင့်ရေး အစီအစဉ်နှင့် စပ်လျဉ်း၍မေးခွန်းဘဲ ဖြစ်ပါတယ်။





ပြီးစီးအောင်တပ်ဆင်နိုင်မှု မရှိခြင်း၊ မည်သည့်အတွက်ကြောင့် နှောင့်နှေးကြန့်ကြာလျက်ရှိခြင်းနှင့် ယခုဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ပေး နိုင်ခြင်း အစီအစဉ် ရှိ/မရှိ အများပြည်သူများကလည်း သိရှိလိုနေတဲ့အတွက် လွှတ်တော် ကိုယ်စားလှယ် တစ်ဦး အနေဖြင့် မေးမြန်းချက်ကို လွှတ်တော်မှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ ဖြစ်ပါတယ်။

လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင် မေးမြန်းတဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ရုံးမှာ **SKY NET MPS (Multiplay Services)** စက်များ တပ်ဆင်မည့်အစီအစဉ်နှင့် **Wi Fi** ဖြင့် အင်တာနက် အခမဲ့ လွှင့်ထုတ်ရေး အစီအစဉ်နှင့် စပ်လျဉ်း၍ သိရှိလိုပါသည် မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော်က ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ရုံးများမှာ သတင်းထုတ်ပြန်ရေး လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး



D/real(wide) (1

ခရိုင်ရုံး (၁၉)ရုံးမှာ **SKY NET MPS (Multiplay Services)** စက်များကို ၂၀၁၃ ခုနှစ် ဇွန်လ ဒုတိယပတ်အတွင်း တပ်ဆင်ဆောင်ရွက်သွားရန် ရုံးချုပ်မှ ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

ထိုခရိုင်ရုံး (၁၉)ရုံးမှာ လှိုင်လင်၊ လင်းခေး၊ ကျောက်မဲခရိုင်ရုံး (၃)ရုံး ပါဝင်ခဲ့ပါတယ်။ မြေပြင်ပထဝီ အနေအထားအရ လှိုင်လင်နှင့် လင်းခေးခရိုင်ကို **SKY NET** တပ်ဆင်ခွင့် ရရှိခဲ့ပြီး ကျောက်မဲခရိုင်ရုံးမှာ **SKY NET MPS (Multiplay Services)** စက်များ တပ်ဆင်ခွင့် ရရှိခဲ့ပါတယ်။ စက်တပ်ဆင်ခ ကုန်ကျမှု များကိုလည်း ရုံးချုပ်မှ ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ထိုသို့တပ်ဆင်ရာမှာ ကျောက်မဲခရိုင်ရုံးအတွက် **ADSL** ကို (၉-၉-၂၀၁၃)မှာ တပ်ဆင်ပြီး ဖြစ်ပါကြောင်းနှင့် ပြည်သူ့ထံသို့ ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ **Wi Fi** နှင့် အင်တာနက် အခမဲ့ ထုတ်လွှင့်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

သို့သော်လည်း လှိုင်လင်နှင့် လင်းခေးခရိုင်သို့ **SKY NET MPS** စက်များ တပ်ဆင်နိုင်ရန်အတွက် ရန်ကုန်ရှိ သက်ဆိုင်ရာ ရွှေသံလွင်မီဒီယာ ကုမ္ပဏီလီမိတက်သို့ စက်များတပ်ဆင်နိုင်ရေး (၃) ကြိမ်တိုင်တိုင် ဆက်သွယ်ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ ကုမ္ပဏီမှလည်း လက်ကျန်ပစ္စည်းများမရှိ၍ ပြည်ပသို့မှာယူ နေရကြောင်း ပစ္စည်းရောက်ရှိပါက အချိန်မီလာရောက်တင်ဆင် ပေးမည်ဖြစ်ကြောင်း ပြန်ကြားချက်ရရှိခဲ့ပါသည်။ သို့သော် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကုန်အထိ တပ်ဆင်နိုင်ခြင်း မရှိသေးဘဲ သတ်မှတ်ကာလ (၃)လ ကျန်ရှိနေပါသည်။ စက်များရောက်ရှိပါက သက်ဆိုင်ရာခရိုင်ရုံးများသို့ အချိန်မီတပ်ဆင်ပြီး **Wi Fi** ဖြင့် အင်တာနက် အခမဲ့ထုတ်လွှင့် နိုင်ရေး အစီအစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။





တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာရှိတဲ့ ခရိုင်ရုံးများမှာ သတင်းထုတ်ပြန်ရေးလုပ်ငန်းများ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက် နိုင်ရေး **SKY NET MPS** စက်များကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်း အပြီးအစီး တပ်ဆင်နိုင်ရန် စီစဉ်လျက်ရှိကြောင်း စက်နှင့် ဆက်စပ်ပစ္စည်းများကို ရုံးချုပ်မှပေးချေရန်အတွက် ပြင်ပကုမ္ပဏီနှင့် ညှိနှိုင်းထားရှိကြောင်း **SKY NET** တပ်ဆင်ပြီး အင်တာနက် မရှိတဲ့ ရုံးများမှာ အများပြည်သူအတွက် အင်တာနက် အခမဲ့သုံးစွဲနိုင်ရန် အတွက် **Wi Fi** များ ချိတ်ဆက်တပ်ဆင်ပေးရန် စီစဉ်ဆောင်ရွက် လျက်ရှိတာကို သိရှိရပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)မှာရှိတဲ့ လင်းခေးခရိုင်ရုံးနှင့် လှိုင်လင်ခရိုင်ရုံးများမှာ ဖော်ပြပါလုပ်ငန်းများကို ယနေ့ထိတပ်ဆင် နိုင်ခြင်းမရှိသေးကြောင်းကိုလည်းတွေ့ရှိရပါတယ်။ အင်တာနက် အခမဲ့သုံးစွဲခွင့် ရရှိပါက ရုံးစာကြည့်တိုက်များသို့ အများပြည်သူများ ပိုမိုအသုံးပြုခြင်း၊ စာပေဖတ်ရှုခြင်း၊ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ သိရှိခွင့်ရရှိနိုင်ခြင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းအခြေအနေများကို လေ့လာသိရှိလေ့လာနိုင် ခွင့်ရရှိခြင်းတို့ကြောင့် ဒေသခံပြည်သူများ အသိအမြင်တိုးတက်ကာ ခေတ်နှင့်အညီ တွေးခေါ်မြော်မြင်မှုများကို ပေးစွမ်းနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေတဲ့ ကျွန်တော်တို့ ရှမ်းပြည်နယ်တောင်ပိုင်း ဒေသမှာရှိတဲ့ လင်းခေးခရိုင်နှင့် လှိုင်လင်ခရိုင်ရုံးမှာ **SKY NET MPS** စက်များ အမြန်တပ်ဆင် ပေးနိုင်ရေး၊ **Wi Fi** များ အမြန်ချိတ်ဆက် တပ်ဆင်ပေးနိုင်ရေး ဆောင်ရွက်ပေးနိုင်ရန် တင်ပြလိုပါတယ်။ သက်ဆိုင်ရာပြန်ကြားရေး ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက အထက်ပါလုပ်ငန်းများကို ဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက် ပေးနေသည်ကို သိရှိရပါသော်လည်း မည်သည့်အတွက်ကြောင့်

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းတင်ဦးက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်ဦးဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခမ်းမြို့နယ်အတွင်းရှိ နမ့်မခကြိုးဝိုင်းအတွင်း မှီတင်းနေထိုင်ကြသူ အားလုံး ဖာလင်ရွာ၊ မန်ကန်ရွာ၊ ဆိုင်တောင်ရွာ တို့မှ ကျေးရွာပြည်သူလူထုအပေါင်းတို့ တစ်စုတစ်စည်းတည်း ခွင့်ပြုသည့် ဆိုင်ရာ ဆိုင်ခွင့်နှင့် အခွင့်အရေးများ၊ အကျိုးခံစားခွင့်များ ရရှိနိုင်စေရန် ပြန်လည် စိစစ်လုပ်ကိုင်ခွင့် ပြုပေးနိုင်ခြင်း ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း မေးမြန်းခြင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီးသည် ၁၉၉၂ ခုနှစ်၌ မြန်မာနိုင်ငံသစ်တော ဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်ရှိ ဧရိယာအကျယ်အဝန်း (၃၁၅၅)ဧက ရှိသော နယ်မြေကို နမ့်မခသစ်တော၏ ကြိုးဝိုင်းအဖြစ် ၂၀၀၁ ခုနှစ် အောက်တိုဘာလ (၅)ရက်မှ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး၏ ခန့်အပ်ထားသည့် သစ်တောကျေးလက် အရာရှိထံသို့ အဆိုပြုကြိုး ဝိုင်းတောအတွင်း မှီတင်းနေထိုင်ကြသော မံပိန်းရွာ၊မတ်မိုင်ရွာ၊ လောကြုရွာ၊





အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် သစ်တောနှင့် သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်း ဖြစ်ပါတယ်။

နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး မေးမြန်းတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ နမ့်ခမ်းမြို့နယ်ရှိ နမ့်မခကြိုးဝိုင်းအတွင်း မှီတင်းနေထိုင်ကြသော (၁) ဖာလင်ရွာ၊ (၂) မန်ကန်ရွာ၊ (၃) ဆိုင်တောင်ရွာတို့မှ ကျေးရွာပြည်သူလူထုအပေါင်းတို့ တစ်စုတစ်စည်းတည်း ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ၊ အကျိုးခံစားခွင့်များ ရရှိနိုင်စေရန် ပြန်လည်စိစစ်လုပ်ကိုင်ခွင့် ပြုပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည်နှင့် ပတ်သက်တဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနသည် ၁၉၉၂ ခုနှစ်၊ သစ်တော ဥပဒေ ပုဒ်မ ၄ အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ (၅-၁၀-၂၀၀၁)ခု ရက်စွဲပါစာ အမိန့်ကြေညာ စာအမှတ် (၆၇/၂၀၀၁)ဖြင့် ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်ရှိ ဧရိယာအကျယ်အဝန်း (၃၁၅၅)ဧက ရှိသော နယ်မြေကို နမ့်မခသစ်တော ကြိုးဝိုင်းအဖြစ် ထုတ်ပြန်ကြေညာခဲ့ပါသည်။

သစ်တောကြိုးဝိုင်းဖွဲ့စည်းရန် အတွက် ရည်ရွယ်ကြောင်း အမိန့်ကြေညာစာအား (၁၅-၆-၁၉၉၅) ရက်နေ့တွင် သစ်တောရေးရာဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့ပြီး ကြိုးဝိုင်းဖွဲ့စည်းမည့်ဧရိယာရှိ အများပြည်သူတို့ အခွင့်အရေးများကို စုံစမ်းစစ်ဆေးရန်အတွက် နမ့်ခမ်းမြို့နယ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ် ရေးမှူးမှ ကြေးတိုင်အရာရှိအဖြစ် ဆောင်ရွက်ခဲ့ရာ ကျေးရွာပေါင်း (၈)ရွာမှ ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို အောက်ပါအတိုင်း တောင်းဆိုခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | မန်ပိန်း | လယ်/ယာ/ဥယျာဉ်ခြံမြေ | ၂၃၈. ၅ ဧက |
| (ခ) | မန့်မိုင် | လယ်/ယာ/ဥယျာဉ်ခြံမြေ | ၁၄၂. ၅ ဧက |
| (ဂ) | လောကြူ | လယ်/ယာ/ဥယျာဉ်ခြံမြေ | ၉၄. ၅ ဧက |
| (ဃ) | မိုင်ခမ်း | လယ်/ယာ/ဥယျာဉ်ခြံမြေ | ၁၇၅. ၀ ဧက |
| (င) | ပန်မောင်း | လယ်/ယာ/ဥယျာဉ်ခြံမြေ | ၂၇၂. ၅ ဧက |
| (စ) | ဖာလင် | လယ်/ယာ/ဥယျာဉ်ခြံမြေ | ၅၆၉. ၅ ဧက |
| (ဆ) | မန်ကန် | လယ်/ယာ/ဥယျာဉ်ခြံမြေ | ၂၆၉. ၀ ဧက |
| (ဇ) | ဆိုင်းတောင် | လယ်/ယာ/ဥယျာဉ်ခြံမြေ | ၁၉၁. ၀ ဧက |
| | **စုစုပေါင်း** | | **၁၉၅၂. ၅ဧက** |

ဖြစ်ပါတယ်။

အထက်ပါ ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ တောင်းဆိုခဲ့သည့် ကျေးရွာ(၈)ရွာအနက် မန်ပိန်း၊ မန့်မိုင်၊ လောကြူ၊ မိုင်ခမ်း၊ ပန်မောင်း စသည့် (၅)ရွာအား ခွင့်ပြုခဲ့သော်လည်း ဖာလင်ရွာ၊ မန်ကန်ရွာ၊ ဆိုင်းတောင် ရွာတို့အား ခွင့်ပြုခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများအတွင်း နှစ်ကာလ အတိုင်းအတာတစ်ခုအထိ တရားမဝင်ကျူးကျော် အခြေချနေထိုင်သည့် ရွာစုနှင့် အိမ်ထောင်စုများအား စာရင်းကောက်ယူပြီး သစ်တောမြေမှ ပယ်ဖျက်ပေးရန်အတွက် မူဆယ်မြို့နယ် သစ်တောဦးစီးဌာနမှ နမ့်ခမ်းမြို့နယ်၊ နမ့်မခ သစ်တောကြိုးဝိုင်းအတွင်း ရွာစုနှင့် အိမ်ထောင်စုများစာရင်း ကောက်ယူခြင်းအား (၁-၃-၂၀၁၃)ရက်နေ့မှ (၃၁-၃-၂၀၁၃)ရက်နေ့အတွင်း





မိုင်ခမ်းရွာ၊ ပန်မောင်းရွာ၊ ဖာလင်ရွာ၊ မန်ကန်ရွာ၊ ဆိုင်တောင်ရွာစတဲ့ ရွာပေါင်း(၈)ရွာမှ ကျေးရွာပြည်သူလူထုအပေါင်းတို့သည် တစ်စုတစ်စည်းတည်း ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခင်းနှင့် အကျိုးခံစားခွင့်များ ရရှိနိုင်ရန် အဆိုပြုလျှောက်ထားခဲ့ပါတယ်။

သို့ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး၏ နမ့်မခကြိုးဝိုင်း တောအဖြစ် အမိန့်ကြေညာစာ ထုတ်ပြန်သည့်အခါ ရွာပေါင်း(၈)ရွာအနက် မံပိန်း၊ မံမိုင်၊ လောကြူ၊ မိုင်ခမ်း၊ ပန်မေါင်းစတဲ့ (၅)ရွာတို့ကိုသာ ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့် အကျိုးခံစားခွင့်များ ရရှိခဲ့ပါတယ်။ ကျန်သည့်ဖာလင်ရွာ၊ မံကန်ရွာ၊ ဆိုင်တောင်ရွာစတဲ့ (၃)ရွာသည် သစ်တောကျေးရွာအရာရှိ၏ ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ ချထားရာတွင် မပါရှိခဲ့ပါ။

သို့ဖြစ်ပါ၍ ဖာလင်ကျေးရွာအုပ်စုအတွင်းရှိ ဖာလင်ရွာ၊ မံကန်ရွာ၊ ဆိုင်တောင်ရွာ စတဲ့ (၃)ရွာမှ ရွာသူ ရွာသားအပေါင်းတို့၏ စားဝတ်နေရေး လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားရေး အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာနိုင်ရေးအတွက် အလားတူဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ အကျိုးခံစားခွင့် ရှိလာအောင် ပြည်နယ် အစိုးရမှ ပြန်လည်စိစစ်ပြီး မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို မေးမြန်းခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တုဝန်ကြီး။**

အားလုံးမင်္ဂလာပါ။ လေးစားအပ် ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်များ

ဆောင်ရွက်ခဲ့ရာ ဖာလင်ကျေးရွာသည် အိမ်ခြေ(၅၀)နှင့်အထက် စာရင်းတွင်ပါဝင်ပြီး အိမ်ယာမြေ၊ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေ၊ နှစ်ရှည်စိုက်ခင်း စုစုပေါင်း(၄၃၁ ဒသမ ၆)ဧက မန်ကန် ကျေးရွာသည် အိမ်ခြေ(၅၀)အောက် စာရင်းတွင် ပါဝင်ပြီး အိမ်ယာမြေ၊ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေ၊ နှစ်ရှည်စိုက်ခင်း၊ သာသာနာအများပိုင် မြေစုစုပေါင်း (၆၉ ဒသမ ၁၂)ဧကရှိပြီး ဆိုင်းတောင်ကျေးရွာသည် သစ်တောကြိုးဝိုင်းအတွင်း ကျရောက်ခြင်း မရှိသဖြင့် စာရင်းကောက်ယူခဲ့ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

နမ့်မခသစ်တောကြိုးဝိုင်းအတွင်း ကျရောက်နေသည့် ဖာလင်ကျေးရွာ၏ ရွာမြေ(၉ ဒသမ ၀၆) ဧက လယ်မြေ (၅၅ ဒသမ ၈)ဧကအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာ ဝန်ကြီးဌာန၏ (၈-၈-၂၀၁၃) ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၇၀/၂၀၁၃)ဖြင့် သစ်တောကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီး ဖြစ်ပါသည်။ ယာမြေ (၈ ဒသမ ၈၀)ဧကအား ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော တည်ထောင်ခွင့်ပြု သွားမည် ဖြစ်ပါသည်။

နမ့်မခသစ်တောကြိုးဝိုင်းအတွင်း ကျရောက်နေသည့် မန်ကန်ကျေးရွာ၏ ရွာမြေ(၃ ဒသမ ၉၂) ဧကနှင့် လယ်မြေ(၆ ဒသမ ၀၀)ဧကအား သစ်တောကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ပေးခြင်း၊ ယာမြေ(၃ ဒသမ ၀၀)ဧကအား ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ပေးခြင်း ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နမ့်မခသစ်တောကြိုးဝိုင်း ဖွဲ့စည်းစဉ်က ဖာလင်ကျေးရွာနှင့် မန်ကန်ကျေးရွာတို့သည် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ ရရှိခဲ့ခြင်းမရှိသော်လည်း လက်ရှိအချိန်တွင်



D/real(wide) (2



နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဘဏ္ဍာဘတ်ဂျတ်များကို ပြည်သူလူထုအတွက် တိုက်ရိုက်အသုံးဝင်၍ အကျိုးရှိမည့် လုပ်ငန်းကဏ္ဍအတွက်လည်းကောင်း၊ အရေးကြီးသည့် ပညာရေး ကဏ္ဍအတွက် အမှန်တကယ်လိုအပ်သော အဝန်းအဝိုင်းနေရာသို့ ခွဲဝေချထားနိုင်ရေးအတွက်သော် လည်းကောင်း၊ စိစစ်သုံးစွဲနေသော နိုင်ငံအုတ်မြစ်တည်ဆောက်နေချိန်တွင် အလေအလွင့် အလဟဿ ဖြုန်းတီးခြင်း မျိုးမဖြစ် ရလေအောင် အမှန်တကယ် လိုအပ်ချက်ရှိသော နောင်လိုင်ကျေးရွာ အုပ်စုအတွင်းရှိ လွိုင်အိုင်ကျေးရွာ အခြေခံ မူလတန်းကျောင်းသို့ ပြောင်းရွှေ့ တည်ဆောက်ပေးရန် တိုက်တွန်းရင်း လွှဲပြောင်းတည်ဆောက် ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ် ပါသော ပြည်နယ်လွှတ်တော် ကိုယ်စား လှယ်များခင်ဗျား။ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး၏ လင်းခေးခရိုင် မိုးနဲမြို့နယ် နားခံကျေးရွာ၌ စာသင်ဆောင်(၄)ဆောင်ရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲ (စာသင်ဆောင်(၁)ဆောင်ရှိ)၊ အခြေခံ ပညာမူလတန်း မိုက်ဟိုင်းအမက (စာသင်ဆောင်တစ်ဆောင်ရှိ) စသည့်ပညာရေး အဆောက်အဦများ လုံလောက်ရှုမက မိုက်ဟိုင်းအမကတွင် ၂၀၁၁ ခုနှစ် ရှမ်းပြည်နယ် အစိုးရမှ ရန်ပုံငွေ သိန်း(၅၀)ဖြင့် ဆောက်လုပ်ထားသော စာသင်ဆောင်သစ်လည်း ရှိပါသည်။

သို့ပါသော်လည်း ယခင်နှစ်မှ ဆောက်လုပ်ထားသော အမက မိုက်ဟိုင်းစာသင်ဆောင် အသစ်အနီးတွင် ကပ်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ရန်ပုံငွေ (၁၄၄)သိန်း ထပ်မံခွဲဝေချထားရာ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဘဏ္ဍာဘတ်ဂျတ်များကို ပြည်သူလူထုအတွက် တိုက်ရိုက်အသုံးဝင်၍ အကျိုးရှိမည့် လုပ်ငန်းကဏ္ဍအတွက်လည်းကောင်း၊ အရေးကြီးသည့် ပညာရေး ကဏ္ဍအတွက် အမှန်တစ်ကယ်လိုအပ်သော အဝန်းအဝိုင်းနေရာသို့ ခွဲဝေချထားနိုင်ရေးအတွက်သော် လည်းကောင်း၊ စိစစ်သုံးစွဲနေသော နိုင်ငံအုတ်မြစ်တည်ဆောက်နေချိန်တွင် အလေအလွင့် အလဟသ ဖြုန်းတီးခြင်းမျိုး မဖြစ်ရလေအောင် အမှန်တကယ်လိုအပ်ချက် ရှိသော နောင်လိုင်ကျေးရွာအုပ်စုအတွင်းရှိ လွိုင်အိုင်ကျေးရွာ အခြေခံ မူလတန်းကျောင်းသို့ ပြောင်းရွှေ့တည်ဆောက်ပေးရန် တိုက်တွန်းရင်း လွှဲပြောင်းတည်ဆောက် ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည်ဆိုသော မေးခွန်းနှင့် ပတ်သက်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေ (၁၄၄)သိန်းဖြင့် အမက မိုက်ဟိုင်းတွင် ကျောင်းဆောင်သစ် (၆၀×၃၀)ပေ အုပ်ညှပ် တစ်ထပ်အသစ်ကို ဝမ်ပန် ကုမ္ပဏီမှ ဆောက်လုပ်လျက်ရှိရာ ပြီးစီးမှု (၅၀)ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ပါသည်။

အမက လွိုင်အိုင်အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၆၀×၃၀)ပေ အုပ်ညှပ်တစ်ထပ်ဆောင် (၁)ဆောင်အတွက် လျာထားပေးပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးစိုင်းမောင်ကြီးက ဒုတိယ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။





သစ်တောကြိုးဝိုင်းမြေ အဖြစ်မှ ပယ်ဖျက်ပေးခြင်း ဆောင်ရွက်လျက် ရှိပါကြောင်းနှင့် ဆိုင်းတောင်ကျေးရွာသည် သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင် ကာကွယ်တောအတွင်း ပါဝင်ကျရောက်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးနဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းမောင်ကြီးက ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**
အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်များအားလုံး ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သရင်း ကျွန်တော်ကတော့ မိုးနဲမဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီးဖြစ်ပါတယ်။

လင်းခေးခရိုင်၊ မိုးနဲမြို့နယ် နားခံကျေးရွာ၌ စာသင်ဆောင် (၄)ဆောင်ရှိ အခြေခံပညာ အထက်တန်း ကျောင်းခွဲ (စာသင်ဆောင် တစ်ဆောင်ရှိ)၊ အခြေခံပညာမူလတန်းမိုက်ဟိုင်း အမက (စာသင်ဆောင်တစ်ဆောင်ရှိ) စသည့်ပညာရေး အဆောက်အဦများ လုံလောက်ရုံမက မိုက်ဟိုင်းအမကမှာ ၂၀၁၁ ခုနှစ်မှ ရန်ပုံငွေ သိန်း(၅၀)ဖြင့် ဆောက်လုပ်ထားသော စာသင်ဆောင်သစ် ဖြစ်ပါသည်။

သို့ပါသော်လည်း ယခင်နှစ်မှ ဆောက်လုပ်ထားသော အမက မိုက်ဟိုင်းစာသင်ဆောင် အသစ်အနီးတွင် ကပ်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အတွက် ရန်ပုံငွေ (၁၄၄)သိန်း ထပ်မံခွဲဝေချထားရာ

## ၄၉

**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ လေးစားအပ် ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော့်ရဲ့ မေးခွန်းအမှတ် (၂)ကို ဆက်လက် မေးမြန်းသွားမှာဖြစ်ပါတယ်။ လွှတ်တော်အစည်းအဝေးများ နားနေချိန်အတွင်းမှာ မဲဆန္ဒနယ်များသို့ ပညာသင် ကြားနေမှု အခြေအနေများကို ကွင်းဆင်းလေ့လာရာမှာ မြို့ပြနှင့် အလှမ်းဝေးတဲ့ ကျေးရွာများမှာ အခြေခံ မူလတန်းကျောင်းများ၌ သင်ကြားရေး ဆရာ/ဆရာမများ လိုအပ်ချက် များစွာရှိနေကြောင်း တွေ့ရှိရပါတယ်။

အချို့အခြေခံပညာကျောင်းများ၌ အထွေထွေ လုပ်သား များကို ဆရာ/ဆရာမ အဖြစ် တစ်ဦးတည်း ကျောင်းသား (၅၀)ဦးခန့်ကို အတန်းစုံပညာစုံသင်ကြားစေလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ သို့ပါ၍ ၂၀၁၃-၂၀၁၄ စာသင်နှစ်အတွင်း အခြားတိုင်းဒေသ ပြည်နယ်များသို့ အခြားမြို့နယ်များသို့ပြောင်းရွှေ့ တာဝန် ထမ်းဆောင်သော ပညာရေးဝန်ထမ်း ဆရာ/ဆရာမ (၅၂)ဦးအစား ဒေသခံပြည်သူ ပညာရေးကောလိပ်ဘွဲ့ရ လူငယ်များအား အစားထိုး ခန့်အပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ် ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး၏



D/real(wide) (2



## ၅၁

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ပြင်ဆင်ရေးဆွဲပြီးသော မူလခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း)တို့အား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၇)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ် ပြင်ဆင် ရေးဆွဲပြီးသော မူလခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်း ဆိုင်ရာဥပဒေမူကြမ်းတို့အား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။

ဒါကြောင့်သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ အဆိုပြုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ တပ်မတော်သားကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသော ပုဂ္ဂိုလ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်

ပြင်ဆင်ရေးဆွဲပြီးသော မူလခန့်မှန်း ခြေငွေစာရင်းနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ မူကြမ်းကို တင်သွင်းသွားမှာဖြစ်ပါတယ်။ ဦးစွာ ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၃ (က)နှင့် (ခ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့် ရှိသော ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့ နောက်ထပ်ဘဏ္ဍာခွဲဝေ သုံးစွဲရေးဥပဒေကြမ်းအား သတ်မှတ်ထားတဲ့ နည်းလမ်း နှင့်အညီ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ဌာနအဖွဲ့အစည်းများရဲ့ ဖြည့်စွက်ခွင့်ပြုငွေ ကျပ်သန်းပေါင်း (၂၈၁၅ ဒသမ ၅၆၁) သန်းအား (၁၂-၉-၂၀၁၃)ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးမှာ အတည်ပြုချက်ရရှိခဲ့ပြီး ဖြစ်ပါတယ်။

သို့သော်လည်း (၇-၁၀-၂၀၁၃)ရက်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်ရဲ့ (၂/၂၀၁၃)မှာ ငွေကျပ်သန်း(၃၀၀)အား စိစစ်လျှော့ချခဲ့ပါတယ်။ စိစစ်ရှင်းလင်းခဲ့တဲ့ ငွေရပ်နှင့် ရှင်းလင်းချက်တွေကို လွှတ်တော် ကိုယ်စားလှယ်များထံသို့ ကြိုတင်ပြီး ဖြန့်ဝေထားပေးပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက် ခွင့်ပြုငွေ စာရင်း၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့ နောက်ထပ်ဘဏ္ဍာငွေ





၂၀၁၃-၂၀၁၄ စာသင်နှစ်အတွင်း အခြားတိုင်းဒေသကြီး ပြည်နယ်များသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ပညာရေးဝန်ထမ်း (၅၂)ဦးအစား ဒေသခံပြည်သူ ပညာရေးကောလိပ်ဘွဲ့ရ လူငယ်များအား အစားထိုး ခန့်အပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်ဆိုသော မေးခွန်းနှင့် ပတ်သက်၍ ၂၀၁၃-၂၀၁၄ စာသင်နှစ်အတွင်း အခြားတိုင်းဒေသကြီး ပြည်နယ်များသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ပညာရေးဝန်ထမ်း(၅၂)ဦး လစ်လပ်နေရာ(၅၂)နေရာအနက် အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြ၊ ကျောင်းအုပ် လစ်လပ်ရာထူးနေရာများတွင် ပြောင်းရွှေ့ တိုးမြှင့်လိုသူများအား ခန့်ထားရန် မူလတန်းပြ လစ်လပ် ရာထူး နေရာတွင် ဒေသခံပညာရေးကောလိပ်ဆင်း ဘွဲ့ရများအား အစားထိုး ခန့်အပ်ရန် ပညာရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း ဖြေကြားအပ်ပါတယ်။

၎င်းအပြင် (၂၆၁၂-၂၀၁၃)ရက်နေ့ နေပြည်တော် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်တဲ့ ခေတ္တပညာရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ တိုင်းဒေသကြီး ပြည်နယ်အစိုးရများမှ လူမှုရေးဝန်ကြီးများနှင့် တွေ့ဆုံတဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာ ပညာရေးကောလိပ် ဆင်းပြီး ဆရာ/ ဆရာမ များ ဖေဖော်ဝါရီလတွင် ခန့်အပ်သွားမည့် အပြင် ဖေဖော်ဝါရီလတွင် သင်တန်းဆင်းမည့် ဆရာ/ ဆရာမ များအား မတ်လတွင် ခန့်အပ်သွားမည်ဖြစ်ကြောင်း ပညာရေး ဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

၎င်းအပြင် ရှမ်းပြည်နယ် တစ်ခုလုံးမှာ လစ်လပ်နေလျက်ရှိတဲ့ မူလတန်းအဆင့် **D** နှင့် **E** အဆင့်မှာ ရှိတဲ့ ဆရာ/ဆရာမ (၄၇၃၇)ဦး ကိုလည်း ဧပြီလအတွင်းမှာ စာမေးပွဲ စစ်ဆေးပြီးတော့ နေ့စား၊ လပေးအဖြစ် ခန့်အပ်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။



D/real(wide) (2

ခွဲဝေသုံးစွဲရေး ဥပဒေကြမ်း တို့ကို လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်အဆင့် အဖွဲ့အစည်းများမှာ မူလခွင့်ပြု ငွေဖြင့်မလုံ လောက်တဲ့ အတွက်ကြောင့် တင်ပြတောင်းခံထားတဲ့ ဖြည့်စွက်ခွင့်ပြုငွေဟာ ကျပ်သန်းပေါင်း (၂၅၁၅ ဒသမ ၅၆၁)သန်း ဖြစ်ကြောင်းတင်ပြ အပ်ပါတယ်။ တင်ပြတောင်းခံထားတဲ့ ဖြည့်စွက်ခွင့်ပြုငွေ အနေအထားကို တင်ပြသွားမှာ ဖြစ်ပါတယ်။ အမှတ်စဉ်(က)မှာ ဗဟိုအဆင့်အဖွဲ့အစည်းများအတွက် သာမန်အသုံးစရိတ်ကို ကျပ်သန်းပေါင်း (၁၁၅ ဒသမ ၁၅၈)သန်း တင်ပြတောင်းခံထားပြီး ငွေလုံးငွေရင်းအသုံးစရိတ် အနေနဲ့ (၇၂၄ ဒသမ ၇၃၂)သန်း တင်ပြတောင်းခံထားတဲ့အတွက် ဗဟိုအဖွဲ့အစည်းများအတွက် ဖြည့်စွက်ခွင့်ပြု တင်ပြတောင်းခံ ငွေသည် ကျပ်သန်းပေါင်း (၈၃၉ ဒသမ ၈၉၀)သန်း ဖြစ်ပါတယ်။

၀န်ကြီးဌာန၊ ဦးစီးဌာနများအနေဖြင့် သာမန်အသုံးစရိတ်ကို ကျပ်သန်းပေါင်း(၁၇၀ ဒသမ ၀၂၀)သန်း တင်ပြ တောင်းခံထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်ကို ကျပ်သန်းပေါင်း(၁၁၅ ဒသမ ၃၄၉)သန်း တင်ပြတောင်းခံထားတဲ့အတွက် စုစုပေါင်း တင်ပြတောင်းခံငွေသည် (၂၈၅ ဒသမ ၃၆၉)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြည်နယ်အဆင့် နိုင်ငံတော် ပိုင်စီးပွားရေး အဖွဲ့အစည်းများအနေနှင့် သာမန်အသုံးစရိတ်ကို ကျပ်သန်းပေါင်း (၃၅၇ ဒသမ ၆၂၀)သန်း တင်ပြတောင်းခံထားပြီး ငွေလုံးငွေရင်း အသုံးစရိတ်အတွက် (၀ ဒသမ ၂၀၀)သန်း တင်ပြတောင်းခံထားတဲ့ အတွက် စုစုပေါင်းတင်ပြ တောင်းခံငွေ (၃၅၇ ဒသမ ၈၂၀) သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။



D/real(wide) (2



ဖြစ်ကြောင်းတင်ပြ အပ်ပါတယ်။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်အဖွဲ့အစည်းများအနေနှင့် သာမန် အသုံးစရိတ်ကို ကျပ်သန်းပေါင်း (၃၅၇ ဒသမ ၆၂၀)သန်း တင်ပြတောင်းခံထားပြီး ငွေလုံးငွေရင်း အသုံးစရိတ်အတွက် (၀ ဒသမ ၂၀၀)သန်း တင်ပြတောင်းခံထားတဲ့အတွက် စုစုပေါင်းတင်ပြ တောင်းခံငွေသည် (၃၅၇ ဒသမ ၈၂၀)သန်း ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့အနေနှင့် သာမန်အသုံးစရိတ်ကို (၁၀၆ ဒသမ ၆၉၆)သန်း တင်ပြတောင်းခံ ထားပြီးငွေလုံးငွေရင်း အသုံးစရိတ်ကို ကျပ်သန်းပေါင်း (၉၂၅ ဒသမ ၇၈၆)သန်း တင်ပြတဲ့အတွက်စုစုပေါင်းတင်ပြတဲ့ အသုံး စရိတ်သည်ကျပ်သန်းပေါင်း (၁၀၃၂ ဒသမ ၄၈၂)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့်မို့ ဒီဖြည့်စွက်ခွင့်ပြုငွေကို တင်ပြတောင်းခံတဲ့ နေရာမှာ သာမန်အသုံးစရိတ်အနေနဲ့ စုစုပေါင်း (၇၄၉ ဒသမ ၄၉၄)သန်း ဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်အနေနဲ့ (၁၇၆၆ဒသမ ၀၆၇)သန်း ဖြစ်တဲ့အတွက် စုစုပေါင်း တင်ပြတောင်းခံငွေသည် ကျပ်သန်းပေါင်း (၂၅၁၅ ဒသမ ၅၆၁)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဗဟိုအဖွဲ့အစည်းများအနေဖြင့် သာမန်အသုံးစရိတ်မှာ (၁၅၈)သန်း ဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်မှာ (၇၂၄ ဒသမ ၇၃၂)သန်း ဖြစ်တဲ့အတွက် စုစုပေါင်း(၈၅၉ ဒသမ ၈၉၀)သန်း ဖြစ်ပါတယ်။ ဒါအသေးစိတ်စာရင်း ဖြစ်ပါတယ်။ ပြည်နယ်အစိုးရ အဖွဲ့အနေဖြင့် သာမန်နှင့်ငွေလုံးငွေရင်း အသုံးစရိတ်ကို

(၇၀၄ ဒသမ ၃၆၉)သန်း တင်ပြတောင်းခံထားပါတယ်။ ပြည်နယ်လွှတ်တော်အနေဖြင့် သာမန်အသုံးစရိတ်မှာ တင်ပြတောင်းခံထားခြင်း မရှိဘဲ ငွေလုံးငွေရင်း အသုံးစရိတ်(၇၀ ဒသမ ၂၅၀)သန်း တင်ပြတောင်းခံထားတဲ့အတွက် စုစုပေါင်းသည် (၇၀ ဒသမ ၂၅၀) သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

တရားရုံးများအနေဖြင့် သာမန်အသုံးစရိတ်(၃၉ ဒသမ ၁၅၉)သန်း တင်ပြထားပြီး ငွေလုံးငွေရင်းအသုံးစရိတ် အတွက် တင်ပြတောင်းခံထားခြင်း မရှိပါဘူး။ ဥပဒေရုံးများ အနေဖြင့် သာမန်အသုံးစရိတ်မှာ တင်ပြတောင်းခံ ထားခြင်းမရှိဘဲ ငွေလုံးငွေရင်းအသုံးစရိတ်အတွက် (၂၅ ဒသမ ၈၄၂)သန်း တင်ပြတောင်းခံထားပါတယ်။ ဒါကြောင့် ဗဟိုအဖွဲ့အစည်းများအနေဖြင့် စုစုပေါင်း (၈၃၉ ဒသမ ၈၉၀)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ အနေဖြင့် သာမန်အသုံးစရိတ်မှာ (၅၂၇ ဒသမ ၆၄၀)သန်း ဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်မှာ (၁၁၅ ဒသမ ၅၄၉)သန်း ဖြစ်တဲ့အတွက် စုစုပေါင်း တင်ပြ တောင်းခံငွေသည် (၆၄၃ ဒသမ ၁၈၉)သန်းဖြစ်ပါတယ်။

အသေးစိတ်စာရင်း ဖော်ပြထားတဲ့ ပြည်ထဲရေးသည် ငွေလုံးငွေရင်းအသုံးစရိတ်ကို တင်ပြတောင်းခံထားပါတယ်။ သမဝါယမဝန်ကြီးဌာန အနေဖြင့် အောက်မှာရှိနေတဲ့ ဦးစီးဌာနတွေရဲ့ ငွေသာမန်အသုံးစရိတ်မှာ တင်ပြထားတဲ့အတိုင်း တောင်းခံထားပြီး ငွေလုံးငွေရင်းအသုံးစရိတ် တင်ပြပါအတိုင်း တောင်းခံထားတဲ့အတွက် စုစုပေါင်း (၄၅ ဒသမ ၈၆၅)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနမှ တင်ပြထားတဲ့ သာမန်အသုံးစရိတ်သည် (၁၀၀ ဒသမ ၆၉)သန်း ဖြစ်ပါတယ်။ ငွေလုံးငွေရင်းမရှိပါဘူး။ ရေအရင်းအမြစ် အသုံးချရေး



D/real(wide) (2



စည်ပင်သာယာရေးအဖွဲ့အနေနဲ့ သာမန်အသုံးစရိတ်ကို (၁၀၆ ဒသမ ၆၉၆)သန်း တင်ပြတောင်းခံထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်ကို ကျပ်သန်းပေါင်း(၉၂၅ ဒသမ ၇၈၆)သန်း တင်ပြတဲ့အတွက် စုစုပေါင်းတင်ပြ တောင်းခံတဲ့ အသုံးစရိတ်သည် ကျပ်သန်းပေါင်း(၁၃၂ ဒသမ ၄၈၂)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့ ဒီဖြည့်စွက်ခွင့် ပြုငွေကို တင်ပြတောင်းခံတဲ့နေရာမှာ သာမန်အသုံးစရိတ် အနေနဲ့ စုစုပေါင်း(၇၄၉ ဒသမ ၄၉၄)သန်း ဖြစ်ပြီး ငွေလုံး ငွေရင်း အသုံးစရိတ်အနေနှင့် (၁၇၆၆ ဒသမ ၀၆၇)သန်း ဖြစ်တဲ့အတွက် စုစုပေါင်းတင်ပြတောင်းခံငွေသည် ကျပ်သန်းပေါင်း (၂၅၁၅ ဒသမ ၅၆၁)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

တင်ပြထားတဲ့ ဖြည့်စွက်ခွင့်ပြုငွေ အနေအထားကို တင်ပြသွားမှာဖြစ်ပါတယ်။ အမှတ်စဉ်-

(က) ဗဟိုအဆင့်အဖွဲ့အစည်းများအတွက် သာမန်အသုံးစရိတ်ကို ကျပ်သန်းပေါင်း (၁၁၅ ဒသမ ၁၅၈)သန်း တင်ပြတောင်းခံထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်အနေနှင့် (၇၂၄ဒသမ၇၃၂)သန်း တင်ပြတောင်းခံထားတဲ့အတွက်ဗဟိုအဖွဲ့အစည်းများအနေနဲ့ ဖြည့်စွက်ခွင့်ပြုငွေသည် ကျပ်သန်းပေါင်း (၈၃၉ ဒသမ ၈၉၀)သန်းဖြစ်ပါတယ်။ ဝန်ကြီးဌာန၊ ဦးစီးဌာနများအနေနှင့် သာမန်အသုံးစရိတ်ကို ကျပ်သန်းပေါင်း(၁၇၀ ဒသမ ၀၂၀)သန်း တင်ပြတောင်းခံထားပြီး ငွေလုံးငွေရင်း အသုံးစရိတ်ကို ကျပ်သန်းပေါင်း(၁၁၅ဒသမ၃၄၉) သန်း တင်ပြတောင်းခံထားတဲ့အတွက် စုစုပေါင်း တင်ပြတောင်းခံငွေသည် (၂၈၅ဒသမ ၃၆၉)သန်း

ဦးစီးဌာနအတွက် သာမန်အသုံးစရိတ် (၁၀ ဒသမ ၃၂၃)သန်းနှင့် စိုက်ပျိုးရေး ဦးစီးဌာနမှ (၉၀ ဒသမ ၃၆၇)သန်း ဖြစ်ပါတယ်။

စုစုပေါင်းတင်ပြတောင်းခံထားတဲ့ အသုံးစရိတ်ဖြစ်ပါတယ်။ (၁၀၀ ဒသမ ၉၀)သန်း ဖြစ်ကြောင်းတင်ပြ အပ်ပါတယ်။ မွေးမြူရေးနှင့် ရေလုပ်ငန်းနှင့် ကျေးလက်ဦးစီးဌာနမှာ သာမန်အသုံးစရိတ် (၃၇ ဒသမ ၉၄၄)သန်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ် (၂၂ ဒသမ ၀၀)သန်း တင်ပြတောင်းခံထားတဲ့ အတွက် (၅၉ ဒသမ ၉၄၄)သန်း ဖြစ်ပါတယ်။ ငါးလုပ်ငန်း ဦးစီးဌာနမှာ သာမန်အသုံးစရိတ် ဖြစ်ပါတယ်။ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှာ တင်ပြတောင်းခံ ထားတဲ့ သာမန် အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် ဖြစ်ပါတယ်။ ဒါကြောင့်မို့ စုစုပေါင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဦးစီးဌာနကတော့ (၅၉ ဒသမ ၉၄၄)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် (၂ ဒသမ ၉၉၆)သန်း သာမန်အသုံးစရိတ် တင်ပြတောင်းခံထားပြီး ငွေလုံးငွေရင်း အသုံးစရိတ်မှာ (၀ ဒသမ ၂၂၀)သန်း ဖြစ်တဲ့အတွက် စုစုပေါင်း တင်ပြတောင်းခံတဲ့ ဖြည့်စွက် ခွင့်ပြုငွေသည် (၃ ဒသမ ၁၉၆)သန်း ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှာ ဆောက်လုပ်ရေး အောက်မှာ ရှိနေတဲ့ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းအနေဖြင့် တင်ပြတောင်းခံထားခြင်း ဖြစ်ပါတယ်။ သာမန်အသုံးစရိတ်မှာ ကျပ်သန်းပေါင်း(၃၅၄ ဒသမ ၆၄၂)သန်း ဖြစ်ပြီးတော့ ငွေလုံးငွေရင်းတင်ပြတောင်းခံထားခြင်း မရှိပါဘူး။

စည်ပင်သာယာရေးအဖွဲ့အနေဖြင့် သာမန်အသုံးစရိတ်မှာ (၁၀၆ ဒသမ ၆၉၆)သန်း တင်ပြတောင်းခံ ထားပြီး ငွေလုံးငွေရင်း အသုံးစရိတ်မှာ (၉၂၅ ဒသမ ၇၈၆)သန်း တင်ပြတဲ့အတွက် စုစုပေါင်း ဖြည့်စွက်ခွင့်ပြုငွေ တင်ပြတောင်းခံ ခြင်းသည်





ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်း များအနေဖြင့် ရငွေ၊ သုံးငွေဖြစ်တဲ့အတွက် ဒီမှာလည်း လိုငွေ ပေါ်ပေါက်လာ ပါတယ်။

အဓိကလိုငွေပေါ်ပေါက်ခြင်းသည် ပဆငလုပ်ငန်း ဖြစ်ပါတယ်။ သူတို့ရဲ့ ရငွေထက်ကို အဆောက်အဦးတွေ ဆောက်လုပ်မည့် အစီအစဉ်ကြောင့် လိုငွေဖြစ်ပေါ်ပါတယ်။ မြန်မာ့ရုပ်ရှင်လုပ်ငန်းကတော့ လိုငွေမပေါ်ပေါက်ပါဘူး။ မြန်မာ့ဆားလုပ်ငန်းကတော့ အနည်းငယ်လိုငွေပေါ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပိုငွေသည် (၁ ဒသမ ၁၀၆)သန်း ပိုထားပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၂-၂၀၁၃ တုန်းကတော့ ပိုငွေ အများကြီး ဖြစ်ပါတယ်။ ပြည်နယ်ထဲမှာ အားလုံးသုံးနိုင်အောင် အနည်းငယ်ပိုငွေချန်ထားခဲ့ခြင်း ဖြစ်ပါတယ်။

ဒါကြောင့်စုစုပေါင်း ရငွေအနေဖြင့် (၈၀ ဒသမ ၃၁၉)ဘီလီယံဖြစ်ပြီးတော့ သုံးငွေအနေဖြင့် (၁၇၄ ဒသမ ၇၂၀)ဘီလီယံ ဖြစ်တဲ့အတွက် စုစုပေါင်းလိုငွေသည် (၉၀ ဒသမ ၄၀၁)ဘီလီယံဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီနေရာမှာ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများရဲ့ လိုငွေကျပ်သန်းပေါင်း (၉၄ ဒသမ ၄၀)ဘီလီယံ ပေါ်ပေါက် လာမှာ ဖြစ်တဲ့အတွက် အဲ့ဒီငွေတွေကို ပြည်ထောင်စုကနေ (၈၇ ဒသမ ၄၃၇)ဘီလီယံ ထောက်ပံ့မှာ ဖြစ်ပြီးတော့ ချေးငွေအနေဖြင့် (၆၄ ဒသမ ၂၂)သန်း တစ်နည်းအားဖြင့် (၆ ဒသမ ၉၆)ဘီလီယံ ချေးယူရမှာ ဖြစ်ပါတယ်။

အဆိုပါဖြည့်စွက်ခွင့်ပြုငွေတွေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းမှာ လျာထားတဲ့ ရန်ပုံငွေအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲ ပြီးတဲ့နောက် ထပ်မံလိုအပ်ပါသောကြောင့် ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်ရဲ့ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၄(က)၊ ၄(ခ)၊ ၉(က)ပါ ပြဋ္ဌာန်းချက်

တွေနှင့်အညီ ဖြည့်စွက်ခွင့်ပြုငွေ အဖြစ်ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးမှာ အတည်ပြုချက် ရယူခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား ယခုကျင်းပတဲ့ အစည်းအဝေးမှာ ဥပဒေအဖြစ် ပြဋ္ဌာန်းပေးနိုင်ရန် တင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၁၃-၂၀၁၄ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဖြစ်ပါတယ်။ ဒီဥပဒေကို လွှတ်တော်ကနေ ပြဋ္ဌာန်းပေးပြီးမှသာလျှင် ဒီငွေတွေကို သုံးစွဲနိုင်မှာ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လက်မှတ်ရေးထိုးပါမည် ဆိုပြီးတော့ ရှမ်းပြည်နယ် ဝန်ကြီးချုပ်က လွှတ်တော်ကနေ အတည်ပြုပေးပြီး၊ ထုတ်ပြန်ပေးပြီးပြီဆိုလျှင် ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီး ဆောင်ရွက်ရမှာဖြစ်တဲ့အကြောင်း တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ(၁၉၃)(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေပုဒ်မ (၁၄၅)ရဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ ဥပဒေပုဒ်မ (၃၅)နှင့်အညီ ၂၀၁၃-၂၀၁၄ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား အတည်ပြု ပေးနိုင်ပါရန် ရှမ်းပြည်နယ် လွှတ်တော်သို့ ကျွန်တော့်အနေဖြင့် တင်သွင်းအပ်ပါတယ်။ ဆက်လက် ပြီးတော့ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ ဌာနအဖွဲ့အစည်းများရဲ့ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံး ခန့်မှန်းခြေ ငွေစာရင်းကို ဆက်လက်တင်သွင်းသွားမှာ ဖြစ်ပါတယ်။



D/real(wide) (3



(၁၀၃၂ ဒသမ ၄၈၂)သန်းဖြစ်ပါတယ်။ စုစုပေါင်းတင်ပြ တောင်းခံထားတဲ့ သာမန်အသုံး စရိတ်သည် (၇၄၉ ဒသမ ၄၉၄)သန်းဖြစ်ပြီး ငွေလုံးငွေရင်းအသုံး စရိတ်အနေဖြင့် (၁၇၆၆ ဒသမ ၀၆၇)သန်း ဖြစ်တဲ့အတွက် စုစုပေါင်း (၂၅၁၅ ဒသမ ၅၆၁)သန်း ဖြစ်ကြောင်းအသေးစိတ် တင်ပြရခြင်းဖြစ်ပါတယ်။

ဖြည့်စွက်ခွင့်ပြုငွေကို တင်ပြတောင်းခံပြီးတဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ ပြည်နယ်အဆင့်ဌာန အဖွဲ့အစည်းများနှင့် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံပြီးတဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ ၂၀၁၃-၂၀၁၄ခုနှစ် ပြုပြင်ပြီး ရငွေ/သုံးငွေ အခြေ အနေကတော့ တင်ပြပါအတိုင်း ဖြစ်ပါတယ်။ အကြောင်းအရာအနေဖြင့် သာမန်ရငွေ (၈၂၉၈ ဒသမ ၅၁၇)သန်း ဖြစ်ပြီးငွေလုံးငွေရင်း ရငွေဟာ(၂၇ ဒသမ ၇၉၈)သန်းဖြစ်တဲ့အတွက် စုစုပေါင်းရငွေသည် (၈၃၂၉ ဒသမ ၃၁၅) သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သုံးငွေအနေဖြင့် သာမန် သုံးငွေမှာ ကျပ်သန်းပေါင်း (၁၂၁၁၈၄ ဒသမ ၅၂) သန်းဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ် အနေဖြင့် ကျပ်သန်းပေါင်း (၅၃၅၃၆ ဒသမ ၄၁၄) သန်းဖြစ်တဲ့အတွက် စုစုပေါင်းသုံးငွေသည် ကျပ်သန်းပေါင်း (၁၇၄၇၂၀ ဒသမ ၉၆)သန်း ဖြစ်ပါတယ်။

ဒါကြောင့်သာမန်အသုံးစရိတ်မှာ လိုငွေ(၄၀ ဒသမ ၈၉၃)ဘီလီယံလိုမှာဖြစ်ပြီးတော့ ငွေလုံးငွေရင်း အသုံး စရိတ်မှာ လိုငွေသည် (၅၃ ဒသမ ၅၀၈)ဘီလီယံဖြစ်တဲ့အတွက် ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ရှမ်းပြည်နယ်ရဲ့ လိုငွေစုစု ပေါင်းသည် (၉၄ ဒသမ ၄၀၁)ဘီလီယံဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း ရဲ့အသေးစိတ်စာရင်း ဖြစ်ပါတယ်။ ဝန်ကြီးဌာန၊ ဦးစီးဌာနအနေဖြင့် ရငွေ၊ သုံးငွေ၊ လိုငွေသည် ကျပ်သန်းပေါင်း (၈၇၄၃၇ ဒသမ ၄၂၉)သန်းဖြစ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ (၁၃၉)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ ဥပဒေပုဒ်မ (၃၄)နှင့်အညီ ရှမ်းပြည်နယ်ရဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်ဘဏ္ဍာရေးနှစ် အရအသုံးဆိုင်ရာ လျာထားချက်များကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ရှမ်းပြည်နယ်လွှတ်တော် သို့တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းတွေကို ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၃) ဒုတိယနေ့ ဖြစ်တဲ့ (၅-၁၁-၂၀၁၃) ရက်နေ့မှာ အတည်ပြုချက် ရယူထားပြီး ဖြစ်ပါတယ်။

အသေးစိတ်ရှင်းလင်းချက်များကို ထိုစဉ်တုန်းက လွှတ်တော်ကိုယ်စားလှယ်များကို ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ၂၀၁၄-၂၀၁၅ ခုနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းမှာ ပြည်ထောင်စုမှ ခွဲဝေချထားပေးတဲ့ အသုံးစရိတ်ထက် ပိုမိုတောင်းခံထားတဲ့ ငွေပမာဏထက် စာရင်းပြန်လည်ညှိနှိုင်းရေးဆွဲခဲ့ရပါတယ်။ ပြန်လည်ညှိနှိုင်းရေးဆွဲထားတဲ့ စာရင်းများကိုလည်း ရှင်းလင်းချက်နှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များသို့ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ကစပြီးတော့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်နှင့် ဆောင်ရွက်တဲ့နေရာမှာ အခြေခံမူအားဖြင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ အဖွဲ့အစည်းများသည် ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းပြီးတော့ သုံးငွေတွေကိုလည်း ရသုံးခန့်မှန်းခြေ ငွေစာရင်းဘောင်တွင်လည်း တည်ဆဲဘဏ္ဍာငွေ စည်းမျဉ်း စည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ယူသုံးစွဲလျက် ရှိပါတယ်။



D/real(wide) (3



မီးသတ်ဦးစီးဌာနရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းကို ပြည်နယ်အဆင့် ဌာနတစ်ခု သတ်မှတ် ပြီးတော့ ထည့်သွင်းရေးဆွဲထားပါတယ်။

မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနအောက်မှာ ပျားလုပ်ငန်းဦးစီးဌာနရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းကိုလည်းဘဲ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှာဘဲ ထည့်သွင်းရေးဆွဲထားပါတော့တယ်။ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ နိုင်ငံတော်သမ္မတရဲ့ တွေ့ဆုံဩဝါဒ အခမ်းအနားမှာ ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာများနှင့် ပတ်သက်ပြီးတော့ ပြည်သူများရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးတဲ့နေရာမှာ ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိစေရန် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများသို့ ပြည်ထောင်စုဝန်ကြီးဌာနမှ တိုက်ရိုက် ခွင့်ပြုပေးနိုင်သည့် လုပ်ငန်းများအား ခွဲဝေပိုင်းခြား လုပ်ကိုင်ခွင့် ပြုနိုင်ရန် လမ်းညွှန်ခဲ့ပါတယ်။

တစ်နည်းအားဖြင့် ဘတ်ဂျက်တွေကို တိုင်းဒေသကြီးကို ပိုမိုခွဲဝေပေးဖို့ဖြစ်ပါတယ်။ ထိုကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများမှ တိုင်းဒေသကြီး ပြည်နယ်အစိုးရများသို့ တိုက်ရိုက်ခွင့်ပြုပေးနိုင်တဲ့ လုပ်ငန်းများနှင့် သက်ဆိုင်တဲ့ဘတ်ဂျတ်များအား သက်ဆိုင်ရာ တိုင်းဒေသကြီးများ အစိုးရအဖွဲ့ရဲ့ အရ/အသုံးစာရင်းမှာ ထည့်သွင်းရေးဆွဲထားတဲ့ နေရာမှာ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစီမံကိန်း လျာထားချက်ငွေလုံးငွေရင်း အသုံးစရိတ်မှာ လျာထားမှုပြုထားပါတယ်။

ပြည်ထောင်စု အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနမှာ ပထမအကြိမ် ညှိနှိုင်း

အစည်းအဝေးကို (၆-၉-၂၀၁၃)ရက်နေ့ ဒုတိယ ညှိနှိုင်းအစည်းအဝေးကို (၂၅-၉-၂၀၁၃)ရက်နေ့မှာ သမ္မတရုံး ဝန်ကြီးဌာန ဝန်ကြီးဦးဆောင်ပြီးတော့ ညှိနှိုင်းဆွေးနွေးချက်အရ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ အစည်းအဝေးခန်းမမှာ (၁၇-၁၀-၂၀၁၃)ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်း ဆိုင်ရာ ရှင်းလင်းချက်တွေကို ညှိနှိုင်းအစည်းအဝေးမှာ ပြည်နယ်ဝန်ကြီးချုပ်အပါအဝင် ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် ဌာနအသီးသီးကနေ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များရဲ့ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲခြင်း ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ (၂၉-၁၁-၂၀၁၃)ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးမှာ ကျင်းပခဲ့ပါတယ်။ ထိုအစည်းအဝေးမှာ ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးမှ ပြည်ထောင်စုမှ ခွဲဝေချထားပေးသော အသုံးစရိတ်များတွင် တိုင်းဒေသကြီး ပြည်နယ်များမှ ပိုမိုတောင်းခံထားသည့် ငွေပမာဏအတွက် ရှမ်းပြည်နယ်မှ လျှော့ချရမည့် အသုံးစရိတ်များကို ရှင်းလင်းတင်ပြခဲ့ပါတယ်။

ပြည်ထောင်စုမှ ခွဲဝေချထားပေးသော အသုံးစရိတ်တွင် တိုင်းဒေသကြီး ပြည်နယ်များမှ ပိုမိုတောင်းခံထားတဲ့ ငွေပမာဏ အတွက် (၃-၁၂-၂၀၁၃) ရက်နေ့မှာ နေပြည်တော် ရုံးအမှတ်(၃၄)မှာ ပြည်ထောင်စုဘဏ္ဍာရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ တို့ ဦးစီးပြီးတော့ တိုင်းဒေသကြီး ပြည်နယ်ဘဏ္ဍာရေး ဝန်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီးဌာနမှ ဘဏ္ဍာရေးတာဝန်ခံများနှင့် အသေးစိတ် ပြန်လည်ညှိနှိုင်းရေးဆွဲ ခဲ့ပါတယ်။



D/real(wide) (3



၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို ပြည်နယ်အဆင့်ဌာန အဖွဲ့အစည်းများရဲ့ သာမန်ငွေလုံး ငွေရင်းများနှင့် ကြွေးမြီရသုံးမှန်းခြေငွေစာရင်းများ၊ အခွန်ရငွေခန့်မှန်းခြေစာရင်းများ၊ ရသုံးခန့်မှန်းခြေ ငွေစာရင်း များမှာ မပါဝင်တဲ့ ကြွေးမြီအပ်ငွေစသည့် စာရင်းများ၊ ဝန်ထမ်းစာရင်းများကို ဗဟိုအဖွဲ့ အစည်းများ၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအတွက် သတ်မှတ် ထားတဲ့ ပုံစံများနှင့် ရေးဆွဲပြုစုထားပါတယ်။

ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများရဲ့ ၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို (၅-၁၁-၂၀၁၃) ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၃)မှာ အတည်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ မှာပါဝင်တဲ့ ဌာနအဖွဲ့အစည်းများအား ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာ ရေးနှစ်နှင့် နှိုင်းယှဉ်ပါက ဗဟိုအဖွဲ့အစည်းများတွင် ရှမ်းပြည်နယ် တရားလွှတ်တော်အတွက် သာမန်ငွေလုံးငွေရင်းအသုံးစရိတ်တွေကို ပြည်ထောင်စုတွင် တစ်ပေါင်းတည်း စုစည်းရေးဆွဲရမှာ ဖြစ်ပါတယ်။

ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ရှမ်းပြည်နယ်အတွင်း တရားလွှတ်တော်အတွက် ထည့်သွင်းရေးဆွဲထားခြင်း မပြုဘဲ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများရဲ့ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင် အယောင်များနှင့် စပ်လျဉ်းသော အသုံးစရိတ်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ အသုံးစရိတ်မှာ ထည့်သွင်း ရေးဆွဲထားပါတယ်။ တရားရုံး၏သာမန်ရငွေကိုလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၏ ရငွေပေးသွင်းရမှာ ဖြစ်ပါတယ်။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ ဝန်ကြီးဦးစီးဌာနများရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းမှာ ပြည်ထဲရေး ဝန်ကြီးဌာနအောက်

ကျွန်တော့်အနေနဲ့ လျှော့ချခဲ့တဲ့ အသုံးစရိတ်ကို တင်ပြသွားမှာ ဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာန ကနေမူလ ရေးဆွဲထားတာထဲကို (၉၈၉ ဒသမ ၀၀)သန်း လျှော့ချခြင်း ခံရပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေး ဝန်ကြီးဌာနကနေ သန်းပေါင်း (၅၁၂၆ ဒသမ ၁၂၀)သန်း လျှော့ချခဲ့ပါတယ်။ မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဝန်ကြီးဌာနမှာ ကျပ်သန်းပေါင်း (၆၉၉၇၀)ကို လျှော့ချပေးရပါတယ်။ ပြည်နယ်ရဲ့ ဘတ်ဂျတ်ထဲမှာ ရေးဆွဲလို့ မရပါဘူးဆိုတဲ့ အခြေခံဥပဒေကြောင့် ပြန်အပ်ရခြင်းဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှာ ကျပ်သန်းပေါင်း (၂၂၈၄၂ ဒသမ ၀၀)သန်းဖြစ်ပါတယ်။ ပြည်ထောင်စု ဘတ်ဂျတ်ထဲမှာ ပါဝင်တဲ့အတွက် ပြန်အပ်ရခြင်းဖြစ်ပါတယ်။ လျှော့ချခဲ့တဲ့ အသုံးစရိတ်ရဲ့ အသုံးစရိတ် ရှင်းလင်းချက်များကတော့ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့ မူလခန့်မှန်း ခြေငွေစာရင်း တင်ပြထားတဲ့ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်းပေါင်း (၂၆၂၆၃၃ ဒသမ ၅၄၈)သန်းနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းမှာ ထည့်သွင်းရေးဆွဲထားတဲ့ ဆည်မြောင်းဦးစီးဌာနကနေ ကျပ်သန်းပေါင်း (၅၁၂၆) တစ်နည်းအားဖြင့် (၅၁၂၆)ဘီလီယံ ချပေးပါတယ်။

ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ကျပ်သန်းပေါင်း (၉၈၉ ဒသမ ၀၀)သန်းဖြစ်ပါတယ်။ ကျေးလက်မီးလင်းရေးအတွက် ကျပ်သန်းပေါင်း (၄၃၁၄၅ ဒသမ ၉၅)သန်းနှင့် ကျေးလက် ရေရရှိရေးအတွက် ကျပ်သန်းပေါင်း (၂၆၈၂၄ ဒသမ ၀၄၁)သန်း၊ ပညာရေးကောလိပ်အတွက် ကျပ်သန်းပေါင်း (၁၉၃ ဒသမ ၆)သန်းနှင့် အခြေခံပညာဦးစီးဌာနအတွက် ကျပ်သန်းပေါင်း (၂၂၆၄၈ ဒသမ ၈၈၀)သန်း နုတ်ပယ်ရေးဆွဲထားပါတယ်။ အဓိကတင်ပြချင်တာကတော့ ကျေးလက်မီးလင်းရေးနှင့်





၇၂၈)ဘီလီယံ သုံးစွဲမယ်ဆိုပြီးတော့ တင်ပြခဲ့သော်လည်း ထုတ်နှုတ်လိုက်တဲ့အတွက် မူလစာရင်း သုံးစွဲမည့်ငွေ (၄၅၀ ဒသမ ၇၄)ဘီလီယံ ဖြစ်ပြီးတော့ ထုတ်နုတ်ပြီးတဲ့အခါမှာ သုံးစွဲမည့်ငွေသည် ၂၀၁၄-၂၀၁၅သည် (၃၄၈ ဒသမ ၈၂)ဘီလီယံ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သုံးစွဲလိုက်တဲ့အတွက် ရငွေ/သုံးငွေကို ချေလိုက်တဲ့ အခါမှာ မူလတုန်းကတင်ပြခြင်းသည် (၃၁၀ ဒသမ ၄၀၆) ဘီလီယံလိုမှာ ဖြစ်ပါတယ်။ သို့သော်လည်း ပြင်ဆင်ရေးဆွဲပြီးတဲ့ အခါမှာ (၂၁၁ ဒသမ ၄၇၈)ဘီလီယံသာ လိုတော့မှာဖြစ်တဲ့ အကြောင်းတင်ပြအပ်ပါတယ်။

၂၀၁၄-၂၀၁၅ ခုနှစ်မှာ ရငွေအနေဖြင့် စုစုပေါင်းသည် (၁၇၃ ဒသမ ၃၄၂)ဘီလီယံ ဖြစ်ပြီးသုံးမည့်ငွေသည် (၃၄၈ ဒသမ ၈၂၀)သန်းဖြစ်ပြီးတော့ ၂၀၁၄-၂၀၁၅ရဲ့ လိုအပ်မည့်လိုငွေသည် (၂၁၁ ဒသမ ၄၇၈) ဘီလီယံဖြစ်ကြောင်း တင်ပြအပ်ပါသည်။ သာမန်အသုံးစရိတ် စုစုပေါင်းသည် ရှမ်းပြည်နယ်တစ်ခုလုံးရဲ့ ဘတ်ဂျတ်ထဲမှာ ပါဝင်နေတဲ့ သာမန်အသုံးစရိတ်သည် ကျပ်သန်းပေါင်း(၆၂၅၂ ဒသမ ၆၁၈)သန်း ရှိမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဗဟိုအဖွဲ့ အစည်းများနေဖြင့် ဆောက်လုပ်ရေးနှင့် ပတ်သက်ပြီး ကျပ်သန်းပေါင်း (၄၀၂၉၄ ဒသမ ၁၀၅)သန်း သုံးစွဲသွားမှာ ဖြစ်ပါတယ်။

ပစ္စည်းဝယ်ယူရေးအနေဖြင့် (၃၃၈ ဒသမ ၂၇၀) သန်းဖြစ်ပါတယ်။ အခြားကတော့ (၆၉၁ ဒသမ ၃၇၄) သန်း ဖြစ်တဲ့အတွက် ငွေလုံးငွေရင်းကို ဗဟိုအဖွဲ့အစည်း အနေဖြင့် ကျပ်သန်းပေါင်း (၄၁၃၂၃ ဒသမ ၇၄၉)သန်း သုံးစွဲသွားမှာ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ထို့ကြောင့် ရှမ်းပြည်နယ်ရဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ သုံးစွဲမည့် ငွေလုံးငွေရင်း အနေဖြင့် ကျပ်သန်းပေါင်း

(၁၆၀၃၇၆ ဒသမ ၀၃၈)သန်း ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ သာမန် ရငွေ၊ သာမန်အသုံးစရိတ်၊ သာမန်လိုငွေဖြစ်ပါတယ်။ ငွေလုံးငွေရင်းရဲ့ ရငွေအသုံးစရိတ်ဖြစ်ပါတယ်။

သို့ပါ၍ ကျွန်တော်မူလတင်ပြထားတဲ့အတိုင်း ရှမ်းပြည်နယ်ရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းမှာ ရငွေသည် (၁၃၇ ဒသမ ၃၄၂)ဘီလီယံဖြစ်ပြီး သုံးစွဲမည့်ငွေသည် (၃၄၈ ဒသမ ၈၂) ဘီလီယံ ဖြစ်တဲ့ အတွက်ပေါ်ပေါက်လာမည့် လိုငွေသည် (၂၁၁ ဒသမ ၄၇၈)ဘီလီယံ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ ဌာနအဖွဲ့အစည်းများသည် လုပ်ငန်းများဆောင်ရွက်တဲ့ နေရာမှာ ရသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်ဘောင်အတွင်းမှာဘဲ မိမိတို့သက်ဆိုင်တဲ့ အခွန်အကောက်နှင့် အခြားရငွေများကို အပြည့်အဝရရှိရန်စီမံကြီးကြပ်ကောက်ခံရန်နှင့် အသုံးစရိတ်များကို ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ စနစ်တကျသုံးစွဲရန် အဓိကတာဝန်ရှိပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ (၁၃၉)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဥပဒေ ပုဒ်မ(၃၄)နှင့်အညီ ရှမ်းပြည်နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် အရအသုံးဆိုင်ရာ လျာထားချက်များကို ရှမ်းပြည်နယ်မှ အတည်ပြုပေးနိုင်ရန် လွှတ်တော်သို့ တင်သွင်းအပ်ပါကြောင်း တင်ပြအပ်ပါတယ်။အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (3



ကျေးလက်ရေရရှိရေးကတော့ ထည့်ဆွဲလို့မရတဲ့အတွက် ပြည်ထောင်စုထဲမှာ ပြန်ထည့်ဆွဲပေးခြင်း ဖြစ်ပါတယ်။

ကျေးလက်ဦးစီးဌာနကနေ ရေးဆွဲထားခြင်းလည်းရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးအတွက် ကတော့ပြည်ထောင်စုကို ပြန်အပ်တယ်။ သို့သော်လုပ်ငန်းများအနေဖြင့် ပြန်ပေးပြီးတော့ ဆောင်ရွက်ခိုင်းမှာ ဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့များရဲ့ သာမန်ရငွေနှင့် အသုံးစရိတ်များတွင် ထည့်သွင်းရေးဆွဲထားတဲ့ ဆင်းရဲမှု လျှော့ချရေး အတွက် ထောက်ပံ့ရငွေနှင့် အသုံးစရိတ် ကျပ်သန်း(၃၀၀၀)တို့အား နုတ်ပယ်ပြီးတော့ ပြန်လည်ရေးဆွဲရခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုကနေ ထောက်ပံ့တဲ့ငွေ ဖြစ်ပါတယ်။

ဆင်းရဲနွမ်းပါးမှု လျှော့ချရေးရန်ပုံငွေအတွက် ပြည်ထောင်စု၏ သီးသန့်ရန်ပုံငွေမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ တိုက်ရိုက်ခွင့်ပြုပေးမှာ ဖြစ်တဲ့အကြောင်းတင်ပြအပ်ပါတယ်။ ဘတ်ဂျတ်ထဲကနေ ပြန်လည် ထုတ်နှုတ်ပေးရခြင်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြင်ဆင်ရေးဆွဲပြီးဖြစ်တဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းကို တင်ပြခြင်းဖြစ်ပါတယ်။ ထုတ်နှုတ်ပေးလိုက်ရတဲ့ သန်း(၃၀၀၀) ကျေးလက်ဒေသဖွံ့ဖြိုးမှုအတွက် နိုင်ငံတော်က ထောက်ပံ့ငွေ ဖြစ်ပါတယ်။

သာမန်အသုံးစရိတ်မှာ သုံးစွဲရမည့် ပြည်ထောင်စုထောက်ပံ့ငွေကို ထုတ်နှုတ်လိုက်တဲ့အတွက် ငွေလုံးငွေရင်းအသုံးစရိတ်မှာ မူလတုန်းက ကျပ်သန်းပေါင်း (၂၆၂၆၃၃ ဒသမ ၅၄၈) တင်ပြထားခဲ့ပါတယ်။ ကျပ်သန်းပေါင်း (၉၈၉၂၇ ဒသမ ၅၁၀)နှုတ်ပယ်လိုက်ရတဲ့အတွက် ပြင်ဆင်ပြီး စရိတ်သည် တင်ပြပါအတိုင်းဖြစ်ပါတယ်။ မူလတုန်းကတင်ပြခဲ့ခြင်းသည် ကျပ်သန်းပေါင်း ရှမ်းပြည်နယ်မှာ ၂၀၁၄-၂၀၁၅မှာ (၄၀၅၀ ဒသမ

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ပြင်ဆင်ရေးဆွဲပြီးသော မူလ ခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း)တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ပြင်ဆင်ရေးဆွဲပြီးတော့ မူလခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေမူကြမ်းတို့နှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ အင်္ဂါနေ့မှာ ဆွေးနွေးပါ့မယ်။

ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ဖြစ်ပါတယ်။ ယခုနေ့လည် စာသုံးဆောင်ရန် အစည်းအဝေးကို ၁ နာရီ ၃၀ မိနစ်ခန့် ရပ်နားမှာဖြစ်ပါတယ်။





# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# အဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့)မှတ်တမ်း

**၁၃၇၅ ခုနှစ်၊ နတ်တော်လဆုတ် (၁၃)ရက်**

**၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်**

**[ တနင်္လာနေ့ ]**

## နေ့လည်ပိုင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လည်ပိုင်း အစီအစဉ် ပြန်လည်စတင်မှာ ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ ဒေသခံလုပ်ငန်းရှင်များအား လုပ်ငန်းဆောင်ရွက်ခွင့်ပြုရေးကိစ္စ အဆိုပြုတင်ပြခြင်း ” အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၉)ဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနု၏အဆိုကို တင်သွင်း ဖို့ဖြစ်ပါတယ်။

**ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနုဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် လွန်ခဲ့သော ဩဂုတ်လ ၂၅ ရက်နေ့မှာ တင်သွင်းထားခဲ့တဲ့ အဆိုကို ဒီကနေ့အစည်းအဝေးမှာ အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့ဗဟိုပြုစနစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ဌာနဆိုင်ရာများ၏ အဆောက်အဦများ၊ လမ်းတံတားများ၊ ဆည်မြောင်း တာတမံများ ပြုပြင်ထိန်းသိမ်းခြင်း၊ အသစ်ဆောက်လုပ်ပေးခြင်းများကို သိသာထင်ရှားစွာဖြင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုဆောင်ရွက်ပံ့ပိုးလာလျက် ရှိသည်ကို ပြည်သူများမှ ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုသမှု ပြုလျက်ရှိနေကြပါသည်။



D/real(wide) (3



**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နေ့လည်ပိုင်း အစည်းအဝေးကို နေ့လည် ၁ နာရီ ၄၅ မိနစ် အချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

ယင်းသို့လုပ်ငန်းများ ဆောင်ရွက်စေရာတွင် ခေတ်စနစ်နှင့် လျော်ညီစွာ တင်ဒါများခေါ်ယူ လုပ်ကိုင်ခြင်း ဖြစ်ကြောင်း သိရှိရပါသည်။ တင်ဒါများတင်ပြကြစေရာတွင် ဆောက်လုပ်ရေး လုပ်ငန်းနှင့်ဆိုင်သော ကိစ္စရပ်များ ၌ကုမ္ပဏီနှင့်သက်ဆိုင်သော စာရွက်စာတမ်းများပါ ပူးတွဲတင်ပြစေပြီး တင်ပြနိုင်သူကိုသာ လုပ်ငန်းလုပ်ကိုင်ခွင့် ပြုခဲ့ကြောင်း သိရှိရပါသည်။ ယနေ့ အချိန်အခါသည် ပွင့်လင်းမြင်သာယှဉ်ပြိုင်နိုင်သော ခေတ်စနစ် ဖြစ်သည့် အားလျော်စွာ ခေတ်စနစ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက် နိုင်သော ဒေသခံလုပ်ငန်းရှင် အသေးစားများလည်း သူ့ဒေသနှင့်သူ ထူထောင်ဖွဲ့စည်း အပ်နှံထားနိုင်ခဲ့ပြီးဖြစ်သည်ကို တွေ့ရှိရပါသည်။

သို့ရာတွင် ၎င်းတို့အနေဖြင့် ကုမ္ပဏီနှင့်ဆိုင်သော အထောက်အထား ရှိကြကောင်းမှ ရှိကြပါမည်။ ယခုအခါ မြို့နယ် များတွင် လုပ်ငန်းများကို ကြီးကြပ်ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက် နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ စီမံခန့်ခွဲမှု ကော်မတီများ အထောက်အကူပြုကော်မတီများလည်း မြို့နယ်တိုင်းတွင် ဖွဲ့စည်းထား ရှိကြပြီးဖြစ်ပါသည်။ နိုင်ငံတော်မှ လည်းကောင်း၊ ပြည်နယ်အစိုးရမှ လည်းကောင်း ပံ့ပိုးဆောင်ရွက် ပေးသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မှန်ကန်တိကျစွာ အကျိုးသက်ရောက်မှု ရှိစေရေး သက်ဆိုင်သော အရည်အချင်းပြည့်မှီရေး ထိန်းညှိရာတွင် ထိရောက်မှုရှိစေရေး အတွက် လုပ်ငန်းများဆောင်ရွက်ခွင့် ပြုစေရာတွင် သက်ဆိုင်ရာဒေသ ပြင်ပမှကုမ္ပဏီများအစား ဒေသတွင်းရှိ ကုမ္ပဏီများ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များကို လုပ်ကိုင်ခွင့်ပြုနိုင်ရေး ဖြေလျှော့စဉ်းစားခွင့် ပြုနိုင်သင့်ပါကြောင်း ပြည်နယ်လွှတ်တော်မှ တစ်ဆင့် ပြည်နယ်အစိုးရ အားတိုက်တွန်းအဆိုပြု တင်ပြအပ်ပါသည်။





၎င်းအဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် များမှ သဘောတူပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။ ]**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ် ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံ ဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ် မရှိသည့်အတွက် ဦးစိုင်းနုရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနု တင်သွင်းတဲ့အဆိုကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ အင်္ဂါနေ့မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမည့် ကိုယ်စားလှယ်အနေဖြင့် အစည်းအဝေး ရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ် လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ဖြစ်ပါတယ်။



D/real(wide) (3

## ဦးစိုင်းလှဖေ၊ ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် အုပ်ချုပ်ရေးမှူးများကို ပြည်သူများ၏ ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သည့် ဥပဒေ ဖြစ်ပေါ်လာ နိုင်ရေး၊ ရှမ်းပြည်နယ်လွှတ်တော်က ပြည်ထောင်စု လွှတ်တော်သို့ အဆိုတင်သွင်း သွားသင့်ကြောင်း" အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၀)ဖြစ်ပါတယ်။ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဖေမှ အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလှဖေ၊ ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ကြွရောက်လာသော ဧည့်သည်တော်များ အစည်း အဝေးကို တက်ရောက်နေကြသော ပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေ ကြောင်း ဆုတောင်းမေတ္တာ ပို့သရင်း ရိုသေဂါရဝ နှုတ်ခွန်းဆက်သ အပ်ပါတယ်။

ကျွန်တော်ကတော့ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဖေ ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမည့် အဆိုက ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများကို ပြည်သူများ၏ ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သည့် ဥပဒေဖြစ်ပေါ်လာနိုင်ရေး ရှမ်းပြည်နယ် လွှတ်တော်က ပြည်ထောင်စုလွှတ်တော်သို့ အဆိုတင်သွင်း သွားသင့်ကြောင်း အဆိုဖြစ်ပါတယ်။



D/real(wide) (3



**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးစိုင်းကံ၊ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** အဆိုပါ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းနုရဲ့ တင်သွင်းသောအဆိုကို ကျွန်တော် မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကံမှ ထောက်ခံတင်ပြအပ်ပါတယ်။

## အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ဦးစိုင်းနု တင်သွင်းသွားသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ဒေသခံလုပ်ငန်းရှင် များအား လုပ်ငန်းဆောင်ရွက်ခွင့်ပြုရေးကိစ္စ အဆိုပြုတင်ပြ ခြင်းဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံက ချီတက်နေသော ဒီမိုကရေစီစနစ်ကို ပြန်လည်ဆန်းစစ်ကြည့်မည်ဆိုလျှင် အုပ်ချုပ်မှု စနစ်မှာ-

(၁) နိုင်ငံတော်သမ္မတကြီး၊ ဒုတိယသမ္မတ(၂)ဦးနှင့် ပြည်ထောင်စုဝန်ကြီးများ၊

(၂) ဝန်ကြီးချုပ်ဦးဆောင်သော တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊

(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊

ဟူ၍တွေ့ရှိရပြီး ပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သော အုပ်ချုပ်သူများဖြစ်ပါသည်။ ကျန်နေသော ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများမှာ ပြည်သူများမှ ရွေးချယ်သောစနစ် မဟုတ်သေးကြောင်း တွေ့ရှိရပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရိုးရိုးလေးတွေးပြီး ရိုးရိုးလေးဥပမာပေးရမည်ဆိုလျှင် ဘောလုံးအသင်းတစ်သင်း၏ ဖွဲ့စည်းပုံကို အခြေခံပြီး ဥပမာပေးပါရစေ။

(၁) တည်ငြိမ်အေးဆေးပြီး တိကျမှန်ကန်သော ဂိုးသမားနှင့်တူသည့် သမ္မတကြီး၊ ဒုတိယသမ္မတနှစ်ဦးနှင့် ပြည်ထောင်စုအစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊

(၂) ဖြောင့်မတ်တည်ကြည် တောင့်တင်းခိုင်မာသည့် နောက်တန်းနှင့်တူသော တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊

(၃) လျင်မြန်ဖျတ်လတ်ပြီး တိကျသည့် ရှေ့တန်းနှင့်တူသော ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ

ဟူ၍ဖြစ်ပါသည်။



D/real(wide) (3



နိုင်သော အခြေအနေ အချိန်အခါများဖြင့်သာ ကြိုးပမ်းအားထုတ်ပေးရန်လိုပါသည်။ မြန်မာ့ဒီမိုကရေစီ ခရီးအတွက် လတ်တလောလိုအပ်နေမှုများကို ဖော်ပြပါ ဆိုလျှင်ဒီမိုကရေစီတွင် ပါဝင်သော မတူကွဲပြားသည့် အသံများကို လေးစားခြင်း၊ ပွင့်လင်းစွာဆွေးနွေးခြင်း၊ ဖြောင့်ဖျတိုက်တွန်းခြင်းဖြင့် ဆောင်ရွက်ညှိနှိုင်းဆွေးနွေးခြင်းသည်သာ အလိုအပ်ဆုံးနှင့် အခရာအကျဆုံးဖြစ်သည်ဟု ထင်မြင်ယူဆမိပါသည်။

ထို့ကြောင့် ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများကို ပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သည့် ဥပဒေပေါ်ပေါက်လာနိုင်ရေး ရှမ်းပြည်နယ်လွှတ်တော်က ပြည်ထောင်စုလွှတ်တော်သို့ အဆိုတင်သွင်းသွားသင့်ကြောင်း အဆိုကို လေးလေးနက်နက် တင်သွင်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးခွန်ထွန်း၊ မက်မန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်မှ အရာရှိ၊ အရာခံများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

ကျွန်တော်ကတော့ မက်မန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ထွန်းဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးမှာ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဖေ တင်သွင်းသွားတဲ့ ပြည်သူများ၏

ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သည့် ဥပဒေဖြစ်ပေါ်လာနိုင်ရေး ရှမ်းပြည်နယ်လွှတ်တော်က ပြည်ထောင်စုလွှတ်တော်သို့ အဆိုတင်သွင်းသွားသင့်ကြောင်း အဆိုကို ကျွန်တော့် အနေဖြင့် လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။

## အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန်မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။(သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းလှဖေ တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးများကို ပြည်သူများ၏ ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သည့် ဥပဒေဖြစ်ပေါ်လာရေး ရှမ်းပြည်နယ်လွှတ်တော်က ပြည်ထောင်စုလွှတ်တော်သို့ အဆိုတင်သွင်းသွားသင့်ကြောင်း ဖြစ်ပါတယ်။

အဆိုကို လက်ခံဆွေးနွေးရန် သင့်မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါ့မယ်။ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။ ]**



D/real(wide) (4



ဒီနေရာမှာ ရှေ့တန်းနှင့် နောက်တန်းကို ဟန်ချက်ညီ ချိတ်ဆက်ပေးနိုင်သော အလယ်တန်းနှင့်တူသည့် ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ လိုအပ်နေသေးကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ယခုလက်ရှိ အုပ်ချုပ်ပုံမှာ ပြည်ထောင်စုအစိုးရက တိုက်ရိုက်ခန့်ပေးသော ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ ဖြစ်ပါသည်။ ပြည်သူလူထုအများစု၏ အမြင်မှာ ဒီမိုကရေစီစနစ်ဟု ဆိုသော်လည်း ခေတ်အဆက်ဆက်က ဥက္ကဋ္ဌအမည်ကနေ အုပ်ချုပ်ရေးမှူးဟူ၍ အမည်ပြောင်းထားသူများ ဖြစ်ကြောင်းထင်မြင်နေပါသည်။

ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ တင်မြှောက်သော ဥပဒေပေါ်ပေါက်လာပြီး ပြည်သူများ၏ ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ပေးသော အုပ်ချုပ်ရေးမှူးများ ပေါ်ပေါက်လာမှသာ ပြီးပြည့်စုံ သော ဒီမိုကရေစီစနစ်ဖြစ်လာမှာ ဖြစ်ပါတယ်။ ယခုကျွန်တော်တင်သွင်းသော အဆိုကို လာမည့် ၂၀၁၅ ရွေးကောက်ပွဲအတွက် ရည်ညွှန်းခြင်းမဟုတ်သလို ၂၀၂၀ ရွေးကောက်ပွဲအတွက် ရည်ညွှန်းခြင်းလည်း မဟုတ်ပါ။ ကျွန်တော်၏ အဓိကရည်ရွယ်ချက်မှာ ပိုမိုပြည့်စုံသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာရေး၊ နောင်လာနောက်သားများအတွက် ကောင်းမွန်သော အမွေပေးနိုင်ရန် ပထမအကြိမ် သက်တမ်းမှာ မျိုးစေ့ချပေးပြီး ဒုတိယသက်တမ်းမှာ ပြုစုပျိုးထောင်ပြီး တတိယသက်တမ်းမှာ သို့မဟုတ် လာမည့်သက်တမ်းတစ်ခုခုမှာ အကောင်အထည်ဖော်နိုင်မည် ဆိုလျှင် ကျွန်တော်တို့ နိုင်ငံအတွက် ပိုမိုကောင်းမွန်လာမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီဆိုသည့် အယူအဆတစ်ခု၊ စံတန်ဖိုးတစ်ခုကို ဖော်ဆောင်ရာတွင် အပြီးသတ်ပန်းတိုင် မရှိနိုင်သဖြင့် ပြောင်းလဲ

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစိုင်းလှဖေရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဖေ တင်သွင်းတဲ့အဆိုကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ အင်္ဂါနေ့မှာ ဆွေးနွေးပါမယ်။

ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ဖြစ်ပါတယ်။

## ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၃)ဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနုက ဒုတိယအဆိုကို တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**
လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းနုဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် လွန်ခဲ့သော ဩဂုတ်လ ၃၁ရက်နေ့ တုန်းက အဆိုပြုတင်ပြခဲ့တဲ့



D/real(wide) (4



အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အကြောင်းပြု၍ ထွက်ပေါ်လာသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြပြီ ဖြစ်သော်လည်း အထမြောက် အောင်မြင် အောင် အခက်အခဲအမျိုးမျိုးကြားမှ ပေးဆပ်ဆောင်ရွက်ခဲ့ကြ ရသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမေ့ခံ ဘဝသို့ ရောက်ရှိနေကြရပါသည်။ အမျိုးသားညီလာခံ ကိုယ်စားလှယ်အချို့သည် အဆင်ပြေမှု မရှိကြပါ။ အချို့သည် ချို့တဲ့စွာဖြင့် အသက်မွေးမှု ပြုလုပ်လျက်ရှိကြပါသည်။

အချို့သည် ချို့တဲ့စွာဖြင့်ပင် ဘဝကိုအဆုံးသတ်သွားကြရသူ များလည်း ရှိပါသည်။ အမှန်မှာ ၄င်းတို့သည် ဒီမိုကရေစီ နိုင်ငံတော်သစ်၏ ကျေးဇူးရှင်များပင် ဖြစ်ကြပါသည်။ သို့ဖြစ်ပါ၍ ကျေးဇူးရှင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အသိအမှတ်ပြု မှတ်တမ်းတင်ထားရန် မဟုတ်ဘဲ ပြည်နယ်အစိုးရ အနေဖြင့် သင့်တင့်မျှတသော ထောက်ပံ့မှုများ၊ အခွင့်အလမ်းများ၊ စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးဇူးရှင်များအား အမေ့ခံ ဘဝမှဆွဲထုတ် ကယ်တင်စီမံဆောင်ရွက်ပေးနိုင်ရေး လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်နယ်အစိုးရအား တိုက်တွန်းပေးပါရန် လေးစားစွာဖြင့် အဆိုပြုတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးမြတ်စိုး၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ကျေးဇူးရှင်

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အသိမှတ်ပြုမှတ်တမ်းတင်ရန် မဟုတ်ဘဲ ပြည်နယ်အစိုးရအနေဖြင့် သင့်တင့်မျှတသော ချီးမြှင့်ထောက်ပံ့မှုများ၊ အခွင့်အလမ်းများ စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးဇူးရှင်များအား အမေ့ခံဘဝမှ ဆွဲထုတ်ကယ်တင်စီမံ ဆောင်ရွက်ပေးနိုင်ရေး လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြည်နယ်အစိုးရအား တိုက်တွန်းပေးပါရန် အဆိုအား ကျွန်တော် ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမြတ်စိုးမှ ထောက်ခံပါကြောင်း တင်ပြပါတယ်။

## အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ဦးစိုင်းနုတင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ကျေးဇူးရှင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အသိမှတ်ပြုမှတ်တမ်းတင်ထားရန် မဟုတ်ဘဲ ပြည်နယ်အစိုးရအနေဖြင့် သင့်တင့်မျှတသော ချီးမြှင့်ထောက်ပံ့မှုများ၊ အခွင့်အလမ်းများ စီစဉ်ဆောင်ရွက် ပေးခြင်းဖြင့် ကျေးဇူးရှင်များအား အမေ့ခံဘဝမှ ဆွဲထုတ်ကယ်တင် စီမံဆောင်ရွက်ပေးနိုင်ရေး



D/real(wide) (4



အဆိုကို ဒီကနေ့ပြုလုပ်တဲ့ အစည်းအဝေးမှာ တင်သွင်းသွားမှာဖြစ်ပါတယ်။

ယနေ့အချိန်အခါသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ခေတ်မှီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို ပြည်သူများ၏ဆန္ဒနှင့်အညီ ဖော်ဆောင်တည်ဆောက်နေသည့် အချိန် ဖြစ်ပါသည်။ ယင်းသို့ဖော်ဆောင်ရာတွင် ပြည်သူများ၏ (၉၂)ရာခိုင်နှုန်းကျော် ဆန္ဒမဲဖြင့် အတည်ပြုပေးခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။

ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးအတွက် ပင်မအုတ်မြစ်ဖြစ်သော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝှမ်းလုံးရှိ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ တပ်မတော်သားများ၊ နိုင်ငံရေးပါတီများ စသည့် အလွှာပေါင်းစုံမှ ကိုယ်စားလှယ်များက အမျိုးသားညီလာခံ အဖြစ် ၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်ထိ အချိန်ကာလ ကြာရှည်စွာဖြင့် ညှိနှိုင်းပြုစုခဲ့ရသည့် ဥပဒေကြီးဖြစ်ပါသည်။

ယင်းဥပဒေကြီးအား အခြေပြု၍ လွှတ်တော်များ၊ အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ ပေါ်ပေါက်လာခဲ့ကြသည် ဖြစ်ပါသည်။ ယင်းကဲ့သို့ ဖြစ်ပေါ်လာခဲ့ကြသည့်အတွက် အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများသည် ကာလကြာရှည်စွာ စိတ်စေတနာ ကောင်းစွာဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။ ယင်းသို့ ဆောင်ရွက်ခဲ့ကြရာတွင် အချို့သော ကိုယ်စားလှယ်များသည် အခက်အခဲအမျိုးမျိုးကြားမှ လုပ်ငန်းစဉ်ကြီး တစ်ခုလုံးပြီးဆုံးအောင် အမျိုးသားရေးစိတ်ဓါတ်ဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။

လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်နယ်အစိုးရအား တိုက်တွန်းပေးပါရန်အဆို ဖြစ်ပါတယ်။

အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒကိုရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။ **[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်ရှိပါသလား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစိုင်းနုရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ အဆိုကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ အင်္ဂါနေ့မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။



D/real(wide) (4



ခွဲဝေသတ်မှတ်ရန်မှာ ရှမ်းပြည်နယ် အစိုးရရဲ့မူဝါဒ သတ်မှတ်ချက်များ ပြန်လည်ချမှတ်ပေးရန် အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေကို ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဥပဒေမှာ ပါဝင်တဲ့အချက်တွေကတော့-

(က) မြို့၊ ရပ်ကွက်၊ ကျေးရွာများကို စနစ်တကျ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

( ခ) စည်ပင်သာယာနှင့် သက်ဆိုင်သည့် အခွန်အရပ်ရပ်အား အပြည့်အဝ ရရှိစေရန်၊

( ဂ) ရရှိသောအခွန်အခနှင့် မြို့ရွာများ ဖွံ့ဖြိုးရေး လုပ်ငန်းများအား တည်ဆဲဥပဒေ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ အသုံးပြုစေရန်၊ အများပြည်သူထံမှ ရရှိသည့် အခွန်အခများသည် အများပြည်သူ အတွက်သာ ဖြစ်စေရမည်ဆိုတဲ့ ဦးတည်ချက်နှင့်အညီ ဆောင်ရွက်ရန်။

စတဲ့ ရည်ရွယ်ချက်များပါဝင်ပါတယ်။

ယခင်နိုင်ငံတော်အစိုးရ လက်ထက်ကဆောင်ရွက်ခဲ့တဲ့ စည်ပင်သာယာရေးဥပဒေအဖွဲ့ ဥပဒေများအရ စည်ပင်သာယာရေးအဖွဲ့များ ကောက်ခံရရှိတဲ့အခွန်အခများအပေါ် သက်ဆိုင်ရာ ဒေသမြို့နယ်များအတွက် ဒေသမြို့ရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်

ဆောင်ရွက်ပေးဖို့အတွက် မြို့နယ်အလိုက် ကောက်ခံရရှိတဲ့ အခွန်အခများအပေါ် မူတည်ပြီးတော့ သတ်မှတ်ရာခိုင်နှုန်းနှင့် ပြန်လည်ခွဲဝေ ပေးတယ်လို့ လေ့လာမိပါတယ်။

ဥပမာအားဖြင့် လင်းခေးမြို့နယ်ရဲ့ အခွန်အခများ ကောက်ခံလျာထားချက် သိန်း(၂၀၀)ဝန်းကျင်ရှိခဲ့ပြီး မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ဖို့အတွက် ကျပ်သိန်း(၁၃၀)ပြန်လည်ခွဲဝေထားတာ တွေ့ရှိရပါတယ်။ အလားတူ လွိုင်လင်မြို့နယ်ရဲ့ အခွန်အခ ကောက်ခံရန် လျာထားချက် ကျပ်သိန်း(၁၀၀၀)မှာ မြို့နယ်အတွက် ပြန်လည်သုံးစွဲဖို့ ကျပ်သိန်း(၅၀၀) စသည်ဖြင့် လျာထားခွဲဝေခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဓိက ဆွေးနွေးတင်ပြချင်တာက မြို့နယ်တစ်နယ်ရဲ့ သန့်ရှင်းသာယာလှပရေး၊ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးဟာ သက်ဆိုင်ရာအလိုက် စည်ပင်သာယာအဖွဲ့များ၊ ကော်မတီများရဲ့ လုပ်ငန်းဆောင်ရွက်နိုင်မှု အပေါ်မှာ လုံးဝမူတည်နေပါတယ်။ ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်ဖြစ်တဲ့ ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာနှစ်မှာ ဘဏ္ဍာငွေခွဲဝေမှုကို ကြည့်မယ်ဆိုလျှင် ကျပ်သိန်းပေါင်း(၇၀၀၀)ကျော် သုံးစွဲနိုင်တဲ့ မြို့နယ်ကြီးရှိသလို၊ ကျပ်သိန်း(၁၀၀၀)အောက် သုံးစွဲနိုင်တဲ့ မြို့နယ်များစွာနှင့် ကျပ်သိန်း(၁၀၀)အောက် သုံးစွဲနိုင်တဲ့ မြို့နယ်(၁၀)မြို့နယ်ခန့်ရှိတာကို တွေ့ရှိရပါတယ်။

ဒါ့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်အတွက် အခြားဆိုတဲ့စီမံကိန်း ငွေစာရင်းခေါင်းစဉ်မှာ ကျပ်သိန်းပေါင်း (၁၄၀၀၀)နီးပါး လျာထားခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ အဲ့ဒီပမာဏဟာ တောင်ကြီးခရိုင်မှာရှိတဲ့ မြို့နယ်အားလုံးရဲ့



D/real(wide) (4



## ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ၏ “ ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေနှင့် အညီ ရှမ်းပြည်နယ်အတွင်းရှိ မြို့ပြနှင့် ကျေးလက်များ တပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင့်ပြုရန်ပုံငွေများ ခွဲဝေချမှတ်ရာတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ မူဝါဒ/ သတ်မှတ်ချက်များ ပြန်လည်ချမှတ်ပေးပါရန် ” အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၅)ဖြစ်ပါတယ်။ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒီကနေ့အစည်းအဝေးကို တက်ရောက်လာတဲ့ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလွင် ဖြစ်ပါတယ်။

ဒီကနေ့အစည်းအဝေးမှာ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေနှင့်အညီ ရှမ်းပြည်နယ်အတွင်းရှိ မြို့ပြနှင့်ကျေးလက်များ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေး လုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင့်ပြု ရန်ပုံငွေများ

ခွင့်ပြုငွေပမာဏအားနှင့် ညီမျှပြီးတော့ ကျပ်သိန်း(၂၆၀၀)ကျော် ရရှိတဲ့ လှိုင်လင်ခရိုင် မှာရှိတဲ့ မြို့နယ်များအားလုံး၊ ကျပ်သိန်း (၅၉၀)ကျော် ရရှိတဲ့ လင်းခေးခရိုင်မှာရှိတဲ့ မြို့နယ်များအားလုံးရဲ့ ပမာဏနှင့် နှိုင်းယှဉ်ကြည့်လျှင် အဆပေါင်းများစွာ ကွာခြား နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ပထမအချက်အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေတဲ့ ခရိုင်၊ မြို့နယ်တွေမှာ မိမိမြို့နယ်က ရှာဖွေ ကောက်ခံရရှိတဲ့ အခွန်အခများကို မိမိတို့မြို့နယ်အတွက် အပြည့်အဝ ပြန်လည်သုံးစွဲခွင့်ပြုပေးရန်၊ မြို့နယ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် မဖြစ်မနေ လိုအပ်တဲ့လုပ်ငန်းများအတွက် ဖြည့်စွက်ခွင့်ပြုရန်ဆိုတဲ့ စည်ပင်သာယာရေး လုပ်ငန်းများနှင့် ပတ်သက်တဲ့ ဘဏ္ဍာငွေခွဲဝေချထားမှု မူဝါဒတစ်ခုကို ရှမ်းပြည်နယ် အစိုးရအဖွဲ့က ခွင့်ပြုသင့်ကြောင်း တင်ပြလိုပါတယ်။

ဒုတိယအချက်အနေဖြင့် ယခင်ကဘဏ္ဍာငွေခွဲဝေမှု စနစ်အရ ရန်ပုံငွေများကို စီမံကိန်းလုပ်ငန်းအလိုက် ရန်ပုံငွေများဖြင့် ဥပမာ- မြို့ပြလမ်းတံတားတည်ဆောက်ခြင်း၊ မြို့ပြလမ်းတံတား ပြင်ဆင်ခြင်း၊ မြို့ပြရေပေးဝေရေး လုပ်ငန်း၊ မြို့ပြရေပေးဝေရေး ပြင်ဆင်ခြင်း၊ မြို့ပြကျေးလက်လမ်းတံတား တည်ဆောက်ခြင်း၊ ကျေးလက် လမ်းတံတား ပြင်ဆင်ခြင်း၊ ကျေးလက်ရေပေးဝေခြင်း အစရှိသည့် စီမံကိန်းလုပ်ငန်းများကို ခွင့်ပြုငွေရဲ့ ရာခိုင်နှုန်း အလိုက် နှစ်စဉ်လေ့လာခွဲဝေ သတ်မှတ်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုလုပ်ငန်းစီမံကိန်းအလိုက်ကို သတ်မှတ်ခွင့်ပြု ရာခိုင်နှုန်းအလိုက် ခွင့်ပြုပေးတဲ့အခါမှာ ငွေစာရင်းခေါင်းစဉ်အလိုက် ခွင့်ပြုပေးသလို ဖြစ်ပြီးတော့ ဒေသရဲ့အခြေနေအရ လိုအပ်ချက်နှင့်ကိုက်ညီနိုင်သလို



D/real(wide) (4



ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး မူအစား ခေတ်ကာလနှင့်အညီ ပြောင်းလဲလာတဲ့ နောက်ပိုင်း အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေနှင့်အညီ ရှမ်းပြည်နယ် အတွင်းရှိ မြို့ပြနှင့်ကျေးလက်များ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး အတွက် စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများ ခွင့်ပြု ရန်ပုံငွေများ ခွဲဝေသတ်မှတ်ရာမှာ ရှမ်းပြည်နယ်အစိုးရရဲ့ မူဝါဒသတ်မှတ်ချက်များ ပြန်လည်သတ်မှတ်ပေးရန် အဆိုကို လေးလေးနက်နက်တင်သွင်း အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အဆိုကိုထောက်ခံမည့် ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းလွင်ရဲ့အဆိုကို ကျွန်တော်လဲချားမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းကျော်ဇေယျမှ ထောက်ခံပါတယ်ခင်ဗျား။

## အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။(သို့မဟုတ်)

## အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ဦးစိုင်းလွင် တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေနှင့်အညီ ရှမ်းပြည်နယ်အတွင်းရှိ မြို့ပြနှင့် ကျေးလက်များ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင့်ပြုရန် ရန်ပုံငွေများခွဲဝေချမှတ်ရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ မူဝါဒသတ်မှတ်ချက်များအား ပြန်လည်ချမှတ်ပေးပါရန် ဖြစ်ပါတယ်။

အဆိုကိုလက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒကိုရယူပါမယ်။ ၄င်းအဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။ **[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]**

အဆိုကိုလက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ် ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံ ဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ် မရှိသည့်အတွက် ဦးစိုင်းလွင်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း





လိုအပ်ချက်ကို မပြည့်မှီတာ၊ လိုအပ်ချက်ကို ကွဲလွဲဆန့်ကျင်နေတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ဥပမာအားဖြင့် ကျေးလက်ရေရရှိရေး ဆောင်ရွက်ရန် မလိုအပ်တဲ့ မြို့နယ်တွေမှာ ငွေစာရင်းခေါင်းစဉ် စီမံကိန်းသတ်မှတ်ချက်အရ ခွဲဝေပေးထားတာကို ရရှိထားတာကို မတောင်းခံပဲနေမည့် မြို့နယ် မရှိပါဘူး။ ဒါ့ထက်ပိုပြီးတော့ လိုအပ်နေတဲ့ လုပ်ငန်းတစ်ခုခုမှာ အသုံးပြုခွင့်ရရှိရန် ပိုမိုလိုအပ်နေမှာ ဖြစ်ပါတယ်။

ယခင်စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မြို့ပြ၊ ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ရဲ့ လိုအပ်ချက်အရ ဆောင်ရွက်ရန်ရှိပေမဲ့ သတ်မှတ်ရာခိုင်နှုန်းအရ ခွင့်ပြုငွေ မလုံလောက်ခြင်း၊ အခြားသော လုပ်ငန်းများကို ဆောင်ရွက်နေရခြင်း အတွက်ကြောင့် ဆောင်ရွက်သင့်သော်လည်း မဆောင်ရွက်ဖြစ်တဲ့ အနေအထားကို နှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ စည်ပင်သာယာရေး လုပ်ငန်းများရဲ့ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေခွဲဝေပေးတဲ့အခါမှာ ဒုတိယအချက်အနေဖြင့် ခွင့်ပြုနိုင်မည့် ပမာဏကိုသာ သတ်မှတ်ပြီး စီမံကိန်းလုပ်ငန်းကို ကြိုတင်သတ်မှတ်ပေးခြင်းမပြုဘဲ ဒေသရဲ့လိုအပ်ချက်အရ မြို့နယ်စည်ပင်ကော်မတီများနှင့် လူထုနှင့် ညှိနှိုင်းပြီးတော့ တင်ပြတောင်းခံလာတဲ့ အမှန်တကယ်ပိုမိုလိုအပ်သော လုပ်ငန်းများကိုသာ ရွေးချယ် ခွင့်ပြုပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအနေဖြင့် မူဝါဒ ချမှတ်သင့်ကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါ တင်ပြဆွေးနွေးချက်များအရ ရှမ်းပြည်နယ် စည်ပင်သာယာရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး ယခင်စည်ပင်သာယာရေး အဖွဲ့များ ဥပဒေအရ ယခင်နိုင်ငံတော် အစိုးရလက်ထက်က ထားရှိခဲ့တဲ့

ကြေညာပါတယ်။ အဆိုကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့၊ အင်္ဂါနေ့မှာ ဆွေးနွေးပါ့မယ်။ ဆွေးနွေးမည့် လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၇)ဖြစ်ပါတယ်။ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာက ရှင်းလင်းပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းမြင့်၊ စာရင်းစစ်ချုပ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ၊ အစည်းအဝေး တက်ရောက်လာကြသူ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်ရဲ့ အစီရင်ခံစာကို လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အခုတော့ အကျဉ်းချုပ်လောက်ဘဲ ဒီအစည်းအဝေးမှာ တင်ပြပါမယ်။

ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေ သတ်မှတ်ချက်အရ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်အနေဖြင့် ရှမ်းပြည်နယ် ဘဏ္ဍာငွေ အရ/အသုံး စာရင်းများကို စစ်ဆေးခြင်း၊ အရ/အသုံးခန့်မှန်းခြေ စာရင်းများမှာ ရငွေများပြည့်ဝစွာ ရရှိစေရန် ဆောင်ရွက်ခြင်း



D/real(wide) (4



လျာထား ငွေထက်ကို ကျပ်သန်း (၁၆၉ ဒသမ ၄၈၃) ပိုမိုရရှိကြောင်းတွေ့ရှိရပါတယ်။ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေထဲက ထောက်ပံ့ငွေကတော့ ကျပ်သန်း(၅၆၀၈၁ ဒသမ ၇၄၁) လျာထားပြီးတော့ အမှန်ရငွေက (၁၀၀၀)လျော့ပြီးတော့ ကျပ်သန်း(၅၅၀၈၁ ဒသမ ၇၄၇) ဖြစ်တဲ့အတွက် ကျပ်သန်း(၁၀၀၀) လျော့နည်းရရှိခဲ့ပါတယ်။

ဒါကတော့အရင်က ပြည်ထောင်စုရန်ပုံငွေမှ ထောက်ပံ့ငွေ ဆိုပြီးတော့ ထည့်သွင်းတွက်ချက်ထားတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရန်ပုံငွေအတွက်ကို ပြည်ထောင်စုဘဏ္ဍာငွေ ရန်ပုံငွေ စာရင်းကနေ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန **OA** စာရင်းကို တိုက်ရိုက် လွှဲပြောင်းပေးခဲ့တဲ့အတွက် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေစာရင်းမှာ လျော့နည်းရခြင်းဖြစ်ပါတယ်။ သာမန်အသုံးစရိတ်အနေဖြင့် မူလခန့်မှန်းခြေ ခွင့်ပြုငွေကတော့ ကျပ်သန်း(၅၂၄၀၄ ဒသမ ၆၇၈)၊ ပြုပြင်ပြီးခန့်မှန်းခြေကတော့ ဖြည့်စွက်ခွင့်ပြုငွေ အပါအဝင် ကျပ်သန်း (၆၄၈၈ ဒသမ ၄၇၈)အပါအဝင် ကျပ်သန်း(၅၈၈၇၉ ဒသမ ၉၂)သန်း ဖြစ်ပါတယ်။

အမှန်သုံးစွဲတာကတော့ ကျပ်သန်း(၅၅၀၅၂ ဒသမ ၀၂၄)ဖြစ်တဲ့အတွက် ပိုလျှံငွေ (၃၈၂၇ဒသမ ၈၉၈)သန်း ပေါ်လွင်ပါတယ်။ ပိုလျှံငွေအားလုံးကိုလည်း အပ်နှံပြီးဖြစ်ပါတယ်။ ငွေလုံးငွေရင်းရငွေ လျာထားချက် အနေဖြင့် ကျပ်(၀ ဒသမ ၉၇၆)သန်း လျာထားပြီးတော့ အမှန်ရငွေ(၂၅ ဒသမ ၉၇၂) သန်းဖြစ်တဲ့အတွက် ကျပ်(၂၄ ဒသမ ၉၉၆)သန်း ပိုမိုရရှိပါတယ်။ ပိုမိုရရှိတဲ့ အဓိကအကြောင်းအရင်းကတော့ မန်ဆူဆေးရုံဟောင်း ဖျက်သိမ်းခြင်းမှ ဆည်တင် ပစ္စည်းတွေ ရောင်းရငွေ ကျပ်သန်း (၂၃ ဒသမ ၆၄၀)ရရှိခဲ့တဲ့အတွက် ဖြစ်ပါတယ်။

ငွေလုံးငွေရင်းအသုံးပြုငွေ မူလကျပ်သန်း(၈၁၈၅ ဒသမ ၆၇၃)သန်းဖြစ်ပြီးတော့ ဖြည့်စွက်ခွင့်ပြုငွေက ကျပ်သန်း(၃၃၀ ဒသမ ၃၇၅)သန်း ဖြစ်တဲ့အတွက် အပြီးသတ်ခွင့်ပြုငွေက ကျပ်သန်း(၈၈၄၄ ဒသမ ၅၄၈)သန်း ဖြစ်ပါတယ်။ အမှန်သုံးစွဲတာက (၈၃၄၀ ဒသမ ၈၂၆)သန်း ဖြစ်တဲ့အတွက် ပိုလျှံငွေ(၁၀၃ ဒသမ ၇၂၂)သန်း ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကိုလည်း ပြန်လည်အပ်နှံပြီး ဖြစ်ပါတယ်။ ကြွေးမြီအပ်ငွေ၊ ရင်းနှီးငွေရငွေ စုစုပေါင်းကျပ်သန်း ဒီနှစ်ထဲမှာ (၇၁၄၂၃ ဒသမ ၆၃၇) ဖြစ်ပြီးတော့ သုံးငွေကျပ်(၆၈၇၁၉ ဒသမ ၃၈၅)သန်း ဖြစ်တဲ့အတွက် ပိုလျှံငွေကျပ်သန်း(၂၇၀၄ ဒသမ ၂၅၂) ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ ရငွေပေးငွေစာရင်းမှာ စာရင်းဖွင့်အနေဖြင့် (၁-၄-၂၀၁၂)ခုနှစ် ဧပြီလ ၁ရက်နေ့မှာ စာရင်းဖွင့်လက်ကျန် သန်း(၁၄၈၀၅ ဒသမ ၈၁၃) ကျန်ခဲ့ပြီးတော့မှ စုစုပေါင်းရငွေက ကျပ်သန်း(၆၇၀၄ ဒသမ ၃၇၀) ရရှိခဲ့ပါတယ်။ နှစ်တွင်းပေးငွေကတော့ ကျပ်သန်း(၆၃၄၀၇ ဒသမ ၈၅၀) ဖြစ်တဲ့အတွက် ၂၀၁၃ ခုနှစ် မတ်လ ၃၁ ရက်နေ့မှာစာရင်းပိတ် လက်ကျန်အနေဖြင့် ရှမ်းပြည်နယ်ဘဏ္ဍာ လက်ကျန်အနေဖြင့် (၁၈၄၀၂ဒသမ ၃၇၄) ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွင်းမှာ ရှမ်းပြည်နယ်အတွင်းမှာ ရှိတဲ့မြန်မာ့စီးပွားရေးဘဏ် အစိုးရငွေတိုက်ရုံး(၃)ရုံး ဒါတွေရဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်း စာရင်းဖွင့်လက်ကျန်အနေဖြင့် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ ကျပ်သန်း (၁၃၄၃၇ဒသမ ၈၀၇)ဖြစ်ပြီး နှစ်အတွင်းမှာ ရငွေပေါင်း ကျပ်သန်း(၁၉၇၂၆၈ဒသမ ၃၂၇)၊ နှစ်အတွင်းမှာ ရငွေပေါင်း (၁၉၀၈၁၆ဒသမ ၄၆၀)ဖြစ်တဲ့အတွက် ၂၀၁၃ မတ်လ ၃၁ ရက် စာရင်းပိတ်လက်ကျန် ကျပ်သန်းပေါင်း (၁၉၈၈၉ဒသမ ၆၇၄) ကျန်ရှိပါတယ်။



D/real(wide) (4



ရှိ/မရှိနှင့် အသုံးစရိတ်များ ထိရောက်စွာသုံးစွဲခြင်း ပြု/မပြုတို့ကို စစ်ဆေးခြင်း၊ ပြည်နယ်အဆင့်ရှိ ဝန်ကြီးဌာနအလိုက် လုပ်ငန်းဌာန၊ အဖွဲ့အစည်းများရဲ့ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုကို စစ်ဆေးခြင်း၊ ငွေစာရင်းနှင့် ပစ္စည်းစာရင်းများ စစ်ဆေးခြင်းတို့အပြင် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့ရဲ့ တာဝန်ပေးချက်များကို စစ်ဆေးခြင်းနှင့် စပ်လျဉ်းပြီးတော့ ယခုအစီရင်ခံစာနှင့် ပြည်နယ်လွှတ်တော်ကို အစီရင်ခံ တင်ပြခြင်း ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ် ဘဏ္ဍာ ရန်ပုံငွေစာရင်းထဲမှာ အကျုံးဝင်တဲ့ အဖွဲ့အစည်းတွေကတော့ ဗဟိုအဖွဲ့အစည်း(၃)ခု၊ ဦးစီးဌာန(၁၇)ခုနှင့် စီးပွားရေးအဖွဲ့အစည်း (၃)ခု၊ စည်ပင်သာယာရေးအဖွဲ့(၁)ခု ပေါင်း(၂၄)ခုပါဝင်ပါတယ်။

အဲ့ဒီအဖွဲ့အစည်းတွေရဲ့ အစီရင်ခံတဲ့ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေ အရ/အသုံးစာရင်းတွေကို အောက်ပါအတိုင်း ဖော်ပြပါတယ်ဆိုပြီး အစီရင်ခံစာထဲမှာတော့ အသေးစိတ်ဖော်ပြ ထားပေး ပါတယ်။ ဒီမှာတော့ အချုပ်အားဖြင့်ဘဲ တင်ပြပါတယ်။ အခွန်ရငွေ၊ မူလခန့်မှန်းခြေ သန်းပေါင်း(၁၈၉၄ ဒသမ ၁) ဖြစ်ပေမဲ့လည်း ပြုပြင်ပြောင်းလဲ လျာထားတာကတော့ (၁၈၄၅ ဒသမ ၃၂၈)ပြုပြင်ပြောင်းလဲလျာထားပါတယ်။ အမှန်တကယ် ကောက်ခံ ရရှိမှုကတော့ (၁၉၈၈ ဒသမ ၀၉၆)ရသဖြင့် ပြုပြင်ပြီးလျာထားချက်ကို ပိုရပါတယ်။ (၁၀၇ဒသမ ၇၄)ရာခိုင်နှုန်း တနည်းအားဖြင့် ငွေအားဖြင့် ကျပ်သန်း(၁၄၇ဒသမ ၇၆၈)ပိုမို ရရှိခဲ့ပါတယ်။

သာမန်ရငွေအပိုင်းမှာ မူလခန့်မှန်းခြေအရ ကျပ်သန်း (၉၃၂၈ဒသမ ၂၈၃) ဖြစ်ပြီး၊ ပြုပြင်ပြီး ခန့်မှန်းခြေအရ ကျပ်သန်း (၉၄၇၉ ဒသမ ၈၉၅)ဖြစ်တဲ့အတွက် မူလခန့်မှန်းခြေအတွက်ကို ကျပ်သန်း(၁၅၁ဒသမ ၆၁၂)ပိုမို လျာထားခဲ့ပါတယ်။ သာမန်ရငွေ အမှန်ရရှိမှုကတော့ ကျပ်သန်း(၉၆၄၉ ဒသမ ၃၇၈)ဖြစ်တဲ့အတွက်

ပိုလျှံငွေပြန်လည်အပ်နှံမှုနှင့် ပတ်သက်လို့ စစ်ဆေးတွေ့ရှိချက်တွေအရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွင်းမှာ သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်ငွေမှ ပိုလျှံငွေတွေအားလုံးကို အထွေထွေရန်ပုံငွေစာရင်းကို အပ်နှံမှုပဲ ရှိပြီးတော့၊ အထွေထွေရန်ပုံငွေစာရင်းမှ တဆင့်ထပ်မံလွှဲပြောင်းခြင်း မရှိကြောင်းသိရပါတယ်။ ၂၀၁၃ မတ်လ ၃၁ ရက်နေ့ အထိဌာနအဖွဲ့အစည်းအားလုံးမှ ပြန်လည်အပ်နှံငွေ စုစုပေါင်းဟာ ကျပ်သန်းပေါင်း (၆၆၆၈ ဒသမ ၃၈၂)ဖြစ်ကြောင်း တွေ့ရပါတယ်။

ပထမအကြိမ် ပိုငွေ၊ လိုငွေညှိနှိုင်းတဲ့ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းမှာ ပြန်လည်အပ်နှံငွေကတော့ ဌာနအဖွဲ့အစည်း (၁၃)ခုက အပ်နှံငွေ(၃၇၆၆ ဒသမ ၆၅၃)သန်း ဖြစ်ပြီးတော့မှ ဘဏ္ဍာရေးနှစ်ကုန်ခါနီးကျမှ ဌာနတွေအားလုံးက အပ်နှံငွေကတော့ ကျန်တဲ့ကျပ်သန်း (၂၉၀၁ ဒသမ ၇၂၉) ဖြစ်ပါတယ်။ တစ်ချို့အသုံး စရိတ်တွေ ဘဏ္ဍာနှစ် ကျော်လွန်ပြီးမှ ပြန်အပ်တာတွေ ရှိပါတယ်။ ဒါတွေက ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အသုံးစရိတ် အထွေထွေ ပိုလျှံငွေကို ဒီ(၆)လပိုင်း (၁၉-၆-၂၀၁၃) ရက်နေ့နောက်ဆုံးထားပြီး အပ်နှံဖို့ ရသုံးဦးစီးဌာနကနေ ဌာနတွေ ထပ်မံအကြောင်းကြားရတဲ့အတွက် ဒီသာမန်အသုံးစရိတ် ကျပ်သန်း(၃ ဒသမ ၇၉၈) ငွေလုံးငွေရင်း အသုံးစရိတ် ကျပ်သန်း (ဒသမ ၀၀၁) ဘဏ္ဍာရေးနှစ်ကျော်လွန်ပြီး (၃)လနေတော့မှ ပြန်အပ်ကြပါတယ်။

အဲ့ဒီလိုဖြစ်တဲ့အတွက် ဌာနအဖွဲ့အစည်းတွေအနေဖြင့် ပိုလျှံရန်ပုံငွေတွေကို ပြန်လည်အပ်နှံရာမှာ ရန်ပုံငွေ စီမံခန့်ခွဲမှုပိုမို အကျိုးသက်ရောက်မှု ရှိစေဖို့အတွက် ဘဏ္ဍာနှစ်အတွင်း အချိန်မီ အပ်နှံရေး တွန်းအားပေး ဆောင်ရွက်ဖို့ အခြေအနေရှိကြောင်း တင်ပြအပ်ပါတယ်။ ပိုလျှံငွေပြန်လည်အပ်နှံတဲ့နေရာမှာ





အားလုံးနီးပါးပါဘဲ (၉၆ ဒသမ ၁၆)ရာခိုင်နှုန်း၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဖြည့်စွက်တောင်းခံငွေရဲ့ (၇၀ ဒသမ ၃၀) ရာခိုင်နှုန်း၊ အကျဉ်းဦးစီးဌာန ဖြည့်စွက် တောင်းခံငွေရဲ့ (၆၇ ဒသမ ၈၁) ရာခိုင်နှုန်း အသီးသီးရှိကြောင်း တွေ့ရပါတယ်။

ငွေလုံးငွေရင်းဖြည့်စွက် ရန်ပုံငွေ ပြန်လည်အပ်နှံမှုကတော့ စည်ပင်သာယာအဖွဲ့မှ အဓိကဖြစ်ပြီးတော့ ဖြည့်စွက်တောင်းခံငွေရဲ့ (၁၅ ဒသမ ၀၁)ရာခိုင်နှုန်း ပြန်လည်အပ်နှံခဲ့ပါတယ်။ ဖြည့်စွက်ရန်ပုံငွေ ပိုလျှံငွေတွေ ပြန်လည်အပ်နှံတာ အများစု ကတော့ လစာစရိတ်တွေ လျာထားပြီးတော့မှ မသုံးဖြစ်ပဲ ပြန်အပ်တာ ဖြစ်ပါတယ်။ အမှန်ကတော့ လစာစရိတ်တွေကို အတိကျဆုံး တွက်ချက်လို့ရတဲ့ ကိန်းဂဏန်းတွေပါ။ အမှန်ရှိတဲ့ ဝန်ထမ်း ဦးရေပေါ်မှာ အနီးစပ်ဆုံး ခန့်မှန်းတွက်ချက်ပြီးတော့ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေ တောင်းခံဖို့နဲ့ ရသုံးဦးစီးဌာနကလည်း အရင်နှစ် အမှန်အသုံးစရိတ်အတိုင်း နှိုင်းယှဉ်ပြီးတော့ စိစစ်ခွင့်ပြုပေးဖို့ လိုအပ်တာစစ်ဆေးတွေ့ရှိရပါတယ်။

ပြည်နယ်ဘဏ္ဍာငွေ အရ/အသုံးစာရင်းတွေက စစ်ဆေးတွေ့ရှိချက်၊ ထူးခြားချက်လေးတွေ ဒီအပိုင်းမှာ တင်ပြထားပါတယ်။ အသေးစိတ်အနေနဲ့ကတော့ အစီရင်ခံစာထဲမှာ ကျယ်ကျယ် ပြန့်ပြန့်လေး ဖော်ပြထားပါတယ်။ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်တဲ့ ဌာနအဖွဲ့အစည်း(၂၄)ခုရဲ့ အရ/အသုံးစာရင်းတွေ စစ်ဆေးခဲ့ ပြီးတော့မှ စစ်ဆေးတွေ့ရှိချက်တွေကို ကောက်နုတ် ဖော်ပြပါတယ်။ ပထမတစ်ခုက-

(က) ရှမ်းပြည်နယ် တရားလွှတ်တော်ချုပ်ရဲ့ အခွန်ရငွေ လျာထားချက် (၂၄၉ ဒသမ ၆၈) ရာခိုင်နှုန်း ရတဲ့အပြင်ရငွေ လျာထားချက် အမှန်ရငွေနှင့် အနီးစပ်ဆုံးဖြစ်ဖို့အတွက် ရေးဆွဲနိုင်ဖို့ အားနည်း ပါတယ်။

(ခ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် သာမန်ရငွေမှာ မူလခန့်မှန်းခြေ ရငွေရဲ့ (၁၀)ဆ ကျော် တိုးမြှင့်ပြုပြင်လျာထားပြီးတော့ တကယ့် အမှန်ရငွေ လျာထားချက်ရဲ့ (၄၆ ဒသမ ၆၃) ရာခိုင်နှုန်းရရှိပါတယ်။

(ဂ) အလားတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှာလည်း သာမန်အသုံးစရိတ် ခွင့်ပြုရန်ပိုငွေ ကျပ်သန်း (၁၇၃၀ ဒသမ ၈၆၄)တောင်းခံ ပြီးတော့ အပြည့်အဝသုံးစွဲနိုင်ခြင်းမရှိဘဲ ကျပ်သန်း(၁၃၁၀ ဒသမ ၀၇၃) ပြန်လည်အပ်နှံ ခဲ့တဲ့အတွက် အသုံးစရိတ်တွေကိုအနီးစပ်ဆုံး တွက်ချက် တောင်းခံမှုမရှိဘဲ ပိုမိုတောင်းခံ ထားကြောင်းတွေ့ရှိရပါတယ်။

အကျဉ်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ရဲ့ သာမန်အသုံးစရိတ်တွေမှာ မလိုအပ်ဘဲ ပိုမိုတောင်းခံပါတယ်။ ပြီးတော့တစ်ခါ ဖြည့်စွက်ခွင့်ပြုငွေတွေ တောင်းခံပါတယ်။ ပြီးတော့ ပြန်အပ်တယ်။ စိုက်ပျိုးရေးဦးစီးဌာနမှာဆိုရင် တွဲဘက်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ကနေပြီးတော့ အသုံးစရိတ်ပိုထုတ်တဲ့ငွေ ကျပ် (၁၃၇၀၀၀)၊ လားရှိုးကနေ အသုံးစရိတ်ပိုထုတ်တဲ့ငွေ ကျပ်(၂၆၉၅၁)၊ နှစ်အတွင်း အသုံးစရိတ်ပိုထုတ်ထားတဲ့ ကျပ်(၁၆၃၉၅၁)ကို ရငွေအနေနဲ့ မှားပြီးတော့ နှစ်အတွင်းပြန်သွင်းရင် ဘတ်ဂျက် ခွင့်ပြုငွေ မနစ်နာအောင် **Minus Expenditure** လို့ခေါ်တဲ့ အနှုတ်အသုံးစရိတ် ပြန်ပြုရတာပါတယ်။

ဒါကိုမလုပ်ဘဲနဲ့ စာရင်းသဘောအရ မှားယွင်းနေတာ တွေ့ရပါတယ်။ သစ်တောဦးစီးဌာန ခရိုင်သစ်တော ဦးစီးဌာန ကျိုင်းတုံမှ အသုံးစရိတ်ပိုထုတ်တဲ့ငွေသိန်း (၁၄၅၀၀)ကိုလည်း



D/real(wide) (5



အပ်သင့်တာထက် ကိုပြန်အပ်ပြီးတော့ နောက်မှပြန်တောင်းရတဲ့ အနေအထားမျိုး ဌာနတစ်ခုမှာတွေ့ခဲ့ပါတယ်။ အဲ့ဒါကတော့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပထမအကြိမ် ပိုလျှံငွေ အပ်နှံတဲ့နေရာမှာ ပိုအပ်ခဲ့မိတယ်။ အားလုံးပေါင်း (၅၇၇၃၀၀) အမှန်အသုံးစရိတ်က ပိုသုံးငွေပေါ်လာတဲ့အတွက် တတိယ အကြိမ်ကျတော့မှ ပိုလျှံအပ်နှံငွေကို **Minus** ပြန်တောင်းရတဲ့ ပုံစံမျိုးနဲ့ ခုနှိမ်ကြရတာကိုတွေ့ရပါတယ်။

အချို့ဌာနတွေက ဖြည့်စွက်ရန်ပိုငွေ ရယူပြီးတော့မှ မသုံးနိုင်ဘဲ နောက်ဆုံးပိုငွေအဖြစ်သာ ပြန်လည်အပ်နှံ ရတာတွေလည်း ရှိပါတယ်။ သာမန်အသုံးစရိတ် ဖြည့်စွက်ရန်ပိုငွေတောင်းခံမှု ဦးစီးဌာန(၁၂)ခုမှ ကျပ်သန်း (၆၃၂၄ ဒသမ ၄၅၄)နှင့် စည်ပင်သာယာရေးအဖွဲ့ကနေ ကျပ်သန်း (၂၆၄ ဒသမ ၀၂၄)၊ စုစုပေါင်းကျပ်သန်း (၆၄၈၈ ဒသမ ၄၇၈)က ဖြည့်စွက်ရန်ပိုငွေအဖြစ် တောင်းခံခဲ့ပါတယ်။ ပြန်လည် အပ်နှံငွေက ဘယ်လောက် ရှိခဲ့လဲဆိုလျှင် (၁၅၂ ဒသမ ၂၅၁)သန်း ဖြစ်တဲ့အတွက် ခွင့်ပြုငွေဟာ (၃၃ ဒသမ ၁၇)ရာခိုင်နှုန်းဟာ မလိုအပ်ဘဲနှင့် ပြန်အပ်တာမျိုးလုပ်ခဲ့ရပါတယ်။

ငွေလုံးငွေရင်းအသုံးစရိတ်မှာ ဖြည့်စွက်ရန်ပိုငွေ တောင်းခံ ထားတဲ့ ဦးစီးဌာန(၃)ခုကနေပြီးတော့ ကျပ်သန်း(၁၅၄ ဒသမ ၄၃၈) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကျပ်သန်း(၆၂၃ ဒသမ ၁၈၉)၊ စည်ပင်သာယာရေးအဖွဲ့တွေက ကျပ်သန်း(၁၇၅ ဒသမ ၉၃၇) ပေါင်းကျပ်သန်း(၉၄၃ ဒသမ ၅၁၆၄)ဖြစ်ပြီးတော့ ပြန်လည် အပ်နှံတဲ့ငွေက (၂၆ ဒသမ ၄၇၃) ဖြစ်တဲ့အတွက် ခွင့်ပြုငွေရဲ့ (၂ ဒသမ ၈၁)ရာခိုင်နှုန်း မလိုအပ်ဘဲနှင့် ပြန်အပ်ခဲ့ရတဲ့ အနေအထားရှိပါတယ်။ သာမန်အသုံးစရိတ် ခွင့်ပြုရန်ပိုငွေ တောင်းပြီးတော့ အများဆုံးပြန်လည်အပ်နှံတဲ့ ဌာနတွေကတော့ သမဝါယမဦးစီးဌာန၊ သမဦးစီး ဌာနက ဖြည့်စွက်တောင်းခံငွေရဲ့

အလားတူဘဲ အနှုတ်အသုံးစရိတ် ပြမယ့်အစား ရငွေအနေနဲ့ ဖော်ပြထားတာတွေ့ရပါတယ်။ မြန်မာ့ရုပ်ရှင်လုပ်ငန်း သာမန်လုပ်ငန်း အသုံး စရိတ်ခွင့်ပြုငွေဟာ ကျပ်သန်း(၆၉ ဒသမ ၂၅၆)ရှိပြီးတော့မှ အမှန်သုံးစွဲငွေက (၆၅ ဒသမ ၂၂၈)သန်းဖြစ်တဲ့အတွက် ပိုလျှံငွေ(၄ ဒသမ ၀၂၈)သန်းပိုပါတယ်။

သို့ပေမယ့် ဒီပြည်နယ်အဆင့်က ပိုလျှံငွေ ပြန်အပ်တယ်ဆိုသော်လည်း မန္တလေးအခြေခံတဲ့ရုံးချုပ်ကနေပြီးတော့ (၆၅ ဒသမ ၃၁၁)နှင့် အတည်ပြုထားတဲ့ နှစ်ချုပ်စာရင်း ရသုံးမှာ သာမန်အသုံးစရိတ် ကျပ်သန်း(၇၅ ဒသမ ၃၁၁)နှင့် စာရင်းပြုစုထားတာတွေ့ရပါတယ်။ ကျွန်တော်တို့စစ်ဆေးတွေ့ရှိချက်တွေအရ နိုင်ငံတော်ကို ပေးရန်ငွေနှင့်ပေးသွင်းပေးမှုအခြေအနေတွေကိုလည်း ဝန်ကြီးဌာနအလိုက် အသေးစိတ်လေးတွေကို အမျိုးအစား(၃)မျိုးခွဲပြီးတော့ သာမန်အသုံးစရိတ်ကပေးသွင်းပြီးမှုအခြေအနေ၊ သာမန်ပြင်ဆင်ထိန်းသိမ်းစရိတ်မှ ပေးသွင်းရန်ငွေ ပြန်လည်ပေးသွင်းမှုအခြေအနေ ငွေလုံးငွေရင်းအသုံးစရိတ်ကနေ နိုင်ငံတော်ကို ပြန်လည်ပေးသွင်းဖို့ငွေနဲ့ ပေးသွင်းမှုအခြေအနေတွေကို ဝန်ကြီးဌာနအလိုက် ဇယားအလိုက်ဖော်ပြ ထားပေးပါတယ်။

သာမန်အသုံးစရိတ်ပိုမိုထုတ်ယူမှုထဲမှာ ရှမ်းပြည်နယ်တရားလွှတ်တော်ချုပ်ရုံး၊ ရှမ်းပြည်နယ်ရှေ့နေချုပ်ရုံး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုသီးနှံဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီး ဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊



D/real(wide) (5



အကျဉ်းဦးစီးဌာနက ၂၀၁၂-၂၀၁၃ မှာ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဘက်မှာ အကျုံးဝင်ပါတယ်။ ဆန်စျေးနှုန်းတွေ အကျဉ်းသားတွေ ကျွေးဖို့အတွက် ဖြစ်သင့်တာထက် စျေးနှုန်းပိုပေးပြီးဝယ်တယ်။ စာရင်းစစ်တွေက ဆန်စျေးနှုန်း **(Confirmation)** ပေါ့၊ ကုန်သွယ်မှုမြင့်တင်ရေးဌာန ရှမ်းပြည်နယ်ရုံးနှင့် ရှမ်းပြည်နယ်အစိုးရကို ဒေသတွေက နေ့စဉ်နှင့်အမျှတင်ပြတဲ့ ဆန်စျေးနှုန်းတွေနှင့် တိုက်ဆိုင်စိစစ်တဲ့အခါမှာ ရှမ်းတောင်မှာ ဧည့်မထဆန်တစ်အိတ်စျေးနှုန်းဟာ ဝယ်တဲ့အချိန်တုန်းက (၁၆၅၀၀)ကျပ် ဖြစ်ပြီးတော့ ဒေသစျေးနှုန်းထက် ဆန်တစ်အိတ်ကို ကျပ်(၂၈၅၀)ပိုမိုခဲ့တဲ့အတွက် ဆန်အိတ်ပေါင်း(၁၀၈၄၁)အိတ်အတွက် ကျပ်သန်း (၄၀ ဒသမ ၈၉၇)ပိုမိုထုတ်ယူခဲ့ကြောင်းတွေ့ရပါတယ်။

ထိုကဲ့သို့ပိုမိုပေးချေခဲ့ခြင်းအတွက် စီမံခန့်ခွဲမှုနည်းလမ်းအရ ထိရောက်စွာအရေးယူဆောင်ရွက် သင့်ကြောင်းအကြံပြုတင်ပြခဲ့ပါတယ်။ နောက်ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့် နောက်ထပ်အကျုံးဝင်တဲ့ဌာနတစ်ခု ဖြစ်တဲ့ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှာ သူများဌာနတွေထက် ထူးခြားပြီးတော့ အဲ့ဒီဌာနမှာ ၂၀၁၀-၂၀၁၁ ကနေပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး ပထမခြောက်လအထိကို ငှားရမ်းခအသုံးစရိတ် ကျပ်သန်း(၆၈ ဒသမ ၂၉၄) ကျခံသုံးစွဲခဲ့ပါတယ်။ ပြည်ထောင်စုရန်ပုံငွေကနေ ကျပ်သန်း(၁၇ ဒသမ ၈၉၉)သန်းနှင့် ပြည်နယ် ရန်ပုံငွေကကျပ်သန်း (၅၀ ဒသမ ၃၉၅)သန်း ကျခံခဲ့ပါတယ်။

ဒီငှားရမ်းခဆိုတာက ဝန်ထမ်းတွေကို အိမ်ငှားခတို့၊ ယာဉ်ငှားခတို့ လစဉ်ခံစားခွင့် ပြုထားခဲ့တာပါ။ တည်ဆဲစည်းမျဉ်းတွေအရ ဘယ်လိုမှ ဒီအိမ်ငှားခ၊ ယာဉ်ငှားခတွေခွင့်ပြုထားတာမဟုတ်တဲ့အတွက် ဝန်ထမ်းတွေ အတွက် ယာဉ်ငှားခတွေ၊ အိမ်ငှားခတွေ မှီတဲ့လကနေစပြီး ထုတ်ယူသုံးစွဲဖို့

လိုအပ်ကြောင်းဖော်ပြခဲ့ပါတယ်။နောက်မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာန ဒါကလည်းသာမန်ဘဏ်ကထုတ်ယူငွေ လွဲတဲ့ကိစ္စပါ။ မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာန၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ၊ လောက်ကိုင် မြို့နယ်မှာ ဖြစ်ပေါ်တာပါ။ ငွေထုတ်ကန့်သတ်ချက် အမှားအယွင်း ဖြစ်ပြီးတော့မှ ဘဏ်ကပိုထုတ်ငွေကျပ် (၂၇၄၆၅၀)ပေါ်ပေါက်ခဲ့ တာပါ။

ဒါကိုလည်းတာဝန်ရှိသူတွေက အလေးထားကြီးကြပ် ဆောင်ရွက်ဖို့လိုအပ်ကြောင်း မှာကြားခဲ့ပါတယ်။ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှာ အကျုံးဝင်ပြီးတော့မှ စစ်ဆေးခဲ့ရတဲ့ စစ်ဆေးချက် တွေက အရေးကြီးတဲ့ စစ်ဆေးတွေ့ရှိချက်တွေပါ။ ပထမဆုံး ရှမ်းပြည်နယ်ပညာရေးမှူးရုံး၊ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ ဘဏ္ဍာနှစ်ကုန်ခါနီး ဆိုချင်တာက ဘဏ္ဍာနှစ်ကုန်တဲ့နှစ် အဲ့ဒီမှာ ချက်တစ်စောင်နှင့်ငွေပေါင်း (၁၀၄)သန်း ကျော်ကျော် ထုတ်ယူခဲ့ ပါတယ်။ ငွေသားသိန်း(၅၀)ဘဲ ပါပြီးတော့မှ ကျန်တဲ့ငွေ(၉၉)သန်း ကိုတော့ ဘဏ်ကနေ လည်းငွေမပေးနိုင်ပါဘူး။

ဒါကြောင့်စာရင်းရှင်ထဲမှာ ခဏအသွင်းပြထားပါဆိုပြီးတော့ ဘဏ္ဍာရေးစည်းမျဉ်းနှင့် မညီညွတ်ဘဲ ဘဏ်ကအထွက်ပြ၊ စာရင်းရှင်ထဲမှာ အဝင်ပြထားပါတယ်။ (၅)သန်းကိုဘဲ အသုံးစရိတ်တွေ ရထားမှုဆိုပြီး ယူထားခဲ့ပါတယ်။ အဲတော့ ကျွန်တော်တို့က အသေးစိတ်ဆက်စပ်တဲ့ အသုံးစရိတ်ပြေစာနှင့် စစ်ဆေးတဲ့အခါကျမှ ပြည်တွင်းခရီးစရိတ် ပိုမိုထုတ်ပေးထားတာ ဘယ်လောက်သွားတွေ့လဲဆိုလျှင် ကျပ်(၃၆၁၄၀)၊ ပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ခရီးစရိတ်တွေအနေနှင့် ထုတ်ပေးတဲ့ငွေ ကတော့ (၁)သန်း(၆)သိန်း ပြီးတဲ့အခါ ပြေစာတစ်ခုနှင့် ထုတ်ယူထားတဲ့ သယ်ယူပို့ဆောင်စရိတ်တွေကတော့ ကျပ် (၁၀၁၀၆၄၀၀) ပြီးခဲ့တဲ့ဘဏ္ဍာနှစ်နှင့် ဘယ်လိုမှမသက်ဆိုင်တဲ့





စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေး ဦးစီးကော်မတီကပါ နိုင်ငံတော်ကို ပြန်လည်ပေးသွင်းဖို့ငွေတွေကျွန်တော်တို့စစ်ဆေး တွေ့ရှိရပါတယ်။

ပေးသွင်းပြီးစီးမှု အခြေအနေကိုလည်း အစီရင်ခံစာမှာ အသေးစိတ်ဖော်ပြထားပါတယ်။ အလားတူဘဲ သာမန်ပြင်ဆင် ထိန်းသိမ်းစရိတ်တွေ ပိုမိုထုတ်ယူမှုတွေပေါ်ပေါက်တဲ့ဌာနတွေက သမဦးစီးဌာန၊ အသေးစားစက်မှု လုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်နယ်အား ကစား နှင့်ကာယပညာ ဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးရပ်ရွာနှင့် အိုးအိမ်ဖွံ့ဖြိုး ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများဟာ သာမန်ပြင်ဆင် ထိန်းသိမ်းစရိတ်တွေ ဖြစ်သင့်တာ ထက်ပိုထုတ်တဲ့အတွက် ပြန်လည် ပေးသွင်းရတာတွေ အစီရင်ခံစာမှာ အသေးစိတ် ဖော်ပြထား ပေးပါတယ်။

ငွေလုံးငွေရင်းအသုံးစရိတ်တွေ ထုတ်ယူပြီးပြန်သွင်းရတဲ့ ဌာနတွေကတော့ ရှမ်းပြည်နယ် တရားလွှတ်တော်ချုပ်ရုံး၊ အကျဉ်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၊ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီ၊ နိုင်ငံတော်ကိုပြန်လည်ပေးသွင်းရန်ငွေ ပေးသွင်းပြီးစီးမှု အခြေအနေ များကို ရှင်းလင်းချက်တွေနှင့်တကွ အစီရင်ခံစာမှာ ဖော်ပြထား ပါတယ်။

နောက်တစ်ပိုင်းတင်ပြချင်တာက ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ အကျုံးဝင်တဲ့ဌာနတွေရဲ့ အရေးကြီးတဲ့ စစ်ဆေးတွေ့ရှိချက်တွေပါ။

အတွက် အားလုံးကို (၆-၉-၂၀၁၃)ရက်နေ့မှာ ပြန်လည်ပေးသွင်းသွားပါတယ်။ အလားတူ ကလောပညာရေးမှူးရုံးမှာ (၆၁)သိန်းလောက်ကို တစ်ခါတည်း ထုတ်ယူထားပြီးတော့ စာရင်းရှင်ထဲမှာသွင်းထားတယ်။ နောက်နှစ်ထဲမှ အသုံးစရိတ်တွေ ထုတ်ပေးပါတယ်။ အဲ့ဒီမှာတရားဝင်ခရီးစရိတ် တောင်းခံတင်ပြနိုင်ခြင်းမရှိဘဲတင်ပြထားတဲ့ ကျပ်(၂၃၈၁၇၄)ကို ပြန်လည်ပေးသွင်းစေခဲ့တဲ့အတွက် ဌာနဆိုင်ရာငွေထုတ် စာရင်းကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လမှာ ပြန်လည်ပေးသွင်းခဲ့ပါတယ်။

နောက်တစ်ခုက ကျန်းမာရေးဦးစီးဌာနမှာ ဖြစ်ပေါ်တဲ့ကိစ္စပါ။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်းမှာ စာရင်းစစ်ရုံးကနေစစ်ဆေးတဲ့အခါကျတော့ ပြီးပြည့်စုံအောင်တင်ပြနိုင်ခြင်းမရှိဘဲနဲ့ကျွန်တော့်ဆီတင်ပြလာပါတယ်။ဒါကြောင့် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီးတော့ ခရိုင်ကပါဆင်းခိုင်းပြီးတော့ စစ်ဆေးစေခဲ့တော့ထူးခြားချက်က ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်းမှာကျန်းမာရေး ဦးစီးဌာန၊ မဘိမ်းမြို့နယ် တာဝန်ခံဌာန အကြီးအကဲ(၃)ဦး တာဝန်ယူအလွှဲအပြောင်း လုပ်ခဲ့ပါတယ်။

ဒါပေမဲ့ အလွှဲအပြောင်းလုပ်ထားတဲ့ အထောက်အထားတွေ လုံးဝမတွေ့ရပါဘူး။ ငွေစာရင်းပိုင်းဆိုင်ရာ အကြီးတန်းစာရေးနှင့် စာရင်းကိုင်(၃)တို့ဟာ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလကတည်းက လစ်လပ်နေပါတယ်။ ဝန်ထမ်းရေးရာဝန်ထမ်း(၂)ဦးကလည်း (၆-၃-၂၀၀၆) ရက်နေ့ကတည်းက လစ်လပ်နေပါတယ်။ ငွေစာရင်းနှင့် လုပ်ငန်းရေးရာတွေကို အငယ်တန်းလက်နှိပ်စက်ဝန်ထမ်းကိုဘဲ တာဝန်ပေးဆောင်ရွက်စေခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီကနေပြီးတော့ ၂၀၁၃ ခုနှစ်၊ မတ်လအထိ ဌာနဆိုင်ရာစာရင်းတွေ ၂၀၁၂ -၂၀၁၃နှင့် သက်ဆိုင်တဲ့နှစ်ချုပ်စာရင်း ရစသ(၆) ဆွဲထားမှုမရှိပါဘူး။



D/real(wide) (5



(၆၀)ကီလိုဂရမ် ဆက်ချို(၃၄၈)ကီလိုဂရမ်ကို စာရင်းရေးသွင်းမှု၊ လက်ခံရရှိပြီးတဲ့နောက် အထက်အဆင့်ကို တင်ပြထားမှုမရှိဘူး။ ဘယ်လိုဖြစ်သွားလဲ မေးတဲ့အခါကျတော့ ဆေးဝါးအဖြစ် အသုံးပြုဖို့ ပြာချပြီးတော့ အအေးခံထားစဉ်မှာ မိုးရွာချတဲ့အတွက် ဆေးဝါးအဖြစ် စီမံခန့်ခွဲခွင့်မပြုနိုင်ကြောင်း ဖြေကြားခဲ့ပါတယ်။ အဲ့ဒီတော့ ပြာချတာဘယ်နေ့တုန်း၊ မိုးရွာတာဘယ်နေ့တုန်း ပြန်ကြားပေးပါ။ အထက်အဖွဲ့အစည်းကိုလည်း တင်ပြထားမှုရှိသလား မေးမြန်းတဲ့အခါ တင်ပြထားခြင်းမရှိတဲ့အတွက် ပြည်နယ်တိုင်းရင်းဆေးပညာဌာနကိုလည်း ကျွန်တော်တို့ အကြောင်းကြားပါတယ်။

လောလောဆယ်သိရတဲ့ သတင်းအချက်အလက်တွေအရ တိုင်းရင်းဆေးပညာဦးစီးဌာန ရုံးချုပ် ကနေလည်း စုံစမ်းစစ်ဆေးရေးအဖွဲ့တွေ၊ ပီအီးအဖွဲ့တွေ၊ ဒီအီးအဖွဲ့တွေ စစ်နေတယ်လို့ကြားပါတယ်။ နောက်ပြည်ထောင်စုဘဏ္ဍာငွေ စာရင်းမှာပဲအကျုံးဝင်တဲ့ ကညနလို့အကျုံးဝင်တဲ့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဌာနဆိုင်ရာရငွေတွေ ကျွန်တော်တို့စစ်ဆေးခဲ့ပါတယ်။ စစ်ဆေးခဲ့တဲ့အခါကျတော့ ဌာနဝင်ငွေနှင့်ဆက်စပ်ပြီးတော့ ရလာတဲ့ငွေတွေကို ဝန်ထမ်းသက်သာချောင်ချိရေးထဲကို ပေးသွင်းခဲ့ပါတယ်။

ဘာတွေလည်းဆိုလျှင် ဟိုလိုဂရမ်နံပါတ်ပြားအဝိုင်း၊ ကားလိုင်စင်တို့မှာ ဟိုလိုဂရမ်လေးတွေ ကပ်ရပါတယ်။ အဲ့ဒီအတွက် ရငွေဟိုလိုဂရမ်အရောင်းအဝယ်လုပ်တာ၊ ရောင်ပြန်ပြားအရောင်းအဝယ်နှင့် ဖောင်းကြွတံဆိပ် အရောင်းအဝယ်လုပ်တဲ့လုပ်ငန်းများမှ ရတဲ့ငွေပေါင်းက (၃၀၁ ဒသမ ၉၆၆)သန်းအားလုံးဝန်ထမ်းသက်သာရန်ပုံငွေအတွက် ထည့်တယ်။ ပြီးတော့မှအဲ့ဒီလုပ်ငန်းတွေအတွက် အသုံးစရိတ်ကိုလည်း ဝန်ထမ်း

သက်သာမှ ထုတ်ယူသုံးစွဲငွေ(၂၀၈ ဒသမ ၈၉၈)သန်း၊ ဒါကြောင့်အမြတ်ကျပ်သန်း (၉၃ ဒသမ ၀၆၈)သန်းကျန်ပါတယ်၊ ရငွေတွေကပြည်သူလူထုထံမှ ကောက်ခံရရှိမှုဖြစ်ပြီးတော့ ဌာနစာရင်းကို ပေးသွင်း မှုမရှိခြင်းမရှိတဲ့ဟာ ဘဏ္ဍာရေးစည်းမျဉ်းနှင့် ကိုက်ညီမှုမရှိတဲ့အတွက် ရငွေအားလုံးကို ကိုယ့်ဌာနစာရင်းသို့ ပေးသွင်းပြီးတော့ အသုံးစရိတ်တွေကိုလည်း ဌာနစာရင်းက ထုတ်ယူသုံးစွဲသင့်ပါကြောင်းနှင့် ဝန်ထမ်းသက်သာ ရန်ပုံငွေ စာရင်းပိတ် လက်ကျန်တွေကြည့်လိုက်တော့ ၂၀၁၃ ခုနှစ် မတ်လ ၃၁ ရက်နေ့မှာ ကျပ်သန်း (၃၂၄ ဒသမ ၄၄၂)သန်း ရှိနေတဲ့အတွက် ဒါတွေကလည်း လုပ်ငန်းနှင့် ဆက်စပ် ဆက်နွယ်ပြီးတော့ ဆောင်ရွက်တဲ့ လုပ်ငန်းတွေ ရငွေတွေဖြစ်တဲ့အတွက် ဌာနငွေစာရင်းကို ပြန်လည်ပေးသွင်းသင့်ကြောင်း အကြံပြုခဲ့ပါတယ်။

လောလောလတ်လတ် (၂၃၅)သန်းကတော့ ဌာနစာရင်းကိုဝင်သွားပါပြီ။ ကျန်တဲ့ငွေကတော့ သေချာ တွက်ချက်ဆဲ ဖြစ်ပါတယ်။ နောက်တစ်ခု ဒါကလည်း ပြည်ထောင်စု ရန်ပုံငွေက သုံးတဲ့ကိစ္စပါ။ ကျေးလက် ဖွံ့ဖြိုးရေးဦးစီးဌာနရုံးချုပ်ရဲ့ ငွေလုံးငွေရင်းရန်ပုံငွေအနေနှင့်ဆောင်ရွက်တဲ့ လုပ်ငန်းတွေပါ။ ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်တဲ့ ကျေးလက်လမ်းတံတား လုပ်ငန်း၊ ရေပေးရေးလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်း၊ စံပြအိမ်ယာ တည်ဆောက်ရေး လုပ်ငန်းတွေကို စစ်ဆေးတဲ့နေရာမှာ တစ်ခုချင်း အောက်မှာ ဖော်ပြပေးထားပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်း (၁၅)မြို့နယ်မှာ ကျေးလက်လမ်း တံတားလုပ်ငန်း(၁၄)ခု၊ ရေပေးရေး လုပ်ငန်း (၁၁)ခုအတွက် လုပ်ငန်းတန်ဖိုး ကျပ်သန်း(၁၆၂၄ ဒသမ ၀၆၀)ကို ဂရိတ်ဖိုက် ဆိုတဲ့ကုမ္ပဏီကို အပ်နှံဆောင်ရွက် စေခဲ့ပါတယ်။ အသေးစိတ် စံနှုန်းတွေ ဒေသဈေးနှုန်းတွေနှင့် တိုက်ဆိုင်စစ်တော့ ပိုထုတ်ငွေဟာ



D/real(wide) (5



၂၀၁၂-၂၀၁၃ တစ်နှစ်လုံးအတွက် ပြေစာတင်ပြနိုင်ခြင်းမရှိတဲ့ ထုတ်ယူငွေဟာ ကျပ်(၁၀၉၃၂၆၈)ဖြစ်ပါတယ်။ ကျေးလက် ကျန်းမာရေးဌာနတွေအတွက် ထုတ်ထားတဲ့ငွေတွေ စုစုပေါင်း ကျပ်(၉၀၀၀၀) ကိုလည်း ကျေးလက်ကျန်းမာရေးဌာနကနေ ထုတ်ပေးခြင်းမရှိပါဘူး။ နောက်ခရီးစရိတ်တွေ ထုတ်ယူတဲ့ နေရာမှာလည်း စနစ်တကျဆောင်ရွက်ထားခြင်း မရှိပါဘူး။ စစ်ဆေးတွေ့ရှိချက်တွေအရ ပြန်လည်ပေးသွင်းဖို့ ဆိုပြီးတော့ရေး လိုက်တဲ့အတွက် ငွေပေါင်း(၁၀၁၈၃၂၈၆)ကျပ်ကို ပြန်လည်ပေးသွင်း ခဲ့ပြီးလစ်လပ်နေတဲ့ ဝန်ထမ်းတွေအတွက် အမြဲတမ်းဝန်ထမ်းများ မခန့်ထားမီ နေ့စားဝန်ထမ်းခန့်ထားပေးဖို့ ကျန်းမာရေးဝန်ကြီးဌာန ရုံးချုပ်ကို တင်ပြ ဆောင်ရွက်ပြီးတော့ ငွေစာရင်းကိစ္စတွေအတွက်ကို မိုးမိတ်မြို့နယ် ကျေးလက်ဦးစီးဌာနကနေ အကြီးတန်း စာရေး (၁)ယောက် တွဲဘက်တာဝန်ချထားကြောင်း တွဲဘက်ပြည်နယ် ကျန်းမာရေးဦးစီးဌာန လားရှိုးကနေပြီးတော့ တင်ပြထားပါတယ်။

နောက်တာချီလိတ်တိုင်းရင်းဆေးကုဌာနကို ဆက်စပ်စစ်ဆေး ပါတယ်။ သစ်တောဦးစီးဌာနကို ၂၀၁၂-၂၀၁၃ ဒုတိယခြောက်လ အတွက် စာရင်းစစ်ဆေးတဲ့အခါ ဖမ်းဆီးသစ်ခွ(၆၀)ကီလိုဂရမ်နှင့် ဆတ်ချို (၃၄၈)ကီလိုဂရမ်ကို တာချီလိတ်တိုင်းရင်းဆေးကုဌာနကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှာ လွှဲပြောင်းပေးအပ် ခဲ့ကြောင်း တွေ့ရပါတယ်။ သို့ပေမဲ့လည်း အဲဒီအချိန်က တာချီလိတ် တိုင်းရင်းဆေးကုဌာနကို စစ်ပြီးဖြစ်နေတော့ ဆက်စပ်စစ်ဆေးနိုင်ခဲ့ခြင်း မရှိပါဘူး။ နောက်တစ်ကြိမ် တာချီလိတ်တိုင်းရင်းဆေးကုဌာနကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမခြောက်လ စာရင်းစစ်ဆေးတဲ့အခါ စောစောပိုင်းကစာရင်းနှင့် ဆက်စပ်စစ်ဆေးပါတယ်။

ပစ္စည်းတွေလက်ခံရရှိမှု ရှိ/မရှိ စစ်ဆေးခဲ့ပါတယ်။ တာချီလိတ်တိုင်းရင်းဆေးကုဌာနက လွှဲပြောင်း ရရှိတဲ့ဖမ်းဆီးသစ်ခွ

ကျပ်(၄၀၈၀၉၆၉၃)တွေ့ပါတယ်။ လုပ်ငန်းဆောင်ရွက်မှုကို မျက်မြင်တိုင်းတာကွင်းဆင်းစစ်ဆေးတဲ့ အခါ လျော့နည်းတဲ့ တန်ဖိုးဟာ ကျပ်(၅၀၂၅၅၉၈၄)ပေါင်း စုစုပေါင်းဒီနှစ်ရပ် (၁၀၁၅၀၂၆၇၇) ပြန်လည် ပေးသွင်းစေခဲ့ပါတယ်။

ဒါကိုလည်း (၇-၁၁-၂၀၁၃)ရက်နေ့မှာ ရုံးချုပ်ရဲ့ ငွေထုတ်စာရင်းကို ချလံနှင့်ပေးသွင်းပြီးကြောင်း ပြန်ကြားလာပါတယ်။ ရှမ်းပြည်နယ် အရှေ့၊ တောင်၊ မြောက် မြို့နယ်(၁၃) မြို့နယ်မှာ ကျေးလက်လမ်းတံတား(၂၄)ခု ရေပေးရေးလုပ်ငန်း (၁၁)ခု၊ လုပ်ငန်းတန်ဖိုးကျပ်သန်း(၂၃၃၉ ဒသမ ၄၉)ကို **KZEN** ကုမ္ပဏီကို အပ်နှံဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းဆောင်ရွက်မှုမရှိတဲ့ လုပ်ငန်းတန်ဖိုး (၅၄၂၈၁၀)ကို ပြန်လည်ပေးသွင်းစေခဲ့ကာ ရုံးချုပ်စာရင်းထဲမှာ ၂၀၀၃ ခုနှစ် ဩဂုတ်လ စာရင်းထဲမှာ ပြန်လည်ပေးသွင်းပြီးကြောင်း သိရပါတယ်။

ဒါ့အပြင် **KZEN** လုပ်ငန်းကဆောင်ရွက်တဲ့လမ်းတံတား အနက် ကျိုင်းတုံမြို့နယ် ပွေးဟုံနှင့် ဝမ်ဟင်လမ်းကတ္တရာခင်းခြင်း (၁ ဒသမ ၅)မိုင်၊ ရေနုတ်မြောင်း၊ လမ်းပခုံးချဲ့ခြင်း(၆)မိုင် ဒါတွေဆောင်ရွက်ဖို့ ကျန်နေတာဖြစ်တဲ့အတွက် ဝမ်ဆုံလမ်းဆုံနှင့် နောင်ကုန်းလမ်းကတ္တရာခင်းခြင်း၊ လမ်းပခုံးချဲ့ဖို့(၁ဒသမ ၅)မိုင် ကျန်ရှိတာ ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်စေခဲ့ပါတယ်။ ၂၀၁၃ စက်တင်ဘာ ၁၀ ရက်နေ့ ကွင်းဆင်းစစ်ဆေးတော့ အားလုံးပြီးစီးကြောင်း တွေ့ရှိရပါတယ်။ ဒီကာလအတွင်းမှာ အထက်ကတင်ပြခဲ့တဲ့ စစ်ဆေးရေးလုပ်ငန်းတွေ အပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက တာဝန်ပေးတဲ့အတွက် စစ်ဆေးခဲ့ရတဲ့ အဖွဲ့အစည်းတွေရဲ့ စစ်ဆေးတွေ့ရှိ ချက်တွေကို အစီရင်ခံစာထဲမှာ အသေးစိတ်ဇယားနှင့် ဖော်ပြထားပါတယ်။





၂၀၁၂-၂၀၁၃ ခု၊ ဒုတိယခြောက်လပတ်အတွင်းမှာ ခြောက်လပတ်လုပ်ငန်းညှိနှိုင်း အတွေ့အကြုံတွေကို ရှမ်း/တောင်မှာ လင်းခေးခရိုင်မှာ မေလ ၂ ရက်နေ့မှာ၊ လွိုင်လင်ခရိုင်မှာ မေလ ၃ ရက်နေ့မှာ၊ တောင်ကြီးခရိုင်နှင့် ရှမ်းပြည်နယ် စာရင်းစစ်ချုပ်ရုံးအတွက် ကျွန်တော်တို့ စာရင်းစစ်ချုပ်ရုံးမှာဘဲ မေလ ၆ ရက်နေ့မှာ ရှမ်းအရှေ့ ဒေသတွေအတွက် ကျိုင်းတုံခရိုင်မှာ မေလ ၁၀ ရက်နေ့မှာ၊ တာချီလိတ်ခရိုင်မှာ မေလ ၁၁ ရက်နေ့မှာ ရှမ်းမြောက် **Royalty Fee** ခရိုင်အတွက် ကျောက်မဲဒေသ အတွက် မေလ ၂၁ ရက်နေ့မှာနှင့် လားရှိုးခရိုင်မှာ မေလ ၂၂ ရက်နေ့ မူဆယ်ခရိုင်မှာ မေလ ၂၃ ရက်နေ့မှာ သွားရောက်ပြီးတော့ (၆)လပတ် လုပ်ငန်းညှိနှိုင်း အစည်း အဝေးတွေ ထပ်ဆင့် ရှင်းလင်းတယ်။

ပြီးတော့လုပ်ငန်းဆိုင်ရာ လိုအပ်မှုတွေ၊ လမ်းညွှန်မှုတွေ ဆောင်ရွက်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ မြို့နယ်ရုံးအရောက်ဆင်းတာ ကတော့ ရွာငံ၊ ကလော စာရင်းစစ်ရုံးတွေကို ဩဂုတ်လ ၁၆ ရက်နေ့မှာ ဖယ်ခုံ၊ ပင်လောင်းစာရင်းစစ်ရုံးတွေမှာ ဩဂုတ်လ ၁၉ ရက်နေ့မှာ ရုံးလုပ်ငန်းစစ်ဆေးကြီးကြပ်ခဲ့ပါတယ်။ ဝန်ထမ်းတွေကို လည်းလိုအပ်တဲ့ လမ်းညွှန်မှုတွေပြုလုပ်ခဲ့ပါတယ်။ နောင်ချိုကတော့ မေလ ၂၁ ရက်နေ့မှာ လဲချားကတော့ ဇူလိုင်လ ၁၀ ရက်နေ့မှာ သွားခဲ့ပါတယ်။

လဲချားသွားတဲ့ကိစ္စကတော့ စာရင်းစစ်ရုံးအဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြီးကြပ် စစ်ဆေးတာပါ။ ဒါ့အပြင် မေလ ၂၅ ရက်နေ့မှာ ရပ်စောက်မြို့နယ်မှာ ဝန်ထမ်းနေအိမ်မီးလောင်မှု ဖြစ်ခဲ့တဲ့အတွက် မီးလောင်မှုကို ကြည့်ရှုစစ်ဆေးပြီးတော့မှ မီးလောင်တဲ့ဝန်ထမ်း(၆)ဦးကိုလည်း ထောက်ပံ့ပေးပြီးတော့ အားပေးစကား ပြောကြားခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာ စာရင်းစစ်ရုံးတွေ၊ ခရိုင်စာရင်းစစ်ရုံးတွေ၊ မြို့နယ်စာရင်းစစ်ရုံး စသည်ဖြင့် အများကြီးဖွင့်ထားတဲ့အထဲမှာ စုစုပေါင်းရုံးအဆင့်ဆင့် (၅၂)ရုံး ဖွင့်ထားပါတယ်။

(၄၄)ရုံးကတော့ ကိုယ်ပိုင်အဆောက်အဦထဲမှာ ဖွင့်ထားတာဖြစ်ပြီးတော့ ရှမ်းပြည်နယ်စာရင်းစစ် ချုပ်ရုံးအပါအဝင် စာရင်းစစ်ရုံး(၆)ရုံးကတော့ အခြားဌာနပိုင်အဆောက်အဦတွေမှာ အခမဲ့ငှားရမ်းဖွင့်လှစ်ထားပါတယ်။ နောက်စာရင်းစစ်ရုံး (၂)ရုံးကတော့ အခပေးငှားရမ်းဖွင့်လှစ်ထားတဲ့ရုံးတွေ ဖြစ်ပါတယ်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် အဆောက်အဦမှာ အခမဲ့ငှားရမ်းဆောင်ရွက်နေတဲ့ ကွန်ဟိန်းမြို့နယ် စာရင်းစစ်ရုံးနှင့် အခပေးငှားရမ်းဆောင်ရွက်နေတဲ့ သီပေါမြို့နယ်စာရင်းစစ်ရုံး ဒီရုံးအဆောက်အဦ (၂)လုံးကိုတော့ ၂၀၁၄-၂၀၁၅ အမျိုးသား စီမံကိန်းထဲမှာ ထည့်သွင်းလျာထားပြီးတော့မှ ငွေလုံးငွေရင်း အသုံးစရိတ်ကို ၂၀၁၄-၂၀၁၅ ရသုံးမှန်းခြေစာရင်းမှာ တောင်းခံ ဆောင်ရွက်ထားပါတယ်။ ငွေလုံးငွေရင်းတောင်းခံငွေကတော့ ကွန်ဟိန်းမြို့နယ် စာရင်းစစ်ရုံး ဆောက်ဖို့အတွက်က ကျပ်(၃၂)သန်း ဖြစ်ပြီးတော့မှ သီပေါစာရင်းစစ်ရုံးနှင့် ဝန်ထမ်းအိမ်ယာဆောက်ဖို့ အတွက် (၄၁ဒသမ ၂၄၀)သန်း ဖြစ်ပါတယ်။

နိဂုံးအနေဖြင့် တင်ပြချင်တာကတော့ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ချုပ် ရုံးအသီးသီးက ပြည်နယ် စာရင်းစစ်ချုပ်ရုံးရဲ့ ကြီးကြပ်မှု ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ လမ်းညွှန်မှု၊ လုပ်ငန်းလမ်းညွှန်ချက်တွေအပေါ်မှာ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်ရုံးရဲ့ အနီးကပ်ကြီးကြပ်ဆောင်ရွက်မှုတွေနှင့် စစ်ဆေးရေးလုပ်ငန်းတွေကို အကောင်ထည်ဖော် ဆောင်ရွက်လျက် ရှိပြီး ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ အခါအားလျော်စွာ ပေးအပ်တဲ့စစ်ဆေးရေးတာဝန်တွေကိုလည်း





ဝန်ကြီးဌာန(၁၀)ခုအတွက် စစ်ဆေးရေးလုပ်ငန်းပေါင်း (၂၁)ခု ဆောင်ရွက်ပေးခဲ့ရပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ တာဝန်ပေးချက် အရ တောင်ကြီးဗိဝိတဒါနသံဃာ့ဆေးရုံစာရင်းကို စစ်ဆေးခဲ့ပါတယ်။ အစီရင်ခံတဲ့ကာလအတွင်းမှာ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးကို အခြားတိုင်းဒေသကြီး ပြည်နယ်စာရင်းစစ်ချုပ်တွေက ဆက်စပ် စစ်ဆေးပေးဖို့ အကြောင်းပြချက်တွေအရ စစ်ဆေးရေးလုပ်ငန်း ဆောင်ရွက်မှုကိုလည်း အစီရင်ခံစာမှာ သီးခြားဇယားနှင့် ဖော်ပြထား ပါတယ်။ ဝန်ကြီးဌာန(၆)ခုအတွက် စစ်ဆေးရေးလုပ်ငန်း(၁၀)ခု စစ်ဆေးခဲ့ပါတယ်။

ရန်ကုန်တိုင်းနှင့်မန္တလေးတိုင်းရဲ့ မေတ္တာရပ်ခံချက်တွေကြောင့် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါကျွန်တော့်ရုံးရဲ့ ရသုံးမှန်းခြေ ဘတ်ဂျတ်ခွင့်ပြုငွေ ၂၀၁၃-၂၀၁၄ အခုအစီရင်ခံတဲ့ကာလကို ဆိုလိုတာပါ။ ပြည်နယ်စာရင်းစစ်ချုပ်ရုံးရယ်၊ ခရိုင်စာရင်းစစ်ရုံးတွေ၊ မြို့နယ်စာရင်းစစ်ရုံးတွေအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်းမှာ သာမန်နှင့်ငွေလုံးငွေရင်း အသုံးစရိတ် ခွင့်ပြုငွေနှင့် သုံးစွဲမှု အခြေအနေတွေကို ဇယားနှင့်ဖော်ပြထားပါတယ်။ သာမန် အသုံးစရိတ်များ ခွင့်ပြုငွေက (၄၄ဒသမ ၇၁)ရာခိုင်နှုန်း သုံးစွဲပြီးဖြစ်ပါတယ်။

ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း (၄၄ဒသမ ၉၁၉) ကိုလည် ကျွန်တော်တို့ရုံးအတွက် ပရိဘောဂ ကျပ်သန်း (၁၅ဒသမ ၀၈၂)နှင့် လဲချားမြို့နယ်စာရင်းစစ်ရုံး ဆောက်လုပ်ခြင်းလုပ်ငန်း ကျပ်သန်း (၂၉ဒသမ ၈၃၇) သုံးစွဲပြီး တော့မှ သုံးစွဲမှုတွေကိုလည်း ကော်မတီနှင့် ဖွဲ့စည်းဆောင်ရွက်စေခဲ့ပါတယ်။ ကျွန်တော့်အနေဖြင့် ဒေသစာရင်းစစ် ရုံးတွေကို ကွင်းဆင်းကြီးကြပ်မှုကိုလည်း အစီရင်ခံစာမှာ အသေးစိတ်ဖော်ပြထားပါတယ်။

ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်များသိစေရန် အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မနက်ဖြန် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ အင်္ဂါနေ့ နံနက်(၁၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

အားလုံးကို ကျေးဇူးတင်ပါတယ်။





ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးဒုတိယနေ့မှာ လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို (၁၂၃)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏ (၈၇ ဒသမ ၈၆)ရာခိုင်နှုန်း ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ (ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်

ဆိုင်ရာ နည်းဥပဒေ (၃၅)၊ နည်းဥပဒေခွဲ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်းကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့အစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ် အတိုင်း ဆက်လက်ကျင်းပ ပြုလုပ်သွားမှာဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ (၄၄)၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ် များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း၊ ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမတက်ရောက် နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။



D/real(wide) (5



# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အဌမပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှတ်တမ်း

**၁၃၇၅ ခုနှစ်၊ နတ်တော်လကွယ်**

**၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်**

[ **အင်္ဂါနေ့** ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေး ခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အဌမပုံမှန် အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးစိန်အုပ်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနက ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဌမပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့်

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦးရှိပြီး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦး၊ ဒီကနေ့ခွင့်ပန်ကြားသူမရှိပဲ ယခင်နေ့က ခွင့်ပန်ကြားသူ (၂)ဦး တက်ရောက်တဲ့အတွက် စုစုပေါင်း ခွင့်ပြုထားသူ (၁၇)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က အတည်ပြုပါသည်။ ]**

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်အရ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြား ပေးပါရန် ဖိတ်ခေါ်ပါတယ်။





လူမှုအဆင့်အတန်းမြင့်မားလာရေးနှင့် ဆင်းရဲချမ်းသာကွာဟမှု လျော့ပါးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး တို့ကို ရည်ရွယ်၍ ၂၀၁၁ ခုနှစ်၊ မတ်လ (၃၀)ရက်မှ စတင်သည့် အစိုးရသစ်လက်ထက်တွင် ဒေသန္တရဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁) ဘဏ္ဍာနှစ်ထိ (Regional Comprehensive Development Plan ) RCDP ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်ရေးဆွဲ ဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါစီမံကိန်းကို ငါးနှစ်စီ ကာလပိုင်းခြား၍ ဒေသန္တရ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်သည် ပထမကာလတို ငါးနှစ်စီမံကိန်း၏ တတိယနှစ် အဖြစ် ဆောင်ရွက်လျက် ရှိပါတယ်။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ စီးပွားရေးရာ ကော်မတီလက်အောက်ရှိ ပြည်ထောင်စုဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးများ ဦးဆောင်သည့် ဆပ်ကော်မတီ Delivery Unit (၁၁)ခုမှ ကဏ္ဍစီမံကိန်း၊ ဒေသစီမံကိန်းများနှင့် လိုက်လျော ညီထွေဖြစ်တဲ့ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Township Development Plan)များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ Delivery Unit များနှင့် ဆွေးနွေးညှိနှိုင်းပြီး (မူကြမ်း)များအား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလကုန်အပြီး ပြုစု တင်ပြရေးနှင့် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် စီမံကိန်းကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရန်ဖြစ်ကြောင်း လမ်းညွှန်ခဲ့ ပါတယ်။ သို့ဖြစ်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်များအတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (မူကြမ်း)ကို သက်ဆိုင်ရာ မြို့နယ်များမှ ရေးဆွဲပြီး ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ

(၂၉)ရက်တွင် စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီမှ စီးပွားရေးရာကော်မတီသို့ တင်ပြခဲ့ပါတယ်။

အဆိုပါ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း(မူကြမ်း)များအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လွှတ်တော်သို့ တင်ပြမည့် ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစီမံကိန်းများ၊ ရှမ်းပြည်နယ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် ဝန်ကြီးဌာနအသီးသီး၏ လုပ်ငန်းစီမံကိန်း လျာထားချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်ရန်၊ ကျေးလက်မီးလင်းရေးနှင့် ကျေးလက်ရေရရှိရေး ရှမ်းပြည်နယ်လွှတ်တော်သို့ တင်ပြပြီးသည့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ ကတိကဝတ်ဖြင့် ဆောင်ရွက်လိုသည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု လုပ်ငန်းများကို ထပ်မံဖြည့်စွက် ထည့်သွင်းပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း(မူကြမ်း-၂)အဖြစ် မြို့နယ်(၅၀) မြို့နယ်မှ ပြန်လည်ရေးဆွဲလျက် ရှမ်းပြည်နယ် အစိုးရအဖွဲ့ နယ်မြေတာဝန်ခံ ဝန်ကြီးများထံ ပေးပို့တင်ပြခဲ့ပါတယ်။ နယ်မြေတာဝန်ခံဝန်ကြီးများ၏ ကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် ထပ်မံထည့်သွင်းဖြည့်စွက်လိုသော လုပ်ငန်းစီမံကိန်းများကို လည်းကောင်း၊ ရေးဆွဲတင်ပြထားသည့် (မူကြမ်း-၂)အပေါ် အကြံပြုလမ်းညွှန်မှုများကို ခံယူပြီး မြို့နယ်များတွင် ဆက်လက် ရေးဆွဲမည် ဖြစ်ပါတယ်။

ယခုတင်ပြထားသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ လက်ဝယ်တွင် ရှိသော သက်ဆိုင်ရာ မြို့နယ် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (မူကြမ်း-၂)တွင် ပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ လုပ်ငန်းများကို မြို့နယ်အသီးသီးသို့ ကွင်းဆင်း ရောက်ရှိသည့် အချိန်တွင် မြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များ၊



D/real(wide) (6



**ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်။**

အားလုံးမင်္ဂလာပါခင်ဗျာ။ ယနေ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ရှမ်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စား နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား**

ဒီကနေ့ဆိုရင် နိုင်ငံတော်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကနေ ပေါ်ထွန်းလာတဲ့ လွှတ်တော်အဆင့်ဆင့်မှ ဥပဒေပြုရေး၊ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများမှ အုပ်ချုပ်ရေးနဲ့ ပြည်နယ်/ခရိုင်/မြို့နယ်/တရားရုံးများ၏ တရားစီရင်ရေးမဏ္ဍိုင်များဟာ သက်ဝင်လှုပ်ရှားဆောင်ရွက်လျက် ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင် ကူးပြောင်းရေးအစမှာ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ် အလေးထားဆောင်ရွက်နေပါတယ်။ လုပ်ထုံးလုပ်နည်းများ အကောင်အထည်ဖော်ရာမှာ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများကို ဟန့်တားသကဲ့သို့ မဖြစ်စေဘဲ နည်းမှန်လမ်းမှန်နဲ့ ကျင့်သုံးနိုင်အောင် ကူညီထိန်းကျောင်းပေးဖို့အတွက်သာ ရည်ရွယ်ပြီး ကြိုးစား လုပ်ဆောင်လျက် ရှိပါတယ်။

ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာနှင့် အညီ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများအားလုံး စားဝတ်နေရေး၊

စီမံခန့်ခွဲမှုကော်မတီများ၊ အထောက်အကူပြုကော်မတီများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံချပြဆွေးနွေးကာ စုပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါတယ်။ လွှတ်တော်အသီးသီး၏ ကိုယ်စားလှယ်များအနေဖြင့်လည်း မိမိမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတကြီးကလည်း မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများရေးဆွဲရာတွင် လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ဖော်ပြပါ ထည့်သွင်းဆောင်ရွက်မည့်လုပ်ငန်းများကို လမ်းညွှန်မှာကြားထားပြီး ဖြစ်ပါတယ်-

(၁) တိုင်းဒေသကြီး/ပြည်နယ်အားလုံး လျှပ်စစ်မီးသုံးစွဲနိုင်သည့် အိမ်ထောင်စုဦးရေ တိုးတက်ရရှိရေးဆောင်ရွက်ရန်။

(၂) တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သောက်သုံးရေ ခက်ခဲသော မြို့နယ်များတွင် ဖူလုံမှုရာခိုင်နှုန်း သိသာစွာတိုးတက်ရေး စီမံဆောင်ရွက်ရန်။

(၃) စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးဆောင်ရွက်သွားရန်၊ မျိုးလိုအပ်ချက် လုံလောက်စွာ ထုတ်လုပ်ဖြန့်ဝေနိုင်ရေး ဆောင်ရွက်သွားရန်။ တောင်သူများ အရင်းအနှီး လိုအပ်ချက် ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်သွားရန်။

(၄) စက်မှုဇုန်၊ SME လုပ်ငန်းများ သိသာစွာဖွံ့ဖြိုးရေးဆောင်ရွက်သွားရန်။

(၅) ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး အလေးထားဆောင်ရွက်ရန်။





( င ) တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ

ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့ကော်မတီသို့ တင်ပြရမည့်လုပ်ငန်းကိစ္စရပ်များကိုလည်း သတ်မှတ်ထားရှိပြီး ဖြစ်ပါတယ်။

ထို့အပြင် လွှတ်တော်ကော်မတီအသီးသီးက ဆိုင်ရာကဏ္ဍအလိုက် ဥပဒေပြုစုခြင်းနှင့် အစိုးရဌာနများ၏ လုပ်ငန်းကဏ္ဍများ ဆွေးနွေးခြင်းတို့ ပြုလုပ်ရာ၌ ဌာနကိုယ်စားလှယ်အချို့သာ သွားရောက်ဆွေးနွေးခဲ့ပြီး ပြန်လည်တင်ပြအကောင်အထည်ဖော်မှုအပိုင်းတွင် အားနည်းလျက်ရှိသောကြောင့် အစိုးရနှင့် လွှတ်တော် ဆက်ဆံဆောင်ရွက်မှု ပိုမိုအဆင်ပြေချောမွေ့စေရန် အစိုးရဆပ်ကော်မတီ ( Cabinet Sub Committee) များက သွားရောက်တွေ့ဆုံဆွေးနွေးပြီး၊ သက်ဆိုင်ရာအစိုးရအဖွဲ့ကော်မတီ ( Cabinet Committee)တွင် ပြန်လည်တင်ပြဆွေးနွေးညှိနှိုင်း၍ နိုင်ငံတော်သမ္မတထံ တင်ပြခြင်း၊ အစိုးရအဖွဲ့အစည်းအဝေးသို့ ဆက်လက်တင်ပြခြင်းများ ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။

အစိုးရအဖွဲ့ဆပ်ကော်မတီ ( Cabinet Sub-Committee) များသည် အစိုးရအဖွဲ့ တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအတွင်းလုပ်ငန်းကဏ္ဍအလိုက် သိသာထင်ရှားသောတိုးတက်မှု အကျိုးရလဒ်ရအောင် ဆောင်ရွက်ရာ၌ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များအကြား အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းရန်လည်းကောင်း၊ ပြည်တွင်းပြည်ပပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လူထုအခြေပြု အဖွဲ့အစည်းများနှင့်

လည်းကောင်း ပေါင်းစပ်ညှိနှိုင်းရေး ( Co-ordination) တာဝန် သာမက တိုးတက်မှုအကျိုးရလဒ်ရအောင် ဆောင်ရွက်ရာ၌ အတားအဆီး အခက်အခဲဖြစ်နေသည့် ပြဿနာကိစ္စရပ်များ ဖြေရှင်းကျော်လွှားနိုင်ရေး ညှိနှိုင်းဖြေရှင်းသည့် ( Delivery Unit) တာဝန်ယူဆောင်ရွက်ရန် ဖြစ်ပါတယ်။

ဒါကြောင့် အထက်ပါတာဝန်အရပ်ရပ်ကို မြေပြင်ဆင်း၍ အကောင်အထည်ဖော်နိုင်ရန် အစိုးရအဖွဲ့ ဆပ်ကော်မတီ ( Cabinet Sub-Committee)များအား ဖွဲ့စည်းခဲ့ပါတယ်။ အစိုးရအဖွဲ့ဆပ်ကော်မတီများဟာ လုပ်ငန်းကဏ္ဍအလိုက် ( Delivery Unit)အဖြစ်ပါ ပူးတွဲဆောင်ရွက်ရမည့်အပြင် လွှတ်တော်ကော်မတီအသီးသီးနှင့် ဆွေးနွေးညှိနှိုင်းရမည့် ကိစ္စရပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ပေါင်းစပ် ညှိနှိုင်းရမည့် ကိစ္စရပ်များအား အဖွဲ့စနစ်ဖြင့် လျင်မြန်သွက်လက် ထိရောက်စွာ ဆောင်ရွက်သွားရန်အတွက် အောက်ဖော်ပြပါအတိုင်း ( Delivery Unit) ပြည်ထောင်စုအစိုးရအဖွဲ့ ဆပ်ကော်မတီ များကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်-

(က) နိုင်ငံခြားရေးမူဝါဒကော်မတီ
-နိုင်ငံခြားရေးရာမူဝါဒဆိုင်ရာဆပ်ကော်မတီ

(ခ) စီးပွားရေးရာကော်မတီ

(၁) ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ

(၂) ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ

(၃) လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍ ဆပ်ကော်မတီ





(၆) ဘဏ်လုပ်ငန်းဖွံ့ဖြိုးရေး၊ ငွေကြေးဈေးကွက် တည်ငြိမ်ရေးအသေးစားချေးငွေ လုပ်ငန်းဖွံ့ဖြိုးရေး၊ နိုင်ငံခြားမှ ငွေကြေး၊ ချေးငွေ၊ ထောက်ပံ့ငွေများ လျင်မြန်ချောမွေ့စွာ စီးဆင်းဝင်ရောက်လာနိုင်ရေး လုပ်ငန်းအဖွဲ့များဖွဲ့၍ ဦးစားပေးဆောင်ရွက်ရန်။

(၇) သိသာစွာ တိုးတက်အောင် လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များဖွဲ့၍ ဆောင်ရွက်ရန်။

(၂၀-၁၁-၂၀၁၃)ရက်နေ့ နိုင်ငံတော်သမ္မတကြီး ပြောကြား ခဲ့သည့် မိန့်ခွန်း ယနေ့အချိန်တွင် မြန်မာနိုင်ငံ၌ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထိုသို့ ပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့်အတူ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲမှု လျော့ပါးရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည့် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ကြရန် လိုအပ်သည်ကို မှာကြားခဲ့ပြီး ဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ လုပ်ငန်းများဆောင်ရွက်တဲ့နေရာမှာ အောက်ဖော်ပြပါ ပြည်ထောင်စု အစိုးရအဖွဲ့ ကော်မတီ (၅)ရပ်နဲ့ ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါတယ်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့ နိုင်ငံခြားရေး မူဝါဒ ကော်မတီ

(ခ) စီးပွားရေးရာကော်မတီ

(ဂ) ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

(ဃ) လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကော်မတီ



D/real(wide) (6

(၄) မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ဆပ်ကော်မတီ

(၅) ဘဏ္ဍာရေး၊ ငွေရေးကြေးရေး၊ စီးပွားရေး ပူးပေါင်းညှိနှိုင်းရေးဆပ်ကော်မတီ

(၆) အခွန်အကောက်ဆိုင်ရာဆပ်ကော်မတီ

(၇) စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တု ဆိုင်ရာ ဆပ်ကော်မတီ

(၈) စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီ

(၉) အာဆီယံစီးပွားရေးအသိုက်အဝန်း ဆိုင်ရာ ဆပ်ကော်မတီ

(၁၀) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဆပ်ကော်မတီ

(၁၁) ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီ

(ဂ) ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

(၁) ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖွံ့ဖြိုးရေး ဆပ်ကော်မတီ

(၂) တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာဆပ်ကော်မတီ

(၃) အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ ဆပ်ကော်မတီ



D/real(wide) (6



အစိုးရအဖွဲ့ဆပ်ကော်မတီ ( Delivery Unit)များနှင့် ကဏ္ဍအလိုက်တိုးတက်အောင် ညှိနှိုင်းပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်သင့်သည့် ဦးစားပေးလုပ်ငန်းများကို တင်ပြဆောင်ရွက်လျက် ရှိပါတယ်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

ယနေ့ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသအသီးသီးတစ်ပြိုင်နက် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ရှေ့ဆက်ရမယ့် လုပ်ငန်းစဉ်(၇)ရပ် ဖြစ်သော ရေ၊ မီး၊ လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ငွေရေးကြေးရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ခရိုင်အဆင့်တွင် ခရိုင်စီမံခန့်ခွဲရေးကော်မတီများ၊ မြို့နယ်အဆင့်တွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်တွင် ရပ်ကွက်/ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ ဖွဲ့စည်း၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ၎င်းကော်မတီများမှ မိမိတို့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များ တင်ပြလာမှုအပေါ် ပြည်နယ်အဆင့်မှ ဖြေရှင်းပေးနိုင်သည့်ကိစ္စရပ်များအား သတ်မှတ်စည်းမျဉ်းစည်းကမ်းနဲ့အညီ သက်ဆိုင်ရာဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်း၍ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်လျှင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ ထပ်ဆင့်တင်ပြပေးလျက် ရှိပါတယ်။ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ ထူထောင်ရန် (၃)နှစ်တာကာလအတွင်း ဥပဒေပေါင်း (၅၀)ကျော် ပြဋ္ဌာန်းနိုင်ခဲ့ပြီး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးမဏ္ဍိုင်ကြီး(၃)ခု သက်ဝင်လှုပ်ရှား ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးအဖွဲ့မှလည်း ကြိုးစားဆောင်ရွက်ပေးရန် ဇယား(၂)ပါ ဖော်ပြချက်များကို လေ့လာသုံးသပ်ဥပဒေပြုပေးနိုင်ရန် လိုအပ်ပါတယ်၊ ယနေ့ ပြည်သူ့ဗဟိုပြု အုပ်ချုပ်ရေးအထောက်အကူပြုကော်မတီ အဖွဲ့ဝင်များသည် ပြည်သူ့ကိုယ်စားပြုသည့် မိမိတို့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို အဓိကထား လုပ်ဆောင်ကြသူများဖြစ်ရန် လိုပါတယ်။ အလားတူ လွှတ်တော် ကိုယ်စားလှယ်များသည်လည်း သက်ဆိုင်ရာမြို့နယ်တွင်ရှိသော ပြည်သူများက ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်များဖြစ်တဲ့အတွက် မြို့နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနဲ့ ပတ်သက်၍လည်းကောင်း၊ လူမှုစီးပွားရေးနဲ့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနဲ့ စပ်လျဉ်းသည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများနဲ့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက် သွားကြရန် အဓိကမှာကြားလိုပါတယ်။ ထိုကဲ့သို့ ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကအချက်(၃)ချက်အား သိရှိနားလည်ရန် လိုအပ်ပါတယ်။

(၁) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များကို သိရှိနားလည်ထားရန် လိုအပ်ပါတယ်။

(၂) အစိုးရဌာနဆိုင်ရာအသီးသီးအတွက် အစိုးရမှ ထုတ်ပြန်ထားသော လုပ်ပိုင်ခွင့်များအဖြစ် မြို့နယ်ဒေသအတွက် ပညာရေး၊ ကျန်းမာရေး၊ စီမံခန့်ခွဲရေးအပိုင်းများတွင် သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲများမှ မည်သို့ဆောင်ရွက်ပေးနိုင်သည်ကို သိရှိထားရန် လိုအပ်ပါတယ်။



D/real(wide) (6



(ယ) လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆပ်ကော်မတီ

(၁) ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆပ်ကော်မတီ

(၂) ဥပဒေကြမ်းဆိုင်ရာဆပ်ကော်မတီ

(၃) နိုင်ငံသားများ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆပ်ကော်မတီ

(၄) တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဆပ်ကော်မတီ

(၅) ကာကွယ်ရေးဆိုင်ရာဆပ်ကော်မတီ

(င) တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ

(၁) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆပ်ကော်မတီ

(၂) တိုင်းရင်းသားရေးရာဆပ်ကော်မတီ

(၃) အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာ ဆပ်ကော်မတီ

(၄) အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီ

(၅) မြေအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲမှု ဆပ်ကော်မတီ ( Land Use Management Sub-Committee)

အစိုးရအဖွဲ့ဆပ်ကော်မတီအသီးသီးနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှလည်း အလားတူ ဝန်ကြီးများ ဦးဆောင်သည့် ကဏ္ဍအလိုက် ( Delivery Unit) များဖွဲ့စည်းထားပြီး ပြည်ထောင်စု

(၃) နည်းဥပဒေ၊ ဥပဒေ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဘဏ္ဍာရေးတို့နဲ့ ပတ်သက်၍ နိုင်ငံတော်မှ ချမှတ်ထားသော ဆောင်ရွက်ရန်ဥပဒေများကို ထိခိုက်မှုမရှိစေရန် အဓိကအလေးထား ဆောင်ရွက်ရန်တို့ပဲ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုများမှာ အရေးကြီးဆုံးဖြစ်သော အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု အကောင်အထည်ဖော်ပေးနိုင်သော ကော်မတီများ ဖြစ်လာမည်ဖြစ်ပြီး၊ ပြုပြင်ပြောင်းလဲမှုဆိုရာတွင် နိုင်ငံတော်အနေနဲ့ နိုင်ငံရေးအရပြုပြင်ပြောင်းလဲမှုဆိုသည်မှာ ယခင်အုပ်ချုပ်ရေးစနစ်မှ ပါတီစုံဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ နိုင်ငံရေးရာ ပြောင်းလဲမှုအဖြစ် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အတွက် စီမံကိန်းကော်မတီအဖွဲ့များ ဖွဲ့စည်းပြီးဆောင်ရွက်ရမည့် လုပ်ငန်းပိုင်းကို စီမံကိန်းရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် မြို့နယ်/ခရိုင်၊ ပြည်နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီများအဆင့်ဆင့်မှ စီမံကိန်းအဆင့်ဖြင့် ဆောင်ရွက်သွားမည် ဆိုပါက လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအဖြစ် ကော်မတီအသီးသီးဖွဲ့စည်း ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက် ကောင်း ဆောင်ရွက်ခြင်းမပြုဘဲ အများနှင့် ပူးပေါင်းညှိနှိုင်း ဆွေးနွေးခြင်း၊ အချင်းချင်း အပြန်အလှန်လေးစားကူညီခြင်းစသည့် အခြေခံအချက်များပေါ်တွင် မူတည်၍ ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ကော်မတီအနေဖြင့် မြို့နယ်ရှိပြည်သူတို့၏ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု



D/real(wide) (6



**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

ယနေ့အချိန်သည် နိုင်ငံတော်သမ္မတကြီးမှ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် Working Group များ ဖွဲ့စည်းဆောင်ရွက်ရန်နဲ့ Working Level Meeting များပြုလုပ်ပြီး၊ ရလဒ်များကို အကောင်အထည်ဖော်ရန် လမ်းညွှန်ထားရှိပြီး ဖြစ်ပါတယ်။ ဒါကြောင့် ယခုမိမိတို့အတွက် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်ရမည့် နည်းလမ်းများ ညှိနှိုင်းရှာဖွေရေးအတွက် အချိန်ကိုက်တိုက်ဆိုင် နေပါတယ်။ မိမိတို့ ရှမ်းကုန်းပြင်မြင့်ဒေသသည် စိုက်ပျိုးရေးအတွက် ရာသီဥတုကောင်းမွန်ပြီး မြေသယံဇာတကောင်းမွန် ကြွယ်ဝသည့် အတွက် ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းလျက် ရှိပါတယ်။ သို့သော်လည်း ရာသီချိန်သီးနှံများ ဖြစ်သည့်အတွက် တာရှည်ထားသိုထိန်းသိမ်းရန် ခက်ခဲခြင်း၊ ဈေးကွက်သို့အချိန်မီပို့ရန် သယ်ယူစရိတ်ကြီးမားခြင်း၊ တန်ဖိုးမြင့် စားသောက်ကုန် ထုတ်လုပ်ရန် နည်းပညာနဲ့ အရင်းအနှီးမပြည့်စုံခြင်းတို့ကို ကြုံတွေ့နေရပါတယ်။

အကျိုးဆက်အနေဖြင့် စိုက်ပျိုးထုတ်လုပ်သူများမှာ အကျိုးအမြတ်ရရှိမှုနည်းပါးပြီး ရံဖန်ရံခါဆုံးရှုံးမှုများနဲ့ ကြုံတွေ့နေရတဲ့အတွက် ဒေသခံအများစုမှာ ဆင်းရဲနွမ်းပါးမှု သံသရာမှ ရုန်းမထွက်နိုင်ဘဲ ရှိနေရပါတယ်။ ဒါကြောင့် ဒေသ အလိုက် ဆင်းရဲနွမ်းပါးမှု လျှော့ချပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး စိုက်ပျိုးမွေးမြူ ထုတ်လုပ်မှုမှ စားသုံးသူဈေးကွက်အထိ Supply Chain ဖြစ်စဉ် တစ်လျှောက်တွင် အားသာချက်များ ရရှိလာအောင် အစိုးရနှင့် ပုဂ္ဂလိက Working Group များက ပူးပေါင်းဆွေးနွေး

အဖြေရှာပြီး ဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတကြီးမှ လမ်းညွှန်ထားပြီး ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် (၅၅)မြို့နယ်၊ မြို့နယ်ခွဲ (၂၉)ခု၊ မြို့ (၈၄)မြို့ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ မိမိတို့အစိုးရအဖွဲ့တစ်ခုတည်းအနေဖြင့် ဆောင်ရွက်လို့မရကြောင်း၊ ဒေသအသီးသီးရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်ဆင့်တွင် ဖွဲ့စည်းထားသော ကော်မတီများအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်မှသာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သော ပြည်နယ်တစ်ခုဖြစ်လာမှာ ဖြစ်ကြောင်း ပြောကြားရေး နိဂုံးချုပ်အပ်ပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့မှာ ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ် လွှတ်တော်သို့ ပြောကြားသွားသော မိန့်ခွန်းကိုတိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (ဂ)အရ ရှမ်းပြည်နယ် လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေငြာပါတယ်။



D/real(wide) (6



ကော်မတီအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်သွားရမှာဘဲ ဖြစ်ပါတယ်။ မြို့နယ်အတွင်းရှိ စီမံခန့်ခွဲရေးကော်မတီအောက်ရှိ ဖွဲ့စည်းထားသော ကော်မတီအနေဖြင့် နိုင်ငံခြားအကူအညီ အထောက်အပံ့များ ရရှိပါက မိမိတို့၏ မြို့နယ်အတွင်း မည်သို့ လုပ်ကိုင်ဆောင်ရွက်သွားမည်ကို ကော်မတီအားလုံး တွေ့ဆုံညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ထားရမည် ဖြစ်ပါတယ်။ ယခု ခရိုင်/မြို့နယ်၊ ရပ်ကွက်/ကျေးရွာအဆင့်တွင် ဖွဲ့စည်းထားသော ကော်မတီအဖွဲ့ဝင် များအား ရွေးချယ်ရာတွင်လည်း ပြည်သူအကျိုးကို သယ်ပိုးနိုင်သည့် ပုဂ္ဂိုလ်များဖြစ်ပြီး၊ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲမထားဘဲ ရွေးချယ်ရန် လိုပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစတဲ့ အချက်များ ပြည့်စုံဖို့ဖိုပါတယ်။ သို့မှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဖွဲ့စည်းထားသော ကော်မတီအသီးသီးမှ နိုင်ငံ့ဝန်ထမ်းနဲ့ မြို့မိမြို့ဖများ တစ်လလျှင်(၂)ကြိမ် အနည်းဆုံးတွေ့ဆုံရန် လိုအပ်ပါတယ်။ လာမဲ့ ၂၀၁၅-၂၀၁၆ ခုနှစ်မှစ၍ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် လိုအပ်သော ဝန်ထမ်းများကိုလည်း မိမိဒေသတွင်ရှိသည့် ဒေသခံများကိုသာ ခန့်အပ်တာဝန်ပေးအပ်မှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တွင် မြို့နယ် (၅၅)မြို့နယ်၊ မြို့နယ်ခွဲ (၂၉)ခု၊ မြို့ (၈၄)မြို့ရှိပြီး အားလုံး တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးတိုးတက်ရန်မှာ မဖြစ်နိုင်သည့် အတွက် ဦးစားပေးကဏ္ဍ၊ ဦးစားပေးနေရာ၊ ဦးစားပေးအစီအစဉ် အလိုက်ခွဲခြား၍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို လျာထားဆောင်ရွက် ရမှာ ဖြစ်ပါတယ်။ ၎င်းလိုအပ်ချက်များကို ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာရန်ပုံငွေရရှိရေးအတွက် လွှတ်တော်တွင် တင်ပြ ဆောင်ရွက်ပေးသွားမှာဘဲ ဖြစ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ် (၆)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်များမှ တာဝန်ရှိပုဂ္ဂိုလ်က ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပထမဦးစွာ သီပေါမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းစိန်ဝင်းက မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်ဝင်းဖြစ်ပါတယ်။ မြေပုံစံ လန (၃၉)၊ မြေပုံစံ (၁၀၅)နှင့် အိမ်မြေဂရန်စသော မြေပုံစံများကို ဥပဒေအရ ပြည်သူလူထုများ ထိုက်တန်လွယ်ကူစွာ ရယူပိုင်ဆိုင်နိုင်ရန်အတွက် မြေပုံစံလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းဥပဒေများ မည်သို့ဆောင်ရွက်ထားရှိကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။



D/real(wide) (6



**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်ဝင်းမှ မြေပုံစံ လန (၃၉)၊ မြေပုံစံ (၁၀၅)နှင့် အိမ်မြေဂရန်စသော မြေပုံစံများကို ပြည်သူလူထုများ ထိုက်တန်လွယ်ကူစွာ ရယူပိုင်ဆိုင်နိုင်ရန်အတွက် မြေပုံစံလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းဥပဒေများ မည်သို့ဆောင်ရွက်ထားရှိကြောင်း မေးမြန်းထားတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးမှ ဖြေကြား တင်ပြမှာ ဖြစ်ပါတယ်။

လယ်ယာမြေဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၁)ဖြင့် (၃၀-၃-၂၀၁၂)ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေသည် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၁၂)အရ (၃၁-၈-၂၀၁၂) ရက်နေ့မှာ စတင်အာဏာတည်ခဲ့ပါတယ်။ လယ်ယာမြေ နည်းဥပဒေကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီး၏ (၃၁-၈-၂၀၁၂)ရက်နေ့အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၂)ဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ လယ်ယာမြေကို စိုက်ပျိုးမှုမှအပ အခြားနည်းအသုံးပြုခွင့်ကို ယခင် (၁၉၅၃)ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၉ အရ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့နှင့် ယခင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ လန(၃၉) ခွင့်ပြုခဲ့တာ ဖြစ်ပါတယ်။

ပြည်သူလူထုအများစုဟာ ပညာမတတ်၊ ဥပဒေနားမလည်ကြသော သူများဖြစ်ပါတယ်။ မြေပုံစံ လန(၃၉)နှင့် မြေပုံစံ (၁၀၅)ဟာ မြို့နယ်နှင့် ခရိုင်မှာ ပေးပိုင်ခွင့်ရှိသော်လည်း ကုန်ကျမည့် သတ်မှတ်နှုန်းထားများ တိတိကျကျသိရှိလိုပါတယ်။ ပြည်နယ်အစိုးရကသာ ပေးပိုင်ခွင့်ရှိသော မြေအိမ်ဂရန်နှင့် ပတ်သက်၍ ယခုကျေးရွာအုပ်စုအထိ ထုတ်ပေးနေသည်ဟု ပြည်သူများအကြားတွင် ကြားသိရပါတယ်။ သို့သော် ကျပ် (၄)သိန်းဟု ကုန်ကျရမည်ဟု ပြည်သူတစ်ဦးက မေးလာပါတယ်။ လုပ်ထုံးလုပ်နည်းအတိုင်း လျှောက်ထားခဲ့တာ တစ်နှစ်၊ နှစ်နှစ်ကြာသော်လည်း မရရှိသေးတာလည်း ရှိနေသည်ဟု ကြားသိရပါတယ်။ မည်သို့အကြောင်းကြောင်းကြောင့် အခက်အခဲဖြစ်နေသည်ကိုလည်း သိရှိလိုပါတယ်။ ၄င်းဖြစ်စဉ်များကို ဘိုးဘွားစဉ်ဆက် နေထိုင်လာကြသော ဆင်းရဲသော ပြည်သူလူထုအများစုက ဥပဒေအရ အိမ်မြေဂရန်ပိုင်ဆိုင်နိုင်ရန်အတွက် အခွင့်အရေးဆုံးရှုံးနေသည့်ဟု သုံးသပ်မိပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရန် အသွင်ကူးပြောင်းနေသော ကာလဖြစ်သည့်အလျောက် အိမ်မြေဂရန်ပိုင်ဆိုင်မှု မရှိသေးသော ပြည်သူလူထုအများစု၏ အနာဂတ်ပြဿနာများ ပေါ်ပေါက်လာနိုင်မည်ကို စိုးရိမ်မိပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရမှ မြေပုံစံ လန(၃၉)၊ မြေပုံစံ (၁၀၅)နဲ့ ပြည်နယ်အစိုးရကသာ ပေးပိုင်ခွင့်ရှိသော မြေအိမ်ဂရန်စသော မြေပုံစံများကို ဥပဒေအရ ပြည်သူများ ထိုက်တန်လွယ်ကူစွာ ရယူပိုင်ဆိုင်နိုင်ရန်အတွက် မည်သို့ ဆောင်ရွက်ထားရှိကြောင်းကို သိရှိလိုပါကြောင်း ပြည်သူများကိုယ်စား လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။





၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပြဋ္ဌာန်းပြီးနောက် အဆိုပါဥပဒေပုဒ်မ ၄၃ (က)အရ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေကို ပြန်လည်ရုပ်သိမ်းလိုက်ပြီးဖြစ်တဲ့အတွက် လန(၃၉)ခွင့်ပြုမိန့် မရှိတော့ပဲ လယ်ယာမြေဥပဒေနဲ့အညီ အခြားနည်းအသုံးပြုခွင့် လျှောက်ထားနိုင်ရန် လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားခြင်းများနဲ့ စပ်လျဉ်းပြီး လယ်ယာမြေဥပဒေပုဒ်မ ၂၉၊ နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားအလို့ငှာ စီမံကိန်းလုပ်ငန်းကြီးများအတွက် လယ်ယာမြေကို အခြားနည်းအသုံးပြုရန် သက်ဆိုင်ရာစီမံကိန်း အကောင်အထည်ဖော်မည့် ဝန်ကြီးဌာနသည် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောထားမှတ်ချက်ရယူပြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း၊ ပုဒ်မ ၃၀ တွင် အများပြည်သူအကျိုးငှာ လယ်ယာမြေကို အခြားနည်း အသုံးပြုရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ဥပဒေပုဒ်မ ၃၀(က)အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေး အတွက် တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်။ လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့်ရရှိလိုသူသည် လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် လျှောက်လွှာပုံစံ(၁၄)ဖြင့် မြို့နယ်မြေစာရင်းဦးစီးဌာနသို့ လျှောက်ထားရန်ဖြစ်ပြီး မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသည် နည်းဥပဒေ ၈၂ အရ လျှောက်ထားလာသော လျှောက်လွှာများအား လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့်လုပ်ငန်းစာတွဲဖွင့်လှစ်ပြီး ကန့်ကွက်လွှာခေါ်ယူခြင်း၊ လျှောက်ထားသည့် မြေနေရာနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပြီး



D/real(wide) (6

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြရပါသည်။ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ သဘောထားမှတ်ချက်ဖြင့် ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့မှတဆင့် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြရပါသည်။ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒေ ၈၇(က)အရ လယ်မြေကို အခြားနည်းအသုံးပြုရန် လျှောက်ထားသည့် ကိစ္စဖြစ်ပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြရမည်ဖြစ်ပြီး၊ နည်းဥပဒေ ၈၇(ခ)အရ လယ်မြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်လျှောက်ထားသည့် ကိစ္စဖြစ်ပါက တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည် ဖြစ်ပါသည်။ ထိုသို့တင်ပြချက်အပေါ် လယ်မြေဖြစ်ပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် စိစစ်၍ လယ်မြေကို အခြားနည်းအသုံးပြုရန် ခွင့်ပြုမိန့် (ပုံစံ-၁၅) ထုတ်ပေးရမည်ဖြစ်ပြီး၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လယ်မြေမှတစ်ပါး လယ်ယာမြေကို အခြားနည်း အသုံးပြုရန် ခွင့်ပြုမိန့် (ပုံစံ- ၁၅ က) ထုတ်ပေးသွားမည် ဖြစ်ပါသည်။

မြေစာရင်းပုံစံ(၁၀၅) ရေးကူးပေးရခြင်းသည် အများပြည်သူလိုအပ်ချက်အရ မြေစာရင်းဦးစီးဌာနတွင် ထိန်းသိမ်းထားရှိသည့် မှတ်ပုံတင်စာရင်းနှင့် မြေပုံများတွင် တည်ရှိနေသော သက်ဆိုင်ရာမြေနှင့် ပတ်သက်သည့် အချက်အလက်များကိုသာ တရားဝင်အထောက်အထား တစ်ရပ်အဖြစ် သက်ဆိုင်ရာ ရုံးဌာနအသီးသီးသို့ တင်ပြရန် အတွက်သာ အကျိုးသက်ရောက်သည်ဖြစ်၍ ပိုင်ဆိုင်ခွင့်ပြုခြင်း၊ လုပ်ပိုင်ခွင့်အမိန့် တစ်စုံတစ်ရာ မဟုတ်ပါ။ မြေစာရင်းပုံစံ (၁၀၅)ရရှိရန် လျှောက်ထားသောလိုပါက လျှောက်ထားလိုသူသည် မြေစာရင်းပုံစံ (၁၀၃)ဖြင့် မြို့နယ် မြေစာရင်းဦးစီးဌာနမှူးထံ



D/real(wide) (6



အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) မူရင်းလျှောက်လွှာ (တံဆိပ်ခေါင်းကပ်ပြီး)

- (က) လျှောက်ထားသူ၏ အမည်၊ နေရပ်၊ အလုပ်အကိုင်၊
- (ခ) လျှောက်ထားသည့် မြေတည်ရှိရာ၊ ရပ်ကွက်၊ လမ်း
- (ဂ) မြေကွက်၏ နယ်နိမိတ်နှင့်လားရာ၊
- (ဃ) ဆောက်လုပ်မည့် အဆောက်အဦ အရွယ်အစား၊ အမျိုးအစား
- (င) အငှားဂရန်ရလိုကြောင်းဖော်ပြချက်။

(၂) မြေစာရင်းပုံစံ (၁၀၅) (၁၀၆)

(၃) ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများ (ရှိလျှင်) (သို့) ပိုင်ဆိုင်ကြောင်းတရားရုံး၌ ကျမ်းကျိန်လွှာ

(၄) ဆောက်လုပ်ပြီး (သို့မဟုတ်) ဆောက်လုပ်မည့် အဆောက်အဦပုံစံ

(၅) သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(၆) လျှောက်ထားသူ၏ မှတ်ပုံတင်မိတ္တူ/ အိမ်ထောင်စုဇယားမိတ္တူ

ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်မှာ (အထက်မြန်မာပြည်မြေနှင့် အခွန် နည်းဥပဒေ ၆၈၊ အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေအပိုဒ် ၂ နှင့် ၃ တို့အရ (၁)အထက်အပိုဒ်ခွဲ(က)ပါ အချက်အလက်ပြည့်စုံစွာဖြင့် ခရိုင်အုပ်ချုပ်ရေးမှူးထံ လျှောက်ထားရန်၊ (၂)လျှောက်ထားမှုအား လက်ခံရရှိပါက ခရိုင်အုပ်ချုပ်ရေးမှူးက အမှုတွဲဖွင့်လှစ်စေရန်၊ (၃) အမှုတွဲဖွင့်လှစ်ပြီးသည်နှင့် တစ်ပြိုင်နက် ခရိုင်အုပ်ချုပ်ရေးမှူးက လျှောက်ထားမြေနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများ ရှိပါက အထောက်အထား၊ အကျိုးအကြောင်း ဖော်ပြလျက် ကန့်ကွက်နိုင်ကြောင်း၊ အနည်းဆုံး (၁၅)ရက်ထက်မနည်း ကြော်ငြာရန်ဖြစ်ပါတယ်။ (၄)ကန့်ကွက်လွှာ ခေါ်ယူထားစဉ် ကာလအတွင်း လျှောက်ထားမြေ၏ မြေရာဇဝင်စိစစ်ချက် ပေးပို့နိုင်ရေးအမှုတွဲအား မြို့နယ်မြေစာရင်းဦးစီးဌာနသို့ ပေးပို့ရန်၊ (၅)ကန့်ကွက်သည့် ခေါ်ယူသည့်ရက် ကုန်ဆုံးပြီးနောက် ကန့်ကွက်သူ (ရှိလျှင်) လျှောက်ထားသူ ပတ်ဝန်းကျင်တွင် နေထိုင်သူ၊ ရပ်ကွက်အုပ်ချုပ်ရေးနှင့် အခြားစစ်ဆေးရန် လိုအပ်သူများကို စစ်ဆေးရန် (ခရိုင်အုပ်ချုပ်ရေးမှူးမှ ဆောင်ရွက်ရန် အခက်အခဲရှိပါက မြို့နယ်အုပ်ချုပ်ရေးမှူးထံအမှုတွဲပေးပို့၍ တာဝန်ပေးစစ်ဆေးရန်)၊ (၆)မြို့နယ် အုပ်ချုပ်ရေးမှူးအား တာဝန်ပေးစစ်ဆေးစေခဲ့သည့် ကိစ္စတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာ၊ သဘောထားမှတ်ချက်တို့နှင့်အတူ အမှုတွဲအား ခရိုင်အုပ်ချုပ်ရေးမှူးထံတင်ပြရန်၊ (၇) အထက် အပိုဒ်ခွဲငယ် (၁)မှ(၆)ထိ ဆောင်ရွက်ပြီးပါက ခရိုင်အုပ်ချုပ်ရေးမှူးက လျှောက်ထားမြေပေါ်သို့ ကိုယ်တိုင် ကွင်းဆင်းစစ်ဆေးပြီး ဂရန်(သို့) မြေငှားလိုင်စင်ထုတ်ပေးရေး ဆုံးဖြတ်ချက်ချမှတ်ရန်၊ (၈)မြေ တစ်ကွက်တည်းအား လျှောက်ထားသူ တစ်ဦးထက်ပိုသည့်ကိစ္စ(သို့)





လျှောက်ထားရမည် ဖြစ်ပါသည်။ ပုံစံ (၁၀၃)၏ အပိုင်း(ခ)တွင် လျှောက်ထားသူကိုယ်ပိုင်ရေးသွင်းဖော်ပြ၍ လက်မှတ်ရေးထိုး ရမည်ဖြစ်ပါသည်။ ရေးကူးလိုသည့် အကြောင်းအရာ အချက်အလက် များကို သက်ဆိုင်ရာစာရင်းမြေပုံဖြင့် တိုက်ဆိုင်၍ မှန်ကန်စွာ ရေးသွင်းဖော်ပြရပါမည်။ လျှောက်လွှာတွင် ရေးကူးလိုသည့် အကြောင်းအရာ (ဥပမာ-စာချုပ်စာတမ်း မှတ်ပုံတင်ပြုလုပ်ရန်/ တရားရုံး သက်သေခံတင်ပြရန်/ အနားလေး ရပ်မြေတိုင်းရ/ လက်ခံထားရန်) စသည်ဖြင့် ဖော်ပြရမည်ဖြစ်ပြီး လျှောက်လွှာတွင် ပိုင်ဆိုင်သူ(သို့မဟုတ်) သက်ဆိုင်သူကိုယ်တိုင် လျှောက်ထားလျှင် ပိုင်ဆိုင်ကြောင်း (သို့မဟုတ်)တနည်းနည်းဖြင့် သက်ဆိုင်ကြောင်း အထောက်အထားကို လည်းကောင်း၊ ကိုယ်စားလှယ်က လျှောက်ထားခြင်း ဖြစ်ပါက တရားဝင် ကိုယ်စားလှယ်လွှဲစာ ပါရှိရမည် ဖြစ်ပါသည်။ ထိုသို့ လျှောက်ထားမှု အပေါ် သက်ဆိုင်ရာ လက်ထောက်ဦးစီးမှူးနှင့် မြေတိုင်းစာရေးတို့မှ လျှောက်ထားမြေကို ကွင်းဆင်းစစ်ဆေးပြီး လျှောက်ထားသည့် မြေကွက်သည် အမှန်ရေးကူးလိုသည့် မြေကွက် မှန်/မမှန် မြေကွက်ပေါ်တွင် လက်ရှိအသုံးပြုမှုအခြေအနေ၊ မြေကြီးမြေပုံ ကိုက်ညီမှန်ကန်မှု ရှိ/မရှိကို မြို့နယ်မြေစာရင်း လက်ထောက် ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့မှ စိစစ်လက်မှတ်ရေးထိုးပြီး သက်ဆိုင်သူသို့ မြေစာရင်းပုံစံ (၁၀၅) ထုတ်ပေးရပါမည်။ သို့ရာတွင် မြေအငြင်းပွားမှု များပြားလာသဖြင့် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခြင်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စိစစ်ခွင့်ပြုချက်ရယူ ဆောင်ရွက်ပေးလျက် ရှိကြောင်း တင်ပြအပ်ပါတယ်။

အထွေထွေအုပ်ချုပ်ဦးစီးဌာနနှင့် သက်ဆိုင်သည့် မြေငှားဂရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ လိုအပ်သည့်ပုံစံများမှာ

ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်သည့် ကိစ္စများတွင် မည်သူအားခွင့်ပြုမည်ဖြစ်ကြောင်း (သို့)ခွင့်မပြုကြောင်း ဆုံးဖြတ်ချက်ချမှတ်ရန်၊ (ဥ)မြေငှားဂရန် (သို့)မြေငှားလိုင်စင်ချထားပေးရန် ဆုံးဖြတ်ပါက ကျသင့်မြေငှားခကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အတည်ပြု ထားသည့် နှုန်းထားအတိုင်း တွက်ချက်သတ်မှတ်၍ မြေငှားဂရန်ထုတ်ပေးရန် ဖြစ်ပါသည်။

အထက်ပါအတိုင်း ဆောင်ရွက်ရာတွင် မြေငှားဂရန်/လိုင်စင်လျှောက်ထားရာ၌ စာရွက်စာတမ်း အထောက်အထား ပြည့်စုံပြီး ကန့်ကွက်သူ/အပြိုင်လျှောက်ထားသူများ မရှိပါက ဆောင်ရွက်မှု မြန်ဆန်ပြီး ကန့်ကွက်သူ/အပြိုင် လျှောက်ထားသူများ ရှိပါက ၎င်းတို့အား စစ်ဆေးခြင်း၊ လိုအပ်သည့် စာရွက်စာတမ်းများ တင်ပြစေခြင်းတို့အတွက် အချိန်အနည်းငယ် ပိုမိုကြန့်ကြာနိုင်ပါကြောင်း၊ မြေငှားဂရန်လျှောက်ထားရာ၌ (၁)ဧကအောက်ခြေ ဧရိယာဖြစ်ပါက သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးမှ ဆောင်ရွက်ခွင့်ရှိပြီး (၁)ဧကကျော်လွန်ပါက ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးနှင့် (၅)ဧက အထက်ကျော်လွန်ပါက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ရယူ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်စွာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇)ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ထုတ်ပေးလျက် ရှိပါတယ်။ လယ်ယာလုပ်ပိုင်ခွင့်ရရှိလိုသူသည် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် လျှောက်လွှာပုံစံကို အခမဲ့ရယူ၍ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ တဆင့်မြို့နယ်မြေစာရင်းဦးစီးဌာနသို့





လင်းခေးမြို့နယ်မှာ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးဖို့ ဦးပိုင် (၁၄၄၈၃)အနက် ပထမအဆင့်အနေနဲ့ (၁၄၀၉)ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒုတိယအဆင့်မှာ (၁၃၀၇၄)ဦး ဆောင်ရွက်မှာဖြစ်ကြောင်း သိရှိရပါတယ်။ ဒီအခြေအနေမှာ ဆောင်ရွက်ရန်ရှိတဲ့ လုပ်ငန်းပမာဏအားလုံးရဲ့ (၁၀)ရာခိုင်နှုန်းကို ပထမအဆင့်မှာ ဆောင်ရွက်ခဲ့တယ်လို့ သိရှိရပါတယ်။ ဒုတိယအချက်အနေနဲ့ ဒုတိယအဆင့်မှာ ဆက်လက်ဆောင်ရွက်ရမည့် ဦးပိုင်လုပ်ကွက်ထဲမှာ နယ်မြေလုံခြုံရေးအရ ကွင်းဆင်းဆောင်ရွက်ရန်အခက်အခဲရှိပါတယ်လို့ ဖော်ပြထားတဲ့ ဝမ်တိန်း၊ ဝမ်ဟတ်၊ ဝမ်လောင်း၊ နားကုန်းစတဲ့ ကျေးရွာအုပ်စုဟာ နယ်မြေလုံခြုံရေးကောင်းမွန်ပြီး ရဲစခန်း၊ အထကကျောင်း၊ တိုက်နယ်ဆေးရုံများရှိပြီး နေ့စဉ်နှင့်အမျှ လုပ်သားပြည်သူများ ဥဒဟို သွားလာနေတဲ့ ကျေးရွာများ ဖြစ်ကြောင်း အလျဉ်းသင့်ခိုက် ပြန်လည်ရှင်းလင်းပြလိုပါတယ်။ (၂၀-၈-၂၀၁၃)ရက်နေ့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နဲ့ ပြည်နယ်ဝန်ကြီးများ၊ လင်းခေးခရိုင်၊ လင်းခေးမြို့သို့ ရောက်ရှိတဲ့ ခရီးစဉ်မှာလည်း ပြည်နယ်ဝန်ကြီးအနေနဲ့ ပြည်နယ်အတွင်းမှာ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်လျှောက်ထားမှုများ အားနည်းနေပါကြောင်း၊ တောင်သူများလက်ဝယ်သို့ လုပ်ပိုင်ခွင့်များ ထုတ်ပေးနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ရန် မှာကြားထားတာကိုလည်း မှတ်သားထားရှိခဲ့ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားခြင်းနှင့် ပတ်သက်ပြီး နည်းဥပဒေ(၄)အရ လျှောက်လွှာပုံစံ (၁)ကို သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင် အခမဲ့ထုတ်ယူပြီး သက်ဆိုင်ရာ ရပ်/ကျေး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတဆင့် မြို့နယ်ဦးစီးဌာနမှူး



D/real(wide) (7

ရုံးသို့ လျှောက်ထားရပါမယ်။ နည်းဥပဒေ(၅)အရ ရပ်/ကျေး လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဟာ လျှောက်လွှာလက်ခံ ရရှိပြီး ရက်ပေါင်း (၃၀)အတွင်း မြို့နယ်ဦးစီးဌာနမှူးရုံးသို့ စိစစ်ချက်ဖြင့် ပေးပို့ရပါမည်လို့ ဖော်ပြထားတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါပေမဲ့ လက်တွေ့အနေအထားမှာ ရပ်ကွက်/ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများမှာ လျှောက်လွှာပုံစံ (၁)ကို ဖြန့်ဝေထားခြင်းမရှိတဲ့အတွက် မြို့နယ် ဦးစီးမှူးရုံးများကသာ တာဝန်ယူပြီး လျှောက်လွှာများကို ပေးပို့ဖြည့်စွက်တင်ပြစိစစ်ခြင်းကို လက်ရှိမှာ ဆောင်ရွက်နေတာ တွေ့ရှိရပါတယ်။ ဒါကြောင့် လျှောက်ထားမှုအားနည်းရခြင်းဟာ တောင်သူလယ်သမားများ စိတ်ပါဝင်စားမှု အားနည်းခြင်းကြောင့် မဟုတ်ဘဲ ဆောင်ရွက်ပုံနည်းစနစ်အရ လျှောက်ထားချက် နည်းပါးရခြင်း ဖြစ်ကြောင်းကိုလည်း ရှင်းလင်းအပ်ပါတယ်။ ဒါဟာလည်း လျှောက်လွှာများ ပျောက်ဆုံးမှု မရှိစေရေး၊ မှားယွင်းမှု မရှိစေရေး၊ ဖြည့်စွက်လျှောက်ထားမှု မရှိစေရေးအတွက် အပင်ပန်းခံဆောင်ရွက်ခြင်းဖြစ်တယ်လို့ နားလည်ပေးနိုင်ပေမယ့် ဥပဒေ၊ နည်းဥပဒေအရ ပေးအပ်ထားတဲ့ ရပ်/ကျေးလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ရဲ့ လုပ်ပိုင်ခွင့်တာဝန်ဟာ ပျောက်ဆုံးနေတယ်လို့ တင်ပြလိုပါတယ်။ ဒါကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးရေးလုပ်ငန်းဆောင်ရွက်ရာမှာ လျှောက်လွှာများကို ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးမှာ ထုတ်ယူရရှိပြီး တောင်သူလယ်သမားများကိုယ်စား သက်ဆိုင်ရာအုပ်စုစာရေးများမှ လျှောက်လွှာဖြည့်သွင်းစေခြင်း၊ နည်းဥပဒေနှင့်အညီ သက်ဆိုင်ရာ ရပ်/ကျေးလယ်ယာမြေစီမံခန့်ခွဲမှုကော်မတီများမှ ပထမဦးစွာ စိစစ်ထောက်ခံတင်ပြပါမှ လျှောက်ထားသူအရေအတွက် ပိုမိုများပြားလာနိုင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်



D/real(wide) (7



လျှောက်ထားရန်ဖြစ်သည်။ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် လျှောက်ထားသူသို့ ဦးပိုင်လုပ်ကွက်တစ်ခုလျှင် မှတ်ပုံတင်ကြေး (၅၀၀ိ/-) ဘဏ်သို့ ပေးသွင်းစေပြီး၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ (၇)နှင့်အတူ မြေစာရင်းပုံစံ (၁၀၅)ကိုလည်း အခမဲ့ ပူးတွဲ ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလွင်ကို မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**

အားလုံးမင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို ကျွန်တော် လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင်အနေနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးခြင်းနဲ့ ပတ်သက်သည့်မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ယခုအချိန်အခါဟာ တောင်သူလယ်သမားများရဲ့ အခွင့်အရေးကို ကာကွယ်ရရှိနိုင်စေရန်အလို့ငှာ မြေယာဥပဒေ မြေလွတ်မြေရိုင်းဥပဒေများကို ထုတ်ပြန်ထားရှိပြီးဖြစ်ပါတယ်။ ဥပဒေများအရလည်း တောင်သူများအတွက် အကျိုးဖြစ်ထွန်းစေမဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးရေးကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ပြီးခဲ့တဲ့ ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့၊ ရှမ်းပြည်နယ်ဝန်ကြီးက လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်နဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြချက်အရ ကျွန်တော်တို့

ထုတ်ပေးရေးကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်မည်ဟု အကြံပြုတင်ပြရင်းနဲ့ အောက်ပါ မေးခွန်းများကို တင်ပြလိုပါတယ်-

(က) လင်းခေးမြို့နယ်အပါအဝင် ရှမ်းပြည်နယ်တစ်ခုလုံး တောင်သူလယ်သမားများရဲ့ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်များ ထုတ်ပေးရေးကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေ ရှိ/မရှိ၊

(ခ) မြို့နယ်ဦးစီးဌာနမှူးရုံးတွင် စာရင်းမပါရှိသေးသော ကွင်း/ဦးပိုင်မရှိသေးသော အမှန်တကယ် စိုက်ပျိုးရေးလုပ်ငန်းကို နှစ်ရှည်လများ ဆောင်ရွက်နေတဲ့ စိုက်ပျိုးမြေ၊ လယ်ယာမြေများအတွက် လက်မှတ်လျှောက်ထားနိုင်ခွင့် ရှိ/မရှိ၊

(ဂ) သတ်မှတ်ကာလအတွင်း လျှောက်ထားရရှိခြင်း မရှိဘဲ ကျန်ရှိခဲ့ပါက တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေးအတွက် မည်သို့သော အစီအစဉ်ဖြင့် လုပ်ပိုင်ခွင့်လက်မှတ်များ ဆက်လက်လျှောက်ထားခွင့် ရရှိမည့် အခြေအနေ

များကိုလယ်ယာလုပ်ကိုင်သူ တောင်သူလယ်သမားများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။




လျှောက်ထားသူ အားလုံးအား အထက်ပါတင်ပြထားသည့်အတိုင်း လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး ဆက်လက်ထုတ်ပေးသွားမှာဖြစ်ပါတယ်။ မြို့နယ်ဦးစီးဌာနရုံး၏ စာရင်းတွင် မပါရှိသေးသော ကွင်း/ဦးပိုင် မရှိသေ်ာလည်း အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်သော စိုက်ပျိုးမြေများကို နှစ်ရှည်လများ ဆောင်ရွက်သည့် စိုက်ပျိုးမြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်လျှောက်ထားခွင့် ရှိ/မရှိနှင့် ပတ်သက်၍ Google Map ကို အသုံးပြု၍ မြေပြင်ဦးပိုင်လုပ်ကွက်ခွဲခြင်း၊ လုပ်ကိုင်သည့် တောင်သူများမှတ်တမ်းတင်ခြင်းဖြင့် ၄င်းတောင်သူများကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ ထုတ်ပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက် ထားရှိပြီး ဆက်လက်ဆောင်ရွက်ရန်လည်း ရှိပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးခြင်း ပထမအဆင့်ကို လုပ်ငန်းပြီးစီးရေးအတွက် ကာလတစ်ခု သတ်မှတ်ဆောင်ရွက်နိုင်ခဲ့ပြီး ယခုဒုတိယအဆင့် ဆက်လက်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဒုတိယအဆင့် ဆောင်ရွက်မည့် အစီအစဉ်တွင်လည်း လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားခြင်းများကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ပြီး ၄င်းဥပဒေနှင့် ညီညွတ်မှု ရှိပါက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ-၇ ကို ဆက်လက်ထုတ်ပေး သွားမှာ ဖြစ်ပါတယ်။

သို့ပါ၍ ၂၀၁၂ ခု၊ လယ်ယာမြေဥပဒေ အခန်း(၃) ပုဒ်မ ၉ အရ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ အခွင့်အရေး နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးခြင်းအစီအစဉ်ကို ဆက်လက် ဆောင်ရွက်ပေးမှာ ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။



D/real(wide) (7

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးယာကုပ်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးယာကုပ်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**
လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံးကို ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးယာကုပ်ဖြစ်ပါတယ်။ ကျွန်တော်တင်ပြချင်တာ ကတော့ ဟုတ်ပုံကျေးရွာ အုပ်စုနှင့် ဝမ်ပင်းကျေးရွာအုပ်စုမှ ဆက်သွယ်ထားသောလမ်းတွင် အလျား(၃၀)ပေ အုတ်ခုံဖြင့် သစ်သားတံတား တစ်စင်း ဆောက်လုပ်ပေးပါရန် ပြည်သူများက တောင်းဆိုတင်ပြလာပါတယ်။ ထိုတံတားဆောက်လုပ်ပြီးစီးပါက ပြည်သူများနှင့် တပ်မတော်သားများအတွက် အဆင်ပြေချောမွေ့ စေနိုင်မည့် လမ်းဖြစ်ပါတယ်။ ဤတံတားနှင့်အသုံးပြုခဲ့သော ပန်မကောက်စခန်းအတွက် အလွန်အရေးပါသော တံတားတစ်စင်း ဖြစ်ပါတယ်။ တံတားဆောက်လုပ်ရန် အင်ဂျင်နီယာတွက်ချက်မှုအရ ကျပ်သိန်း (၉၀)ခန့် ကုန်ကျမှာ ဖြစ်ပါတယ်။ တံတား၏ အကျယ်အဝန်းမှာ အလျား (၃၀)ပေ၊ အကျယ် (၁၂)ပေ၊ အမြင့် (၉)ပေ ဖြစ်ပါတယ်။ အောက်ခြေတွင် ကွန်ကရစ်ကျောက်ဖြင့် တည်ဆောက်၍ အပေါ်ပိုင်းတွင် သစ်သားဖြင့် ဆောက်လုပ်သွားမှာ ဖြစ်ပါတယ်။ ဤလမ်းကို ဖြတ်လမ်းအဖြစ် အသုံးပြုခဲ့သော ကျေးရွာများမှာ မိုင်းနှုန်းကျေးရွာအုပ်စု၊ ဝမ်ပင်းကျေးရွာအုပ်စု၊ ဟုတ်ပုံကျေးရွာအုပ်စုတို့ဖြစ်ပါတယ်။ ခရီးတိုဖြစ်သည့်အတွက် သွားလာမှု လွယ်ကူပါတယ်။





**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။**
လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်၏ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးခြင်းနဲ့ စပ်လျဉ်းသည့် မေးခွန်းကို ဆက်လက်ဖြေကြား တင်ပြသွားပါမယ်။

လင်းခေးမြို့နယ် လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားခြင်းနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းအစီအစဉ်ကို ကျေးရွာအုပ်စုပေါင်း (၁၁)အုပ်စု၊ ဦးပိုင်ပေါင်း (၁၀၅၂၈)ဦးပိုင်အား ဆောင်ရွက်ရန် လျာထားပါတယ်။ လင်းခေးမြို့နယ်၏ ပထမအဆင့်တွင် ကျေးရွာအုပ်စု (၂)အုပ်စု၊ တောင်သူပေါင်း (၂၂၃၆)ဦး၊ ဦးပိုင်လုပ်ကွက်ပေါင်း (၂၄၈၀)ဦးပိုင်အား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးပြီး ဖြစ်ပါတယ်။ ကျန်ဦးပိုင်ပေါင်း (၈၀၄၈)ဦးပိုင်များကို လျှောက်ထားမှုအပေါ် ဆက်လက်ထုတ်ပေးသွားရန် စီစဉ်ဆောင်ရွက် ထားပါတယ်။ ယခုလက်ရှိတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလျှောက်လွှာပုံစံ-၁ များကို ဒါးဆိပ်ကျေးရွာအုပ်စုတွင် (၅၀၀)စောင်၊ ပုံးထွန်ကျေးရွာအုပ်စုတွင် (၈၀၀)စောင်၊ ဝမ်တိန်းကျေးရွာအုပ်စုတွင် (၅၀၀)စောင်၊ ဝမ်ဟတ်ကျေးရွာ အုပ်စုတွင် (၂၀၀)စောင်၊ မအွန်လောင်း ကျေးရွာအုပ်စုတွင် (၁၀၀)စောင်၊ နားကုန်းကျေးရွာ အုပ်စုတွင် (၁၅၀၀)စောင် စုစုပေါင်း (၃၆၀၀)ကို သက်ဆိုင်ရာ ကျေးရွာ အုပ်ချုပ်ရေးမှူးများသို့ ပေးပို့ထားပြီးဖြစ်ပါတယ်။ လိုအပ်ပါက ထပ်မံပေးပို့သွားရန် စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ထို့အတူ ရှမ်းပြည်နယ်တစ်ခုလုံးကို တောင်သူလယ်သမား များ၏ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင် လျှောက်ထားခြင်းများကို တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေးအတွက်

သို့ဖြစ်ပါ၍ ဤတံတားဆောက်လုပ်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသဖြင့် မေးမြန်းတင်ပြအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးယာကုပ်၏ ဟုတ်ပုံကျေးရွာအုပ်စုနှင့် ဝမ်ပင်းကျေးရွာအုပ်စု ဆက်သွယ်ထားသောလမ်းတွင် အလျား (၃၀)ပေ၊ အုတ်ခုံဖြင့် သစ်သားတံတားဆောက်လုပ်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းခတ်မြို့နယ် ဟုတ်ပုံကျေးရွာအုပ်စုနှင့် ဝမ်ပင်းကျေးရွာအုပ်စု ဆက်သွယ်သောလမ်းသည် အရှည် (၀/၆)မိုင် ရှည်လျားပြီး ၎င်းလမ်းပေါ်တွင် ဟုတ်ပုံချောင်းကို ဖြတ်လျက် (၅၀)ပေအရှည် သစ်သားတံတား(၁)စင်းနှင့် (၂၀)ပေ အရှည် သစ်သားတံတား (၁)စင်းတို့ကို အသစ်ပြန်လည်တည်ဆောက်ပေးရန် လိုအပ်လျက်ရှိကြောင်းတွေ့ရှိရပြီး တံတားတည်ဆောက်ပြီးပါက ဟုတ်ပုံကျေးရွာအုပ်စုရှိ ကျေးရွာ(၅)ရွာနှင့် ဝမ်ပင်းကျေးရွာအုပ်စုရှိ ကျေးရွာ(၂)ရွာတို့မှ အိမ်ခြေ (၁၅၈)အိမ်နှင့် လူဦးရေ (၉၆၈)ဦးတို့အား အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။

ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွင်း မိုင်းခတ်မြို့နယ်တွင် ကတ္တရာလမ်း





လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခမ်းမြို့နယ်ရှိ တောင်သူလယ်သမားများ၏ အများပိုင် အဆောက်အဦး (၅)လုံးကို (၄-၁၂-၁၉၈၂)ရက်နေ့မှ စ၍ နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းအရ စပါးအထူးအထွက်တိုး နယ်မြေအဖြစ် တာဝန်ပေးမှုကြောင့် လယ်ယာကဏ္ဍ စပါးအထူးအထွက်တိုး ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာ ဖူလုံပိုလျှံရန်၊ စိုက်ပျိုးရေးလုပ်ငန်းကို သတ်မှတ်ထားသော စီမံလျာထားချက်အတိုင်း အောင်မြင်စွာဆောင်ရွက်နိုင်ရန်၊ လယ်သမားများ၏ နေထိုင်မှုဘဝမြင့်မားရေးနှင့် လယ်သမားများထိရောက်စွာ ကူညီစီမံကြီးကြပ်နိုင်ရန်၊ လယ်သမားများအတွက် လိုအပ်သော ပစ္စည်းကိရိယာများကို သိုလှောင်သိမ်းဆည်းထားနိုင်ရန်အတွက် မြို့နယ် စပါးအထူးအထွက်တိုးစခန်းနှင့် နယ်မြေအလိုက် စပါးအထူးအထွက်တိုး စခန်းများကို တောင်သူလယ်သမားများက လိုအပ်သော မြေနေရာလှူဒါန်း၍သော်လည်းကောင်း၊ ငွေအား၊ လူအားဖြင့် (၂)နှစ်နီးပါး တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

ယခုလက်ရှိ စခန်း(၄)ခုကို နမ့်ခမ်း စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးဝန်ထမ်းများက ဝင်ရောက်နေထိုင် နေကြသည့်အပြင် တချို့စခန်းကို အခကြေးငွေယူ၍ အခြားသူများကို အငှားချထားပေးနေကြောင်း သိရှိရပါတယ်။ ပင်မစခန်းကို (၁၉၉၄-၉၅)ခုနှစ်တွင် မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းဖေက မောခမ်း ခရီးသွားလာရေး ဧည့်ကြိုလုပ်ငန်းကုမ္ပဏီအဖွဲ့အား မည်သူ့ကိုမျှ အသိပေးခြင်း မရှိပါဘဲ တိတ်တဆိတ် ရောင်းချခဲ့ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနများသို့ စစ်ဆေးအရေးယူ ဆောင်ရွက်ပေးနိုင်ဖို့ တင်ပြထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လယ်သမားများ၏ ထည့်ဝင်ငွေ၊ မြေနေရာ၊ လုပ်အားများဖြင့် ဆောက်လုပ်ထားသော အဆောက်အဦးများ ဖြစ်သောကြောင့် မူလပိုင်ရှင်များဖြစ်သော တောင်သူလယ်သမား များ ပြန်လည်အသုံးပြုနိုင်ရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်ပေး နိုင်မည်ကို တောင်သူလယ်သမားများ ကိုယ်စား မေးမြန်း တင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျာ။

ဒုတိယမေးခွန်းအနေနဲ့ နမ့်ခမ်းမြို့နယ်အတွင်း မြို့မြေ တိုးချဲ့မှုများ ဆောင်ရွက်ခြင်းမပြုရန်နှင့် လယ်ယာမြေများကို မြို့မြေအဖြစ် အသုံးချရန် ခွင့်ပြုထားရှိမှုအား ပြန်လည်ပယ်ဖျက် ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ ဆောင်ရွက်ပေး နိုင်မည်နှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၀ ခုနှစ် ရှမ်းပြည်နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်စာဖြစ်သော ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၉ အရ နမ့်ခမ်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက် နောင်စန့်ရပ်၊ ဟိုကတ်ရပ်၊ အမှတ်(၂)ရပ်ကွက် ကောင်းထက်ရပ်၊ မိုခမ်းရပ်၊ အမှတ်(၃)ရပ်ကွက် ပေါက်နေရပ်၊ ပေါက်လုံရပ်၊ ဈေးတန်းရပ်၊ ပေါက်တမ်ရပ်၊ အမှတ်(၄)ရပ်ကွက် ပေါက်တိုက်ရပ်၊ ဟိုနောင်ရပ်၊ နောင်ကောင် ကျေးရွာ၊ မန့်အားကျေးရွာ၊ ငွမ်အင်ကျေးရွာ၊ ကုန်းကုလား ကျေးရွာများအတွင်းရှိ လယ်ယာမြေများကို မြို့မြေအဖြစ် သတ်မှတ်နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုခဲ့ပါတယ်။





(၂ ဒသမ ၆)မိုင်၊ ကျောက်လမ်း (၅ ဒသမ ၄)မိုင်၊ မြေသားလမ်း (၁/၅ ဒသမ ၃)မိုင်၊ တံတား (၆၄ ပေ)နှင့် ရေပြွန်တံတား (၂၀ ပေ)တည်ဆောက်ခြင်းလုပ်ငန်းများအား လျာထားဆောင်ရွက်လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ ဟုတ်ပုံချောင်းကူးတံတား (၅၀)ပေ (၁)စင်း တည်ဆောက်ခြင်းလုပ်ငန်း ခန့်မှန်းကုန်ကျငွေ ကျပ် (၂၅)သန်းနှင့် (၂၀)ပေ တံတား(၁)စင်း တည်ဆောက်ခြင်းလုပ်ငန်း ခန့်မှန်းကုန်ကျငွေ ကျပ် (၁၀)သန်း စုစုပေါင်း ကုန်ကျစရိတ်ငွေ ကျပ် (၃၅)သန်းဖြင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးအဆင့်သတ်မှတ်၍ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦးက (၁ နှင့် ၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ နမ့်ခမ်းမြို့နယ်အတွင်း တောင်သူလယ်သမားများ အများပိုင် အဆောက်အဦများကို နမ့်ခမ်းစိုက်ပျိုးရေးဦးစီးဌာနမှ အလွဲသုံးစား ပြုနေမှုများမှ မူလပိုင်ရှင်များဖြစ်သော တောင်သူလယ်သမားများ ပြန်လည်အသုံးပြုနိုင်ရန် မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းခြင်းဖြစ်ပါတယ်။



D/real(wide) (7

၎င်းလယ်ယာမြေများအနက် အမှတ်(၁)ရပ်ကွက် နောင်စန့်ရပ်၊ ဟိုကတ်ရပ်၊ အမှတ်(၂)ရပ်ကွက် ကောင်းထက်ရပ်၊ မိုခမ်းရပ်၊ အမှတ်(၃)ရပ်ကွက် ပေါက်နေရပ်၊ ပေါက်လုံရပ်၊ ဈေးတန်းရပ်၊ ပေါက်တမ်ရပ် အတွင်းရှိ လယ်ယာမြေများကို သက်ဆိုင်ရာရပ်ကွက်၏ တိုးချဲ့မြေကွက်သစ်များအဖြစ် လည်းကောင်း၊ အမှတ်(၄)ရပ်ကွက် ပေါက်တိုက်ရပ်၊ ဟိုနောင်ရပ်၊ မန့်နားကျေးရွာ၊ ကုန်းကလားကျေးရွာများ အတွင်းရှိလယ်ယာမြေများကို အောင်မင်္ဂလာရပ်ကွက်၊ အောင်ချမ်းသာရပ်ကွက်၊ အောင်မေတ္တာရပ်ကွက် တိုးချဲ့ရပ်ကွက်သစ်များ အဖြစ်လည်းကောင်း မြို့မြေများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

သို့သော် ၎င်းရပ်ကွက်သစ်များနှင့် တိုးချဲ့မြေကွက်သစ်များတွင် အမှတ်(၁)ရပ်ကွက်မှ မြေကွက်ပေါင်း (၃၀)ကျော်၊ မိုခမ်းရပ်ကွက်မှ မြေကွက်ပေါင်း (၄၀)ကျော်၊ အောင်မင်္ဂလာရပ်ကွက်မှ မြေကွက်ပေါင်း (၂၀၀)ကျော်၊ အောင်ချမ်းသာရပ်ကွက်မှ မြေကွက်ပေါင်း (၂၀၀)ကျော်၊ အောင်မေတ္တာရပ်ကွက်မှ မြေကွက်ပေါင်း (၂၀၀)ကျော် အဆောက်အဦး တည်ဆောက်ခြင်းမရှိသေးဘဲ မြေကွက်လပ်များအဖြစ် တည်ရှိနေဆဲ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

မြို့မြေများအဖြစ် ဖော်ဆောင်ခြင်းမရှိသေးသော ကျန်ရှိလျာထားလယ်ယာမြေများ ဆန်စပါးကို နှစ်စဉ်မပျက် စိုက်ပျိုးလာပါသော်လည်း လ/န (၃၉) ဥပဒေကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်း မရှိခဲ့ပါ။ ဤစိုက်ပျိုးမြေများသည် နမ့်ခမ်းမြို့နယ်အတွင်း စပါးထွက်နှုန်း အကောင်းဆုံး လယ်ယာမြေများ ဖြစ်ပါတယ်။





များ ပြန်လည်အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြေစာရင်း ဦးစီးဌာနမှ စိစစ်ခဲ့ရာ အောက်ပါအတိုင်း တွေ့ရှိခဲ့ရပါတယ်-

(၁) **မြို့နယ်စပါးအထူးအထွက်တိုးစခန်းအမှတ်(၁)။**
၎င်းမြေနေရာသည် နမ့်ခမ်းမြို့နယ်၊ မန့်ခမ်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၅)၊ မန့်ခမ်းအရှေ့ကွင်းအတွင်း၊ ဧရိယာ (၀ ဒသမ ၀၅) ဧကရှိ မြေပေါ်မှာ ၃၆ ပေ× ၁၈ ပေ× ထရံကာ× သွပ်မိုး၊ တစ်ထပ်အဆောက်အဦးဖြစ်ပြီး မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီလက်ထက်တွင် စပါးအထူးအထွက်တိုး စိုက်ပျိုးရေးပညာပေးစခန်းများအဖြစ် တောင်သူလယ်သမားများ စုပေါင်း၍ ၁၉၈၂ ခုနှစ်တွင် ဆောက်လုပ်ထားခဲ့ကြောင်း သိရှိရပါတယ်။ ယခုလက်ရှိတွင် မန့်ခမ်းအုပ်စုမှ ရွာသားတစ်ဦးအား မန့်ခမ်းကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့မှ နေထိုင်ခွင့်ပြုထားပါတယ်။

(၂) **မြို့နယ်စပါးအထူးအထွက်တိုးစခန်းအမှတ်(၂)။**
၎င်းမြေနေရာသည် နမ့်ခမ်းမြို့၊ အမှတ်(၄) ရပ်ကွက်၊ ဟိုကပ်ရွာ၊ အကွက်အမှတ်(၃၀)၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ(၀ ဒသမ ၀၃၂)ဧကရှိ မြို့မြေဖြစ်ပါတယ်။ ၁၉၉၃ ခုနှစ်တွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဌာနရန်ပုံငွေဖြင့် (၃၆ပေ×၃၈ပေ) သွပ်မိုးနံကပ် တစ်ထပ် ဆောက်လုပ်ထားပါတယ်။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဌာနပိုင်ငွေဖြင့် ဆောက်လုပ်ထားခြင်း

ဖြစ်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်း(၁)ဦး၏ မိသားစုအား စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး၏ ခွင့်ပြုချက်ဖြင့် နေထိုင်စောင့်ရှောက်လျက် ရှိပါတယ်။

(၃) **မြို့နယ်စပါးအထူးအထွက်တိုးစခန်းအမှတ်(၃)။** ၎င်းမြေနေရာသည် နမ့်ခမ်းမြို့၊ အမှတ်(၁၁) ရပ်ကွက်၊ ပေါက်တိုက်ရပ်၊ ကွင်းအမှတ်(၆၇)၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ (၀ ဒသမ ၁၇၄) ဧကရှိ မြေနေရာ ဖြစ်ပါတယ်။ ၁၉၈၁ ခုနှစ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက် စပါးအထူးအထွက်တိုး စိုက်ပျိုးရေးပညာပေး စခန်းအဖြစ် တောင်သူများ၏ ထည့်ဝင်ငွေဖြင့် သွပ်မိုး၊ ထရံကာ ဆောက်လုပ်ခဲ့ပြီး ၁၉၉၃ ခုနှစ်မှာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရန်ပုံငွေဖြင့် (၃၆ ပေ× ၁၈ပေ) သွပ်မိုးနံကပ်တစ်ထပ် အဆောက်အဦး ပြန်လည်ပြုပြင်ကြောင်း၊ အစောင့်အဖြစ် မြို့နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် နေထိုင်လျက် ရှိပါတယ်။

(၄) **မြို့နယ်စပါး အထူးအထွက်တိုးစခန်းအမှတ်(၄)။** ၎င်းမြေနေရာသည် နမ့်ခမ်းမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ မန့်နားရပ်၊ အကွက်အမှတ် (၇၆)၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ (၀ ဒသမ ၁၂၉)ဧကရှိ မြေနေရာ ဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက် စပါးအထူးအထွက်တိုး စိုက်ပျိုးရေးပညာပေး



D/real(wide) (7



သို့ဖြစ်ပါ၍ နမ့်ခမ်းမြို့နယ်တွင် လယ်ယာမြေများအား မြို့မြေများ၊ တိုးချဲ့ရပ်ကွက်များအဖြစ် ဖော်ဆောင်ခဲ့ပါသော်လည်း မြေကွက်လပ်များ ရာပေါင်းများစွာ ကျန်ရှိနေသည်က တစ်ကြောင်း၊ ဆန်စပါး ထွက်နှုန်းကောင်းသော စိုက်ပျိုးလယ်ယာမြေများ ဆုံးရှုံးမှုများပြားနိုင်သည်က တစ်ကြောင်း မြို့မြေတိုးချဲ့မှုများ ဆောင်ရွက်ခြင်း မပြုရန်နှင့် နမ့်ခမ်းမြို့နယ်အတွင်းရှိ လယ်ယာမြေများကို မြို့မြေအဖြစ် အသုံးချရန် ခွင့်ပြုထားရှိမှုအား ပြန်လည်ပယ်ဖျက်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို မေးမြန်းတင်ပြခြင်း ဖြစ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦး၏ မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူမှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ နမ့်ခမ်းမြို့နယ်အတွင်း တောင်သူလယ်သမားများ အများပိုင်အဆောက်အဦများကို နမ့်ခမ်းစိုက်ပျိုးရေးဦးစီးဌာနမှ အလွဲသုံးစားပြုနေမှုများမှ မူလပိုင်ရှင်များဖြစ်သော တောင်သူလယ်သမားများ ပြန်လည်အသုံးပြုနိုင်ရန် မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်ဆိုသည့် မေးခွန်းနှင့် စပ်လျဉ်း၍ နမ့်ခမ်းမြို့နယ်အတွင်း တောင်သူလယ်သမားများ အများပိုင်အဆောက်အဦများအား မူလပိုင်ရှင်ဖြစ်သော တောင်သူလယ်သမား

စခန်းအဖြစ် တောင်သူလယ်သမားများ၏ ထည့်ဝင်ငွေဖြင့် သက်ကယ်မိုး၊ ထရံကာ ဆောက်လုပ်ခဲ့ပြီး ၁၉၉၃ ခုနှစ်၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမှ ဌာနရန်ပုံငွေဖြင့် (၃၆ ပေ × ၁၈ ပေ)၊ သွပ်မိုးနံကပ်(၁)ထပ် အဆောက်အဦး ပြန်လည် ပြုပြင်ဆောက်လုပ်ခဲ့ကြောင်း စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်း (၁)ဦး၏ မိသားစုအား အစောင့်အဖြစ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ် ဦးစီးမှူး၏ ခွင့်ပြုချက်ဖြင့် နေထိုင်လျက်ရှိပါတယ်။ နမ့်ခမ်းမြို့နယ် စပါးအထူး အထွက်တိုး စခန်းအမှတ်(၁)သည်သာ တောင်သူများစုပေါင်း ဆောက်လုပ်ထားပြီး မန့်ခမ်းရွာသားမှ နေထိုင် လျက်ရှိပါသည်။ နမ့်ခမ်းမြို့နယ် စပါး အထူး အထွက်တိုး ပညာပေးစခန်းအမှတ် (၂)၊ (၃)၊ (၄)တို့မှာ စိုက်ပျိုးရေးဦးစီးဌာနပိုင်ငွေဖြင့် သွပ်မိုးနံကပ်အဖြစ် ပြန်လည်တည်ဆောက် ထားခြင်း ဖြစ်သဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းအား မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၏ ခွင့်ပြုချက်ဖြင့် အစောင့်အဖြစ် ထားရှိခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၄င်းစိုက်ပျိုးရေးဝန်ထမ်းများ နေထိုင်သော ယခင်စပါးအထူးအထွက်တိုး စိုက်ပျိုးရေးပညာပေး စခန်း(၃)ခုမှာ စိုက်ပျိုးရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ပြုပြင်ဆောက်လုပ်ထားပါသဖြင့် အလွဲသုံးစားခြင်းမရှိဘဲ တောင်သူပညာပေးစိုက်ပျိုးရေးစခန်းအဖြစ် အသုံးပြုရန် ထိန်းသိမ်းထားခြင်း ဖြစ်ပါတယ်။ ပြန်လည်ရရှိ



D/real(wide) (7



မြေနေရာကို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်ပြီး ခွင့်ပြုထားသော လ/န-၃၉ ခွင့်ပြုမိန့်အား ပယ်ဖျက်ပေးနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးစိုင်းတင်ဦးက တတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီတို့၏ လုပ်ပိုင်ခွင့်၊ လုပ်ထုံးလုပ်နည်းများ၊ ရပိုင်ခွင့်များကို မည်သည့်အချိန်၌ အစိုးရမှ ညွှန်ကြားဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုသည့် မေးခွန်းမေးမြန်းခြင်း ဖြစ်ပါတယ်ခင်ဗျာ။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခရိုင်နှင့် မြို့နယ်များအလိုက် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများအား ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပွင့်လင်းမြင်သာမှု ရှိစေခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆ (က)နှင့် (ဂ)တို့အရ အမျိုးသားကြီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကစသည့် အင်အားစုများပါဝင်၍ အများပြည်သူတို့၏ လူမှုစီးပွားနေထိုင်မှု အဆင့်အတန်းမြင့်တင်ရေး ရှေးရှုဆောင်ရွက်နိုင်ရန် အတွက် လည်းကောင်း၊ မြို့နယ်နှင့်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ

စည်ပင်သာယာရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေကိုလည်း ပြီးခဲ့သော ရှမ်းပြည်နယ် လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး၌ အတည်ပြုပြီး ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီများကို သက်ဆိုင်ရာ မြို့နယ်များ၌ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများဖြင့် ဖွဲ့စည်းဆောင်ရွက်ထားကြပြီး ဖြစ်ပါတယ်။ သို့သော်လည်း ၎င်းကော်မတီများ၏ လုပ်ငန်းဆောင်တာများ သက်ဝင်လှုပ်ရှားမှု မရှိသေးတာကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ၎င်းကော်မတီများ ဒေသအကျိုး ဆောင်ရွက်ရာတွင် စိတ်စေတနာ ထက်သန်စွာဖြင့် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းနိုင်ဖို့ ၎င်းတို့လုပ်ဆောင်ရမည့် လုပ်ပိုင်ခွင့်၊ လုပ်ထုံးလုပ်နည်းများ၊ ရပိုင်ခွင့်များကို မည်သည့်အချိန်တွင် အစိုးရမှ ညွှန်ကြားဆောင်ရွက် ပေးနိုင်မည်ကို သိရှိလို၍ မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျာ။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်



D/real(wide) (8



အသုံးပြုလိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြ၍ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လျှောက်ထား ညှိနှိုင်းဆောင်ရွက် သင့်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်းအမှတ်(၂)ဖြစ်တဲ့ နမ့်ခမ်းမြို့နယ် အတွင်း မြို့မြေတိုးချဲ့မှုများ ဆောင်ရွက်ခြင်းမပြုရန်နှင့် လယ်ယာမြေ များကို မြို့မြေအဖြစ် အသုံးချရန် ခွင့်ပြုထားရှိမှုအား ပြန်လည် ပယ်ဖျက်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ ဆောင်ရွက် ပေးနိုင်မည်ကို သိရှိလိုပါသည် ဆိုသည့် မေးခွန်းနှင့် စပ်လျဉ်း၍ ၁၉၉၀ ခုနှစ် မေလတွင် နမ့်ခမ်းမြို့တွင် ရပ်ကွက် (၁) (၂)(၃)(၄)၊ စုစုပေါင်း ဧရိယာ (၃၄၆ ဒသမ ၀၅)ဧကရှိ လယ်မြေကို မြို့မြေတိုးချဲ့၍ သတ်မှတ်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ၁၉၉၀ ခုနှစ် မေလ (၂၂) ရက်စွဲပါစာအမှတ် (၂၂/၅/၁၉၉၀-၂၇၆၉/၂-၁၇/ ပ၀တ(ရှမ်း)ဖြင့် လ/န ၃၉ ခွင့်ပြုပေးခဲ့ပါတယ်။ လက်ရှိတွင် (၂၆၇ ဒသမ ၆၇) ဧကသာ မြို့မြေလူနေအိမ်ဆောက် ဧရိယာအဖြစ် အသုံးပြုလျက်ရှိပြီး ၎င်းမြေနေရာများကို မြေပေးမိန့်ချထားပေးပြီး ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ကွင်းအမှတ် (၇၀၊ ၇၁)ဧကရှိ ဧရိယာ (၇၈ ဒသမ ၃၈)ဧကမှာ လူနေထိုင်ရန် အသုံးပြုခြင်းမရှိသေးပါ။ ခွင့်ပြုသည့် နေ့မှစ၍ သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးမပြုဘဲ နှစ်စဉ် မိုးစပါး၊ နွေစပါးများ ဆက်လက်စိုက်ပျိုးလျက် ရှိကြောင်း တွေ့ရှိရ ပါတယ်။ ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေပုဒ်မ-၃၁၊ နည်းဥပဒေ-၉၃ အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ အခြားနည်းအသုံးပြုရန် ခွင့်ပြုချက်ရရှိပြီးနောက် ခွင့်ပြုသည့် နေ့မှ (၆)လအတွင်း လယ်ယာမြေကို သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးမပြုလျှင် ယင်းလယ်ယာမြေကို ပြန်လည်သိမ်းယူနိုင်သည်ဟု ပြဋ္ဌာန်းထား ပါတယ်။ သို့ပါ၍ လ/န-၃၉ ခွင့်ပြုမြေနေရာတွင် သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးမပြုသေးသည့် ဧရိယာ (၇၈ ဒသမ ၃၈)ဧက

ဦးစိုင်းတင်ဦး၏ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီနဲ့ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့၏ လုပ်ပိုင်ခွင့်၊ လုပ်ထုံးလုပ်နည်းများ၊ ရပိုင်ခွင့်များကို မည်သည့်အချိန်၌ အစိုးရမှ ညွှန်ကြားဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးမှ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ (၂၆-၂-၂၀၁၃)ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၂၇/၂၀၁၃)ဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၊ ပုဒ်မခွဲ (က)နှင့် (ဂ)တို့အရ အမျိုးသားစီးပွား တိုးတက်ဖွံ့ဖြိုးရေးအတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကစသည့် အင်အားစုများ၏ ပူးပေါင်းပါဝင်မှုကို ရယူ၍ ပြည်သူတို့၏ လူမှုစီးပွားရေးနှင့် နေထိုင်မှု အဆင့်အတန်းမြင့်တင်ရေးကို ရှေးရှုဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ ခရိုင်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီများ၊ ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများကို ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါတယ်။

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီများ၏ လုပ်ပိုင်ခွင့်များအား နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာတွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များအတိုင်း လုပ်ပိုင်ခွင့်များ သတ်မှတ်ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။





ကြီးကြပ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ လုပ်ငန်းများအား ကြီးကြပ်ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲမှုအောက်၌ရှိသော ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီ၏ မူဝါဒလမ်းညွှန်ချက်များအတိုင်း မြို့နယ်စည်ပင်ယာယာရေးကော်မတီများက မူဝါဒပိုင်းဆိုင်ရာ ကြီးကြပ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများတွင် အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ မြို့နယ်စည်ပင်သာယာရေး ကော်မတီများ၏ လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေတွင် အခန်း(၆)၊ ကော်မတီ၏ လုပ်ပိုင်ခွင့်များအား ပုဒ်မ(၂)ခု၊ ပုဒ်မခွဲ (၁၇)ခုဖြင့် ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် မြို့နယ်စည်ပင်သာယာရေးကော်မတီများ၏ လုပ်ပိုင်ခွင့်များအတိုင်း မြို့နယ်စည်ပင်သာယာရေးကော်မတီများမှ လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်သွားရန်သာ ဖြစ်ပါတယ်။

မြို့နယ်စည်ပင်သာယာရေးကော်မတီများ၏ လုပ်ထုံးလုပ်နည်းများအတွက် ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေပုဒ်မ (၉၆)အရ "တည်ဆဲစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်"ဟု ဖော်ပြပါရှိ၍ လက်ရှိကျင့်သုံး ဆောင်ရွက်လျက်ရှိသည့် လုပ်ထုံးလုပ်နည်းများသည် စည်ပင်သာယာရေး ကော်မတီ၏ လုပ်ထုံးလုပ်နည်းများပင် ဖြစ်ပါတယ်။ စည်ပင်သာယာရေးကော်မတီများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍

မြို့နယ်/မြို့နယ်ခွဲစည်ပင်သာယာရေးဌာနများအား ကြီးကြပ်ဆောင်ရွက်သွားနိုင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးဌာနများ၏ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များနှင့် ပတ်သက်၍ အထောက်အကူပြုလုပ်ငန်းဆိုင်ရာ စာအုပ် (၂၀)အုပ်အား သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီများသို့ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီမှ ဖြန့်ဝေပေးထားခဲ့ပြီး ဖြစ်ပါတယ်။ ဖြန့်ဝေပေးထားသော အထောက်အကူပြုလုပ်ငန်းဆိုင်ရာ စာအုပ်များအား ဖတ်ရှုလေ့လာလျက် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီတွင်ပါဝင်သော ဌာနဆိုင်ရာများဖြစ်သည့် မြို့နယ်စည်ပင်သာယာရေးဌာန၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများဖြင့် ပေါင်းစပ်ညှိနှိုင်း၍ လုပ်ငန်းဆိုင်ရာများ၊ လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာကိစ္စရပ်များအား ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေ၊ ပုဒ်မ(၁၁)တွင် “ဌာနသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ပြည်နယ်နှင့် မြို့နယ်ကော်မတီဝင်များ၏ ရပိုင်ခွင့်များအား သတ်မှတ်ပေးရမည်။ ထိုသို့သတ်မှတ်ပေးရာတွင် နှစ်စဉ်ရရှိသော ဝင်ငွေပေါ်မူတည်၍ သတ်မှတ်ပေးရမည်”ဟု ပြဋ္ဌာန်းပါရှိပါတယ်။ ရှမ်းပြည်နယ်အတွင်း မြို့နယ်/မြို့နယ်ခွဲ စည်ပင်သာယာရေးဌာန များသည် ဝင်ငွေအတော်အသင့်ရှိသော/ဝင်ငွေအနည်းငယ် ရှိသော/ ဝင်ငွေလုံးဝမရှိသော မြို့နယ်/မြို့နယ်ခွဲများ စုပေါင်းပါဝင်သည်ဖြစ်၍ ရရှိသောဝင်ငွေပေါ်မူတည်၍ ထိုက်သင့်သောဝန်ထမ်းများ



D/real(wide) (8



နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ များကိုလည်း သက်ဆိုင်ရာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများသို့ ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၏ လုပ်ထုံးလုပ်နည်းများအား အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ ညွှန်ကြားထားခြင်း မရှိသော်လည်း လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်စေရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်နှင့်အညီ ဌာနဆိုင်ရာများဖြင့် ဖွဲ့စည်းထားသော ခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပေါင်းစည်းဖွဲ့စည်းထားသော မြို့နယ်စည်ပင်သာယာရေးကော်မတီများဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများသည် ရပိုင်ခွင့်များ သီးခြားသတ်မှတ်ထားခြင်း မရှိသော်လည်း ကော်မတီ၏ ခရီးသွားလာစရိတ်၊ ရုံးလုပ်ငန်းအသုံးစရိတ်များအား သက်ဆိုင်ရာ မြို့နယ်အလိုက် လွှတ်တော်မှ ခွဲဝေချမှတ်ပေးထားသည့် မြို့နယ်ဖွံ့ဖြိုးရေးအသုံးစရိတ်ကျပ်သိန်း (၁၀၀၀)မှ (၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း) အတွင်း ထိုက်သင့်သလိုလျာထားသတ်မှတ်၍ သုံးစွဲခွင့်ပြုသွားမှာ ဖြစ်ကြောင်း တင်ပြလိုပါတယ်။

မြို့နယ်စည်ပင်သာယာရေးကော်မတီများ၏ လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းသတ်မှတ်ခဲ့သော ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေတွင် မြို့နယ်စည်ပင်သာယာရေး ကော်မတီများ၏ လုပ်ပိုင်ခွင့်များအား အတိအလင်းသတ်မှတ်ပေးထားပြီး ဖြစ်သဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီများ၏ ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေနှင့်အညီ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများကို

(စီမံ/အင်ဂျင်နီယာ၊ အခွန်ကောက်၊ ဈေးကောက်၊ ပစ္စည်းထိန်း၊ ယာဉ်မောင်း၊ စက်မောင်း၊ သန့်ရှင်းရေးလုပ်သား/ သုသာန်စောင့်) သင့်တင့်လျောက်ပတ်သော ဝန်ဆောင်မှုလုပ်ငန်းများအား ဝင်ငွေနှင့်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ရမည့် အနေအထားဖြင့် လည်းကောင်း ချင့်ချိန်၍ ဝန်ထမ်းများခန့်ထားခြင်း၊ ဝန်ထမ်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အသုံးစရိတ်နှင့် လျာထားသုံးစွဲခြင်း၊ လုပ်ငန်းများကို လိုအပ်ချက်ပေါ်မူတည် လျာထားသုံးစွဲခြင်းများ ဆောင်ရွက်ရပါတယ်။

မြို့နယ်/မြို့နယ်ခွဲစည်ပင်သာယာရေးဌာနများသည် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးပိုင်းနှင့် မြို့နေပြည်သူလူထု လိုအပ်ချက်ပေါ်မူတည်ပြီး မြို့နယ်ခန်းများ ထိန်းသိမ်းကြီးကြပ်၍ အခမ်းအနားပွဲလမ်းသဘင်များအား မိမိမြို့၏ ဂုဏ်သိက္ခာနှင့်အညီ အခမ်းအနားပြင်ဆင်ခြင်း၊ အမှိုက်သိမ်းဆည်းခြင်း၊ မိလ္လာ သိမ်းဆည်းခြင်း၊ သုသာန်များထိန်းသိမ်းခြင်း၊ မီးသင်္ဂြိုဟ်စက်များ ကြီးကြပ်ခြင်းနှင့် မြေမြှုပ်သင်္ဂြိုဟ်ခြင်းစသည့် သုသာန်ဆိုင်ရာကိစ္စရပ်များ၊ ခွေးလေခွေးလွင့်၊ အရူး၊ သူတောင်းစား၊ အနာကြီးရောဂါသည် အခြေအနေမဲ့များရှင်းလင်းခြင်း၊ ပုံကျဈေးသည်များ၊ လမ်းဘေးကွမ်းယာဆိုင်များ၊ ကျူးကျော် များအား ထိတွေ့ကြီးကြပ်ခြင်း၊ မြို့နေပြည်သူများအား အခွန်အခကောက်ခံခြင်း၊ အောက်ခြေသိမ်းဗာဟီရတို့ကို ( Local Body)အဖြစ် ဆောင်ရွက်ရသော အဖွဲ့အစည်းများ ဖြစ်ရာ ကော်မတီဝင်လူကြီးများ အနေဖြင့် ယင်းအလုပ်များကို စည်ပင်သာယာရေးဌာန၏ဝန်ထမ်းများ၊ အလုပ်သမားများ နေရာတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည်မဟုတ်၍ ယင်းတို့ကို ကြီးကြပ်နေရာမှသာ ဝင်ရောက်တာဝန်ယူဆောင်ရွက်ကြရမည့် ဦးခေါင်းပိုင်းကော်မတီများသာ ဖြစ်ပါတယ်။



D/real(wide) (8



ယခင်အစိုးရလက်ထက် ၂၀၀၁-၂၀၀၄ ခုနှစ်တွင် လင်းခေးခရိုင်၊ မိုးနဲမြို့နယ် အဝင်လမ်းတစ်လျှောက် လမ်းမအရှေ့ဖက် (မောင်ခိုင်မောင်နိုင်ဘုရားအရှေ့ဖက်) နမ့်ဟူးရေထွက်ကြီးများ ဧရိယာအတွင်း လူနေထိုင်ရန် မြေကွက်၊ စိုက်ပျိုးရန်ခြံကွက်များကို မြို့နယ်အဆင့်၌သာ အကွက်ရိုက်ချထားပြီး ခရိုင်၊ ပြည်နယ်အုပ်ချုပ်ရေးကော်မတီများသို့ တင်ပြထားခြင်းမရှိပါ။ ယခုအချိန်တွင် သဘာဝဝန်းကျင်ပျက်စီးပြီး ရေထွက်များခန်းခြောက်တိမ်ကောမည့် ဆိုးဝါးသော အခြေအနေသို့ ရောက်ရှိနေပါတယ်။ လယ်သမား(၆၃)ဦးမှ လက်မှတ်ရေးထိုးထားပြီး သဘာဝဝန်းကျင်ရေအရင်းအမြစ် ထိန်းသိမ်းရေး ဧရိယာအဖြစ် သတ်မှတ်ပေးပါရန် လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာဌာနများသို့ အကူအညီတောင်းခံလာပါတယ်။ ရာစုနှင့် ချီ၍လယ်မြေ၊ ခြံမြေများ ဝန်းရံပတ်လျက် ရှိသော စိမ့်စမ်းရေဝပ် ရေထွက်ဧရိယာ (၁၄ ဒဿမ ၃၅)ဧကဖြစ်ပါတယ်။ အဆိုပါ ဧရိယာလပ်ထားသည်မှာ ဒေသခံ လယ်သမား၊ ယာသမားများအတွက် အလွန်အရေးကြီးသည့် ပင်မရေသောက်မြစ်သဖွယ် သဘာဝဝန်းကျင် ရေအရင်းအမြစ် ဧရိယာအဖြစ် ထိန်းသိမ်းထားခြင်းဖြစ်ကြောင်း ဆင်ခြင်သုံးသပ်မိပါတယ်။ သို့ပါ၍ လူနေအိမ်ခြေနှင့် မြေရာဇဝင်များ တရားဝင်မှုကို ပြန်လည်စိစစ်ပြီး သဘာဝဝန်းကျင် ရေအရင်းအမြစ်ထိန်းသိမ်းရေး ဧရိယာအဖြစ် သတ်မှတ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုပါတယ်။

ဒုတိယမေးခွန်းအနေဖြင့် နားခံစံပြကျေးရွာ၌ နောင်လာမည့် ဖွံ့ဖြိုးတိုးတက်ရေး ၅ နှစ်စီမံကိန်းတွင် စက်မှုဇုန်များ၊ ကုန်စည်ဒိုင်များ အသေးစားအိမ်တွင်းမှုလက်မှုများ စီမံကိန်း အတွက် အဆိုပြုထားပြီး လက်ရှိ အခြေအနေတွင် (၂၄)နာရီ

လျှပ်စစ်မီးရရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်ခြင်း၊ အခြေခံပညာအထက်တန်းကျောင်း၊ ဆေးပေးခန်း၊ သာသနာ့ အဆောက်အဦးစသည့် အခြေခံစီးပွားရေးအဆောက်အဦးများ ပြည့်စုံနေပြီးဖြစ်ပါသဖြင့် ကျေးရွာဖွံ့ဖြိုးရေးနယ်မြေသတ်မှတ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ သို့သော် ၂၀၀၁ ခုနှစ်၊ ကြက်ဆူစီမံကိန်း ကာလ၌ ရွာ၏ အနောက်ဘက် မော်တော်ကားလမ်း၊ မီးရထား လမ်းကြား စိုက်ပျိုး၍မရသော ကျွံကျောက်မြေကို ကြက်ဆူစိုက်ခင်း အဖြစ် စစ်မှုထမ်းဟောင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ သိမ်းဆည်း ထားသည်မှာ ယနေ့ထက်တိုင်ဖြစ်ပါတယ်။ နားခံကျေးရွာ ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီမှ ဦးဆောင်၍ ရွာသား(၁၂၈)ဦးသည် အဆိုပါမြေနေရာအား နားခံကျေးရွာ၏ အနာဂတ်ဖွံ့ဖြိုး စည်ပင်လာမှုအတွက် ရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးနယ်မြေအဖြစ် သတ်မှတ်ပေးပါရန် တင်ပြလာမှုအပေါ် ရှမ်းပြည်နယ်အစိုးရမှ စိစစ်သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းလိုပါတယ်။

တတိယမေးခွန်းအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်အတွင်း၌ ရွှေ့ပြောင်းတောင်ယာ အလှည့်ကျစိုက်ပျိုးရေးစနစ်ကြောင့်သော်လည်းကောင်း၊ တရားမဝင် သစ်တောခုတ်ထွင် ရှင်းလင်းမှုများကြောင့်သော်လည်းကောင်း၊ တောမီးလောင်မှုများကြောင့်သော်လည်းကောင်း၊ အစားထိုး စိုက်ပျိုးရန်နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော သီးနှံပင်များ အစားထိုးစိုက်ပျိုးရေး စီမံချက်များကြောင့်သော် လည်းကောင်း နှစ်ရှည်ပင်စိုက်ပျိုးရေးဌာနလိုအပ်လျက် ရှိပါတယ်။ သို့ပါ၍ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရန် စီမံချက်များလျာထားလျက် ရှိပါသဖြင့် မိုးနဲမြို့နယ်သို့ နှစ်ရှည်ပင်စိုက်ပျိုးရေးဌာန ခွဲဝေပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (8



သို့ဖြစ်ပါ၍ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ အနေဖြင့် Delivery Unit ဆိုင်ရာ အစည်းအဝေး တက်ရောက်သည့်ကိစ္စရပ်များအတွက် ခရီးစရိတ်များ၊ တည်းခိုနေထိုင် စရိတ်များ၊ တွေ့ဆုံပွဲအခမ်းအနားများ တက်ရောက်ခြင်းများအတွက် စရိတ်များအား ဘတ်ဂျက်နှစ်အလိုက်ထည့်သွင်းနိုင်ရေး မြို့နယ်အလိုက်စိစစ်၍ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုချက်ရရှိနိုင်ရေး ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြသွားမှာ ဖြစ်ပါတယ်။ မြို့နယ်/မြို့နယ်ခွဲစည်ပင်သာယာရေးဌာနများ၏ နှစ်စဉ်လျာထား ရေးဆွဲလျက်ရှိသော ရသုံးမှန်းခြေငွေစာရင်းများ ရေးဆွဲရာတွင် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေး ကော်မတီများ အတွက် လစာစရိတ်၊ အသုံးစရိတ်များ လျာထားရေးဆွဲနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားရမှာ ဖြစ်ပါကြောင်းနှင့် စည်ပင်သာယာရေး ကော်မတီများအနေဖြင့်လည်း စည်ပင်သာယာရေးဆိုင်ရာ ဝင်ငွေတိုးတက်ရရှိရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် စည်ပင်သာယာရေး ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ ဖြစ်ပေါ်လာပါက ကူညီဖြေရှင်း ဆောင်ရွက်ပေးနိုင်ရေးကိုလည်း ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ် ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီးက မေးခွန်း(၁၊ ၂၊ ၃)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းမောင်ကြီး ဖြစ်ပါတယ်။ ပထမမေးခွန်းအနေနဲ့

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်။ ဆက်လက်ပြီး မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီး၏ မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးမှ ဖြေကြား တင်ပြသွားမှာဖြစ်ပါတယ်။

မေးခွန်းအမှတ်(၁)နှင့် ပတ်သက်၍ မိုးနဲမြို့နယ် အဝင်လမ်းတစ်လျှောက် လူနေအိမ်ခြေနှင့် မြေရာဇဝင်များ တရားဝင်မှုကို ပြန်လည်စိစစ်ပြီး သဘာဝပတ်ဝန်းကျင် ရေအရင်းအမြစ် ထိန်းသိမ်းရေးဇရိယာအဖြစ် သတ်မှတ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့်မြေနေရာသည် လွိုင်လင်ခရိုင်၊ နမ့်စန်ဖက်မှ မိုးနဲမြို့အဝင် မောင်ခိုင်မောင်နိုင်ဘုရားအရှေ့ဖက်ရှိ နန်းဟူး ရေထွက်နေရာဖြစ်ပါတယ်။ ၄င်းမြေနေရာကို ယခင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဦးမောင်စိုး (ကျောင်းဆရာ)ဆိုသူအား မြေဧရိယာ (၁၄ ဒဿမ ၃၅)ဧကကို သီးစားချထားပေးခဲ့ကြောင်း တွေ့ရှိရပါတယ်။ လက်ရှိတွင် နေထိုင်ခြင်းမရှိဘဲ ရာသီသီးနှံများ စိုက်ပျိုးသည်ကို တွေ့ရှိရပါတယ်။ မြေပြင်တွင် ရေထွက်ပျက်စီးခြင်း မရှိကြောင်းလည်း တွေ့ရှိရပါတယ်။ တောင်သူ(၆၄)ဦး၏ တင်ပြချက်အရ (၂၀-၁၂-၂၀၁၃)ရက်နေ့မှာ မြို့နယ်စီမံခန့်ခွဲရေး





စိုက်ပျိုးလုပ်ကိုင်လျက် ရှိကြောင်း တွေ့ရှိရပါတယ်။ လက်ရှိ လပ်မြေအမျိုးအစား စာရင်းဝင်မြေဖြစ်သည့်အတွက် အနာဂတ် စည်ပင်ဖွံ့ဖြိုးမှုအတွက် သတ်မှတ်ဆောင်ရွက်မည်ဆိုပါက သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ သဘောထားရယူပြီး မြေယာဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားသင့်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်းနံပါတ်(၃)ဖြစ်သည့် ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးစီမံချက် လျာထားလျက် ရှိပါသဖြင့် မိုးနဲမြို့နယ်သို့ နှစ်ရှည်ပင်စိုက်ပျိုးရေးဌာန ခွဲဝေပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်သည့် မေးခွန်းဖြစ်ပါတယ်။ လောလောဆယ် မိုးနဲမြို့နယ်မှာ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖွဲ့စည်းပုံ သတ်မှတ်ချက်အရ တိုးချဲ့ဖွဲ့စည်းရန် မရှိသေးပါကြောင်းနှင့် စက်မှုသီးနှံစိုက်ပျိုးထုတ်လုပ်ရေးအတွက် လိုအပ်မည်ဆိုလျှင် ပြည်နယ်ရုံးနှင့် တောင်ကြီးခရိုင်ရုံးမှ ဝန်ထမ်းများ ထုတ်နုတ်ပြီး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ဆက်လက်ပြီး အင်းတိုင်းရင်းသားရေးရာလူမျိုးဝန်ကြီး ဦးဝင်းမြင့်က မေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားရေးရာလူမျိုးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် အမှူးပြုတဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို လေးစားစွာ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် အင်းတိုင်းရင်းသားရေးရာဝန်ကြီးအနေနဲ့ ညောင်ရွှေမြို့နယ်

အတွင်းမှာ လုပ်သားပြည်သူများရဲ့ လိုအပ်ချက်များကို မေးမြန်းခြင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ (၃)ခု ရှိပါတယ်။

ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ငွေထုတ်ချေးပေး နိုင်ခြင်း ရှိ/မရှိ၊ ထုတ်ချေးပေးပါက မည်မျှအထိ ထုတ်ချေးပေးနိုင်မည်ကိုလည်းကောင်း၊ ကျေးလက်မီးလင်းရေး အတွက် ချေးငွေရရှိအောင် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို သိရှိလိုပါသည် ဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။ မေးမြန်းရခြင်းအကြောင်းရင်းကတော့ အစိုးရသစ်တက်လာပြီးသည့်နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့်လျှပ်စစ်ဝန်ကြီး၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် ညောင်ရွှေမြို့မှ လွှတ်တော်ကိုယ်စားလှယ်များ ကြိုးစားမှုကြောင့် အင်းလေးဒေသမှာ ကျေးရွာပေါင်း (၁၅၀)ကျော် လျှပ်စစ်မီးလင်းပြီ ဖြစ်ပါတယ်။ ပြည်ထောင်စုဓာတ်အားလိုင်းနဲ့ ဝေးကွာတဲ့ စကားကျေးရွာအုပ်စုမှာလည်း ရှမ်းပြည်နယ် လျှပ်စစ်ဝန်ကြီးရဲ့ စီမံချက်အရ နေရောင်ခြည်ဖြင့် မီးလင်းရေးကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အင်းလေးဒေသမှာ အစိုးရသစ်တက်လာပြီးတဲ့နောက် ကျေးရွာပေါင်း (၁၅၀)ကျော် လျှပ်စစ်မီးလင်းအောင် ဆောင်ရွက်ပေးခဲ့တဲ့ ရှမ်းပြည်နယ်အစိုးရ၊ ရှမ်းပြည်နယ်လျှပ်စစ်ဝန်ကြီးနဲ့ ကျွန်တော်တို့ အင်းလေးဒေသမှ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကြိုးစားမှုကိုလည်း တင်ပြလိုပါတယ်။

ညောင်ရွှေမြို့နယ်မှာ ပြည်ထောင်စုဓာတ်အားလိုင်းနဲ့ ဝေးကွာနေတဲ့ ကျေးရွာ(၁၅၀)ကျော်လောက်က လွဲပြီး ကျေးရွာပေါင်း (၂၅၀)ကျော် ရှိပါတယ်။ ဒီကနေ့အထိ ကျေးရွာ (၁၇၀)လောက် မီးလင်းပြီ ဖြစ်ပါတယ်။ ကျန်တဲ့ကျေးရွာများ မီးလင်းရေးအတွက်





ကော်မတီအစည်းအဝေးဆုံးဖြတ်ချက်အရ အဆိုပါရေထွက်သည် တောင်သူများအတွက် အကျိုးဖြစ်ထွန်းမှုနှင့် ထိန်းသိမ်းဆောင်ရွက်ရန် သင့်မသင့်ကို ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးပေးရန် (၂၀-၁၂-၂၀၁၃)ရက်နေ့မှာ ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးကြောင်း ပြန်လည်ဖြေကြား တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းနှင့် ပတ်သက်၍ နားခံစံပြကျေးရွာတွင် ကြက်ဆူစီမံကိန်းကာလ၌ ကြက်ဆူစိုက်ခင်းအဖြစ် စစ်မှုထမ်းဟောင်းနှင့် အမျိုးသမီးရေးရာအဖွဲ့မှ သိမ်းဆည်းထားသည့် မြေနေရာအား ရွာ၏ဖွံ့ဖြိုးတိုးတက်ရေး နယ်မြေအဖြစ် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ စိစစ်သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်း၍ နားခံစံပြကျေးရွာသည် အိမ်ခြေ (၃၉၅)အိမ်၊ အိမ်ထောင်စု (၄၀၁)စု ရှိပြီး လက်ရှိတွင် ကျေးရွာနယ်မြေအတွက် လုံလောက်မှုရှိသော်လည်း နောင်ဖွံ့ဖြိုးတိုးတက်လာမှုအတွက် ကျေးရွာတိုးချဲ့ခြင်း ဆောင်ရွက်သင့်ပါတယ်။ ရွာ၏ အနောက်ဘက် မိုးနဲ-နမ့်စန်ကားလမ်း၊ မီးရထားလမ်းအကြားရှိ မြေနေရာအား ၂၀၀၁ ခုနှစ်၊ ကြက်ဆူစီမံကိန်းကာလ၌ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့သို့ ဦးပိုင် (L/၂)၊ ဧရိယာ (၂၀ ဒသမ ၆၉)ဧက၊ နားခံအမျိုးသမီးရေးရာအဖွဲ့သို့ ဦးပိုင် (L/၂)၊ ဧရိယာ (၂ ဒသမ ၅၀)ဧကအား ကြက်ဆူစိုက်ပျိုးရန်မြေနေရာအဖြစ် ချထားပေးခဲ့ကြောင်း တွေ့ရှိရပါတယ်။ တရားဝင်မြေသိမ်းဆည်းထားခြင်း မရှိပါကြောင်း၊ အမျိုးသမီးရေးရာ (၂ ဒသမ ၅)ဧကသည် သီးနှံစိုက်ပျိုးဖြစ်ထွန်းမှုမရှိပါ၍ လက်ရှိတွင် မည်သူတစ်ဦးတစ်ယောက်မျှ စိုက်ပျိုးလုပ်ကိုင်ခြင်း မရှိပါကြောင်းနှင့် မြေစာရင်းပုံစံ (၁၀၅)လည်း ရေးဆွဲပေးထားခြင်းမရှိကြောင်း တင်ပြအပ်ပါတယ်။ မြို့နယ်စစ်မှုထမ်းဟောင်း ဦးပိုင် (L/၂)၊ ဧရိယာ (၂၀ ဒသမ ၆၉)ဧက သည် အဖွဲ့အမည်ဖြင့် မြေစာရင်းပုံစံ (၁၀၅)ရရှိပြီး အဖွဲ့မှ နှစ်စဉ် မိုးစပါး၊ ပြောင်းသီးနှံများ

ငွေကြေးအခက်အခဲ ရှိနေပါတယ်။ ငွေကြေးအခက်အခဲ ရှိနေတဲ့အတွက် ဒီနေ့ ကျွန်တော်တို့ ညောင်ရွှေမြို့နယ်အတွင်းမှာ ကျေးရွာပေါင်း (၁၂)ရွာက လျှပ်စစ်မီးလင်းရေးအတွက် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်တဲ့နေရာမှာ ကျေးရွာများအားလုံးမှ ကိုယ့်အားကိုယ်ကိုးစိုက်ထုတ်ငွေ ကျပ်သိန်းပေါင်း (၂၁၈၀) ရှိပါတယ်။ အဲဒီကျေးရွာ (၇)ရွာအတွက် ကျပ်သိန်း (၇၇၀)ခန့် ရရှိခဲ့မယ် ဆိုရင် ကျေးရွာများ မီးလင်းနိုင်မှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်နဲ့အညီ အင်းလေးဒေသ ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် (က) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ငွေထုတ်ချေးပေးနိုင်ခြင်း ရှိ/မရှိ၊ (ခ)ထုတ်ချေးပေးပါက မည်မျှအထိ ထုတ်ချေးပေးနိုင်မည်ကို လည်းကောင်း၊ (ဂ) ကျေးလက်မီးလင်းရေးအတွက် ချေးငွေ ရရှိအောင် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို သိရှိလိုပါသောကြောင့် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံပြီး မင်္ဂလာအပေါင်းနဲ့ ခညောင်းကြပါစေ။ ကောင်းမွန်တဲ့ လိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်





ကျေးလက် လျှပ်စစ်မီးလင်းရေးအတွက် ချေးငွေရရှိနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လိပ်မူ၍ ချေးငွေလိုအပ်သည့် ပမာဏကို တင်ပြပြီး ဆောင်ရွက်ရပါသည်။ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၏ ထောက်ခံချက်၊ မီးလင်းရေး ကော်မတီ၏ အမှန်တကယ် ငွေလိုအပ်ကြောင်း လုပ်ငန်းပမာဏ၊ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေ၊ ထပ်မံတိုးချဲ့မည့် လုပ်ငန်း အရေအတွက်များအား စာရင်းဇယားနှင့်တကွ ရှင်းလင်း တင်ပြရပါတယ်။

အင်းလေးဒေသ (၇)ရွာအတွက် ကျပ်သိန်း (၇၇၀) ချေးငွေရရှိရေးအတွက် ခရိုင်စီမံခန့်ခွဲရေးကော်မတီအား စိစစ်ပြီး ပြန်လည်တင်ပြရန် (၈-၁၁-၂၀၁၃)ရက်နေ့တွင် ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ခရိုင်စီမံခန့်ခွဲရေးကော်မတီ၏ ပြန်လည်စိစစ်တင်ပြလာတဲ့အပေါ် မူတည်ပြီးမှ လိုအပ်သည့် သိန်း(၇၇၀)ကို ထုတ်ချေးပေးမယ်ဆိုတဲ့အကြောင်း၊ ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (8

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ပြင်ဆင်ရေးဆွဲပြီးသော မူလ ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း)တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြထားသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်း။

ဆွေးနွေးရန် ကိုယ်စားလှယ်အမည်စာရင်း ပေးပို့လာခြင်း မရှိပါ။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ပြင်ဆင်ရေးဆွဲပြီးသော မူလ ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း)တို့နှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ပြင်ဆင်ရေးဆွဲ



D/real(wide) (8



ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင် ဖြစ်ပါတယ်။

ယခု အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဝင်းမြင့်ရဲ့ ကျေးရွာများလျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်အစိုးရမှ ငွေထုတ်ပေးနိုင်ခြင်း ရှိ/မရှိ၊ ထုတ်ချေးပေးပါက မည်မျှအထိ ထုတ်ချေးပေးမည်ကိုလည်းကောင်း၊ ကျေးလက် မီးလင်းရေးအတွက် ချေးငွေရရှိအောင် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို သိရှိလိုပါတယ် ဆိုတဲ့ မေးခွန်း (၃)ခုကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျေးရွာများ လျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်ရာတွင်

(က) ရှမ်းပြည်နယ်အစိုးရမှ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးအတွက် ငွေထုတ်ချေးပေးနိုင်ခြင်း ရှိပါသည်။

(ခ) ထုတ်ချေးပေးပါက မည်မျှအထိ ထုတ်ချေးပေး နိုင်သလဲဆိုတဲ့ မေးခွန်းအတွက် ကိုယ့်အားကိုယ်ကိုး မီးလင်းရေးအတွက် ငွေထုတ်ချေးပေးရာတွင် ကျေးရွာ၏ အရေအတွက်၊ ကျေးရွာတွင် နေထိုင်သော အိမ်ထောင်စုအရေအတွက်၊ ကျေးရွာတွင် ရှိသော အိမ်ခြေများ၊ ကျေးရွာ၏ လယ်ယာကိုင်းကျွန်း စိုက်ပျိုးထားရှိမှုနဲ့ ကျေးရွာသူ/ သားများ၏ ငွေချေးရာတွင် ပြန်လည် ပေးဆပ်ရမည့် အချိန်ကာလ၊ အခြေအနေကို မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၏ စိစစ်တင်ပြလာမှု အပေါ် မူတည်၍ ချေးငွေပမာဏကို ထုတ်ပေးခြင်း ဖြစ်ပါတယ်။

(ဂ) ကျေးလက်မီးလင်းရေးအတွက် ချေးငွေရရှိအောင် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို သိရှိလိုပါတယ် ဆိုတဲ့ မေးခွန်းကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ပြီးသော မူလခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းပေးပို့လာခြင်းမရှိသည့်အတွက် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ပြင်ဆင်ရေးဆွဲပြီးသော မူလခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း)တို့အား လွှတ်တော်မှ အတည်ပြုပေးနိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ အဆိုပြုတင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသော တာဝန်ရှိ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ပြင်ဆင်ရေးဆွဲပြီးသော မူလခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ဖြစ်တဲ့ (၃၀-၁၂-၂၀၁၃)ရက်နေ့မှာ အဆိုပြုတင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၄-၂၀၁၅



D/real(wide) (8



## ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား လွှတ်တော်သို့ တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များ၊ လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်၏ကျန်းမာမှု၊ စိတ်၏ ချမ်းသာမှု၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ကိုယ်စားလှယ် ဦးစိုင်းနုဖြစ်ပြီး ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးမှ ယခုအဋ္ဌမပုံမှန်အစည်းအဝေးအထိ ဥပဒေပြုရေး ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြအစီရင်ခံသွားမှာ ဖြစ်ပါတယ်။

ဦးစွာပထမ ရှေးဦးတင်ပြလိုတာက ကျွန်တော်တို့ဟာ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးမှာ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၆၂ အရ

ဖွဲ့စည်းပေးခဲ့တဲ့ ရှမ်းပြည်နယ် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ မဟုတ်ပါ။ ဥပဒေကြမ်းကော်မတီ ဆိုတာ အမျိုးသားလွှတ်တော်ဥပဒေ ပုဒ်မ ၄၀၊ ပြည်သူ့လွှတ်တော်ဥပဒေပုဒ်မ ၄၀ တို့အရ သက်ဆိုင်ရာလွှတ်တော် နှစ်ရပ်မှာ ဖွဲ့စည်းထားရှိတဲ့ အဖွဲ့ဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီရဲ့ လုပ်ငန်းတာဝန်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား ၂ အရ ပြည်နယ်ဥပဒေပြုစာရင်းပါ ဥပဒေပြုခြင်းကို

(က) ပြည်နယ်အဆင့်အဖွဲ့အစည်းမှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၉၊ ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းရန်ပုဒ်မ ၁၉၀၊ လွှတ်တော်ကိုယ်စားလှယ်များမှ ဖွဲ့စည်းပုံပုဒ်မ ၁၉၁ အရ ဥပဒေကြမ်းများကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးထံ ပေးပို့လာတဲ့ အခါ ဥပဒေကြမ်းအပေါ် စိစစ်သုံးသပ်ပြီး ပြင်ဆင် အကြံပြုချက်အစီရင်ခံစာကို ဥက္ကဋ္ဌကြီးထံ အစီရင်ခံတင်ပြခြင်းဖြစ်ပါတယ်။ Report တင်ပြခြင်းဖြစ်ပါတယ်။ ပြင်ဆင်ရန်အဆိုပြုချက် အစီရင်ခံစာ တင်ပြခြင်း မဟုတ်ပါ။

(ခ) ဥက္ကဋ္ဌကြီးထံ တင်ပြထားရှိတဲ့ ဥပဒေကြမ်း (Bills)များကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲပြဋ္ဌာန်းဥပဒေ၊ ဥပဒေကြမ်း တင်သွင်းလာတဲ့ဌာနက လက်ရှိကျင့်သုံးနေတဲ့ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ ညွှန်ကြားချက်များနှင့် လျော်ညီမှုရှိ မရှိ၊ သက်ဆိုင်ရာ တာဝန်ရှိဌာနမှ တာဝန်ခံပုဂ္ဂိုလ်များကို ဖိတ်ကြားပြီး ညှိနှိုင်း



D/real(wide) (9



ခု ဘဏ္ဍာရေးနှစ် ပြင်ဆင်ရေးဆွဲပြီးသော မူလခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း)တို့ကို ပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးသို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဘဏ္ဍာရေးဝန်ကြီးက တင်သွင်းသည့် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ပြင်ဆင်ရေးဆွဲပြီးသော မူလခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း)တို့နှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။ ဒါကြောင့် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ပြင်ဆင်ရေးဆွဲပြီးသော မူလခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း)ကို အတည်ပြုရန် လွှတ်တော်က

(သဘောတူပါသလားခင်ဗျား) (၃) ကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။

လွှတ်တော်က သဘောတူတဲ့အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့မှာ တင်သွင်းခဲ့သော ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ပြင်ဆင်ရေးဆွဲပြီးသော မူလခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း)ကို လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါတယ်။

ဆွေးနွေးပြီးမှ ကော်မတီဝင်အားလုံး သဘောတူညီတဲ့ အစီရင်ခံစာကို အားလုံးက လက်မှတ်ရေးထိုးပြီးမှ ဥက္ကဋ္ဌကြီးထံ ရှမ်းပြည်နယ် လွှတ်တော် နည်းဥပဒေပုဒ်မ ၆၆ (ဂ)အရ တင်ပြရပါတယ်။

ဥပမာ- ရှမ်းပြည်နယ် မီးဘေးနှင့် သဘာဝဘေး အန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေ၊ ဥပဒေအမှတ် ၁၁/၂၀၁၃ တွင် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ဟူသော ဝေါဟာရကို ထည့်သွင်းရသည်မှာ အဆိုပါဝန်ကြီးဌာန၊ ပြည်ထောင်စုဥပဒေ အမှတ်- ၂၁/၂၀၁၃ (၁၁-၇-၂၀၁၃) ရက်စွဲပါ ပြဋ္ဌာန်းချက်အရဖြစ်ကြောင်း သက်ဆိုင်ရာပြည်နယ်အဆင့် ဌာနမှူး၏ တင်ပြဆွေးနွေးချက်အရ ဖြစ်ပါတယ်။

(ဂ) ဒီလိုတင်ပြတဲ့အခါမှာ အစီရင်ခံတင်ပြစာနှင့် အစီရင်ခံအကြံပြုချက်ဇယားများကိုပြုစုပြီး ရှင်းလင်းတင်ပြရပါတယ်။ ဇယားမှာကတော့ ဥပဒေကြမ်း၏ မူလဖော်ပြတဲ့ ပြဋ္ဌာန်းချက်နှင့် ပြင်ဆင်အကြံပြုချက်ကို ယှဉ်တွဲဖော်ပြထားပြီး ဘာကြောင့်ပြင်ဆင်အကြံပြုရတဲ့အချက်ကိုတော့ အစီရင်ခံစာမှာ ပြည့်စုံစွာ ရှင်းလင်းဖော်ပြထားပါတယ်။





လွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တာကို လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနှင့်တကွ ရှမ်းပြည်နယ်အစိုးရ အတွက်ပါ ဂုဏ်ယူဖွယ်ရာ ဆောင်ရွက်မှုအဖြစ် မြင်သာပြီး ဖြစ်ပါတယ်။

ဥပဒေကြမ်းတင်သွင်းခြင်းနဲ့ စပ်လျဉ်းပြီးတော့ လွှတ်တော်ကို ဥပဒေကြမ်းတစ်ရပ်တင်သွင်းမဲ့ အဖွဲ့အစည်းနှင့် ကိုယ်စားလှယ်တော်ကြီးများကို မေတ္တာရပ်ခံအကြံပြုချက်တစ်ရပ်တင်ပြလိုပါတယ်-

'ဥပဒေကြမ်းများကို ပြုစုပြီး အချောသတ် စက်ရိုက် တင်ပြတဲ့စာမူမှာ **သတ်ပုံသတ်ညွှန်း၊ စာလုံးပေါင်း**များကို သုတ်သင်စိစစ် ( Edit )လုပ်ပြီးမှ တင်ပြပေးစေလိုပါတယ်'

ဥပဒေကြမ်းများမှာ ပါရှိလာတဲ့ သတ်ပုံနှင့် စာလုံးပေါင်းချို့ယွင်းမှုကို လွှတ်တော်တွင် ချပြဆွေးနွေးရမဲ့ အချက်နဲ့ အချိန်လျော့ပါးရေး အတွက် အထောက်အကူများစွာ ရှိတဲ့အတွက် ဥပဒေရေးရာ ပြဋ္ဌာန်းချက်ကိုသာ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းကို ပိုမိုအကျိုးပြု ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဥပမာ - ရှမ်းပြည်နယ်သဘာဝမြေသြဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေးဥပဒေ (ဥပဒေအမှတ်-၁၂/၂၀၁၃)ကို ပြုစု ထုတ်လုပ်သုံးစွဲရေးဟု ပြုစုခဲ့ပါလျက် ကွန်ပျူတာ ချို့ယွင်းမှုနှင့် စာမူစိစစ်မှု အားနည်းသော 'ထုတ်လုပ်' စကားလုံး ကျန်နေခြင်း။



D/real(wide) (9

နိဂုံးချုပ်အနေဖြင့် တင်ရရလျှင် သက်ဆိုင်ရာက ဥပဒေကြမ်းများကို လွှတ်တော်ဥပဒေ၊ နည်းဥပဒေများနှင့် အညီ ကြိုတင်ပေးပို့ချက်များကို ကျွန်တော်တို့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီက ဆွေးနွေးဆောင်ရွက်ရချိန်မှာ ဥပဒေကြမ်းတင်သွင်းတဲ့ သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်ရှိပုဂ္ဂိုလ်များက မိမိတို့ဌာန၏ တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ အမိန့်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် လာရောက်ညှိနှိုင်း ဆွေးနွေးတင်ပြရေးနိုင်ရေးကို ဖိတ်ကြားခေါ်ယူဆွေးနွေးမည့်အခါ၌ ကော်မတီမှ အစီရင်ခံစာတင်သွင်းနိုင်ရေးကို သတ်မှတ်ကာလ အတွင်း ပြည့်စုံစွာဆောင်ရွက်နိုင်ပါရန် ဖြည့်ဆည်းကူညီပေးကြပါဟု မေတ္တာရပ်ခံရင်း ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းလာသည့် ဥပဒေကြမ်းများကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ရေး ယခုထက် ပိုမိုကြိုတင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လေးစားစွာ အစီရင်ခံပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု နေ့လည်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို (၁)နာရီ (၃၀)မိနစ်ခန့် ရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား နေ့လည်ပိုင်းအစည်းအဝေးကို နေ့လည်(၁)နာရီ (၃၀)မိနစ်အချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။



D/real(wide) (6)



ရှမ်းပြည်နယ်လွှတ်တော်၊ ဆဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့/၁-၄-၂၀၁၃)မှာ ကိုယ်စားလှယ်တစ်ဦးက မေးမြန်းထားရှိပါတယ်-

‘ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးများ၌ ဆွေးနွေး အတည်ပြုခဲ့သော အဆို (proposal) များကို ဥပဒေပြုရေး ကော်မတီမှ မည်ကဲ့သို့ဆောင်ရွက်ပြီးသည်နှင့် မည်သည့် အခြေအနေရောက်ရှိနေသည်ကို သိရှိလိုပါသည်။’

ဆိုတဲ့ မေးမြန်းချက်ကို ကျွန်တော်တို့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးက ရှင်းလင်းဖြေကြားပေးပြီးဖြစ်ပါတယ်။

လွှတ်တော်ကို တင်ပြသော ‘အဆို’တိုင်းဟာ ဥပဒေပြုရမည့် အဆိုများမဟုတ်တာကို တွေ့ရပါတယ်။ အချို့အဆိုများမှာ တည်ဆဲပြဋ္ဌာန်းဥပဒေများရှိပါတယ်။ အချို့အဆိုတွေဟာ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပုံ/ပုဒ်မ-၉၆၊ ဇယား-၁ အရ ဥပဒေပြုရမည့်ကိစ္စရပ်များဖြစ်တဲ့အတွက် အဆိုပြုချက်တိုင်းကို ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှတ်တော်ဥက္ကဋ္ဌကြီး အစီရင်ခံစာတင်သွင်းပေးရန် တာဝန်ပေးအပ်ခြင်း မပြုနိုင်သော ကိစ္စရပ်များ ဖြစ်နေတာကို တွေ့ရှိရပါတယ်။

ကျွန်တော်တို့ ဥပဒေပြုရေးဆိုင်ရာကော်မတီအနေနဲ့ လွှတ်တော်မကျင်းပမီနှင့် လွှတ်တော်ကျင်းပပြီး နောက်ပိုင်းမှာ လွှတ်တော်ဥက္ကဋ္ဌကြီးက ကော်မတီအစည်းအဝေးထိုင်စေလျက် ယခုလွှတ်တော်သက်တမ်းအတွင်း အစည်းအဝေး (၆)ကြိမ်ထိုင်ပြီး ရှမ်းပြည်နယ်လွှတ်တော်ကို တင်သွင်းလာပြီးဖြစ်တဲ့ ဥပဒေပေါင်း (၁၃)ရပ်ကို အတည်ပြုပြဋ္ဌာန်းရေးအတွက် အစီရင်ခံစာတင်သွင်း ပေးခဲ့ပြီး ပူးတွဲပါရှိတဲ့ ဇယားပါ ဥပဒေ(၁၃)ရပ်ကို ရှမ်းပြည်နယ်

# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# အဋ္ဌမပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှတ်တမ်း
# ၁၃၇၅ ခုနှစ်၊ နတ်တော်လကွယ်
# ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်
# [ အင်္ဂါနေ့ ]
# နေ့လည်ပိုင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လည်ပိုင်းအစီအစဉ် ပြန်လည်စတင်မှာ ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား ။

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။





ရာတွင် မှန်ကန်ထိရောက်သော အကျိုးသက်ရောက်မှု ရှိစေရေး လုပ်ငန်းနှင့် သက်ဆိုင်သော အရည်အချင်းပြည့်မီရေး၊ ထိန်းညှိရာတွင် ထိရောက်မှု ရှိစေရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုစေရာတွင် သက်ဆိုင်ရာဒေသပြင်ပမှ ကုမ္ပဏီများ အစား ဒေသတွင်းရှိ ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များကို လုပ်ကိုင်ခွင့်ပြုစေရေး ဖြေလျှော့ စဉ်းစားပေးသင့်ပါကြောင်း၊ ပြည်နယ်လွှတ်တော်မှတဆင့် ပြည်နယ်အစိုးရအား အဆိုပြု တိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ကိုယ်စား စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်မှ ဖြေကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနုအဆိုကို ဖြေကြားရှင်းလင်းပေးရမည်ဆိုပါက သက်ဆိုင်ရာဒေသပြင်ပမှ ကုမ္ပဏီများအစား ဒေသတွင်းရှိ ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ဒေသခံလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ပြုနိုင်ရေး ဖြေလျှော့ စဉ်းစားပေးသင့်ပါကြောင်း အဆိုပြုတင်ပြချက်မှာ ရည်ရွယ်ချက် အလွန် ကောင်းမွန်ပါတယ်။

ကုမ္ပဏီအနေဖြင့် ကုမ္ပဏီအမည် တည်နေရာ၊ အစုတစ်စု၏တန်ဖိုး၊ အစုရှယ်ယာအရည်အတွက်၊ ကနဦး ထည့်ဝင်မည့် မတည်ရင်းနှီးတန်ဖိုးစသည့် တရားဝင်နိုင်ငံတော်သို့ ကြေညာ မှတ်ပုံတင်ထားရပြီး ကုမ္ပဏီဒါရိုက်တာများ အနေဖြင့်လည်း နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာများ ဖော်ပြ၍ အနည်းဆုံး သတ်မှတ်သည့် အစုရှယ်ယာပိုင်ဆိုင်ရပြီး ပြည်ထဲရေးမှ လုံခြုံရေးအရ စိစစ်ပြီးဖြစ်ခြင်း၊ ကုမ္ပဏီအနေဖြင့် နိုင်ငံတော်သို့ သတ်မှတ်အခွန် ပေးသွင်းပြီးဖြစ်ခြင်း၊ သက်ဆိုင်ရာ စာရင်းစစ်နှင့် စစ်ဆေးခံပြီးဖြစ်ခြင်း၊ Black List

နာမည်ပျက်စာရင်းများ မပါဝင်မှသာ ကုမ္ပဏီအနေဖြင့် ရပ်တည်နိုင်ခြင်းတို့ကြောင့် အားသာချက်ရှိပြီး သတ်မှတ်စည်းမျဉ်းစည်းကမ်းများ၊ အရည်အချင်းများနှင့် ပြည့်စုံနိုင်ပါတယ်။

အဆောက်အဦးများဆောက်လုပ်ခြင်းအတွက် တင်ဒါခေါ်ယူရာတွင်လည်း သတ်မှတ်စည်းမျဉ်းများဖြင့် သတ်မှတ်ခေါ်ယူရခြင်းကြောင့် ယှဉ်ပြိုင်ရာတွင် သတ်မှတ်ဒီဇိုင်း၊ သတ်မှတ်အရည်အသွေးများ၊ Quality ပြည့်စုံရပြီး ကုန်ကျစရိတ်အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ရမှာဖြစ်ပါတယ်။ ကုန်ကျစရိတ်အနည်းဆုံးနှင့် သတ်မှတ်အရည်အသွေး၊ သတ်မှတ်အချိန်တွင် ပြီးစီးအောင်ဆောင်ရွက်နိုင်မှသာ ပြည်ထောင်စု (သို့မဟုတ်) ပြည်နယ်ဘတ်ဂျက် သက်သာစွာနှင့် လုပ်ငန်းစွမ်းဆောင်ရည်ပြည့်မီအောင်မြင်မှာ ဖြစ်ပါတယ်။ တင်ဒါအောင်ပါကလည်း စာချုပ်ပါသတ်မှတ်ချက်များအတိုင်း အရစ်ကျငွေပေးချေမှုနှင့်အညီ လုပ်ငန်းပြီးမြောက်အောင် ဆောင်ရွက်နိုင်ရပြီး စာချုပ်ပါစည်းမျဉ်းစည်းကမ်းများနှင့်အညီ အစစ်ဆေးခံနိုင်ရ၍ နိုင်ငံတော်သို့ သတ်မှတ်အခွန်များ ပေးဆောင်ရမှာ ဖြစ်ပါတယ်။ စာရင်းစစ်ဆေးပြီးမှသာ နောက်ဆုံးအရစ် ငွေကြေးကို တင်ဒါအောင်မြင်သည့် လုပ်ငန်းရှင်မှ ထုတ်ယူခွင့်ရရှိမှာ ဖြစ်ပါတယ်။

ပွင့်လင်းမြင်သာစွာ ယှဉ်ပြိုင်နိုင်သော ခေတ်စနစ်ဖြစ်သည့်အားလျော်စွာ ဒေသပြင်ပမှ ကုမ္ပဏီများအားတရားမျှတစွာ ယှဉ်ပြိုင်နိုင်ခွင့်မပြုပါက မီဒီယာခေတ်မှာ အခက်အခဲများစွာ ရှိနိုင်ပါတယ်။ နိုင်ငံတော်အဆင့်တွင်ပင် ပြည်ပမှ ကုမ္ပဏီများအား ယှဉ်ပြိုင်လုပ်ကိုင်ခွင့်ပြုနေပြီဖြစ်ပြီး ဥပဒေအရ ကန့်သတ်ရန် ခက်ခဲမှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း ဝင်ရောက်ရပါက ပိုမိုယှဉ်ပြိုင်ခွင့်ပြုရမည်ဖြစ်ပြီး ကန့်သတ်မှုများရှိပါက ဖြေလျှော့ပေးရတော့မှာ ဖြစ်ပါတယ်။



D/real(wide) (9



## ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " ဒေသခံလုပ်ငန်းရှင်များအား လုပ်ငန်းဆောင်ရွက်ခွင့်ပြုရေးကိစ္စ အဆိုပြုတင်ပြခြင်း " အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ " ဒေသခံလုပ်ငန်းရှင်များအား လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရေးကိစ္စ အဆိုပြုတင်ပြခြင်း" နှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း ပေးသွင်းလာခြင်း မရှိပါ။

## အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနု၏ "ဒေသခံလုပ်ငန်းရှင်များအား လုပ်ငန်းဆောင်ရွက်ခွင့်ပြုရေးကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်မှ သော်လည်းကောင်း၊ ပြည်နယ်အစိုးရမှ သော်လည်းကောင်း ပံ့ပိုးဆောင်ရွက်ပေးသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ရုံးအဆောက်အဦး ဆောက်လုပ်ရန် တင်ဒါအောင်မြင်သူ (၅)ဦးတွင် (၃)ဦးမှာ ရှမ်းပြည်နယ်အတွင်းမှ လုပ်ငန်းရှင်များဖြစ်ပြီး (၂)ဦးသာ ပြည်နယ်ပြင်ပမှ လုပ်ငန်းရှင်များဖြစ်၍ ယင်းတို့မှာလည်း ယခင်နှစ်ကတည်းက ရှမ်းပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့သူများ ဖြစ်ပါတယ်။

ဒေသခံအဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် ဒေသပြင်ပ ကုမ္ပဏီများနှင့် ယှဉ်ပြိုင်နိုင်ရန် အရင်းအနှီးပိုမိုကြီးမားစေရန် မိမိတို့ဒေသအတွင်းရှိ အဖွဲ့အစည်းများအချင်းချင်းပူးပေါင်းဆောင်ရွက်သင့်ခြင်း၊ မိမိတို့မှာ ဒေသခံဖြစ်၍ကုန်ကြမ်းနှင့် Labour ကို အလွယ်တကူ ရှာဖွေနိုင်ခြင်းနှင့် သက်သာသည့် ဈေးနှုန်းရရှိနိုင်သည့် အခွင့်အလမ်းများရှိခြင်းတို့ကြောင့် ကုန်ကျစရိတ်ကို လျှော့ချ၍ ယှဉ်ပြိုင်ရန် တစ်ပန်းသာသဖြင့် လျှော့ချယှဉ်ပြိုင်သင့်ပါတယ်။ နည်းစနစ်နှင့် အရည်အသွေး ပိုမိုကောင်းမွန်လာစေရေး ကြိုးစားသင့်ပါကြောင်းနှင့် ခေတ်မီနည်းပညာရရှိရန် ပူးတွဲဆောင်ရွက်ခွင့်ရရှိစေရေး နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်သင့်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ၄င်းအဆိုနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့်လည်း ဆောင်ရွက်နေရတဲ့ လုပ်ငန်းတွေမှာ ရှေ့ဆက်လုပ်ဆောင်နေပြီ ဖြစ်ပါ၍ အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲတင်ပြနိုင်ပါရန် ဆွေးနွေးတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၁၉၊ ပုဒ်မခွဲ (ဆ)အရ အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်က နောက်တစ်ကြိမ်ဆွေးနွေးနိုင်ပါတယ်။



D/real(wide) (9



## ဦးစိုင်းလှဖေ၊ ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများကို ပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သည့် ဥပဒေ ဖြစ်ပေါ်လာနိုင်ရေး၊ ရှမ်းပြည်နယ်လွှတ်တော်က ပြည်ထောင်စုလွှတ်တော်သို့ အဆိုတင်သွင်း သွားသင့်ကြောင်း" အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းလှဖေ၊ ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများကို ပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သည့် ဥပဒေ ဖြစ်ပေါ်လာနိုင်ရေး၊ ရှမ်းပြည်နယ်လွှတ်တော်က ပြည်ထောင်စုလွှတ်တော်သို့ အဆိုတင်သွင်းသွားသင့်ကြောင်း " အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ဆွေးနွေးဖို့ စာရင်းပေးထားပါတယ်။

အဆိုကိုဆွေးနွေးဖို့ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်အေးချိုစိန်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့က အဆိုတင်သွင်းသွားတဲ့ ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဦးစိုင်းလှဖေရဲ့

“ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် အုပ်ချုပ်ရေးမှူးများကို ပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သည့် ဥပဒေ ဖြစ်ပေါ်လာနိုင်ရေး၊ ရှမ်းပြည်နယ်လွှတ်တော်က ပြည်ထောင်စု လွှတ်တော်သို့ အဆိုတင်သွင်း သွားသင့်ကြောင်း ” အဆိုကို ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ကျွန်မ ဒေါ်အေးချိုစိန်က ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်၊ အစိုးရသစ် လက်ထက်မှာ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေး ဖြစ်လာစေရေးအတွက် အဖက်ဖက်က အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ နိုင်ငံတော်ရဲ့ အကြီးအကဲ သမ္မတမှ အစပြု၍ ပြည်ထောင်စုအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့် ပြုပြင်ပြောင်းလဲမှုများကိုလည်း တဖြည်းဖြည်းခြင်း ဆောင်ရွက်နေ သော်လည်း တခါတရံမှာ ပြည်ထောင်စုအဆင့် ပြောင်းလဲမှုများကို အောက်ခြေအဆင့်ထိ လမ်းညွှန်ကြီးကြပ်သော်လည်း လိုက်နာမှု အားနည်းခြင်းတို့ကြောင့် ထိရောက်မှု သိပ်မရှိတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အချို့သော ဝန်ထမ်းများသည် နိုင်ငံတော်၏ မူဝါဒများကို မသိကျိုးကျွံပြုကာ ပိုနေမြဲ ကျားနေမြဲအတိုင်း ရှိနေတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဥပမာ- သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းစိန်ဝင်း တင်ပြချက်ဟာ လက်တွေ့ သာဓက ဖြစ်ပါတယ်။ မိမိတို့ ကိုယ်စားလှယ် များအနေဖြင့် တွေ့မြင်သိရှိနေရသော်လည်း အဲဒီဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၏ မြို့နယ်အဆင့်အကြီးအကဲသည် မြို့နယ်အုပ်ချုပ်ရေးမှူးများ ဖြစ်နေသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်၊ ညှိနှိုင်းချက်များဟာ တခါတရံ ထိရောက်မှုမရှိတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။





**ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**
လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အဆိုနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာတာဝန်ရှိဝန်ကြီးမှ ရှင်းလင်းပေးချက်အရ လုပ်ငန်းများ ဆောင်ရွက်ရန် ရှိပါက တင်ဒါစနစ်ဖြင့် ဆောင်ရွက် ပေးနေခြင်း၊ လုပ်ငန်းသဘောသဘာဝနှင့် လျော်ညီစွာ ဆောင်ရွက် ပေးနေခြင်းတို့ကြောင့် မိမိအဆိုအား လိုအပ်သည့်အခါ ကိုးကား အသုံးပြုနိုင်ရန်အတွက် မှတ်တမ်းတင်ထားပေးပါရန် တင်ပြအပ် ပါတယ်ခင်ဗျား။

**ဦးအောင်ကျော်ညွှန့်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။**
အဆိုနှင့်ပတ်သက်၍ မှတ်တမ်းတင် ထားရန် ထောက်ခံပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ ဒေသခံ လုပ်ငန်းရှင်များအား လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရေးကိစ္စ အဆိုပြု တင်ပြခြင်း ” နှင့် စပ်လျဉ်းပြီး အဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါတယ်။

အဆိုနှင့် စပ်လျဉ်း၍ မှတ်တမ်းတင်ရန် လွှတ်တော်မှ (သဘောတူပါသလားခင်ဗျား) (၃) ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်မှ သဘောတူပါသည်။

လွှတ်တော်မှ သဘောတူပါသဖြင့် ဤအဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ယခုအခါ အချို့မြို့နယ်များတွင် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးကို မြို့နယ်ကော်မတီများ ကြားခံလျက် ထိန်းညှိမှု အသင့်အတင့်အောင်မြင်နေသော်လည်း အချို့သော မြို့နယ်များမှာ ထိန်းညှိမှု လက်မခံသည်ကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ပြည်နယ်ဝန်ကြီးချုပ်မိန့်ခွန်းမှာ မှာကြားသလိုပဲ ကျွန်မတို့ လုပ်ငန်းဆောင်ရွက်ရာမှာ ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများ ထိခိုက်စေရေးနှင့် ဌာနဆိုင်ရာအကြီးအကဲ၏ လုပ်ပိုင်ခွင့်အား ဝင်ရောက် စွက်ဖက်မှု မဖြစ်စေရေးကို အလေးထားဆောင်ရွက် သင့်သည် ဖြစ်သဖြင့် မိမိတို့ရဲ့ ပြည်သူ့ကိုယ်စားလှယ်များသည် လည်း ဌာနဆိုင်ရာရဲ့ လုပ်ထုံးလုပ်နည်းများကို သေချာ ဂနစွာ လေ့လာဆောင်ရွက်သင့်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော် ကိုယ်စားလှယ်များရှင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၅)၊ ပုဒ်မ (၂၈၉)မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့် ပုဂ္ဂိုလ်တစ်ဦးကို ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးဆောင်ရွက်စေ ရမည်လို့ ဖော်ပြပါရှိ ပါတယ်။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး များကို ရွေးချယ်ဖို့အတွက် ပြည်ထောင်စုလွှတ်တော်က ဥပဒေ၊ နည်းဥပဒေများထုတ်ပြန်ပြီး ပြည်သူလူထု၏ ဆန္ဒဖြင့် ရွေးချယ် တင်မြှောက်မှု ဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

သို့သော် မြို့နယ်/ခရိုင်အုပ်ချုပ်ရေးမှူးများအား ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၅)၊ ပုဒ်မ ၂၈၈ အရ တိုက်ရိုက် တာဝန် ပေးအပ် ဆောင်ရွက်စေတာကြောင့် အချို့မြို့နယ်အုပ်ချုပ်ရေးမှူး များ၏ အားနည်းချက်၊ မှားယွင်းချက်များ ရှိသော်လည်း ပြည်သူလူထုက ကန့်ကွက်ထုတ်ပယ်ပိုင်ခွင့် မရှိပါဘူး။



D/real(wide) (9



မြို့နယ် အုပ်ချုပ်ရေးမှူးများကို ပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သည့် ဥပဒေ ဖြစ်ပေါ်လာနိုင်ရေး၊ ရှမ်းပြည်နယ် လွှတ်တော်က ပြည်ထောင်စုလွှတ်တော်သို့ အဆိုတင်သွင်း သွားသင့်ကြောင်း ” အဆိုကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးမှ ရှင်းလင်းတင်ပြ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လက်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကို ပြည်သူများရဲ့ ဆန္ဒနဲ့အညီ ဖော်ဆောင်တည်ဆောက် နေသည့် အချိန်အခါ ဖြစ်ပါတယ်။ ထိုသို့တည်ဆောက်ရာတွင် နိုင်ငံတော်အနေဖြင့် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံးရဲ့ အခြေခံ ဖြစ်သော ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။

၂၀၀၈ ခုနှစ်တွင် ပြည်သူလူထု ၉၂ ရာခိုင်နှုန်းကျော်သော မဲဆန္ဒဖြင့် ပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အခန်း(၅)အုပ်ချုပ်ရေးအပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်းမှ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖွဲ့စည်းခြင်းအထိ ပြဋ္ဌာန်းထားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ ဖွဲ့စည်းထားခြင်းနှင့် ပတ်သက်၍ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူး၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အထိ ပြဋ္ဌာန်းထားပါတယ်။

ခရိုင်/မြို့နယ်အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၈၈ ၌ **“ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့၏ အုပ်ချုပ်ရေးကို နိုင်ငံဝန်ထမ်းများအား တာဝန်ပေး**

**ဆောင်ရွက်စေရမည်”** ဟု အတိအလင်းပြဋ္ဌာန်းထားပြီး ယင်းပြဋ္ဌာန်းချက်အရ ခရိုင်အဆင့်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးကလည်းကောင်း အသီးသီး စီမံခန့်ခွဲ ဆောင်ရွက်လျက် ရှိပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန်ပေးအပ်ထားသော ခရိုင်မြို့နယ်အဆင့်များတွင် တာဝန်ယူဆောင်ရွက်နေရသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ မြန်မာနိုင်ငံအုပ်ချုပ်ရေးကာလ အဆက်ဆက်တွင် တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။

၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီးနောက် ပြည်ထဲရေး ဝန်ကြီးဌာနအတွင်းဝန်သည် အထွေထွေအုပ်ချုပ်ရေးလုပ်ငန်းများရဲ့ အကြီးအကဲအဖြစ် တာဝန်ယူဆောင်ရွက်သကဲ့သို့ အထွေထွေ အုပ်ချုပ်ရေး ဝန်ထမ်းများသည် အုပ်ချုပ်ရေးလုပ်ငန်းများကို အဆင့်လိုက် တာဝန်ယူဆောင်ရွက်ခဲ့ရပြီး ၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဝန်ထမ်းများသည် ဝန်ကြီးဌာနအများအပြားကို တာဝန်ခံ ဆောင်ရွက်ခဲ့ရပါတယ်။

၁၉၇၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီရဲ့ ၁၅-၃-၁၉၇၂ ရက်စွဲပါကြေညာချက်အမှတ် (၉၇)အရ အုပ်ချုပ်ရေးစနစ်သစ် ဖော်ထုတ်ခဲ့ကာ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းပြီးနောက် ခရိုင်အဆင့်ကို ဖျက်သိမ်း၍ ပြည်နယ်/တိုင်း မြို့နယ်ပြည်သူ့ကောင်စီများကို ဖွဲ့စည်း၍ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို နိုင်ငံတော်ကောင်စီလက်အောက်သို့ လွှဲပြောင်း ပေးကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆင့်ဆင့်သည်လည်း ပြည်သူ့ကောင်စီ အဆင့်ဆင့်၏ အခြေခံရုံးများအဖြစ် တာဝန် ပေးထမ်းဆောင်စေခဲ့ပါတယ်။



D/real(wide) (9



ပြောင်းလဲလာတဲ့ နိုင်ငံရေး ရေစီးကြောင်းအရ ခရိုင်/ မြို့နယ်အုပ်ချုပ်ရေးမှူးများကို ပြည်သူလူထု၏ ဆန္ဒဖြင့် ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များအား ခန့်အပ်တာဝန် ပေးအပ်သင့်ပါတယ်။ ဒီလို ရွေးချယ်တင်မြှောက်တာဝန်ပေးခြင်းဖြင့် ပြည်သူ့ကိုယ်စားလှယ်က အများအယွင်းဆောင်ရွက်ခဲ့ရင်လည်း ပြည်သူလူထုကပဲ ထိန်းညှိပေးနိုင်၊ ဖြုတ်ချနိုင်မှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၂၈၈ အား ပြင်ဆင်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဖေ၏ “ ခရိုင် အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် အုပ်ချုပ်ရေးမှူးများကို ပြည်သူများ၏ ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သည့် ဥပဒေ ဖြစ်ပေါ်လာနိုင်ရေး၊ ရှမ်းပြည်နယ်လွှတ်တော်က ပြည်ထောင်စုလွှတ်တော်သို့ အဆို တင်သွင်းသွားသင့်ကြောင်း” အဆိုကို လေးလေးနက်နက် ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။

## အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အဆိုနှင့် စပ်လျဉ်း၍ ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဟိုပန်မြို့နယ်မဲဆန္ဒနယ်(၂)မှ ဦးစိုင်းလှဖေ၏ “ ခရိုင်အုပ်ချုပ်ရေးမှူးများ၊

၁၉၈၈ ခုနှစ်မှ စ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကာလများတွင် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးများသည် မြို့နယ်/ခရိုင်နှင့် ပြည်နယ်/တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများတွင် အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ အတွင်းရေးမှူးများအဖြစ်လည်းကောင်း၊ ဥက္ကဋ္ဌများအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

ထိုကဲ့သို့ ခေတ်အဆက်ဆက်နိုင်ငံတော်မှ တာဝန်ပေးအပ်ခဲ့သည့် အုပ်ချုပ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် အုပ်ချုပ်ရေးစွမ်းရည် ထက်မြက်စေရေးနှင့် ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရေးအတွက် ဌာနမှ ကိုင်တွယ်ကျင့်သုံးရသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများသာမက အခြားဝန်ကြီးဌာနများမှ ကျင့်သုံးသည့် ဥပဒေ၊ နည်းဥပဒေများကို နားလည်သိရှိနိုင်ရေးအတွက် မိမိဌာနမှ ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးသည့် အုပ်ချုပ်မှု ပညာဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ တက်ရောက်လေ့ကျင့်သင်ကြားရသည့်အပြင် ဗဟိုဝန်ထမ်းတက္ကသိုလ်၌ ဖွင့်လှစ်သည့် အရာထမ်းအခြေခံသင်တန်း၊ အရာထမ်းလောင်းသင်တန်း၊ အရာထမ်းငယ်အခြေခံသင်တန်းနှင့် အလယ်အလတ်စီမံခန့်ခွဲမှုသင်တန်းများကို အဆင့်ဆင့် တက်ရောက်လေ့ကျင့်သင်ကြားရပြီး အမှုထမ်းသက် (၁၀)နှစ်ကျော်မှသာ အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေးအပ်ခြင်းခံရပါတယ်။



D/real(wide) (9



အုပ်ချုပ်ရေးကို တာဝန်ယူဆောင်ရွက်နေသည့် အုပ်ချုပ်ရေးမှူးများသည် ပြည်သူက ရွေးကောက် တင်မြှောက်သည့် ကိုယ်စားလှယ်များမဟုတ်သော်လည်း ပြည်သူက အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် လွှတ်တော်အသီးသီးက ပြဋ္ဌာန်းခဲ့သည့် ဥပဒေများ၊ မူဝါဒများ၊ အစိုးရအဖွဲ့အဆင့်ဆင့် ပြဋ္ဌာန်းသည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များအရ ပြည်သူများက ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များအား အလေးထားတိုင်ပင်၍ ပြည်သူ့အကျိုးစီးပွားကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးအား ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီသာ ဆက်လက်ဆောင်ရွက် သင့်ပါကြောင်းနှင့် အဆိုရှင်တင်ပြသော အဆိုကိုလည်း ပြန်လည်ရုပ်သိမ်းပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၁၉၊ ပုဒ်မခွဲ (ဆ)အရ အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်က နောက်တစ်ကြိမ်ဆွေးနွေးခွင့်ရှိပါတယ်။

**ဦးစိုင်းလှဖေ၊ ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်တင်သွင်းထားတဲ့အဆိုနှင့် ပတ်သက်၍ အဓိက ရည်ရွယ်ချက်မှာ ပိုမိုပြည့်စုံသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာရေး၊ နောင်လာနောက်သားများအတွက် ကောင်းမွန်သော အမွေပေးနိုင်ရန်

ပထမအကြိမ် သက်တမ်းမှာ မျိုးစေ့ချပေးပြီး ဒုတိယသက်တမ်းမှာ ပြုစုပျိုးထောင်မည်၊ တတိယသက်တမ်း သို့မဟုတ် လာမည့် သက်တမ်းတစ်ခုခုမှာ အကောင်အထည်ဖော် နိုင်မည်ဆိုလျှင် ကျွန်တော်တို့နိုင်ငံအတွက် ပိုမိုကောင်းမွန်လာမှာဖြစ်ကြောင်း ထပ်လောင်းတင်ပြလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ဒီမိုကရေစီစနစ်ဆိုသည့်အယူအဆတစ်ခု၊ စံတန်ဖိုး တစ်ခုကို ဖော်ဆောင်ရာတွင် အပြီးသတ်ပန်းတိုင် မရှိနိုင်သဖြင့် ပြောင်းလဲနေသော အခြေအနေအချိန်အခါများ အဖြစ်သာ ကြိုးပမ်းအားထုတ်ရန်လိုပါသည်။ မြန်မာ့ဒီမိုကရေစီခရီးအတွက် လတ်တလောလိုအပ်နေမှုများကို ဖော်ပြပါဆိုလျှင် ဒီမိုကရေစီတွင်ပါဝင်သော မတူကွဲပြားသည့်အသံများကို ကွဲပြားခြင်း၊ ပွင့်လင်းစွာဆွေးနွေးခြင်း၊ ဖြောင်းဖျတိုက်တွန်းခြင်းနှင့် စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းသည်သာ အလိုအပ်ဆုံးနှင့် ခရာအကျဆုံးဖြစ်သည်ဟု ထင်မြင်ယူဆမိပါသည်။ ဒါကြောင့် အဆိုနှင့် ပတ်သက်၍ အဆိုတင်သွင်းချက်ဟာ ကျွန်တော်တို့ ရှမ်းပြည်နယ်တစ်ခုတည်းသာမကပဲ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်တဲ့အဆို ဖြစ်တဲ့အတွက် အများနှင့်သက်ဆိုင်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ကို အပ်နှံပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဤကိစ္စနှင့် စပ်လျဉ်းပြီး အနည်းငယ် ဆွေးနွေးလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၈ မှာ **" ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့၏ အုပ်ချုပ်ရေးကို နိုင်ငံဝန်ထမ်းများအား တာဝန်ပေး ဆောင်ရွက်စေရမည်"**



D/real(wide) (1



ထိုကဲ့သို့ တာဝန်ထမ်းဆောင်ရာ၌လည်း လက်ရှိနိုင်ငံတော်မှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ခရိုင်/မြို့နယ်စီမံခန့်ခွဲမှု ကော်မတီများ၊ အထောက်အကူပြုကော်မတီများနှင့် အခြားသော ကော်မတီများ၏ ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး ကော်မတီ၏ ဆုံးဖြတ်ချက်များနှင့်အညီ ပြည်သူလူထု၏ ဆန္ဒကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ထိုသို့ ဆောင်ရွက်ရာမှာ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၂၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၂ နှင့် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာဥပဒေပုဒ်မ ၈၄ တို့အရ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များကို အလေးထား တိုင်ပင်အပ်သော ပုဂ္ဂိုလ်များအဖြစ် မှတ်ယူပြီး ညှိနှိုင်းတိုင်ပင်၍ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ ယခင်ပြဋ္ဌာန်းခဲ့သည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လက်ရှိ လွှတ်တော်အသီးသီးမှ အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။

တနည်းအားဖြင့် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများသည် ပြည်သူကရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များ မဟုတ်သော်လည်း ပြည်သူ့ကြားမှ ပေါက်ဖွားလာသည့် ပြည်သူ့ဝန်ထမ်းများပီပီ ပြည်သူကရွေးကောက်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် တိုင်ပင်ပြီး ပြည်သူ့အကျိုးကို ပြည်သူ့ဆန္ဒနှင့်အညီ အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခရိုင်နှင့် မြို့နယ်

ဟု ပြဋ္ဌာန်းထားပါတယ်။ ယခုကိစ္စဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြီးမှသာလျှင် ဆက်လက်ဆောင်ရွက်နိုင်တဲ့ကိစ္စ ဖြစ်ပါတယ်။ ဦးစိုင်းလှဖေရဲ့အဆိုသည် အများပြည်သူလိုလားတဲ့ အချက်ဖြစ်တယ်ဆိုတာ လက်ခံယုံကြည်ပါတယ်။ ယခုကာလသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ကို တစ်နိုင်ငံလုံးအတိုင်းအတာအရ ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်နေတဲ့ ကာလဖြစ်ပါတယ်။ ပုဒ်မ ၂၈၈ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ထဲမှာ ပါရှိတဲ့ ပုဒ်မပေါင်း ၄၅၇ ခုလုံးကို သုံးသပ်ပြင်ဆင်နိုင်ရန် တင်ပြချက်ကို လက်ခံစဉ်းစား ဆောင်ရွက်နေတဲ့ အချိန်အခါကောင်းလည်း ဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက် ပုဒ်မ ၂၈၈ ကို မည်သို့မည်ပုံ ပြင်ဆင်လိုကြောင်း အကျိုးအကြောင်းဖော်ပြချက်နှင့်တကွ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီကို တင်ပြဖို့ လိုအပ်တယ်လို့ ယူဆပါတယ်။ ဒါကြောင့် ပုဒ်မ ၂၈၈ မှာ ပါရှိတဲ့ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့၏ အုပ်ချုပ်ရေးမှူးများကို နိုင်ငံ့ဝန်ထမ်းများအား တာဝန်ပေးအပ်ဆောင်ရွက်စေရမည်ဆိုတဲ့ ပြဋ္ဌာန်းချက်အစား ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများကို ပြည်သူများ၏ ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်စေရမည်ဟု ပြင်ဆင် အဆိုပြုချက်အား ဦးစိုင်းလှဖေ၏ အမည်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) လေ့လာသုံးသပ်ရေး ပူးပေါင်း ကော်မတီသို့ တင်ပြပေးသွားမှာ ဖြစ်တဲ့အတွက် အဆိုကို လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိဖို့အတွက် အကြံပြုလိုပါတယ်။

**ဦးစိုင်းလှဖေ၊ ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ဥက္ကဋ္ဌကြီး၏ အကြံပြုချက်ကို သဘောတူပါတယ်။





အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်း ပေးသွင်းလာခြင်း မရှိပါ။

## အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနု၏ အဆိုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးမှ ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လွှတ်တော်အရပ်ရပ်နှင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်(၃)ရပ်ဖြင့် ဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ စည်းကမ်းပြည့်ဝသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးရောက်ရှိအောင် အစိုးရ၊ လွှတ်တော်၊ ပြည်သူများ ဆောင်ရွက်လျက် ရှိပါတယ်။

ယနေ့အချိန်အခါသို့ရောက်ရှိအောင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ကို ရေးဆွဲခဲ့ကြသည့် အမျိုးသား ညီလာခံကိုယ်စားလှယ်များကိုလည်း အခက်အခဲအမျိုးမျိုးကြားမှ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဆောင်ရွက်ခဲ့ကြသည်ကို သိရှိနားလည်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်လည်း ပြည်သူများမှ (၉၂ ဒသမ ၄၈) ရာခိုင်နှုန်းဖြင့် ထောက်ခံအတည်ပြုခဲ့ပြီးလည်း ဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ ကျေးဇူးကိုလည်း မှတ်တမ်းတင်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအနေဖြင့် ပြည်သူကို ဗဟိုပြု၍ အောက်ခြေအုပ်ချုပ်ရေးကဏ္ဍများတွင် ကော်မတီအသီးသီး ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပြီး ယင်းတို့၏ နယ်မြေဒေသအတွက် အမှန်တကယ် လိုအပ်သည့် စီးပွားရေး၊ လူမှုရေးလိုအပ်ချက်များကို လျာထားသတ်မှတ် ဆောင်ရွက်နေသည့်ကာလလည်း ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရမှ မူဝါဒချမှတ်ဆောင်ရွက်နေသော ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရအနေဖြင့် ယခုအချိန်တွင် ဦးစားပေး ဆောင်ရွက်လျက် ရှိပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လျှပ်စစ်မီးလင်းရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ မြို့ပြကျေးရွာ အခြေခံ အဆောက်အအုံဆောက်လုပ်ရေးနှင့် အလုပ်အကိုင် တိုးပွားရေး၊ ခရီးသွားလုပ်ငန်း၊ ငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးရေးနှင့် အသေးစားချေးငွေ လုပ်ငန်းဖွံ့ဖြိုးရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်အောင် ဆောင်ရွက်ရေးတို့ကို ဦးစားပေးလုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။





**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းလှဖေ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ " ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် အုပ်ချုပ်ရေးမှူးများကို ပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သည့် ဥပဒေ ဖြစ်ပေါ်လာနိုင်ရေး၊ ရှမ်းပြည်နယ်လွှတ်တော်က ပြည်ထောင်စု လွှတ်တော်သို့ အဆိုတင်သွင်းသွားသင့်ကြောင်း " အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ရဲ့ ဆန္ဒ ရယူမှာ ဖြစ်ပါတယ်။ အဆိုနှင့် စပ်လျဉ်း၍ မှတ်တမ်းတင်ရန် လွှတ်တော်မှ (သဘောတူပါသလားခင်ဗျား)။ (၃) ကြိမ် တိုင်တိုင်မေးပါသည်။ လွှတ်တော်မှ သဘောတူပါသည်။

လွှတ်တော်မှ သဘောတူပါသဖြင့် ဤအဆိုကို မှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

## ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ **" ကျေးဇူးရှင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အသိအမှတ်ပြုမှတ်တမ်းတင်ထားရုံ မဟုတ်ပဲ ပြည်နယ်အစိုးရအနေဖြင့် သင့်တင့်မျှတသော ချီးမြှင့်ထောက်ပံ့မှုများ၊ အခွင့်အလမ်းများ စီစဉ်ဆောင်ရွက် ပေးခြင်းဖြင့် ကျေးဇူးရှင်များအား အမေ့ခံဘဝမှ ဆွဲထုတ်ကယ်တင်စီမံဆောင်ရွက်ပေးနိုင်ရေး လွှတ်တော် ဥက္ကဋ္ဌကြီးမှ တဆင့် ပြည်နယ်အစိုးရအားတိုက်တွန်းပေးပါရန်"**

ထိုသို့ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်အစိုးရ အရ/အသုံး ဘတ်ဂျက်ရေးဆွဲ၍ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ နှစ်အလိုက်ရေးဆွဲ၍ ငွေကြေးများကို စိစစ်သုံးစွဲလျက် ရှိပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်၏ ဖြည့်စွက်ရန်ပုံငွေနှင့် ၂၀၁၄-၂၀၁၅ ခုနှစ် မူလခန့်မှန်းခြေငွေစာရင်းတို့ကို (၄-၁၁-၂၀၁၃) ရက်နေ့တွင် ပြုလုပ်ခဲ့သော ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အတည်ပြုခဲ့ပြီးလည်း ဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနုတင်သွင်းသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ထောက်ပံ့ရေးကိစ္စ ပတ်သက်၍ ပြည်ထောင်စုအဆင့်မှ ချမှတ်သည့် မူဝါဒနှင့်အညီသာ ဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အဆိုကိုလည်း မေးခွန်းအဖြစ်ပြောင်းလဲနိုင်ပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၁၉၊ ပုဒ်မခွဲ (ဆ)အရ အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်က နောက်တစ်ကြိမ်ဆွေးနွေးခွင့် ရှိပါတယ်။

**ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူများရဲ့ ဆန္ဒနဲ့အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး အတွက် အခြေခံအဖြစ် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အမှီပြုပြီး လက်ရှိ





## ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေနှင့် အညီ ရှမ်းပြည်နယ်အတွင်းရှိ မြို့ပြနှင့် ကျေးလက်များ တပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး အတွက် စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင့်ပြုရန်ပုံငွေများ ခွဲဝေချမှတ်ရာတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ မူဝါဒ/ သတ်မှတ်ချက်များ ပြန်လည်ချမှတ်ပေးပါရန် ” အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေနှင့်အညီ ရှမ်းပြည်နယ်အတွင်းရှိ မြို့ပြနှင့် ကျေးလက်များ တပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေး လုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင့်ပြုရန်ပုံငွေများ ခွဲဝေချမှတ်ရာတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ မူဝါဒ/ သတ်မှတ်ချက်များ ပြန်လည်ချမှတ်ပေးပါရန် ” အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ် ( ၁ )ဦးက ဆွေးနွေးဖို့ စာရင်းပေးထားပါတယ်။

အဆိုကိုဆွေးနွေးဖို့ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းမောင်ကြီးကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** မင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလွင်၏ (၃၀-၁၂-၂၀၁၃)ရက်နေ့က တင်သွင်းထားတဲ့ " ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေနှင့်အညီ ရှမ်းပြည်နယ်အတွင်းရှိ မြို့ပြနှင့် ကျေးလက်များ တပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေး လုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင့်ပြုရန်ပုံငွေများ ခွဲဝေချမှတ်ရာတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ မူဝါဒ/ သတ်မှတ်ချက်များ ပြန်လည်ချမှတ်ပေးပါရန် "အဆိုနဲ့ ပတ်သက်ပြီး အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဦးစိုင်းလွင်ရဲ့ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းခွင့်ပြုရန်ပုံငွေခွဲဝေခြင်းနဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တိုက်တွန်းထားတဲ့ မူဝါဒ/စည်းကမ်းသတ်မှတ်ချက် (၂)ခု ပါဝင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ပထမအချက်ကတော့ **ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသေးတဲ့ ခရိုင်/မြို့နယ်တွေမှာ မိမိမြို့နယ်က ရှာဖွေကောက်ခံရရှိတဲ့ အခွန်အခကို မိမိမြို့နယ်အတွက် ပြန်လည်အသုံးချခွင့်ပြုပေးပါရန်၊ မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်တဲ့ လုပ်ငန်းများအတွက် ဖြည့်စွက်ခွင့်ပြုပေးရန် ဆိုတဲ့ စည်ပင်သာယာရေးလုပ်ငန်းများနဲ့ ပတ်သက်တဲ့ ဘဏ္ဍာငွေခွဲဝေမှု မူဝါဒကို ရှမ်းပြည်နယ် အစိုးရက ချမှတ်ပေးဖို့ တိုက်တွန်းထားခြင်းနှင့်** ဒုတိယအချက်အနေနဲ့ မြို့နယ်များကို ရန်ပုံငွေခွဲဝေသတ်မှတ်ပေးရာမှာ



D/real(wide) (1



အဆင့်ဆင့်သော လွှတ်တော်များ၊ အစိုးရအဖွဲ့များ၊ အဖွဲ့အစည်းများ၊ ကော်မတီများဖြင့် သက်ဝင်ဆောင်ရွက်လျက် ရှိနေတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ခြင်းဟာ ၁၉၉၃ မှ ၂၀၀၇ အထိ ပြုလုပ်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံမှ မြစ်ဖျားခံလာခြင်းပဲဖြစ်ပါတယ်။ ဤကိစ္စနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်လွှတ်တော်မှ သတိတရ အသိအမှတ်ပြုဖော်ထုတ်သလို အခြားသော တိုင်းဒေသကြီး / ပြည်နယ်များမှလည်း ဖော်ထုတ်ဆောင်ရွက်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ယင်းသို့ ဆောင်ရွက်လာပါက မိမိတို့ရှမ်းပြည်နယ်လွှတ်တော်မှလည်း အချိန်နှင့်တပြေးညီ ပူးပေါင်းဆောင်ရွက်ပေးသွားနိုင်ဖို့အတွက် ကျွန်တော့်အဆိုအား မှတ်တမ်းတင်ထားပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ " ကျေးဇူးရှင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အသိအမှတ်ပြု မှတ်တမ်းတင်ထားရုံ မဟုတ်ပဲ ပြည်နယ်အစိုးရအနေဖြင့် သင့်တင့်မျှတသော ချီးမြှင့်ထောက်ပံ့မှုများ၊ အခွင့်အလမ်းများ စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးဇူးရှင်များအား အမေ့ခံဘဝမှ ဆွဲထုတ်ကယ်တင် စီမံဆောင်ရွက်ပေးနိုင်ရေး လွှတ်တော်ဥက္ကဋ္ဌကြီးမှ တဆင့် ပြည်နယ်အစိုးရအား တိုက်တွန်းပေးပါရန်" အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ရဲ့ ဆန္ဒ ရယူမှာ ဖြစ်ပါတယ်။ အဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်မှ (သဘောတူပါသလားခင်ဗျား)။ (၃) ကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။

လွှတ်တော်မှ သဘောတူပါသဖြင့် ဤအဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**မြို့နယ်တစ်ခုအတွက် ခွင့်ပြုနိုင်မယ့်ပမာဏကိုသာ သတ်မှတ်ပေးပြီး စီမံကိန်းလုပ်ငန်းကို ကြိုတင်သတ်မှတ်ပေးခြင်းမပြုပဲ ဒေသရဲ့လိုအပ်ချက်အရ မြို့နယ်စည်ပင်ကော်မတီများက လူထုနဲ့ ညှိနှိုင်းပြီး တင်ပြတောင်းခံလာတဲ့ အမှန်တကယ် ပိုမိုလိုအပ်သော လုပ်ငန်းကိုသာ ရွေးချယ်ခွင့်ပြုပေးရေး ရှမ်းပြည်နယ်အစိုးရအနေနဲ့ မူဝါဒတစ်ခု ချမှတ်သင့်ကြောင်း** တိုက်တွန်းထားတာကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျာ။ ဦးစိုင်းလွင်ရဲ့ အဆိုနဲ့ ပတ်သက်ပြီး ပထမအချက်အနေနဲ့ ဆွေးနွေးရမယ်ဆိုရင် -စည်ပင်သာယာရေးအဖွဲ့ (ယခုဆိုရင် စည်ပင်သာယာရေးကော်မတီ)များဟာ မိမိတို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့သာယာလှပရေးစတဲ့ မြို့ပြလုပ်ငန်းများကို ဆောင်ရွက်ရာမှာလည်းကောင်း၊ ကျေးလက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာမှာ လည်းကောင်း၊ မိမိတို့မြို့နယ်အလိုက် ရသင့်ရထိုက်သော အခွန်အခအရပ်ရပ်များကို စည်းကမ်း၊ နည်းလမ်း၊ သတ်မှတ်ချက်များနဲ့အညီ သတ်မှတ်ချက်ပြည့်မီအောင် ကြိုးစားကောက်ခံပြီးမှ ရရှိလာတဲ့ အခွန်အခတွေနဲ့ မြို့နယ်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် မြို့နယ်အလိုက် ကောက်ခံရရှိတဲ့ အခွန်ငွေတွေကို ပြည်နယ်မှာ စုစည်းပြီးတော့ မြို့နယ်များကို ပြန်လည်ခွဲဝေပေးရာမှာ လက်ရှိမူဝါဒအရ များများရှာနိုင်တဲ့ မြို့နယ်မှာ ခွင့်ပြုချက် များများရရှိမှာဖြစ်ပြီး ဒေသအခြေအနေအရ အခွန်ကောက်ခံနိုင်မှုနည်းပါးတဲ့ မြို့နယ်၊ နည်းနည်းပဲ ရှာနိုင်တဲ့ မြို့နယ်အတွက် ခွင့်ပြုငွေ နည်းနည်းပဲရရှိမှာ ဖြစ်တယ်ဆိုတာကို လေ့လာသိရှိရပါတယ်။





ဒါကြောင့် မြို့နယ်အလိုက်ရရှိတဲ့ အခွန်အခကို အချိုးကျဖြတ်တောက်ပြီး အခြားသော ပြည်နယ်စည်ပင် စီမံခန့်ခွဲမှုကဏ္ဍမှာ အသုံးပြုခြင်းအစား ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသေးတဲ့ ခရိုင်/မြို့နယ်တွေမှာ မိမိမြို့နယ်က ရှာဖွေကောက်ခံရရှိတဲ့ အခွန်အခကို မိမိမြို့နယ်အတွက် အပြည့်အဝပြန်လည်အသုံးချခွင့်ပြုပေးရန်၊ မြို့ဖွံ့ဖြိုးတိုးတက်ရေး အတွက် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်တဲ့လုပ်ငန်းများအတွက် ဖြည့်စွက်ခွင့်ပြုပေးရန်ဆိုတဲ့ စည်ပင်သာယာရေးလုပ်ငန်းများနဲ့ ပတ်သက်တဲ့ ဘဏ္ဍာငွေခွဲဝေမှု မူဝါဒကို ရှမ်းပြည်နယ်အစိုးရက ချမှတ်ပေးဖို့ တိုက်တွန်းထားတဲ့အဆိုဟာ ဒီကနေ့ လက်ရှိကာလဒေသခေတ်အခြေအနေအရ အင်မတန်မှ လျော်ကန်သင့်မြတ်မှု ရှိပါကြောင်းကို ကျွန်တော့်အနေနဲ့ ထောက်ခံ ဆွေးနွေးတင်ပြပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒုတိယအချက်အနေနဲ့ ဆွေးနွေးတင်ပြရရင် မြို့နယ်တွေကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ပေးဖို့အတွက် လုပ်ငန်းခေါင်းစဉ်အလိုက် သတ်မှတ်ရာခိုင်နှုန်းအလိုက် လျာထားခွဲဝေပေးထားတာကို လေ့လာသိရှိရပါတယ်။ ဒီလိုခွဲဝေပေးရာမှာ လုပ်ငန်းလိုအပ်ချက်အရ တစ်မျိုးဖြစ်နိုင်ပြီး၊ ခွင့်ပြုချက်အရ တစ်မျိုးဖြစ်နေမယ်ဆိုရင် အကျိုးထိရောက်မှု နည်းပါးမှာဖြစ်တဲ့အတွက် မိမိဒေသရဲ့လိုအပ်ချက်ကို အနီးကပ်သိရှိတွေ့မြင်ခွင့်ရှိတဲ့ မြို့နယ်စည်ပင်သာယာရေးကော်မတီတွေက တင်ပြတဲ့ ပိုမိုသင့်လျော်မယ့်လုပ်ငန်းကို ရွေးချယ်ခွင့်ပြုပေးတာက ပိုမိုသင့်လျော်ကြောင်း ဆွေးနွေးလိုပါတယ်။

ဒါကြောင့် အဆိုရှင် ဦးစိုင်းလွင်က မြို့နယ်တစ်ခုအတွက် ခွင့်ပြုနိုင်မယ့်ပမာဏကိုသာ သတ်မှတ်ပေးပြီး စီမံကိန်းလုပ်ငန်းကို ကြိုတင်သတ်မှတ်ပေးခြင်းမပြုပဲ ဒေသရဲ့ လိုအပ်ချက်အရ မြို့နယ်စည်ပင်ကော်မတီများက လူထုနဲ့ ညှိနှိုင်းပြီး တင်ပြတောင်းခံလာတဲ့ အမှန်တကယ် ပိုမိုလိုအပ်သော လုပ်ငန်းကိုသာ ရွေးချယ်ခွင့်ပြုပေးရေး ရှမ်းပြည်နယ်အစိုးရအနေနဲ့ မူဝါဒတစ်ခု ချမှတ်သင့်ကြောင်း တိုက်တွန်းထားတာဟာလည်း လက်တွေ့ကျတဲ့ တိုက်တွန်းချက်များဖြစ်တဲ့အတွက် လင်းခေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင် တင်သွင်းထားတဲ့ **“ ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေနှင့်အညီ ရှမ်းပြည်နယ်အတွင်းရှိ မြို့ပြနှင့် ကျေးလက်များ တပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး အတွက် စည်ပင်သာယာရေး လုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင့်ပြု ရန်ပုံငွေများ ခွဲဝေချမှတ်ရာတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ မူဝါဒ/ သတ်မှတ်ချက်များ ပြန်လည်ချမှတ်ပေးပါရန် ”** အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

## အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။





လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်ဒေသများဟာ သားသမီးများနဲ့ အသွင်သဏ္ဌာန်တူပြီး ရှမ်းပြည်နယ်အစိုးရဟာ မိဘသဖွယ်ဖြစ်နေတာကြောင့် ချမ်းသာတဲ့ သားသမီးကို များများသုံးစွဲခွင့်ပြုပြီး ဆင်းရဲတဲ့သားသမီးကို နည်းနည်းပဲသုံးစွဲခွင့်ပြုသလို ဖြစ်နေမယ့်အစား သားသမီးများအပေါ် တူညီတဲ့ စေတနာမေတ္တာနဲ့ ထားရှိနိုင်တဲ့ မိဘအနေနဲ့ သားသမီးတိုင်းအတွက် တတ်နိုင်သမျှ သင့်လျော်တဲ့ ပစ္စည်းဥစ္စာခွဲဝေမှုမျိုးကို ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာ ကျောက်ကြမ်းလမ်းတစ်မိုင်ကို ရန်ပုံငွေကျပ်သိန်း (၄၀၀)ခန့် သုံးစွဲနေရတဲ့အချိန်မှာ မြို့နယ်တစ်ခုလုံးရဲ့ ဖွံ့ဖြိုးသာယာလှပရေးကိုဆောင်ရွက်ဖို့ ကျပ်သန်း (၁၀၀၀) အောက်ရရှိတဲ့ မြို့နယ် (၅၀)ကျော်ဟာ ကျောက်ကြမ်းတစ်မိုင်ကို တစ်နှစ်တာအတွက် ဆောင်ရွက်နိုင်ဖို့ မလွယ်ဘူးဆိုတာ ထင်ရှားစွာ တွေ့မြင်နေရပါတယ်။ ကျပ်သိန်း (၁၀၀)အောက် မြို့နယ် (၁၀)ခုအတွက်ဆို အထူးပြောစရာမရှိတော့ပါဘူး။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ လွန်ခဲ့သောနှစ်များက ရငွေနဲ့ အသုံးစရိတ်များကို ပြန်ကြည့်ရင် ဌာနအဖွဲ့အစည်းများ အားလုံး လိုလိုမှာ (-လိုငွေ)ပြနေပေမယ့်၊ စည်ပင်သာယာရေး အဖွဲ့များရဲ့ (၂၀၁၁-၂၀၁၂) ဘဏ္ဍာနှစ်ကနေ (၂၀၁၃-၂၀၁၄)ခု ဘဏ္ဍာနှစ်အထိ (+ပိုငွေ)ပြနေတာကို သတိပြုမိပါတယ်။ ဒါဟာ ရုတ်တရက်/ သာမန် အားဖြင့် ကြည့်မယ်ဆိုရင် (ပိုငွေ)ပြနေတဲ့ စည်ပင်သာယာရေး လုပ်ငန်းများဟာ မြို့နယ်တိုင်းမှာ ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရန် မလိုတော့သလို/ပြီးပြည့်စုံနေတဲ့ပုံစံမျိုး ပိုငွေဖြစ်ရတယ်လို့ ထင်ယောင် ထင်မှားဖြစ်စရာရှိသော်လည်းပဲ တကယ့်လက်တွေ့မှာတော့ မြို့နယ် အလိုက်ရရှိတဲ့အခွန်အခ အပြည့်အဝ ပြန်လည်ခွဲဝေပေးခြင်း မရှိလို့ ဆိုတာ မြင်တွေ့ လာရပါတယ်။

## ဦးစိုင်းလှဝင်း၊ စည်ပင်သာယာရေးဝန်ကြီး။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွှင်ရဲ့ “ ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေနှင့်အညီ ရှမ်းပြည်နယ်အတွင်းရှိ မြို့ပြနှင့် ကျေးလက်များ တပြေးညီ ဖွံ့ဖြိုး တိုးတက်ရေးအတွက် စည်ပင်သာယာရေး လုပ်ငန်းဆိုင်ရာ လုပ်ငန်း ခွင့်ပြုရန်ပုံငွေများ ခွဲဝေချမှတ်ရာတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ မူဝါဒ/ သတ်မှတ်ချက်များ ပြန်လည်ချမှတ်ပေးပါရန် ”အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား စည်ပင်သာယာရေး ဝန်ကြီးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ အခန်း(၂)တွင် ပါဝင်သော ရည်ရွယ်ချက်များဖြစ်သည့် (က) မြို့၊ ရပ်ကွက်၊ ကျေးရွာများကို စနစ်တကျပိုမို ဖွံ့ဖြိုးတိုးတက်လာစေရန်၊ (ခ) စည်ပင်သာယာရေးနှင့် သက်ဆိုင်သည့်အခွန်အရပ်ရပ်အား အပြည့်အဝရရှိစေရန်၊ (ဂ) ရရှိသော အခွန်များနှင့် မြို့ရွာများ ဖွံ့ဖြိုးရေးလုပ်ငန်းအား တည်ဆဲဥပဒေစည်းကမ်းများနှင့်အညီ စနစ်တကျအသုံးပြုစေရန်၊ (ဃ) အများပြည်သူထံမှ ရရှိသည့်အခွန်၊အခများသည် အများ ပြည်သူအကျိုး အတွက်သာ ဖြစ်သည်ဟူသော ဦးတည်ချက်ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

ပုဒ်မ ၅၈၊ ပုဒ်မခွဲ(က)တွင် မြို့နယ်ကော်မတီသည် အမှုဆောင်အရာရှိ သို့မဟုတ် မြို့နယ်ခွဲတာဝန်ခံက တင်ပြ လာသော နှစ်စဉ်ခန့်မှန်းခြေငွေစာရင်းကို စိစစ်၍ ညွှန်ကြားရေးမှူးမှ





ပြည်နယ်အရန်ကတ္တရာ (၉၆၅)တန် ဝယ်ယူခွင့်ပြုခဲ့ရာ အဆိုပါ အရန်ကတ္တရာများကို ရှမ်းပြည်နယ် (တောင်ပိုင်း)အတွက် တောင်ကြီးမြို့တွင် (၄၉၀)တန်၊ ရှမ်းပြည်နယ်မြောက်ပိုင်းအတွက် လားရှိုးမြို့တွင် (၃၇၅)တန်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် (၁၀၀)တန် ဖြန့်ခွဲစုပုံထားပါသည်။ ကတ္တရာ ဝယ်ယူပြီး ကျန်ရှိသည့်ရန်ပုံငွေကိုလည်း ပြည်နယ်အတွင်းဦးစားပေး မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုချက်ဖြင့်သာ ဆက်လက် ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ ဖော်ပြပါ ကတ္တရာဝယ်ယူခြင်းသည် အရန်ကတ္တရာဝယ်ယူခြင်း ဖြစ်ပြီး မြို့နယ်များ၏ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လုပ်ငန်းအတွက် ကတ္တရာ စုဆောင်းမှုနှင့် ပတ်သက်၍ ပထမ(၆)လပတ် မိုးတွင်းကာလ၌ မြို့နယ်အလိုက် ကတ္တရာလိုအပ်ချက်များအတိုင်း ဝယ်ယူရရှိနိုင်ရေး အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူခွင့်ပြုခြင်း ဖြစ်ပါသည်။

ဘဏ္ဍာရေးဆိုင်ရာ မူဝါဒကျင့်စဉ်အရ မြို့နယ် စည်ပင်သာယာရေးဌာနတစ်ခုအတွက် ခွင့်ပြုနိုင်သည့် ငွေပမာဏသည် ထိုဌာနမှ ကောက်ခံရရှိမည့် ငွေပမာဏ ပေါ်တွင်သာ မူတည်ပြီး ဘဏ္ဍာရေးနှစ် (၁)နှစ်အတွက် မူလရသုံးမှန်းခြေငွေစာရင်းအား နှစ်စဉ်ဩဂုတ်လတွင် နောင်ဘဏ္ဍာရေးနှစ်အတွက် ကြိုတင်ရေးဆွဲဆောင်ရွက်ရပြီး ပြုပြင်ပြီး ရသုံးမှန်းခြေငွေစာရင်းအား လက်ရှိဘဏ္ဍာရေးနှစ်၏ နှစ်ဝက်တွင် အမှန်ရမည့်ပိုရငွေအပေါ်မူတည်၍ ဖြည့်စွက် အသုံးစရိတ်များအား တင်ပြတောင်းခံရမည်ဖြစ်ပါသည်။ မူလရသုံးမှန်းခြေငွေစာရင်းတွင် ပါဝင်ခြင်းမရှိသည့်အပြင်



D/real(wide) (1

ပိုရငွေရရှိခြင်းမရှိသဖြင့် ဖြည့်စွက်တင်ပြတောင်းခံခြင်းလည်း မပြုနိုင်သည့် ဌာနများအနေဖြင့် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မူလခွင့်ပြုရန်ပုံငွေအတွင်း လုပ်ငန်းပြောင်း ဆောင်ရွက်ခွင့်အား ခွင့်ပြုပေးခဲ့ပါသည်။ ဌာန၏ မူလခွင့်ပြုရန်ပုံငွေမှ လုပ်ငန်းပြောင်းဆောင်ရွက်ရန် အသုံးစရိတ်လုံလောက်မှု မရှိသော်လည်း လုပ်ငန်းလိုအပ်ချက်အရ မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများအတွက်လည်း ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စည်ပင်သာယာရေးအဖွဲ့များ၏ ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေအတွင်း ဖြည့်စွက်ခွင့်ပြုခြင်း၊ လုပ်ငန်းပြောင်း ဆောင်ရွက် ခြင်းများ ခွင့်ပြုပေးခဲ့ပါသည်။ စည်ပင်သာယာရေးဌာနမှ ဘဏ္ဍာ ရေးနှစ်အလိုက် ရေးဆွဲခဲ့သည့် အသုံးစရိတ်များသည် မြို့၏ ဝင်ငွေအပေါ်မူတည်၍ မြို့နယ်စည်ပင်ကော်မတီများနှင့် ဒေသနေ ပြည်သူတို့၏ လိုအပ်ချက်များအရ တင်ပြတောင်းခံလာသည့် အမှန်တကယ်လိုအပ်သော လုပ်ငန်းများကိုသာ ရွေးချယ်ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။စည်ပင်သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကွပ်ကဲလမ်းညွှန်မှုဖြင့် ပြည်နယ်စည်ပင်သာယာရေးကော်မတီမှ ချမှတ်ပေးသော မူဘောင်များအတွင်းမှ မိမိမြို့နယ် မိမိရရှိသောဝင်ငွေဖြင့် လုပ်ငန်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကော်မတီမှ ဦးဆောင်ဆုံးဖြတ်ပြီး ကော်မတီ၏ အတွင်းရေးမှူးဖြစ်သော စည်ပင်သာယာရေးဌာန အမှုဆောင် အရာရှိ (ဌာနအကြီးအမှူး)မှ စည်ပင်သာယာရေးဌာနကို ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်၍ စည်ပင်သာယာရေးကော်မတီက ကြီးကြပ် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။





တစ်ဆင့် ပြည်နယ်ကော်မတီထံ တင်ပြရပါသည်။ ပုဒ်မ ၅၈၊ ပုဒ်မခွဲ(ခ)တွင် ပြည်နယ်ကော်မတီသည် ညွှန်ကြားရေးမှူးမှတစ်ဆင့် မြို့နယ်ကော်မတီများက တင်ပြသည့် နှစ်စဉ်အရအသုံး ခန့်မှန်းခြေ ငွေစာရင်းများကို စုစည်း၍ ဌာန၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေ ငွေစာရင်း အဖြစ် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဝင်ပေါက် မြို့နယ်စည်ပင်သာယာရေးဌာန(၄)ခုမှ ယခင်ဘဏ္ဍာရေးနှစ် အဆက်ဆက်တွင် ရရှိခဲ့သည့် နယ်စပ်ဖြတ်သန်းခ (၁၀)ရာခိုင်နှုန်း ရငွေ ကျပ်သန်း (၁၃၀၀)အား ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်ဖြစ်၍ ယင်းရငွေအား ပြည်နယ် အတွက် လိုအပ်သော အရန်ကတ္တရာများဝယ်ယူပြီး မြို့နယ်များသို့ ပြန်လည်ခွဲဝေပေးနိုင်ရန် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်(အခြားခေါင်းစဉ် ၁။၃(၃)အခြား)တွင် လျာထားခဲ့ခြင်း ဖြစ်ပါသည်။ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းအရသာ ပြည်နယ်စည်ပင်သာယာရေးဌာန၏ ငွေစာရင်းတွင် (အခြား) ခေါင်းစဉ်၌ ထည့်သွင်းလျာထားသော်လည်း ပြည်နယ် စည်ပင်သာယာရေး ဌာန၏ အသုံးစရိတ်မဟုတ်ပဲ မြို့နယ်များသို့ ခွဲဝေပေးရန် ပစ္စည်းဝယ်ယူသည့်အသုံးစရိတ်ဖြစ်ပါသည်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ (၂၇-၆-၂၀၁၃)ရက်စွဲပါစာအမှတ်၊ ၆၁၃၁/၃-၅(စည်းဝေး)/အစရ(ရှမ်း)ဖြင့် ယင်းနယ်စပ်ဖြတ်သန်းခ ၁၀ ရာခိုင်နှုန်း ရငွေများအား ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းခွင့်ပြုခဲ့ပြီး ပြည်နယ်အရန် ကတ္တရာ တင်ဒါစနစ်ဖြင့် ဝယ်ယူစုပုံခွင့်ကိုလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၂၇-၆-၂၀၁၃) ရက်စွဲပါစာအမှတ်၊ (၆၁၃၅)/၃-၅/(စည်းဝေး)/ အစရ(ရှမ်း)ဖြင့်

ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနကြီးကြပ်မှုအောက်ရှိ မြို့နယ်/မြို့နယ်ခွဲစည်ပင်သာယာရေးဌာနများ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ရသုံးမှန်းခြေငွေစာရင်းများ ရေးဆွဲရာတွင် ပြည်ထောင်စုအစိုးရ၏ လမ်းညွှန်ချက်အရ သားသတ်လုပ်ငန်းများအား လေလံစနစ်ဖြင့် ဆောင်ရွက်ခြင်းမပြုရသဖြင့် စည်ပင်သာယာရေးရန်ပုံငွေ ရငွေလျာထားချက်များ လျော့နည်းပြီး ဝန်ထမ်းလစာစရိတ်နှုန်းထားများလည်း နိုင်ငံတော်မှ တိုးမြှင့်သတ်မှတ်ခဲ့၍ စည်ပင်သာယာရေး လုပ်ငန်းအသုံးစရိတ်များ လျော့နည်းခြင်းမရှိစေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ငွေလုံးငွေရင်းအသုံးစရိတ်ကို (၅၀) ရာခိုင်နှုန်းထက် လျော့နည်းခြင်းမရှိစေရန် ဝင်ငွေ ကျပ်သန်း (၁၀၀၀)နှင့် အထက်မြို့နယ်များဖြစ်သည့် တောင်ကြီးမြို့နယ်နှင့် လားရှိုးမြို့နယ်တို့မှာ ငွေလုံး (၅၀) ရာခိုင်နှုန်းနှင့် သာမန် (၄၅) ရာခိုင်နှုန်း စုစုပေါင်းအသုံးစရိတ် (၉၅)ရာခိုင်နှုန်းရေးဆွဲခြင်း၊ ဝင်ငွေကျပ်သန်း (၁၀၀၀)နှင့် (၁၀၀)ကြား မြို့နယ်များ၏ အသုံးစရိတ်များအား ငွေလုံး (၅၀)ရာခိုင်နှုန်းနှင့် သာမန် (၄၀)ရာခိုင်နှုန်း၊ စုစုပေါင်း အသုံးစရိတ် (၉၀) ရာခိုင်နှုန်းရေးဆွဲခြင်း၊ ဝင်ငွေကျပ်သန်း (၅၀)အထက် မြို့နယ်များ၏ အသုံးစရိတ်များအား ငွေလုံး (၅၀)ရာခိုင်နှုန်းနှင့် သာမန်အသုံးစရိတ်အား ဝန်ထမ်းလစာ၊ ရှားပါးစရိတ်ပေါ် မူတည်ရေးဆွဲသဖြင့် စုစုပေါင်း အသုံးစရိတ် (၁၀၀)ရာခိုင်နှုန်းရေးခြင်း၊ ငွေကျပ်သန်း (၅၀)အောက် မြို့နယ်များအား ဌာန၏ လိုအပ်ချက်များအရ ငွေလုံး၊ သာမန်ရာခိုင်နှုန်းများအား သင့်တင့်သလိုသတ်မှတ်ပြီး ရငွေကို (၁၀၀)ရာခိုင်နှုန်း သုံးစွဲသည့်အပြင် လိုအပ်သည့်အသုံးစရိတ်အား ထပ်မံဖြည့်တင်းခြင်း၊ ပြည်နယ်၊ ဌာနခွဲ၊ ဝင်ငွေနည်းနှင့်





**ဥက္ကဋ္ဌ။** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၁၉၊ ပုဒ်မခွဲ (ဆ)အရ အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်က နောက်တစ်ကြိမ်ဆွေးနွေးခွင့် ရှိပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ကျွန်တော်တင်သွင်းခဲ့တဲ့ " ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေနှင့် အညီ ရှမ်းပြည်နယ်အတွင်းရှိ မြို့ပြနှင့် ကျေးလက်များ တပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင့်ပြုရန်ပုံငွေများ ခွဲဝေချမှတ်ရာတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ မူဝါဒ/သတ်မှတ်ချက်များ ပြန်လည်ချမှတ်ပေးပါရန် "အဆိုမှာ အချက် (၂)ချက်ပါတယ်လို့ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းမောင်ကြီးရဲ့ ဆွေးနွေးချက်အရ သိရှိပြီး ဖြစ်ပါတယ်။ အဆိုရဲ့ အနှစ်ချုပ်ကို ပြန်ပြောရမယ်ဆိုရင် (၁) မြို့နယ်စည်ပင်သာယာရေး အဖွဲ့သည် မိမိရှာဖွေ ရရှိတဲ့ အခွန်အခများကို အပြည့်အဝ ပြန်လည်သုံးစွဲခွင့်ရရှိရန်၊ (၂) မြို့နယ်မှာ ဆောင်ရွက်လိုတဲ့ လုပ်ငန်းများကို မိမိတို့ရဲ့ဆန္ဒနဲ့အညီ ဆောင်ရွက်ရန် ပဲဖြစ်ပါတယ်။ ဒါကလည်း ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့အညီ ယခင်က လက်ခံကျင့်သုံးခဲ့တဲ့ စည်ပင်သာယာရေးဘဏ္ဍာငွေ ခွဲဝေချထားရေး မူအစား အသစ်ဖြစ်ပေါ်လာတဲ့ စည်ပင်ဥပဒေနှင့်အညီ လိုက်လျောညီထွေဖြစ်မယ့် မူဝါဒချမှတ်ရန်၊ ယခင်က လိုအပ်ချက်တွေကို ခံစားသိမြင်မှုအရ ပြုပြင်သင့်တယ်လို့ ယုံကြည်တဲ့အတွက် အဆိုကို တင်သွင်းခြင်းဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရာမှာ မြို့တစ်မြို့တည်း၊ ဒေသတစ်ခုတည်း



D/real(wide) (1

သာယာလှပရုံနဲ့ ရှမ်းပြည်နယ်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်တယ်လို့ မဆိုနိုင်ပါ။ ပြည်နယ်အတွင်းမှာ ရှိတဲ့ မြို့နယ်များအားလုံး သူ့အတိုင်းအတာနဲ့သူ တိုးတက်ပြောင်းလဲဖွံ့ဖြိုးလာမှ ပြည်နယ် တိုးတက်တယ်လို့ ဆိုနိုင်မှာပါ။ ကျွန်တော်တင်သွင်းခဲ့တဲ့ အဆိုကလည်း အသစ်ဖြစ်ပေါ်လာတဲ့ ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေနဲ့အညီ မြို့ပြများအားလုံး၊ ကျေးရွာများပါ အချိုးညီညီနဲ့ အနီးစပ်ဆုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့ဆိုတဲ့ ပြည်နယ် အစိုးရဆီက အာမခံချက်၊ ကတိကဝတ်ရရှိဖို့ ရည်ရွယ်ချက်နဲ့ တင်သွင်းခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ် လွှတ်တော်မှာ ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်နယ်ရဲ့ ဥပဒေပြုရေးလုပ်ငန်းနဲ့ ပြည်နယ်အစိုးရ လုပ်ငန်း ဆောင်တာများကို အပြန်အလှန်ထိန်းကျောင်းခြင်း (Check & Balance)ဆိုတဲ့ တာဝန်ကိုပါ ထမ်းဆောင်နေတာဖြစ်ပါတယ်။ ယခုလို အဆို တင်သွင်းခြင်း၊ မေးခွန်းများမေးမြန်းခြင်း ဆောင်ရွက်နေသည်မှာလည်း အပြန်အလှန်ထိန်းကျောင်းခြင်းရဲ့ လုပ်ငန်းကို ဆောင်ရွက်နေခြင်းဖြစ်တယ်လို့ ခံယူပါတယ်။ အစိုးရအဖွဲ့တစ်ရပ်ရပ်ဟာ သက်ဆိုင်ရာလွှတ်တော်က ရေးဆွဲ အတည်ပြုထားတဲ့ ဥပဒေများနဲ့ အညီ ပြည်နယ်ဒေသကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်က အတည်ပြုပေးထားတဲ့ ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေမှာ ပြဋ္ဌာန်းရခြင်းရဲ့ ရည်ရွယ်ချက်တွေမှာ (၁) မြို့၊ ရပ်ကွက်၊ ကျေးရွာများစနစ်တကျ ဖွံ့ဖြိုးတိုးတက်ရန်၊ (၂) စည်ပင်အခွန်အရပ်ရပ် အပြည့်အဝရရှိရန် စသည်တို့အပြင် ကျွန်တော်တင်သွင်းခဲ့တဲ့အဆိုနဲ့ တိုက်ရိုက် သက်ဆိုင်တဲ့ (၃) ရရှိတဲ့အခွန်များနဲ့ မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တည်ဆဲဥပဒေ၊ စည်းကမ်းနဲ့အညီ အသုံးပြုရန် (၄) ပြည်သူတို့ထံမှ ရရှိတဲ့ အခွန်အခများဟာ ပြည်သူအတွက်သာဖြစ်တယ်ဆိုတဲ့



D/real(wide) (1



ဝင်ငွေမရှိသော မြို့နယ်၊ မြို့နယ်ခွဲဌာနများ၏ အသုံးစရိတ်များအား အထက်ပါအဖွဲ့များ၏ လက်ကျန်ငွေများမှ ဌာနအလိုက် လိုအပ်ချက်များအပေါ် မူတည်၍ရေးဆွဲခြင်း၊ ငွေလုံးငွေရင်း လုပ်ငန်းများရေးဆွဲရာတွင် လမ်း၊ တံတား၊ ရေပေးရေး လုပ်ငန်းများအား ငါးနှစ်စီမံကိန်းရေးဆွဲတင်ပြထားသည့်အတိုင်း ထည့်သွင်းရေးဆွဲခြင်းနှင့် နိုင်ငံတော် အကြီးအကဲများ ညွှန်ကြားချက်၊ ဒေသဆိုင်ရာအာဏာပိုင်များ၏ လမ်းညွှန်ချက်၊ လွှတ်တော် ကိုယ်စားလှယ်များ၏ တင်ပြချက်အပေါ် ဆောင်ရွက်ပေးမည့် အစီအစဉ်၊ ဖြေကြားချက်အတိုင်း ထည့်သွင်းရန်နှင့် မြို့မိမြို့ဖများ၏ တင်ပြချက်များထည့်သွင်းရေးဆွဲခြင်း၊ မိမိမြို့နယ်အတွင်း အမှန်တကယ်လိုအပ်မည့် လုပ်ငန်းများအပေါ်မူတည်၍ မြို့ပြလမ်း၊ တံတား၊ ရေပေးရေး၊ ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး၊ မော်တော်ယာဉ်ဝယ်ယူခြင်းများ လျာထားရေးဆွဲခြင်း၊ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းလမ်းမကြီးများ၊ ရေနုတ်မြောင်းများ တည်ဆောက်ရေးထည့်သွင်းရေးဆွဲခြင်းများ ဆောင်ရွက်စေပါသည်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရသုံးမှန်းခြေငွေစာရင်းများ ရေးဆွဲရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီအားလုံးအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်းကြီးကြပ်ကွပ်ကဲမှုခံယူသွားမည် ဖြစ်သောကြောင့် ဦးစိုင်းလွင်၏ အဆိုကို ပြန်လည်ရုပ်သိမ်းပြီး မေးခွန်းပုံစံ ပြောင်းလဲပေးသင့်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ရည်ရွယ်ချက်များ ပါရှိပါတယ်။ အဲဒီရည်ရွယ်ချက်များနဲ့အညီ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန် အစိုးရအဖွဲ့မှာ လုပ်ငန်းဆောင်ရွက်မှု၊ အခွန်ကောက်ခံမှု၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲမှု စတဲ့ လုပ်ငန်းများမှာ ခေတ်ကာလနဲ့ လျော်ညီတဲ့ တိကျတဲ့ မူဝါဒ သို့မဟုတ် ဦးတည်ချက်၊ ရည်မှန်းချက် ရှိရမှာ ဖြစ်ပါတယ်။ ဒီလို ခေတ်ကာလနဲ့ လိုက်လျောညီထွေဖြစ်တဲ့ မူဝါဒ၊ လမ်းစဉ်ချမှတ်မထားပဲနဲ့ ပြည်နယ်တစ်ခုလုံး အချိုးညီညီတိုးတက်ဖို့ ဆောင်ရွက်ရန် မဖြစ်နိုင်ဘူးလို့ တင်ပြလိုပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ တင်ပြပါ ဦးတည်ချက်၊ ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မူဝါဒချမှတ်ရုံ မကပဲ လက်ရှိစည်ပင်ဥပဒေနဲ့ လိုက်လျောညီထွေ ရှိတဲ့ နည်းဥပဒေအပါအဝင် စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်တွေ တိတိကျကျထုတ်ပြန်ဆောင်ရွက်မယ့် တာဝန်လည်း ရှိပါတယ်။ စည်ပင်သာယာရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး စီမံခန့်ခွဲမှုဟာ ပြည်ထောင်စုအဆင့်နဲ့ သက်ဆိုင်ခြင်း မရှိပဲ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကသာ မိမိပြည်နယ်ဒေသအကျိုးကို ရည်မှန်းကာ ဆောင်ရွက်ရမယ့် ကိစ္စဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြထားတဲ့ အချက်များကြောင့် သဘောထားကို တင်ပြရမယ်ဆိုရင် တင်သွင်းထားတဲ့ အဆိုဟာ အမှန်တကယ် လိုအပ်ပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ မဖြစ်မနေ ထားရှိရမယ့် မူဝါဒများဖြစ်တဲ့အတွက် အဆိုကို ပြန်လည် ရုပ်သိမ်းခြင်း မပြုလိုပဲ အတည်ပြုနိုင်ခြင်းအားဖြင့် ပြည်နယ် လွှတ်တော်နှင့် ပြည်နယ်အစိုးရအကြား အပြန်အလှန်





လွှတ်တော်ရဲ့ အဆုံးအဖြတ်ခံယူလိုကြောင်း တင်ပြလာပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၃၇၊ နည်းဥပဒေခွဲ (က)အရ အစည်းအဝေးကို တက်ရောက်ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ယခုအဆိုကို လွှတ်တော်က အတည်ပြုရန် သဘောတူတဲ့ ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တပ်ရပ်၍ ဆန္ဒပြုရန်ဖြစ်ပါတယ်။ မတ်တပ်ရပ်ပြီး ဆန္ဒပြုတဲ့ ကိုယ်စားလှယ်ဦးရေဟာ (၈၀)ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးတက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ ၁၂၃ ဦး ရှိပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ် ဦးရေသည် အစည်းအဝေးသို့တက်ရောက်သည့် ကိုယ်စားလှယ် ဦးရေ၏ ထက်ဝက်ကျော်လွန်သည့်အတွက် ၎င်းအဆိုအား အတည်ပြုကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အင်းလေးဒေသ ဟိုတယ်ဇုန်လုပ်ငန်းတိုးတက်မှု ရှင်းလင်းချက် အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ အင်းလေးဒေသဟိုတယ်ဇုန်လုပ်ငန်းတိုးတက်မှု ရှင်းလင်းချက် အစီရင်ခံစာအား လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ

ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ရှင်းလင်းတင်ပြပေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။**

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ အင်းလေးဒေသဟိုတယ်ဇုန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ (၁၁)ခုဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက် ရှိပါတယ်။ လုပ်ငန်းကော်မတီ (၁၁)ခုမှာ

(၁) လမ်းတံတားတည်ဆောက်ရေးလုပ်ငန်း ကော်မတီ၊

(၂) ရေရရှိရေးလုပ်ငန်းကော်မတီ၊

(၃) လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းကော်မတီ၊

(၄) ဆက်သွယ်ရေးနှင့် ပို့ဆောင်မှုလုပ်ငန်းကော်မတီ၊

(၅) ပြန်ကြားရေး၊ ယဉ်ကျေးမှုသတင်းနှင့် မှတ်တမ်းလုပ်ငန်း ကော်မတီ၊

(၆) ရေကြောင်းထိန်းသိမ်းရေးနှင့် ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းကော်မတီ၊

(၇) အပန်းဖြေဇုန်နှင့် စိမ်းလမ်းမြေဖော်ထုတ်ရေး လုပ်ငန်းကော်မတီ၊

(၈) ဟိုတယ်ဇုန်မြေတိုင်းတာရေးနှင့် သီးနှံလျော်ကြေးကိစ္စဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊


D/real(wide) (1


ထိန်းကျောင်းတဲ့ စနစ်ကြီးကို ခိုင်မာသွားစေမယ်လို့ ဆိုချင်ပါတယ်။ လွှတ်တော်တစ်ရပ်လုံးက ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်ကို အားလုံးဝိုင်းဝန်းဆောင်ရွက်ရာ ရောက်မယ်လို့လည်း ဆိုချင်ပါတယ်။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ရှမ်းပြည်နယ်လွှတ်တော်တစ်ခုလုံးကို ကိုယ်စားပြုသော ယနေ့အစည်းအဝေးတက်ရောက်လာတဲ့ ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များအပါအဝင်၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးခင်ဗျား ကျွန်တော်တင်သွင်းခဲ့တဲ့အဆိုဟာ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့သော်လည်းကောင်း၊ ပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်အသီးသီးက လုပ်သားပြည်သူများအတွက်သော်လည်းကောင်း အမှန်တကယ်လိုအပ်ချက်ဖြစ်နေတယ်လို့ ယူဆတဲ့အတွက် ကျွန်တော့်နည်းတူ လွှတ်တော်ကိုယ်စားလှယ်များကလည်း မိမိတို့ဒေသအကျိုးအတွက် သင့်လျော်သော အဆိုဖြစ်တယ်လို့ခံယူကြမှာကို ယုံကြည်တဲ့အတွက် ကျွန်တော်တင်သွင်းခဲ့တဲ့အဆိုအပေါ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းရဲ့ ဆုံးဖြတ်ချက်ဟာ မိမိမြို့နယ်မှာ ကျန်ရှိနေတဲ့ မဲဆန္ဒရှင်အားလုံးကို ကိုယ်စားပြုနေတာကြောင့် ပြည်သူ့ဆန္ဒကို ဦးစားပေးစဉ်းစားဆုံးဖြတ် သုံးသပ်နိုင်ကြမယ်လို့ ကိုယ်စားလှယ်များအပေါ် လေးနက်စွာယုံကြည်တဲ့အတွက် ကျွန်တော်တင်သွင်းထားတဲ့ အဆိုအတွက် လွှတ်တော်ကြီးရဲ့ဆန္ဒကို ခံယူပါမည့်အကြောင်း သဘောထားကို ဥက္ကဋ္ဌထံ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ် အဖွဲ့အစည်းဝင်က အဆိုကို မေးခွန်းအဖြစ်ပြောင်းလဲရန် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အဆိုရှင်အနေနဲ့ ၎င်းတင်သွင်းတဲ့အဆိုကို အတည်ပြုရန်အတွက်

(၉) ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်းကော်မတီ၊

(၁၀) လုံခြုံရေးလုပ်ငန်းကော်မတီ၊

(၁၁) မြေနေရာချထားရေးကော်မတီ၊

တို့ဖြစ်ပါတယ်။

အင်းလေးဒေသဟိုတယ်ဇုန်မှာ ကတ္တရာလမ်းခင်းခြင်း၊ တံတားတည်ဆောက်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ အခြေခံလိုအပ်ချက်လုပ်ငန်းများအတွက် လျာထားခန့်မှန်းတန်ဖိုးမှာ မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း (၁၁ ဒသမ ၄၁ ) မိုင်အတွက် ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း (၂၀၂၅၃ ဒသမ ၅၂) သန်းဖြစ်၍ Energy Horse ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း (၁၁ ဒသမ ၄၁) မိုင်အတွက် ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း (၃၈၈၂ ဒသမ ၄၇)သန်းဖြစ်၍ Taunggyi Myo Group ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက် ရှိပါတယ်။ တံတား၊ လမ်းလယ်ကျွန်း၊ လူသွားစင်္ကြံ၊ ကျောက်စီရေမြောင်းလုပ်ငန်းများအတွက် ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း (၃၈၀၂ ဒသမ ၁၂)သန်းဖြစ်၍ မိုးမြချယ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက် ရှိပါတယ်။ လျှပ်စစ်ဓာတ်အားသွယ်တန်းခြင်း၊ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းတို့အတွက် ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း (၁၄၅၅ ဒသမ ၆၇)သန်းဖြစ် လျှပ်စစ်ပစ္စည်းများသွယ်တန်းခြင်းကို ဥရောပ စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်ခြင်းဖြစ်ပြီး လိုအပ်သည့် ပစ္စည်းများကို ဥရောပမှ မှာယူခြင်းကြောင့် US $ 4355095 ဒေါ်လာကုန်ကျမှာ ဖြစ်ပါတယ်။ Billion Gain ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေပါတယ်။ (၂၇-၁၂-၂၀၁၃)ရက်နေ့အထိ





ရရှိရန် လျာထားပါတယ်။ စုစုပေါင်းခန့်မှန်းလျာထားငွေအနေနဲ့ ကျပ်သန်းပေါင်း (၄၀၈၆၈ ဒသမ ၂၅)သန်း ဖြစ်ပါတယ်။ ဒါ့အပြင် စက်လှေဆိပ်များ ဆောက်လုပ်မည့်နေရာမှာ BOD စနစ်ဖြင့် ဆောင်ရွက်ပါက စက်လှေဆိပ်မှ ရရှိမည့် အကျိုးအမြတ်များ ကိုလည်း ဟိုတယ်ဇုန်စဉ်ဆက်မပြတ်ထိန်းသိမ်းရေး အတွက် အသုံးချသွားမှာ ဖြစ်ပါတယ်။

မြေအသုံးချမှုအခြေအနေမှာ ပေ(၆၀)လမ်း အတွက် (၄၉ ဒသမ ၆၈)ဧက သုံးထားပြီး ပေ(၄၀) လမ်းအတွက် (၂၂ ဒသမ ၆၇)ဧက အသုံးပြုထားပါတယ်။ ဟိုတယ်များ အကွက်ချပေးမှု အတွက် (၄၆၅ ဒသမ ၅) ဧက ဖြစ်ပါတယ်။ ဟိုတယ်ဇုန်အတွင်းမှာ ဘုန်းတော်ကြီးကျောင်း ရှိတဲ့အတွက် ဘုန်းတော်ကြီးကျောင်း မြေဧရိယာ ( ၉ ဒသမ ၁၇) ချန်လှပ်ထားရှိပါတယ်။ လျှို၊ ချောင်း၊ သဘာဝချောင်းနှင့် အသုံးမပြုနိုင်တဲ့ မြေဧရိယာပေါင်း (၄၁ ဒသမ ၇၆)ဧက ရှိပါတယ်။ အေးသာယာ-မိုင်းသောက်-တုံဟုံး-ပင်လောင်းလမ်းနှင့် ဟိုတယ်ဇုန်ကြားတွင် (၃၀)ဧက ချန်ထားခဲ့ပါတယ်။ စုစုပေါင်း မြေအသုံးချမှုအနေနဲ့ (၆၀၉ ဒသမ ၆၁)ဧက ခန့်မှန်းဆောင်ရွက်ထားပါတယ်။ သစ်တောကြိုးဝိုင်းဖြစ်သော်လည်း သစ်ပင်ကြီးများ ပေါက်ရောက်ခြင်းမရှိပဲ ကျောက်တောင်များသာ ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များထံ အစီရင်ခံ တင်ပြအပ်ပါတယ်။

အင်းလေးဟိုတယ်ဇုန်လျှပ်စစ်ဓာတ်အားရရှိရေးအတွက် နောင်ကားဓာတ်အားခွဲရုံမှ ဓာတ်အားရယူမှာ ဖြစ်ပါတယ်။ ၆၆ ကေဗွီ သီးခြားဖီဒါ ၂၃ မိုင်ခန့်နှင့် 66/11 KV 20 MVA ဓာတ်အားခွဲရုံ တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ လုပ်ငန်းပြီးစီးမှုမှာ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း (၁၁ ဒသမ ၄၁)မိုင်မှာ ၉၈

ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါတယ်။ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း (၁၁ ဒဿမ ၄၁)မိုင်အတွက် ၅၀ ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါတယ်။ ၅၀ ရာခိုင်နှုန်းဟုဆိုရာတွင် လိုအပ်သည့်ကျောက်များ စုဆောင်းထားပြီး လမ်းတစ်ခြမ်းခင်းခြင်း၊ အချို့နေရာများတွင် ဒုအခြေခံလွှာများ ခင်းပြီးဖြစ်ပါတယ်။ လမ်းခင်းရန်လိုအပ်သည့် ကတ္တရာများကိုလည်း ဝယ်ယူစုဆောင်းထားပြီး ဖြစ်ပါတယ်။ တံတား၊ လမ်းလယ်ကျွန်း၊ လူသွားစင်္ကြန်၊ ကျောက်စီရေမြောင်းလုပ်ငန်းကို ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားသွယ်တန်းခြင်း၊ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းအတွက် ပစ္စည်းမှာယူထားရှိမှုနဲ့ ၇၀ ရာခိုင်နှုန်းဆောင်ရွက်ပြီး ဖြစ်ပါတယ်။ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို (၁၅-၁-၂၀၁၄)တွင် ၁၀၀ ရာခိုင်နှုန်းပြီးစီးရန် လုပ်ငန်းလျာထားပါတယ်။ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း၊ တံတားကျောက်များခင်းခြင်းလုပ်ငန်း၊ တံတား၊ လမ်းလယ်ကျွန်း၊ လူသွားစင်္ကြန်၊ ကျောက်စီရေမြောင်း၊ လျှပ်စစ်ဓာတ်အားသွယ်တန်းခြင်း၊ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများကို (၃၁-၃-၂၀၁၄)တွင် ၁၀၀ ရာခိုင်နှုန်းပြီးစီးရန် လုပ်ငန်းလျာထားပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းဆောင်ရွက်မှု အရပ်ရပ်ကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၈၊ ပုဒ်မခွဲ (ခ)အရ ရှမ်းပြည်နယ်လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။



D/real(wide) (1



ဟိုတယ်ဇုန်ဖော်ထုတ်ရေးဦးစီးကော်မတီမှ လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီ (၄)ခုသို့ ငွေပေးချေမှုမှာ မြေသားလမ်း (၁၁ ဒဿမ ၄၁)မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းအတွက် ကျပ်သန်းပေါင်း (၁၂၅၀၀)၊ ကတ္တရာလမ်း (၁၁ ဒဿမ ၄၁)မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းအတွက် ကျပ်သန်းပေါင်း (၁၆၀၀)၊ တံတား၊ လမ်းလယ်ကျွန်း၊ လူသွားစင်္ကြန်၊ ကျောက်စီရေမြောင်းလုပ်ငန်းများအတွက် ကျပ်သန်းပေါင်း (၁၁၀၀)၊ လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း လုပ်ငန်းအတွက် ကျပ်သန်းပေါင်း (၃၀၀၀)၊ စုစုပေါင်း ကုမ္ပဏီ (၄)ခုသို့ လုပ်ငန်း (၄)ခုအတွက် ကျပ်သန်းပေါင်း (၁၈၂၀၀) ပေးချေပြီး ဖြစ်ပါတယ်။

ဟိုတယ်ဇုန်စီမံကိန်းဖော်ထုတ်ရာတွင် မြေကွက်များကို ပြန်လည်ချထားပေးပြီးလျှင် ရရှိမည့် ခန့်မှန်းငွေမှာ အကွက်အမှတ်ဇုန် A အနေဖြင့် ဒေသခံလုပ်ငန်းရှင်များအား ရည်ရွယ်ပြီး (၁)ဧကမှ (၃) ဧကအတွက် အကွက်ပေါင်း (၄၁)ကွက်ဖြစ်ပြီး အသုံးချဧကမှာ (၁၀၅ ဒဿမ ၄၃)ဧက ဖြစ်ပါတယ်။ ကျပ်သန်းပေါင်း ၈၄၀၇ ဒဿမ ၉၅ သန်း ရရှိရန် လျာထားပါတယ်။ အကွက်အမှတ်ဇုန် B အနေဖြင့် ပြည်တွင်းလုပ်ငန်းရှင်များအား ရည်ရွယ်ပြီး အကွက်ပေါင်း (၂၅)ကွက်ဖြစ်ပြီး အသုံးချဧကမှာ (၁၇၁ ဒဿမ ၄၉)ဧက ဖြစ်ပါတယ်။ ကျပ်သန်းပေါင်း ၁၆၂၉၁ ဒဿမ ၅၅ သန်း ရရှိရန် လျာထားပါတယ်။ အကွက်အမှတ် ဇုန် C အနေဖြင့် နိုင်ငံတကာအဆင့်ကို မျှော်မှန်းပြီး အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့်အခါ အာဆီယံအစည်းအဝေးလာရောက်ကျင်းပရန် ရည်ရွယ်ပြီး နိုင်ငံတကာအဆင့် လုပ်ငန်းရှင်များလုပ်ကိုင်နိုင်ရန် အကွက်ပေါင်း (၂၈)ကွက်ဖြစ်ပြီး အသုံးချဧကမှာ (၁၇၈ ဒဿမ ၂၇)ဧက ဖြစ်ပါတယ်။ ကျပ်သန်းပေါင်း ၁၆၁၆၈ ဒဿမ ၇၅ သန်း

## ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ တောင်ကြီးမြို့၊ ကုန်ခြောက်သား/ငါးဈေး အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်အရ ရှမ်းပြည်နယ်စည်ပင်သာယာရေး ကော်မတီ၏ တောင်ကြီးမြို့၊ ကုန်ခြောက်သား/ငါးဈေး အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား စည်ပင်သာယာရေးဝန်ကြီးမှ စည်ပင်သာယာရေးလုပ်ငန်းဖြစ်တဲ့ ဒေသန္တရစီမံကိန်းလုပ်ငန်းတစ်ခုဖြစ်တဲ့ တောင်ကြီးမြို့၊ ကုန်ခြောက် သား/ငါး ဈေး အဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး အခြေအနေများကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်နဲ့အညီ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ (၈-၁-၂၀၁၃)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် (၁၀-၁-၂၀၁၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာတို့တွင် ထည့်သွင်း၍ (၁၁-၂-၂၀၁၃)ရက်နေ့





နေရာချထားပေးပါက အခက်အခဲရှိပါသဖြင့် ပြန်လည်စိစစ်ပေးနိုင်ရန် တင်ပြလာမှုအပေါ် (၂၄-၈-၂၀၁၃)ရက်နေ့တွင် သက်ဆိုင်ရာဈေးကော်မတီများနှင့် ကုမ္ပဏီ၏ ညှိနှိုင်းမှုများအရ ယာယီဈေးနေရာအား ကုန်သည်လမ်းနှင့် တပင်ရွှေထီးလမ်းပေါ်တွင် အရင်ဆောက်လုပ်နေရာချရန် ဆုံးဖြတ်ချက်ရရှိခဲ့သဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုခဲ့ပါတယ်။ မူလဈေးဆိုင်ခန်းများအား ယာယီဈေးသို့ (၃၀-၁၁-၂၀၁၃) ရက်နေ့အပြီး ပြောင်းရွှေ့ပြီးဖြစ်၍ ဈေးဟောင်းဖျက်သိမ်းရေးအတွက် ဆယ်တင်ပစ္စည်းတန်ဖိုးအား ယနေ့ကာလ PAE စံနှုန်းတွက်ချက်ရာတွင် ဆယ်တင်တန်ဖိုး ကျပ်သိန်း (၂၀၀)ရရှိမည်ဖြစ်ပါ၍ ခွင့်ပြုနိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ဈေးအဆောက်အဦးဟောင်း ဖျက်သိမ်းမှုကို (၂၄-၁၂-၂၀၁၃) ရက်နေ့မှ စတင်ဆောင်ရွက်လျက် ရှိပါတယ်။ နှစ်စဉ်ကြေး သတ်မှတ်၍ စည်ပင်သို့ ပေးသွင်းရန် အသေးစိတ်တွက်ချက်မှု ဆောင်ရွက်သွားရန်နှင့် အကျိုးအမြတ်ခွဲဝေမှုအား ကုမ္ပဏီနှင့် (၂၃-၁၂-၂၀၁၃)ရက်နေ့တွင် အစည်းအဝေးပြုလုပ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် စည်ပင်သာယာရေးဌာနမှ ၄၃ ရာခိုင်နှုန်း ၊ ကုမ္ပဏီမှ ၅၇ ရာခိုင်နှုန်း အကြမ်းဖျင်း သဘောတူညီမှု ရရှိခဲ့ပါတယ်။

မူလဆိုင်ခန်းရှင်များအနေဖြင့် ဆိုင်ခန်းတန်ဖိုးပေးသွင်းရန် မလိုဘဲ ဆိုင်ခန်းပြန်လည်ရရှိခြင်း၊ ဈေးတည်ဆောက်ပြီးစီးပါကလည်း ဌာနအနေဖြင့် မူလဆိုင်ခန်းငှားရမ်းခများ ကောက်ခံရရှိမည်ဖြစ်သည့်အပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် စည်ပင်မှ ရရှိမည့် ၄၃ ရာခိုင်နှုန်းမှ ခန့်မှန်းငွေကျပ် သိန်းပေါင်း(၁၁၇၀၀၀ ဒသမ ၃၄) ရှိ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် စည်ပင်မှရရှိမည့်ငွေ ကျပ်သိန်း (၁၁၇၀၀၀ ဒသမ ၃၄)အပေါ်တွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးများလည်း



D/real(wide) (1

ပါဝင်မည် ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အထွေထွေ ရန်ပုံငွေသို့ ကျပ်သိန်း (၅၀၀၀)၊ စည်ပင်သာယာရေးကော်မတီသို့ ကျပ်သိန်း (၅၀၀၀) စုစုပေါင်း ကျပ်သိန်း (၁၀၀၀၀)အား သီဟဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှ ငွေသားဖြင့် ပေးသွင်းမည်ဖြစ်ပါ၍ ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီမှ အကြမ်းဖျင်း သဘောတူညီပြီး တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနနှင့် သီဟဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီတို့ ကုန်ခြောက်သား/ငါးဈေး အဆင့်မြှင့်တင်တည်ဆောက်ခြင်း လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက် ရရှိနိုင်ရေး အမြန်ဆက်လက်တင်ပြသွားမည် ဖြစ်ပါကြောင်းနှင့် တည်ဆောက်ရေးကာလ (၁)နှစ်နှင့် (၆)လ အတွင်း ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

## တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ အမည်စာရင်းအား လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၂၁) ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်မှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသော တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီတွင် ကော်မတီ (၁၁)ဦးအနက် ကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သော ဦးစိုင်းလှဝင်း၊ မိုင်းပြင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)သည် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီးအဖြစ် တာဝန် ပေးအပ်ခြင်း ခံရသဖြင့် ၎င်းနေရာမှာ လစ်လပ်လျက် ရှိပါတယ်။



D/real(wide) (1



နောက်ဆုံးထား တင်သွင်းရန် တင်ဒါခေါ်ယူခဲ့ရာ တင်ဒါ တင်သွင်းသည့် ကုမ္ပဏီများအတွက် ပြင်ဆင်ချိန်လုံလောက်မှု ရှိစေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုချက်ဖြင့် (၂၈-၂-၂၀၁၃)ရက်နေ့အထိ ရက်တိုးမြှင့် ပြင်ဆင်သတ်မှတ်ပြီး ခေါ်ယူခဲ့ပါတယ်။ ထိုသို့ခေါ်ယူခဲ့ရာ ကုမ္ပဏီ (၇)ခုမှ အာမခံငွေနှင့် တင်ဒါလျှောက်လွှာများ တင်သွင်း ခဲ့သည့်အတွက် တင်ဒါရွေးချယ်ရေးအခမ်းအနားကို (၃-၅-၂၀၁၃) ရက်နေ့တွင် ကျင်းပပြုလုပ်ခွင့်ပြုနိုင်ပါရန်နှင့် ဆောင်ရွက်မည့် အစီအစဉ်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ဆောင်ရွက်ရန် ခွင့်ပြုချက် ရရှိခဲ့ပါတယ်။ တင်ဒါရွေးချယ်ပွဲအတွက် စိစစ်ရေးအဖွဲ့ (၈)ဖွဲ့အား တင်ဒါတင်သွင်းသည့် ကုမ္ပဏီများအား ရွေးချယ်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

(၃-၅-၂၀၁၃)ရက်နေ့ တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ကုန်ခြောက်သားငါးဈေး တင်ဒါရွေးချယ်ပွဲအခမ်းအနား ကျင်းပ ပြုလုပ်ခဲ့ရာ အဆိုပြုတင်ဒါတင်သွင်းခဲ့သော ကုမ္ပဏီ (၇)ခုမှ သတ်မှတ် စည်းကမ်းချက်များနှင့်အညီ အဆိုပြုပုံစံများ ရှင်းလင်းတင်ပြခဲ့ကြပြီး အခမ်းအနားပြုလုပ်မည့် အခြေအနေအား ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခဲ့ပါတယ်။ တင်ဒါအဆိုပြုကုမ္ပဏီများအား တင်ဒါရွေးချယ် စိစစ်ရေးအဖွဲ့ (၈)ဖွဲ့မှ (၂၃-၅-၂၀၁၃)ရက်နေ့တွင် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန အစည်းအဝေးခန်းမ၌ အမှတ်ပေးစနစ်ဖြင့် စုပေါင်းစိစစ်ပြီး တင်ဒါရွေးချယ်၍ အစိုးရအဖွဲ့သို့တင်ပြခဲ့ရာ အမှတ်ပေးစည်းမျဉ်းနှင့်အညီ စိစစ်ရွေးချယ်ထားသော သီဟ ဖွံ့ဖြိုး တိုးတက်ရေးကုမ္ပဏီအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မူအားဖြင့် သဘောတူညီ အတည်ပြုပေးခဲ့ပါတယ်။

လက်ရှိရောင်းချနေသည့် ညဈေးတန်းဈေးသူ/သားများမှ ၎င်းတို့အား မြို့မဈေးကြီးမြောက်ဘက်၊ ကုန်သည်လမ်းတွင်

ရှမ်းပြည်နယ်လွှတ်တော်နဲ့ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီတို့ ဆွေးနွေးချက်အရ ယင်းကော်မတီ၏ ကော်မတီဝင်ဖြစ်သူ ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)အား ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် ညှိနှိုင်းရရှိပါတယ်။ ဒါကြောင့် လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်အား ရှမ်းပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။ (၃)ကြိမ်တိုင်တိုင် မေးပါသည် လွှတ်တော်က သဘောတူ ပါသည်။

လွှတ်တော်က သဘောတူတဲ့အတွက် လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်အား ရှမ်းပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းသည် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား၊ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးဟာ မကြာမီကျင်းပပြီးစီးတော့မှာ ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် (၇)ဦးတို့ရဲ့ မေးခွန်းများ မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း၊ တင်သွင်းတဲ့အဆို (၄)ခုကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ဖွဲ့စည်းသည့် ပထမပုံမှန်အစည်းအဝေးမှ ယခု အဋ္ဌမပုံမှန်အစည်းအဝေးအထိ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းတဲ့ မေးခွန်းစုစုပေါင်းဟာ





များကို ဆွေးနွေးရာမှာ အောက်ပါဥပဒေကြမ်း (၃)ခုအား ဦးစားပေးရေးဆွဲသင့်ကြောင်း လွှတ်တော်ကို အကြံပြုတင်ပြလာပါတယ်။ ယင်းဥပဒေကြမ်းများမှာ-

(၁) ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍမှ အသေးစား ချေးငွေလုပ်ငန်း

(၂) စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှ စိုက်ပျိုးရေး ချေးငွေနှင့် စုငွေများ

(၃) လူမှုရေးကဏ္ဍမှ ပြည်ထောင်စုက ချမှတ်ထားသည့် တိုင်းရင်းဆေးဆိုင်ရာ မူဝါဒများနှင့် မဆန့်ကျင်သော တိုင်းရင်းဆေးဆိုင်ရာ ကိစ္စများ

ဖြစ်ပါတယ်။ ဖော်ပြပါ ဥပဒေကြမ်း (၃)ခုအပြင် အခြားသော ဥပဒေကြမ်းများကိုလည်း ပြည်နယ်အ ဖွဲ့အစည်းဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များက လာမည့်အနီးကပ်ဆုံး လွှတ်တော် အစည်းအဝေးမှာ တင်သွင်းအတည်ပြုပြဋ္ဌာန်းနိုင်မယ်လို့ မျှော်လင့်ပါတယ်။ နိဂုံးချုပ်ပြောကြားလိုတာကတော့ ယခုအများပြောဆိုနေကြတဲ့ Federal ကိစ္စပဲဖြစ်ပါတယ်။ Federal ကိစ္စနှင့် ပတ်သက်၍ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကိစ္စတို့မှာ မိမိသွားချင်သည့် Federal မှာ တစ်နည်းအားဖြင့် Decentralization ပဲ ဖြစ်ပါတယ်။ Federal ဆိုတာမှာ Power Sharing Resource သို့မဟုတ် Texure ဖြစ်တဲ့အတွက် မိမိကိုယ်၌က ဥပဒေပြုရေး အာဏာကို Share လုပ်ပေးလိုက်သလို အုပ်ချုပ်ရေးအဖွဲ့များကိုလည်း သင့်လျော်မှန်ကန်တဲ့အာဏာ Sharing ဖြစ်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ယနေ့ဆိုရင် ၂၀၁၃ ခုနှစ်

ကုန်ဆုံးတော့မယ့်ရက်ဖြစ်သလို လွှတ်တော်အစည်းအဝေးဟာလည်း ကျင်းပပြီးစီးတော့မှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်အထိ မိမိတို့လွှတ်တော်၏ အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာအဖြစ် ရယူပြီးတော့ လာမည့် ၂၀၁၄ ခုနှစ်မှာ ကျွန်တော်တို့တွေဟာ မဲဆန္ဒရှင် အများပြည်သူယုံကြည်အားထားရတဲ့ ကိုယ်စားလှယ်များအဖြစ် ရွေးချယ်တာဝန်ပေးအပ်ထားခြင်းခံရတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များပီပီ ပြည်သူ့အကျိုးကို ဆထက်ထမ်းပိုးဆောင်ရွက်ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့အစီအစဉ် ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။





(၂၆၃)ခု ဖြစ်ပါတယ်။ ဤမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း (၅၀)ဦးက မေးမြန်းတာဖြစ်ပြီး မေးခွန်းအများဆုံးမေးမြန်းတဲ့ လွှတ်တော်ကိုယ်စားလှယ် (၁)ဦး ရှိပါတယ်။ မေးခွန်းပေါင်း (၂၆)ခု အထိ မေးမြန်းကြောင်း မှတ်တမ်းများအရ သိရှိရပါတယ်။ စာရင်းချုပ်ကို တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်မှာ အရွေးချယ်ခံကိုယ်စားလှယ် (၁၀၇)ဦး ရှိပါတယ်။ အစိုးရအဖွဲ့၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌမပါဝင်ပဲ ဒီကနေ့အထိ မေးခွန်းမေးမြန်းတဲ့ကိုယ်စားလှယ်ပေါင်း (၅၀)ဦးဖြစ်ပြီး ယနေ့အထိ မေးခွန်းလုံးဝ မမေးသေးတဲ့ ကိုယ်စားလှယ်ဟာ (၄၇)ဦး ဖြစ်ပါတယ်။ ထို့အတူ ယနေ့အထိ အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်ပေါင်း (၁၈)ဦးဖြစ်ပြီး တင်သွင်းတဲ့အဆိုစုစုပေါင်း (၃၁)ခု ဖြစ်ပါတယ်။ လွှတ်တော်က အတည်ပြုတဲ့အဆို ယနေ့အထိ (၁၄)ဦးဖြစ်ပါတယ်။ တတိယပုံမှန်အစည်းအဝေးက အတည်ပြုဖွဲ့စည်းပေးလိုက်တဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ အာမခံချက်နဲ့ ကတိများ၊ တာဝန်ခံချက်များကို စိစစ်ရေးကော်မတီတွေနဲ့ မေးခွန်းများ၊ ဖြေကြားချက်များ၊ အတည်ပြုပြီးသော အဆိုများနဲ့ စပ်လျဉ်းပြီး ညှိနှိုင်းဆောင်ရွက်ရန်ရှိပါက လွှတ်တော်မှတဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ပြောကြားလိုပါတယ်။ ထို့အတူ ကျန်တဲ့ ဘတ်ဂျက်စိစစ်ရေးကော်မတီ၊ တိုင်ကြားစာများစိစစ်ရေးကော်မတီများနှင့်လည်း မိမိတို့လုပ်ငန်းများနှင့် ပတ်သက်ပြီး အလားတူဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ပြောကြားလိုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အနေနဲ့ ဥပဒေပြုခွင့်ရှိတဲ့အထဲမှာ ကဏ္ဍကြီး(၈)ရပ် ရှိပါတယ်။ ဖွဲ့စည်းထားတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေနှင့် ပတ်သက်တဲ့ လေ့လာသုံးသပ်ရေးကော်မရှင်က အစည်းအဝေးခေါ်ယူပြီး ကဏ္ဍ (၈)ရပ်မှာပါတဲ့ အကြောင်းအရာ

**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**

**အဋ္ဌမပုံမှန်အစည်းအဝေး**

**ဆုံးဖြတ်ခြင်း**

**ဆုံးဖြတ်ခြင်းအမှတ် ၅၅-၁/၂၀၁၃။ ၂၀၁၃-၂၀၁၄ ခုဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း)ကိုလွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၅ ခုနှစ်၊ နတ်တော်လကွယ် (၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေ (မူကြမ်း)အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။







**ဆုံးဖြတ်ခြင်းအမှတ် ၅၇-၁/၂၀၁၃။ လစ်လပ်လျက်ရှိသော တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌအမည်စာရင်းအား လွှတ်တော်မှ သဘောတူကြောင်းဆုံးဖြတ်ခြင်း**

၁၃၇၅ ခုနှစ်၊ နတ်တော်လကွယ် (၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ထားသူ မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းအား ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ရန် ပြည်နယ်လွှတ်တော်မှ သဘောတူအတည်ပြုသဖြင့် လစ်လပ်သွားသော ကော်မတီဥက္ကဋ္ဌနေရာတွင် ကော်မတီဝင် ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)အား ပြောင်းလဲတာဝန်ပေးအပ်ခြင်းအား လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။

## မှတ်တမ်းတင်ခြင်း

**မှတ်တမ်းတင်ခြင်းအမှတ် ၅၆-၁/၂၀၁၃။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက် (၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ၁၄၀ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၅၇-၁/၂၀၁၃။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ နတ်တော်လကွယ် (၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ အစည်းအဝေးသို့





**ဆုံးဖြတ်ခြင်းအမှတ် ၅၆-၁/၂၀၁၃။ "ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေနှင့်အညီ ရှမ်းပြည်နယ်အတွင်းရှိ မြို့ပြနှင့် ကျေးလက်များတပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေး လုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင့်ပြုရန်ပုံငွေများ ခွဲဝေချမှတ်ရာတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏မူဝါဒ/သတ်မှတ်ချက်များ ပြန်လည်ချမှတ်ပေးပါရန်" အဆိုအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၅ ခုနှစ်၊ နတ်တော်လကွယ် (၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ ဦးစိုင်းလွင်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေနှင့်အညီ ရှမ်းပြည်နယ်အတွင်းရှိ မြို့ပြနှင့် ကျေးလက်များ တပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေးလုပ်ငန်း ဆိုင်ရာ လုပ်ငန်းခွင့်ပြုရန်ပုံငွေများ ခွဲဝေချမှတ်ရာတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ မူဝါဒ/သတ်မှတ်ချက်များ ပြန်လည်ချမှတ်ပေးပါရန်" အဆိုအား လွှတ်တော်မှ အတည်ပြု ကြောင်း ဆုံးဖြတ်သည်။

တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၀ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၇)ဦး ရှိ၍ ခွင့်မဲ့ ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၅၈-၁/၂၀၁၃။ ရှမ်းပြည်နယ် ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ပြောကြားသည့် မိန့်ခွန်းအားမှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ နတ်တော်လကွယ် (၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဌမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၅၉-၁/၂၀၁၃။ ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၏ အဆိုကို ရှမ်းပြည်နယ် လွှတ်တော်မှ မှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ နတ်တော်လကွယ် (၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဌမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်





**မှတ်တမ်းတင်ခြင်းအမှတ် ၆၁-၁/၂၀၁၃။ ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၏ အဆိုကို ရှမ်းပြည်နယ် လွှတ်တော်မှ မှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ နတ်တော်လကွယ် (၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဌမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ " ကျေးဇူးရှင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အသိအမှတ်ပြုမှတ်တမ်းတင်ထားရုံ မဟုတ်ပဲ ပြည်နယ်အစိုးရအနေဖြင့် သင့်တင့်မျှတသော ချီးမြှင့်ထောက်ပံ့မှုများ၊ အခွင့်အလမ်းများ စီစဉ်ဆောင်ရွက် ပေးခြင်းဖြင့် ကျေးဇူးရှင်များအား အမေ့ခံဘဝမှ ဆွဲထုတ်ကယ်တင် စီမံဆောင်ရွက်ပေးနိုင်ရေး လွှတ်တော်ဥက္ကဋ္ဌကြီးမှတဆင့် ပြည်နယ်အစိုးရအား တိုက်တွန်းပေးပါရန်"အဆိုကို ရှမ်းပြည်နယ် လွှတ်တော်မှ မှတ်တမ်းတင်သည်။

## လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**အမှတ် ၂၈-၁/၂၀၁၃။ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏အစီရင်ခံစာအားလွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

၁၃၇၅ ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက် (၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၂၉-၁/၂၀၁၃။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အင်းလေးဒေသဟိုတယ်ဇုန်လုပ်ငန်းတိုးတက်မှုရှင်းလင်းချက်အစီရင်ခံစာအားလွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

၁၃၇၅ ခုနှစ်၊ နတ်တော်လကွယ် (၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အင်းလေးဒေသဟိုတယ်ဇုန်လုပ်ငန်းတိုးတက်မှု ရှင်းလင်းချက် အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။



D/real(wide) (1



မဲဆန္ဒနယ်အမှတ်(၂)၏ " ဒေသခံလုပ်ငန်းရှင်များအား လုပ်ငန်းဆောင်ရွက်ခွင့်ပြုရေးကိစ္စ အဆိုပြုတင်ပြခြင်း "အဆိုကို ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၆၀-၁/၂၀၁၃။ ဦးစိုင်းလှဖေ၊ ဟိုပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ အဆိုကို ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ နတ်တော်လကွယ် (၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ ဦးစိုင်းလှဖေ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ " ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများကို ပြည်သူများ၏ ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သည့် ဥပဒေဖြစ်ပေါ်လာနိုင်ရေး၊ ရှမ်းပြည်နယ်လွှတ်တော်က ပြည်ထောင်စုလွှတ်တော်သို့ အဆိုတင်သွင်းသွားသင့်ကြောင်း "အဆိုကို ရှမ်းပြည်နယ် လွှတ်တော်မှ မှတ်တမ်းတင်သည်။

**အမှတ် ၃၀-၁/၂၀၁၃။ ရှမ်းပြည်နယ်စည်ပင်သာယာရေး ကော်မတီ၏ တောင်ကြီးမြို့၊ ကုန်ခြောက် သား/ငါးဈေး အဆင့်မြှင့်တင်တည်ဆောက် ခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေအားလွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း**

၁၃၇၅ ခုနှစ်၊ နတ်တော်လကွယ် (၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ် စည်ပင် သာယာရေးကော်မတီ၏ တောင်ကြီးမြို့၊ ကုန်ခြောက် သား/ ငါးဈေး အဆင့်မြှင့်တင်တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်မှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်း တင်ပြသည်။

## ဥပဒေထုတ်ပြန်ခြင်း

**ဥပဒေအမှတ် ၁၃-၁/၂၀၁၃။ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာ ရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေ သုံးစွဲရေးဥပဒေကြမ်း**

၁၃၇၅ ခုနှစ်၊ နတ်တော်လကွယ် (၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးဒုတိယနေ့၌ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာ ရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား အတည်ပြုချက်ရယူပြီး ရှမ်းပြည်နယ် လွှတ်တော်၏ ဥပဒေအမှတ်(၁၃)အဖြစ် (၃၁-၁၂-၂၀၁၃)ရက်နေ့တွင် ထုတ်ပြန်သည်။